တက္ကသိုလ်

သီဟအောင်

သိုင်းပြေမှုအလွမ်းလေ

တက္ကသိုလ်

သီဟဒေါင်

သိုင်းမြေမှအလွမ်းလေ

မထမပိုင်း

စာမူခွင့်ပြုချက် ၁၂၂၅/၂၀၀၄(၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၀/၉၉၀၁၀

၂၀၀၅ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/- ကျပ်

❖

ထုတ်ဝေသူ
ဒေါ်မိုးအေးခိုင် (ချိုတေးသံစာပေ)
ရွှေနှံသာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၁၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇/၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက်(၄)ရပ်

- ဘဝမျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးခွဲစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ဘဝမျိုးသားလုံး ကျန်းမာကြွရွင်ရေးနှင့် ပညာရည်မြင့်မားရေး၊

ည။

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

သို့သော် ရှောင်စန်း၏စိတ်ထဲမှာတော့ အေးချမ်းသာယာမှု မရှိသည့်အပြင် ပူလောင်ထိတ်လန့်နေပါသည်။

ယနေ့ည။

ယနေ့ညသည် ငါးလပိုင်း၏လပြည့်ဉာဉ်ဖြစ်သည်။

ငါးလပိုင်းလပြည့်ညတွင် ဓားတစ်ချောင်းက သူ့ထံရောက်ရှိလာမည်မဟုတ်ပါလား။

အလွန်ကြောက်စရာကောင်းသည်ဟု သတင်းဆိုးဖြင့်နာမည်ကြီးနေသော ဓားတစ်ချောင်းရောက်ရှိလာပြီးသည့်နောက် အသက်ရှင်ခဲ့သူတစ်ဦးတစ်ယောက်မှ မရှိခဲ့ဖူးသေးပါဘူး။

ဓားတစ်ချောင်းသည် သေမင်း၏အမှတ်အသားဖြစ်သည်။

မည်သူတစ်ဦးတစ်ယောက်မှမရှိတော့လျှင် ရောင်စန်းက စစ်အိမ်လုံးတခါးပိတ်ကာ အိမ်ထဲအောင်းနေတော့သည်။

ထိုလုပ်ရပ်သည် ကြာသော့ ရောင်စန်း၏ထူးဆန်းသော လုပ်ရပ်အဖြစ် လူတိုင်းကသတိပြုမိလာကြလေတော့သည်။

✕✕✕ ✕✕✕ ✕✕✕

ယနေ့။

ယနေ့သည် ရောင်စန်းကအလုပ်သမားများအား အပြင်သွက်လည်ပတ်စေသည့်နေ့ ဖြစ်လေသည်။

အလုပ်သမားများတစ်ယောက်မကျန် အပြင်ထွက်သွားသည်နှင့် ရောင်စန်းကတံခါးများပိတ်ထားလိုက်လေသည်။

ထို့နောက် သူ၏သီးသန့်အခန်းထဲကိုဝင်ကာ လျှို့ဝှက်စွာသိမ်းဆည်းထားသော သေတ္တာလေးတစ်လုံးကို ဆုတ်ယူလိုက်သည်။

သေတ္တာလေးကိုအဖုံးဖွင့်လိုက်လျှင် ဝင်းလက်တောက်ပသော အလင်းရောင်များထွက်ပေါ်လာလေသည်။

သေတ္တာထဲ၌ အဖိုးတန်ရွေ၊ ငွေ ကျောက်မျက်ရတနာများ အပြည့်ရှိနေသည်မဟုတ်ပါလား။

ရောင်စန်းက ကျောက်မျက်ရတနာများကို တစ်ခုချင်းယူကာ ကိုင်တွယ်စစ်ဆေးကြည့်လေသည်။

သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပနေ၏။

ရောင်စန်းက လွန်ခဲ့သောသုံးရက်က အဖြစ်အပျက်ကိုပြန်ပြီးအမှတ်ရနေမိသည်။

ထိုအချိန်က----

✕✕✕ ✕✕✕ ✕✕✕

ရောင်စန်းသည် ထူးခြားသောလူတစ်ယောက်ဟုဆိုရမည်ဖြစ်သည်။

သိုင်းပညာတော်သည်။ ချမ်းသာကြွယ်ဝသည်။ အများအကျိုး သိုင်းလောကအကျိုးသယ်ပိုးဆောင်ရွက်သည်။

ထို့ကြောင့် ရောင်စန်း၏အမည်ကိုကြားလျှင် လူတိုင်းကြည်ညိုလေးစားသွားကြသည်ချည်း ဖြစ်လေသည်။

ရောင်စန်းနှင့်ပတ်သက်၍ ထူးခြားသည်ဟုပြောကြသည်ကား ရောင်စန်းသည် တစ်လလျှင်တစ်ကြိမ် သူ၏အိမ်မှအလုပ်သမားများကို အားလပ်ရက်ပေးကာ အပြင်ထွက်ကာ လည်ပတ်စေခြင်းဖြစ်လေသည်။

နွေမိုးဆောင်း မည်သို့သောရာသီဥတုမဆို အားလပ်ရက်တစ်ရက် မပျက်မကွက်ပေးကာ အိမ်အပြင်ထွက်စေခြင်းဖြစ်လေသည်။

နွေကောင်းသူ၊ အပြင်မထွက်လိုသူများရှိနေသည်တိုင်လုံးဝလက်မခံဘဲ တစ်ယောက်မကျန် အိမ်အပြင်ထွက်စေခြင်းဖြစ်လေသည်။

ကျေနပ်သည့်အပြုံးရိပ်များက မျက်နှာပေါ်၌ဖုံးလွှမ်းထား လေသည်။

သို့ဖြင့် ရှောင်စန်းသည် ကျောက်မျက်ရတနာများကိုကိုင် တွယ်ပွတ်သပ်ကြည့်ရှုရင်း ထမင်းမေ့ဟင်းမေ့ဖြစ်ကာ တစ်နေ့တာ အချိန်ကုန်ဆုံးသွားရလေတော့သည်။

✗✗✗ ✗✗✗ ✗✗✗

ရှောင်စန်းက ကျောက်မျက်ရတနာများအား စစ်ဆေး ကြည့်သည့်နေ့တစ်နေ့တွင် ထူးခြားသောအဖြစ်အပျက်တစ်ခုပေါ် ပေါက်လာလေသည်။

"ဒေါက် ဒေါက်"

တံခါးခေါက်သံများ ထွက်ပေါ်လာလေသည်။

"ဟင်"

ရှောင်စန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

သူကအသံမပေးဘဲ မသိချင်ဟန်ဆောင်ကာ နေလိုက် သည်။

သို့သော်မရပါ။ တံခါးခေါက်သံက အဆက်မပြတ်ထွက် ပေါ်နေပြီ။ တံခါးဖွင့်မပေးမချင်း တံခါးခေါက်နေမည့်သဘောမျိုး ဖြစ်နေပါတော့သည်။

နောက်ဆုံး ရှောင်စန်းမတတ်သာတော့ဘဲ အလျှော့ပေး လိုက်ရလေတော့သည်။

သီးသန့်အခန်းထဲမှထွက်ကာ တံခါးဖွင့်ပေးလိုက်ရလေ သည်။

သူ၏မျက်နှာ ခက်ထန်တင်းမာနေသည်။

တံခါးလာခေါက်ကာ နောင့်ယှက်သူကိုမောင်းထုတ်ရန် တွေ့လိုက်မည်ဟု စိတ်ထဲတေးမှတ်ထားလိုက်လေသည်။

တံခါးဖွင့်လိုက်သောအခါ ရှောင်စန်း၏ရင်ထဲမှ ဒေါသ ဒိတ်များ ပျောက်ကွယ်သွားရတော့သည်။

တံခါးလာခေါက်သူမှာ အသက်ငါးနှစ်ခန့်သာရှိသေးသော ကလေးငယ်တစ်ယောက်ဖြစ်နေသည် မဟုတ်ပါလား။

ရှောင်စန်း အံ့သြသွား၏။

"ကောင်လေး၊ မင်းဘယ်သူလဲ၊ ဘာကြောင့် ဒီလောက် ခေတာင် တံခါးခေါက်နေရတာလဲ"

"စာ"

ကောင်လေးက စာတစ်စောင်ထုတ်ပေးလေသည်။

"ဘာစာလဲကွ"

ရှောင်စန်း မေးလိုက်သော်လည်း ကောင်လေးကဘာမှမ ပြောဘဲ ချာခနဲလှည့်ကာ ပြေးထွက်သွားတော့သည်။

"ဟေ့ ဟေ့"

ရှောင်စန်း ဟန့်တားလိုက်သော်လည်း မရတော့ချေ။

ရှောင်စန်းက ကြောင်အမ်းအမ်းဖြင့် စာကိုဖတ်ကြည့်လိုက် လေသည်။

ဤတွင်

"ငါးလပိုင်းလပြည့်ည"

ဓားတစ္ဆေဟု ရေးသားထားသည်ကို တွေ့လိုက်ရလေတော့သည်။

လေဝှေ့ယမ်းတိုက်ခတ်လာသဖြင့် မှန်အိမ်မှမီးက လှုပ်ယမ်းသွားကာ အလင်းရောင်က ရှည်လိုက်တိုလိုက်ဖြစ်သွား၏။

ရှည်မျောမျောအရိပ်မည်းကြီးများလည်း ဖြစ်ပေါ်လာလေသည်။

ရှောင်စန်းက ငေးငိုင်နေဆဲ။

ယနေ့။

ယနေ့ညသည် သူ့ထံသို့ဓားတစ္ဆေရောက်ရှိလာမည့်နေ့ဖြစ်နေပါသည်။

ဓားတစ္ဆေက အဘယ်ကြောင့် သူ့ထံသို့ သေမင်းဖိတ်စာပို့ခဲ့ရပါသနည်း။

ရုတ်တရက် ရှောင်စန်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ကျောရိုးတစ်လျှောက်အေးစိမ့်မှုများလည်း ဖြစ်ပေါ်လာ၏။

မကောင်းသောအငွေ့အသက်များခံစားလိုက်ရပြီး အနီးပတ်ဝန်းကျင်၌ လူသူတစ်စုံတစ်ယောက်ရောက်ရှိနေပြီဖြစ်ကြောင်းလည်း နားလည်လိုက်လေသည်။

ရှောင်စန်း သက်ပြင်းချလိုက်သည်။

"ဓားတစ္ဆေ၊ ခင်ဗျားရောက်လာပြီဟုတ်လား"

သူ၏အသံ ခြောက်သွေ့အက်ကွဲနေလေသည်။

ဓားတစ္ဆေရောက်ရှိလာပြီဟု ယုံကြည်ထားလေတော့သည်။

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်

"ရှောင်စန်း၊ မင်းက ကျုပ်ကိုသတ်နိုင်ပါစေလို့ ကျုပ်မျှော်လင့်ပါတယ်"

အေးစက်စက်စကားသံက နောက်ကျောဘက်မှထွက်ပေါ်လာလေသည်။

ရှောင်စန်းမျက်နှာ ပျက်သွား၏။

"ဓားတစ္ဆေ---ခင်ဗျားက---"

"ရှောင်စန်း၊ မင်းမှာအပြစ်ရှိနေပြီ၊ မင်းရဲ့အပြစ်က သေဆက်နဲ့ပဲထိုက်တန်တယ်ဆိုတော့ သေဖို့သာပြင်ထားပေတော့"

ရုတ်တရက် မီးငြိမ်းသွား၏။

အခန်းတွင်း၌ မှောင်နှင့်မည်းမည်းဖြစ်သွားသည်။

လှုပ်ရှားတိုက်ခိုက်သံများလည်း ထွက်ပေးလာသည်။

မရှေးမနှောင်းမှာပင်

"အား"

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ထိုအသံမှာ ရှောင်စန်း၏အသံ ဖြစ်နေသည်။

ငါးလပိုင်း လပြည့်ညတွင်

သိုင်းသမားရှောင်စန်းမှာ ဓားတစ္ဆေ၏လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရလေတော့သည်။

အရှုပ်တော်ပုံ

"ခွပ် ခွပ် ခွပ် ခွပ်"

"ခွပ် ခွပ် ခွပ် ခွပ်"

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေသည်။

မြင်းညိုကြီးတစ်ကောင်က တောလမ်းအတိုင်းခရီးနှင်နေ၏။

မြင်းညိုကြီးပေါ်တွင် အဖြူရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် လိုက်ပါလာလေသည်။

ထိုလူရွယ်မှာ အသက်နှစ်ဆယ်ခန့်ရှိပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားသူတစ်ယောက်ဖြစ်လေသည်။

ကျောပေါ်၌ ဓားတစ်လက်ပိုးထားခြင်းကြောင့် သိုင်းလောကသားတစ်ယောက်လည်း ဖြစ်ပုံရလေသည်။

လူရွယ်ကတောလမ်းအတိုင်း ခရီးနှင်ခဲ့ရာမှ တစ်နေရာသို့ အရောက်တွင် သစ်ပင်များကြားမှ တိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

လူရွယ် ရင်ထိတ်သွား၏။

မြင်းအရှိန်ကိုလျှော့ချကာ အကဲခတ်လိုက်လျှင် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်အား လူတစ်စုကဝိုင်း၍ တိုက်ခိုက်နေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

လူရွယ် လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

"ဟေး"

တစ်ချက်အော်ငေါက်ကာ မြင်းပေါ်မှခုန်ထွက်လိုက်၏။

လူရွယ်၏ ကိုယ်ဖော့ပညာကောင်းမွန်လှကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

လေထဲကျွမ်းတစ်ပတ်ပစ်လိုက်ပြီးလျှင် တိုက်ပွဲဖြစ်ပွားနေသော သစ်ပင်များကြားသို့ ကျရောက်သွားလေတော့သည်။

"ရပ်လိုက်"

လူရွယ်က အော်ငေါက်လိုက်၏။

သူ၏လက်ဝါးနှစ်ဖက် ခပ်သွက်သွက်လှုပ်ရှားသွားလျှင်

"ဝုန်း"

"အား"

"အမယ်လေး"

စူးရသောအော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။

အနီရောင်မိန်းကလေးအား ဝိုင်းဝန်းတိုက်ခိုက်ကြသူများမှာ ချက်ချင်းဖရိုဖရဲဖြစ်ကာ အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

ထိုလူများသည် အခြေအနေမဟန်မှန်သိလျှင် ဆက်၍ တိုက်ခိုက်ခြင်းမရှိတော့ဘဲ ဒရောသောပါး ထွက်ပြေးသွားကြလေတော့သည်။

လူရွယ် ကျေနပ်သွား၏။

အခက်အခဲကြုံနေသော မိန်းကလေးတစ်ယောက်အား ကူညီနိုင်လိုက်ပြီ မဟုတ်ပါလား။

လူရွယ်က ပြုံးပြလိုက်သည်။

"ညီမ ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး၊ လူဆိုးတွေ ထွက်ပြေးသွားကြပါပြီ"

အနီရောင်မိန်းကလေးအား ငယ်ရွယ်နုပျိုပြီး ချောမောလှပသူလေး ဖြစ်ပါသည်။

သူလှပသလောက် မာနကြီးမည့် အသွင်လည်း ရှိလေသည်။

သူမသည် လူရွယ်အား ခြေဆုံးခေါင်းဆုံးကြည့်လိုက်လေသည်။

"ရှင်ကဘယ်သူလဲ၊ ပြောစမ်းပါဦး"

လူရွယ်က ချက်ချင်းပင် ဖြေလိုက်သည်။

"ကျုပ်ဟာ ရှမ်းကျုံးနယ်က ရှောင်ဖုံးပါဗျာ၊ အညာတရတစ်ယောက်ပါဗျာ"

မိန်းမချောလေးက

"သူတစ်ပါးကို ကူညီချင်တဲ့ ရှင့်ရဲ့စေတနာကတော့ ချီးကျူးစရာပါပဲ၊ ဒါပေမယ့် ကျွန်မက အကူအညီလိုနေတာမှ မဟုတ်ဘာ"

"ဗျာ"

လူငယ်(ဝါ) ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

မိန်းမချောလေးက

"ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲဝင်ရှုပ်ရင် စေတနာဟာ ဝေဒနာဖြစ်သွားတတ်တယ်ဆိုတာကိုလဲ ရှင်သတိထားရင်ကောင်းမယ်"

"ကျုပ်---ကျုပ်က---"

"သွေးမိစ္ဆာဂိုဏ်းက လူတွေကတော့ ရှင့်ကိုကျေနပ်ကြမှာမဟုတ်ဘူး၊ ဒါကြောင့် ခုချိန်ကစပြီး အစစအရာရာသတိထားပေတော့"

မိန်းမချောလေးမှာ စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်သွားတော့သည်။

ရှောင်ဖုံး ခေါင်းကုပ်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ"

ညည်းတွားရင်း တောအုပ်ထဲမှ ထွက်လာခဲ့၏။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးကား ဘယ်ဝယ်ရောက်သွားပြီ မသိပါ။

သူမခန္ဓာကိုယ် တစ်ချက်လှုပ်ရှားလိုက်သည်နှင့် မြင်ကွင်းမှောက်ကွယ်သွားခြင်းဖြစ်သည်။

သူမ၏ကိုယ်ဖော့ပညာမှာ ရှောင်ဖုံးထက်ပင် ပိုကောင်းနေသေးတော့သည်။

ရှောင်ဖုံးက သူ့အားကျေးဇူးတင်စကား မပြောသည့်အပြင် အန္တရာယ်နှင့်ကြုံရတော့မည်ဖြစ်ကြောင်း သတိပေးသွားခဲ့လေသည်။

ရှောင်ဖုံးက စိတ်ကောင်းစေတနာကောင်းထားကာ သူတစ်ပါးအားကူညီမိသဖြင့် ဒုက္ခရောက်ရမည်ဆိုလျှင်လည်း အမှုထားမည် မဟုတ်ပါချေ။

"ကျုပ်အတွက် အန္တရာယ်ဆိုးနဲ့ကြုံတွေ့ရတာ ခုမှမဟုတ်ပါဘူးဗျာ ဟိုးအရင်ကတည်းကပါ"

ဟူ၍ တီးတိုးရေရွတ်လိုက်လေသည်။

ထို့နောက် သူ၏မြင်းညိုကြီးပေါ်သို့ လွှားခနဲခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင်သွားလေတော့သည်။

"ခွပ် ခွပ် ခွပ် ခွပ်"

"ခွပ် ခွပ် ခွပ် ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

လမ်းပေါ်၌ ဖုန်တထောင်းထောင်းထသွားပြီး တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်ရှိသွားလေတော့သည်။

× × × × × × × × ×

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

မြင်းညိုကြီးဖြင့် ခရီးနှင်လာခဲ့သောရှောင်ဖုံးမှာ တောမြို့သေးတစ်မြို့သို့ ရောက်ရှိလာခဲ့လေသည်။

နေဝင်ဆည်းဆာအချိန် တိမ်တောက်နေသည်ဖြစ်ရကား ညနေချင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

လမ်းပေါ်၌ အရောင်အသွေးစုံလင်စွာဝတ်ဆင်ထားကြသူများ သွားလာလှုပ်ရှားနေကြ၏။

လမ်းဘေးတစ်ဖက်တစ်ချက်၌ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ အစီအရီရှိနေ၏။

ရှောင်ဖုံးမှာ ခရီးပမ်းလာပြီဖြစ်သလို ဗိုက်ထဲဆာလောင်နေပြီဖြစ်ရကား လူရှင်းသောစားသောက်ဆိုင်တစ်ဆိုင်သို့ မြင်းကိုဦးဘည်လိုက်လေသည်။

ရှောင်ဖုံးရွေးချယ်လိုက်သော ဆိုင်ကလေးမှာ သန့်ရှင်းသပ်ရပ်နေပြီး လူရှင်းနေသည်။

ရှောင်ဖုံးက ထမင်းနှင့်အသားဟင်းတစ်ပွဲမှာကြား စားသောက်လိုက်လေသည်။

သို့သော် အခြားစားသောက်မည့်သူတစ်ယောက် ဆိုင်ထဲသို့ဝင်လာလေသောအခါ ရှောင်ဖုံးဆက်၍ စားသောက်ခြင်းမပြုနိုင်အောင် ဖြစ်သွားတော့သည်။

ထိုလူမှာ ချွေးသံရဲရဲဖြင့် တစ်ကိုယ်လုံးညစ်ပတ်ပေကျံနေ

လေသည်။

သူ၏မျက်လုံးများသည်လည်း ဂနာမငြိမ်ဘဲ ပတ်ဝန်းကျင်ကိုကျီးကန်းတောင်းမှောက် ကြည့်နေသည်။

မည်သူ့ကိုမျှ မယုံသင်္ကာဘဲ တစ်စုံတစ်ခုကို စိုးရွံ့ထိတ်လန့်နေပုံရှိလေသည်။

ရှောင်ဖုံးက အေးအေးဆေးဆေး ရှိနေခဲ့သော်လည်းထိုလူကလှမ်းလှမ်းပြီး ကြည့်လာခြင်းကြောင့် စိတ်ပျက်သွားရခြင်းဖြစ်သည်။

ရှောင်ဖုံးက စားသောက်ခြင်းကို လက်စသတ်ကာ ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ငွေရှင်းပေးလိုက်သည်။

ဆိုင်ထဲမှ ထွက်သွားရန် ဟန်ပြင်လိုက်စဉ်

"မောင်ရင်လေး ခဏနေပါဦး"

ထိုလူက ဟန့်တားလာလေသည်။

ရှောင်ဖုံး ခြေလှမ်းရပ်သွားပြီး ထိုလူကိုလှမ်းကြည့်လိုက်လေသည်။

"ကျုပ်ကို ပြောတာလားဗျ"

ထိုလူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘာကိစ္စလဲဗျ"

"ကျုပ်ကို ငွေနည်းနည်းပေးခဲ့ပါလား"

"ဗျာ"

ထိုလူကငွေတောင်းလာသဖြင့် ရှောင်ဖုံးကြောင်အမ်းအမ်း

ဖြစ်သွားလေသည်။

ထိုလူက

"ကျုပ်ကို ငွေနည်းနည်းလောက် ချေးခဲ့ပါလား၊ စားသောက်ခကျသင့်ငွေ ပေးချင်လို့ပါ"

ရှောင်ဖုံး မကျေမနပ်ဖြစ်သွားလေသည်။

ခင်ဗျားကငွေမရှိဘဲ စားသောက်ဆိုင်ထဲဝင်လာခဲ့တာကိုးဗျ"

"ဘာကွ၊ ကျုပ်မှာဘာကြောင့်မရှိရမှာလဲ၊ ကျုပ်ကသူဌေးတစ်ယောက်လို နေလာခဲ့တာကွ"

"ဩော် ခင်ဗျားပြောတာ ယုံချင်စရာပါပဲ"

"မင်း မင်း"

ထိုလူဒေါပွသွားလေသည်။

"ဟိတ်...အပိုတွေ ပြောမနေနဲ့၊ မင်းမပေးနိုင်ရင်လဲနေမင်းဆီကမယူတော့ဘူး"

ချက်ချင်းပင် အင်္ကျီရင်ဘတ်ကြားမှ ဓားမြောင်လေးတစ်လက် ဆွဲထုတ်လိုက်လေသည်။

ငွေဖြင့်ပြုလုပ်ထားသော ဓားမြောင်လေးဖြစ်သည်။

တိဘက်လူမျိုးများ အသုံးပြုလေ့ရှိသော ဓားမြောင်မျိုးဖြစ်လေသည်။

"ကျုပ်က ငွေပေးစရာမရှိဘူး၊ ဒါကြောင့်ဒီဓားမြောင်ကို ထားခဲ့မယ်၊ မင်းကျေနပ်ရဲ့လား"

ဆူဆူညံညံဖြစ်သွား၍ ဆိုင်လုလင်က အနီးသို့ရောက်ရှိလာပါသည်။

ထိုလူက ငွေအစား ဓားမြောင်ကိုပေးလျှင် မျက်နှာကြီးရှုံ့မဲ့သွားလေသည်။

"ဟာ ဒီဓားမြောင်ကို ကျွန်တော်တို့ ဘာလုပ်ရမှာလဲဗျ"

"ဟေ့ ငါ့ဓားမြောင်ကို ငွေတစ်သောင်းပေးလို့တောင် မရောင်းနိုင်ဘူးကွ၊ မင်းတို့ကိုအားနာလို့ပေးတာ၊ မကြာခင် ငါပြန်လာယူမယ်"

ဆိုင်လုလင် ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ပါဘူးဗျာ"

ထိုလူ ဒေါသထွက်သွားလေသည်။

"နေစမ်းပါဦး၊ မင်းကငါ့ကို ဘာထင်နေလို့လဲ၊ ငွေဓားကျင်းလီဆို ဘဲနာမည်ကို မင်းမကြားဖူးဘူးလား"

ဆိုင်လုလင်ကား သိုင်းလောကသား တစ်ယောက်မဟုတ်သဖြင့် ငွေဓားကျင်းလီဆိုသော အမည်ကိုကြားဖူးလိမ့်မည် မဟုတ်ပါချေ။

ရှောင်ဖုံးကား ငွေဓားကျင်းလီဆိုသော အမည်ကိုကြားလျှင် စိတ်ဝင်စားသွားလေသည်။

ငွေဓားကျင်းလီသည် နာမည်ကြီးသိုင်းသမားတစ်ယောက်ဖြစ်သည်မဟုတ်လား။

သူကြားဖူးသည့်ငွေဓားကျင်းလီမှာ ချမ်းသာကြွယ်ဝသည့် သိုင်းပညာတော်သည့် အလွန်မာနကြီးသူ တစ်ယောက်ဖြစ်သည်၊ ယခုတော့...

ငွေဓားကျင်းလီသည် သူတောင်းစားတစ်ယောက်ပမာ

စုတ်ပြတ်နေပြီး ထမင်းတစ်နပ်အတွက် လက်စွဲတော်ငွေဓားကိုပင် အပေါင်ပေးရသည့် အခြေအနေရှိနေပြီဖြစ်လေသည်။

ဆိုင်လုလင်က ဦးညွှတ်လိုက်၏။

"ပိုက်ဆံမယူပဲ ငွေဓားကိုယူထားလိုက်ရင် ဆိုင်ရှင်က ကျွန်တော့်ကို အပြစ်တင်ပါလိမ့်မယ်၊ မဖြစ်ပါဘူးဗျာ"

"မင်းတော်တော် စကားရှည်တာပဲ"

ကျင်းလီ ဒေါသထွက်နေ၏။

ဆိုင်လုလင်အား ထိုးကြိတ်ရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ဖုံး လက်ပိုက်ကြည့်မနေနိုင်တော့ပါချေ။

"မိတ်ဆွေ၊ ခင်ဗျားဟာ နာမည်ကျော်သိုင်းသမားကြီးတစ်ယောက်ဖြစ်တယ်ဆိုရင် စိတ်လိုက်မာန်ပါ မလုပ်သင့်ဘူးဆိုတာ နားလည်ဖို့ ကောင်းတာပေါ့ဗျာ၊ ဆိုင်လုလင် ပြောတဲ့စကားမှန်နေတာပဲ၊ သူဟာအလုပ်သမားတစ်ယောက်ပါ၊ သူပိုင်တဲ့ပစ္စည်းမဟုတ်တော့ သူဘယ်လိုလုပ်ပြီး ခွင့်ပြုနိုင်ပါ့မလဲ"

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

ကျင်းလီ ငိုင်သွားလေသည်။

ရှောင်ဖုံး၏စကားမှန်နေသဖြင့် မည်သို့ပြောရမှန်းမသိဖြစ်သွားလေသည်။

ရှောင်ဖုံးက...

"ရော့ညီလေး၊ သူ့အတွက်ကျုပ်စိုက်ပေးလိုက်မယ်"

ငွေအနည်းငယ် ထုတ်ပေးလိုက်သည်။

"ဟုတ်ကဲ့"

ဆိုင်လုလင်က ငွေကိုလက်ခံယူလိုက်သည်။

ရှောင်ဖုံးက ဘာမှမပြောတော့ပဲ ဆိုင်ထဲမှထွက်သွားလေတော့သည်။

နေရောင်ကွယ်ပျောက်သွားပြီ ဖြစ်လေသည်။

ကောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာ၏။

ကြယ်ကလေးများကလည်း မလင်းတစ်လှည့် လင်းတစ်လှည့် ဝင်းလက်တောက်ပနေသည်။

ရှောင်ဖုံးသည် ရှေ့ခရီးမဆက်သေးဘဲ ဤမြို့ကလေး၌ ပင်တစ်ညတာ အိပ်စက်အနားယူရန် ဆုံးဖြတ်လိုက်သည်။

စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့ပြီး တည်းခိုခန်းကိုရှာဖွေလိုက်လေသည်။

ထိုစဉ် နောက်ကျောဘက်မှ ပြေးလွှားလာသော ခြေသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်လျှင် ကျင်းလီပြေးလိုက်လာသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုံးက စောင့်ကြည့်နေလိုက်သည်။

ကျင်းလီသည် ရှောင်ဖုံးအနီးသို့ရောက်ရှိလာ၏။

ဤတွင်...

"ဟာ"

ရှောင်ဖုံး လွှတ်ခနဲအော်လိုက်မိလေသည်။

အကြောင်းကား ကျင်းလီ၏တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲကာ ဒဏ်ရာပြင်းစွာရထားသည်ကို တွေ့လိုက်ရခြင်းကြောင့်

ဖြစ်ပါသည်။

"ခင် ခင်ဗျား ဘယ်လိုဖြစ်တာလဲ"

ကျင်းလီက

"ကျုပ်ကို ဓားတစ္ဆေကရှာတွေ့သွားပြီ"

"ဗျာ"

"ဓားတစ္ဆေကို ကျုပ်ရှောင်တိမ်းခဲ့တာ၊ ဒါပေမယ့်မလွတ်နိုင်တော့ဘူး"

ကျင်းလီမှာ မဟန်နိုင်တော့ဘဲ မြေပေါ်ဒူးထောက်ကျသွားလေသည်။

ရှောင်ဖုံး ကဗျာကယာ ဖေးမလိုက်ရလေသည်။

ကျင်းလီကငွေဓားမြောင်လေးကို ထုတ်ပေးလေသည်။

"ဒီဓားမြောင်လေးကိုယူပြီး အရှေ့ကျေးရွာက ကျူးယုဆီကိုသွားပါ၊ ကျုပ်တော့ ဓားတစ္ဆေရဲ့လက်ချက်မိသွားပြီ ဆိုတဲ့အကြောင်းပြောပြလိုက်ပါ၊ ဓားတစ္ဆေကို ဆုံးမဖို့ ဆရာလုံဝီးဆီကိုသွားပြီးအကူအညီ တောင်းဖို့ပြောပြပါ။ ဓားတစ္ဆေကိုဆုံးမနိုင်မယ့်လူ သူတစ်ယောက်ပဲရှိတယ်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်လေသည်။

"ကောင်းစါပြီဗျာ"

ကျင်းလီမှာ ဝေဒနာပြင်းထန်စွာ ခံစားနေရကား မျက်နှာကြီးရှုံ့မဲ့သွားလေသည်။

"ကျူးယုဆီကို ရောက်အောင်သွား....သွား"

ရှောင်ဖုံးအားတိုက်တွန်းရင်း နှုတ်ခမ်းထောင့်မှ သွေးများယို

စီးကျလာလေသည်။

လုံးဝမဟန်နိုင်တော့ပဲ

"ဝုန်း"

မြေပေါ်ခွေခနဲ လဲကျသွားကာ အသက်ပျောက်သွားလေတော့သည်။

"ခင် ခင်ဗျား အယ်လိုဖြစ်တာလဲဗျာ"

ရှောင်ဖုံး ကဗျာကယာ ဖေးမလိုက်ပြီးမှ ကျင်းလီ၏အလောင်းကို မြေပေါ်အသာအယာချပေး လိုက်လေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရာ မည်သူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရပါချေ။

ရှောင်ဖုံးကလည်း ငွေကားမြောင်လေးကိုယူကာ အသာပင် ထွက်လာခဲ့လေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

အရှေ့ကျေးရွာ

ရှောင်ဖုံးက သုံးရက်တိုင်တိုင် ခရီးပြင်းနှင်ပြီးနောက် အရှေ့ကျေးရွာသို့ သွားသည့်လမ်းပေါ်သို့ ရောက်ရှိလာသည်။

လမ်းဘေးတစ်ဖက်တစ်ချက်၌ စိမ်းလန်းသောသစ်ပင်များ ချုံနွယ်များ ဖုံးလွှမ်းထား၏။

တောလမ်းပေါ်မှ ဖြတ်ပြေးသွားသော တောတိရစ္ဆာန်လေးများနှင့် ကျေးငှက်ကလေးများကို မကြာခဏတွေ့ရ၏။

ပတ်ဝန်းကျင်မှာ သဘာဝအတိုင်း သာယာလှပနေပါတော့သည်။

ရှောင်ဖုံးခပ်သွက်သွက်လှမ်းလာရင်း တစ်နေရာသို့အရောက်တွင် လမ်းဘေးရှိ သစ်ပင်တစ်ပင်အောက်၌ ထိုင်နေသော အဘိုးအိုတစ်ယောက်အား တွေ့လိုက်ရလေသည်။

အဘိုးအိုသည် ရှောင်ဖုံးကိုမြင်လျှင် ထိုင်ရာမှထကာအဝေးသို့ထွက်ပြေးသွားရန် ဟန်ပြင်လိုက်လေသည်။

ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူက ငါ့ကိုမြင်တာနဲ့ ဘာကြောင့်ထွက်ပြေးသွားချင်ရတာလဲ၊ အကြောင်းတစ်ခုခုတော့ရှိရမယ်။

ထိုသို့တွေးမိလျှင်

"ရပ်လိုက်စမ်း"

အော်ငေါက်ရင်း ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလိုက်သွားလေသည်။

"ဟူး"

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ ရှောင်ဖုံးမှာရိပ်ခနဲ ရွေ့လျားသွားပြီး အဘိုးအို၏သွားရာလမ်းကို ပိတ်ဆို့ဟန့်တားပြီးသား ဖြစ်သွားလေတော့သည်။

အဘိုးအို၏ခြေလှမ်း တုန့်ခနဲရပ်တန့်သွားလေသည်။

"ကျုပ် ကျုပ်ကိုမသတ်ပါနဲ့"

ကြောက်ရွံ့ထိတ်လန့်စွာဖြင့် တောင်းပန်လာ၏။

ရှောင်ဖုံး ပိုပြီးအံ့သြသွားလေသည်။

အဘိုးအိုသည် သူ့အားလူသတ်သမား တစ်ယောက်ဟုအဘယ်ကြောင့် ထင်နေရပါလိမ့်နည်း။

"နေပါဦး၊ ကျုပ်ကိုဘာကြောင့် လူသတ်သမားလို့ ထင်နေရတာလဲ"

သူ၏စကားကြောင့် ထိုလူလှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှောင်ဖုံးအား ယခုမှ စေ့စေ့ကြည့်လာ၏။

"ဟင်၊ မင်းကဓားတစ္ဆေလဲ မဟုတ်ပါလား"

"ဘာဗျ"

"ကျုပ်....ကျုပ်က ဓားတစ္ဆေထင်မှတ်လို့ မင်းကိုကြောက်သွန်သွားတာပါ၊ ဟူး ခုမှပဲစိတ်အေးရတော့တယ်"

ရှောင်ဖုံးက

"ခင်ဗျားက ဓားတစ္ဆေကို ကြောက်လန့်နေတယ်ဟုတ်လား"

"ဟုတ်ပါတယ်ကွယ်၊ သူကကျုပ်ကို သတ်ပစ်လိမ့်မယ်"

"နေပါဦး၊ ဓားတစ္ဆေနဲ့ ဘယ်လိုရန်ငြိုးရန်စ ရှိနေလို့လဲဗျ"

အဘိုးအို ခေါင်းခါယမ်းလိုက်လေသည်။

"မရှိပါဘူးကွယ်"

"ဘာရန်ငြိုးရန်စမှ မရှိဘဲ ဦးကိုဘာကြောင့်များ ရန်ပြုချင်နေရတာလဲဗျာ"

အဘိုးအို မျက်နှာညှိုးသွားလေသည်။

"ကျုပ်ညီ ကျူးယုကြောင့်ပေါ့"

"ကျူးယုဆိုတာ အရှေ့ရွာကလားဗျာ"

"ဟုတ်ပါတယ်ကွယ်"

"ကျူးယုက ဘာများဖြစ်လို့လဲဗျာ"

"ကျူးယု နေမကောင်းဖြစ်ပြီး ဆုံးပါးသွားတာ နှစ်လလောက်ရှိပါပြီ၊ ဓားတစ္ဆေဟာ ကျူးယုမရှိတော့တာကြောင့် ကျုပ်ကိုဒုက္ခပေးလာတာပါ"

ရှောင်ဖုံးက အဘိုးအိုအား ခြေဆုံးခေါင်းဆုံး အကဲခတ်

ကြည့်လိုက်လေသည်။

"ဦးရဲ့ညီ ကျူးယုနဲ့ ဓားတစ္ဆေဟာ ရန်ညိုးရန်စရှိနေတာကိုး ဒါထက် ငွေဓားကျင်းလီကိုကော ဦးသိပါသလားဗျာ"

အဘိုးအိုခေါင်းညိတ်လိုက်သည်။

"သိတာပေါ့၊ ကျင်းလီနဲ့ကျုပ်ညီကျူးယုတို့ဟာ ညီရင်းအစ်ကိုလို ခင်မင်ရင်းနှီးကြသူတွေပါ၊ ခုလိုဖြစ်ရတာ ကျင်းလီကြောင့်ပဲ"

အဘိုးအိုက ဒုက္ခကြုံတွေ့နေရသဖြင့် ကျင်းလီကိုအပြစ်မြင်နေပါတော့သည်။

"ကျုပ်ညီကျူးယုဟာ ကျင်းလီနဲ့ပေါင်းပြီး သိုင်းလောကမှာလေလွင့်ခဲ့တာ နှစ်ပေါင်းအတော်ကြာတယ်၊ ဒါကြောင့်လဲဓားတစ္ဆေလို မဟုတ်တဲ့လူတွေနဲ့ ပေါင်းမိတာပေါ့၊ သူတို့လူစုဟာ ရှေးဟောင်းရတနာသိုက် တစ်ခုကိုလိုက်ရှာခဲ့ကြတာလေ၊ သိုက်စာအညွှန်းကို ဓားတစ္ဆေဘယ်ကရခဲ့တယ်မဆိုနိုင်ဘူး၊ ဓားတစ္ဆေဦးဆောင်တဲ့ ကျုပ်ညီတို့ လူသိုက်ဟာ ရှစ်ယောက် ကိုးယောက်လောက်ရှိတယ်၊ တောထဲတောင်ထဲမှာ သွားရာကြပြီး နောက်ဆုံးရှာတွေ့သွားကြတယ်၊ ရတနာတွေကိုလဲတွေ့ရော အားလုံးစိတ်ပြောင်းကုန်ကြတာပေါ့"

ရောင်ဖုံး စိတ်ဝင်စားသွားလေသည်။

"ဘယ်လိုစိတ်ပြောင်းသွားကြတာလဲဗျာ"

"ဓားတစ္ဆေက ရတနာတွေကို အပိုင်စီးလိမ့်မယ်လို့ သူတို့ထင်မှတ်ခဲ့ကြတယ်လေ၊ ဒါနဲ့ပဲ အားလုံးစုပေါင်းတိုင်ပင်ပြီး အလုံးစုံကိုက်မှာ ဓားတစ္ဆေကို တောင်ပေါ်ကတွန်းချပြီး လုပ်ကြံပစ်လိုက်ကြတယ်"

သိုင်းလောက အရှုပ်အထွေး တစ်ခုအကြောင်းကို ရှောင်ဖုံးမျှော်လင့်ဘဲ သိလာရခြင်းဖြစ်လေသည်။

အဘိုးအိုက ဆက်ပြောလိုက်၏။

"ဓားတစ္ဆေက ချောက်ထဲကျပြီး သေဆုံးသွားတယ်ဆိုပြီး ကျုပ်ညီတို့လူစုလဲ ရတနာတွေကိုခွဲဝေယူခဲ့ကြတာပေါ့၊ သိုနဲ့နှစ်ပေါင်းအတော်ကြာတော့ ဓားတစ္ဆေဟာ မသေသေးဘဲ သိုင်းလောကမှာ ပြန်ပေါ်လာပြီး ကျုပ်ညီတို့လူစုကို ဒုက္ခပေးနေတာပဲ"

ဓားတစ္ဆေသည် သိုင်းလောကၭီထွက်ပေါ်လာကာ သိုင်းသမားများအား လိုက်လံလုပ်ကြံသတ်ဖြတ်နေသည့်သတင်းကို ရောင်ဖုံးကြားသိပြီးဖြစ်လေသည်။

ယခုမှ ဓားတစ္ဆေပေါ်ပေါက်လာရသည့် အကြောင်းရင်းကို သိလိုက်ရလေတော့သည်။

ရောင်ဖုံးက ကျင်းလီပေးလိုက်သော ငွေဓားလေးကိုထုတ်ကြည့်လိုက်လေသည်။

"ဟောဒီငွေဓားလေးဟာ ဦးညီရဲ့မိတ်ဆွေ ငွေဓားကျင်းလီပေးခဲ့တာပါ၊ သူဟာဓားတစ္ဆေရဲ့ လက်ချက်မိသွားပါပြီ၊ ဒါကြောင့် ဦးညီကိုထွက်ပြေး ရှောင်တိမ်းသွားစေချင်လို့ သတိပေးတဲ့အနေနဲ့ ပြန်ခေါ်ပေးခိုင်းလိုက်တာပါ"

အဘိုးအိုက ငွေဓားမြောင်လေးကို လက်ခံယူပြီး ခေါင်းခါ

ယမ်းလိုက်လေသည်။

"မင်း သတိလာပေးတာကို ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါပေမယ့်ကျုပ်ရဲ့ညီ ကျူးယုမရှိတော့ပါဘူး၊ ဓားတစ္ဆေရဲ့အန္တရာယ်ကို ကြောက်စရာမလိုတော့ပါဘူး"

ရှောင်ဖုံး မျက်မှောင်ကြုတ်သွားလေသည်။

"ဓားတစ္ဆေကို ကြောက်စရာမလိုတော့ဘူး ဟုတ်လား"

"ဟုတ်တယ်"

ဒါဖြင့် ဦးလေးကဘာကို ကြောက်နေတာလဲ"

"ဟင်"

ရှောင်ဖုံး၏စကားကြောင့် အဘိုးအိုမျက်နှာပျက်သွားလေသည်။

ရှောင်ဖုံးက...

"ဦးကိုကြည့်ရတာ အကြောင်းတစ်ခုခု ရှိလိမ့်မယ်လို့ကျွန်တော်ထင်ပါတယ်"

အဘိုးအို သက်ပြင်းချလိုက်သည်။

"မင်းပြောတာ မှန်ပါတယ်ကွာ၊ ကျူးယုသေဆုံးသွားပြီဆိုတာကို ဓားတစ္ဆေကမယုံဘူးလေ၊ ကျုပ်ကို လိမ်ညာတယ်ဆိုပြီး ဒုက္ခပေးခဲ့တယ်၊ ကျုပ်လဲရွာမှာမနေရဲတော့တာနဲ့ ထွက်ပြေးလာခဲ့တာပဲ"

ရှောင်ဖုံးရယ်မောလိုက်သည်။

"ဦးပြောတဲ့စကားတွေဟာ အတော်ကိုစိတ်ဝင်စားစရာကောင်းပါတယ်၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲကွ"

"ယုံချင်စရာ မကောင်းဘူးထင်လို့ပါ"

"ဟေ"

ရှောင်ဖုံးက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"ဦး ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်စိတ်မဝင်စားပါဘူး၊ သေဆုံးသွားပြီဖြစ်တဲ့ ငွေဓားကျင်းလီက အကူအညီတောင်းလို့ ကုညီခဲ့တာပါ၊ ကဲ ကျွန်တော့ကိုသွားခွင့်ပြုပါဦး"

စကားဆုံးလျှင် ချာခနဲလှည့်ထွက်လာခဲ့လေသည်။

အဘိုးအိုက မျက်လုံးပြူး၍ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

✘✘✘ ✘✘✘ ✘✘✘

တစ်လှမ်း။

နှစ်လှမ်း။

သုံးလှမ်း။

ရှောင်ဖုံး ခြေသုံးလှမ်းမျှသာ လှမ်းလိုက်ရသေးသည်။

"အား"

နောက်ကျောဘက်မှ စူးရှသောအော်မာစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ဖုံး၏ ခြေလှမ်းများ တုန့်ခနဲရပ်တန့်သွားလေသည်။

ကဗျာကယာ နောက်လှည့်ကြည့်လိုက်လျှင် တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရလေသည်။

"ဟင်"

အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က အဘိုးအိုအား တိုက်ခိုက်နေခြင်းဖြစ်လေသည်။

အဘိုးအိုသည် ရှောင်ဖုံးပေးခဲ့သော ငွေစားမြောင်ကိုတင်း ကျပ်စွာဆုပ်ကိုင်ကာ ခုခံတိုက်ခိုက်နေလေသည်။

နှစ်ယောက်စလုံး ထိပ်တန်းသိုင်းသမားများ ဖြစ်ကြောင်း ပေါ်လွင်နေ၏။

သူတို့၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

ရှောင်ဖုံး ငေးကြည့်နေစဉ်မှာပင်

"အား"

အဘိုးအို၏ စူးရှသောအော်ဟစ်သံ ထွက်ပေါ်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူ၏ လက်ချက်ကြောင့်ဒဏ်ရာတစ်ချက်ရရှိသွားခြင်း ဖြစ်လေသည်။

အဘိုးအို ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွား၏။

အနက်ရောင်ဝတ်ထားသူ ဖိ၍လိုက်လာခြင်း မပြုနိုင်စေရန်

"ဝုန်"

လက်ထဲကိုင်ထားသော ငွေစားမြောင်ဖြင့် ပစ်ပေါက်လိုက်

လေသည်။

အနက်ရောင်ဝတ်ထားသူက အော်ငေါက်လိုက်သည်။

"သွားစမ်း"

ထိုလူ လက်ဝှေ့ယမ်းလိုက်သည်နှင့်

"ဖုပ်"

ငွေစားမြောင်ကိုရိုက်ထုတ်ပြီးသား ဖြစ်သွားလေသည်။

စားမြောင်ကား တစ်ပတ်လည်ထွက်ကာ ရှောင်ဖုံးထံသို့ ခုန်လွှင့်သွားလေသည်။

ရှောင်ဖုံး မဲ့ပြုံးပြုံးလိုက်သည်။

လက်တစ်ဖက်ဆန့်ထုတ်ကာ စားမြောင်ကိုဖမ်းယူထားလိုက်လေသည်။

"ခင်ဗျား ရပ်လိုက်ရင်ကောင်းမယ်"

ဟုလည်းလှမ်းပြောလိုက်၏။

အနက်ရောင်ဝတ်ထားသူသည် အဘိုးအိုပစ်လိုက်သော စားမြောင်ကို ရှောင်ဖုံးထံသို့ပစ်လွှင့်သွားစေရန် ရိုက်ထုတ်ရင်း ရှောင်ဖုံးအား ရှင်းပစ်ရန် ကြိုးစားလိုက်ခြင်းဖြစ်လေသည်။

ထိုလူ၏အကြံကို ရှောင်ဖုံးကောင်းစွာသိနေပါသည်။

ထိုလူက ပြန်အော်ပြောလေသည်။

"မင်း ဝေးဝေးကိုထွက်သွားရင် ကောင်းမယ်"

ရှောင်ဖုံးက

"ခင်ဗျား မတရားလုပ်နေတာကို ကျုပ်လက်ပိုက်ကြည့်မနေနိုင်ပါဘူးဗျာ"

"ဘာကို"

ထိုလူ ရှုးရှုးရှားရှားဖြစ်သွားလေသည်။

"ငါက မတရားလုပ်တယ် ဟုတ်လား၊ မင်းစကားကြည့်ပြောရင်ကောင်းမယ်"

"ဟား ဟား ဟား၊ ခင်ဗျားက ကျုပ်ကိုရှင်းပစ်ဖို့တောင်ကြံစည်ခဲ့သေးတာပဲ မဟုတ်လား"

"မင်းက ကိုယ်နဲ့မဆိုင်တဲ့ကိစ္စထဲ ဝင်ရှုပ်ချင်တာကိုး၊ ကျွန်ုယက ကျုပ်ကိုအကောက်ကြံခဲ့တာ၊ ကျုပ်ကဘယ်တော့မှ မမေ့သူမှတ်ပါ"

ရှောင်ဖုံးက

"ကျွန်ုယုဆိုတာက"

"သူပေါ့"

အနက်ရောင်ဝတ်ထားသူက အဘိုးအိုအား ညွှန်ပြထားပြောလိုက်သည်။

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ ကျွန်ုယုဆိုတာ သူကိုယ်တိုင်ပဲကိုး"

အနက်ရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် ဓားတစ္ဆေဆိုတာ ခင်ဗျားပေါ့"

"သိပ်မှန်တာပေါ့"

ရှောင်ဖုံးက အနက်ရောင်ဝတ်ထားသူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်လေသည်။

ထိုလူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းသူ ဘစ်ဦးဖြစ်ပါသည်။

သူ၏မျက်လုံးများတွင် ဆွေးမြည့်ကြေကွဲမှုနှင့် နာကြည်းမှုအရိပ်အယောင်များ ဖုံးလွှမ်းနေသည်ကို တွေ့ရလေသည်။

ဓားတစ္ဆေက

"ကျုပ်ကမိတ်ဆွေတွေကို ကူညီဖို့ကြိုးစားခဲ့တယ်၊ ဒါပေမယ့် သူတို့ကတော့ ရတနာပစ္စည်းတွေကိုတွေ့တာနဲ့ ကျုပ်အပေါ် သစ္စာဖောက်ပြီး အကောက်ကြံခဲ့ကြတော့တာပါပဲ၊ ကျုပ်ကိုလုပ်ကြံဖို့ကျွန်ုယက ဦးဆောင်ပြီး လှုံ့ဆော်ခဲ့တာပဲ၊ ဒါကြောင့်သူ့ကိုဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး"

စကားဆုံးလျှင် လက်ဝါးနှစ်ဖက် အသုံးပြုကာကျွန်ုယုအားပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

"အမယ်လေး"

ကျွန်ုယု အထိတ်တလန့်အော်ကာထွက်ပြေးဖို့ကြိုးစား၏။

ရှောင်ဖုံးလက်ပိုက်ကြည့် မနေနိုင်ပါချေ။

"ရပ်လိုက်"

ဟန့်တားရင်း တိုက်ပွဲအတွင်းသို့ ခုန်ဝင်လိုက်လေသည်။

ကျွန်ုယုဝမ်းသာသွား၏။

"မိတ်ဆွေလေး ကျုပ်ကိုကူညီပါဦး"

အော်ပြောရင်း ရှောင်ဖုံးနှင့်အတူ ဓားတစ္ဆေအားရင်ဆိုင်လိုက်လေသည်။

သူတို့နှစ်ယောက်မှာ ပူးပေါင်းလိုက်သောအခါ တိုက်

ကွက်မှာ ထက်မြက်လာလေသည်။

သို့သော်

ဓားတစ္ဆေ၏သိုင်းပညာက သူတို့ထက်ပို၍ အဆင့်မြင့်နေပါသည်။

သိုင်းကွက် ဆယ့်လေးငါးကွက်မျှယှဉ်ပြိုင်မိသည်နှင့်

"ဝုန်း"

"အွန်"

ရှောင်ဖုံးရော ကျူးယုပါ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်လိုက်ကြရလေတော့သည်။

ဓားတစ္ဆေက

"ကျူးယု လူယုတ်မာ၊ ဒီကနေ့ဟာမင်းရဲ့နောက်ဆုံးနေ့ပဲ"

အော်ငေါက်ရင်း မြေပေါ်ကျနေသည့် ငွေဓားမြှောင်လေးတို့ခြေကောက်ဖြင့် ခတ်တင်ကာ ဖမ်းယူလိုက်သည်။

တစ်ဆက်တည်းပင် ကျူးယုအနီးသို့ လျှပ်တစ်ပြက်ချဉ်းကပ်ကာရင်ဝကို ထိုးစိုက်ချလိုက်လေသည်။

ကျူးယုရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်လေသည်။

ဓားမြှောင်ကလေးမှာ ကျူးယု၏ရင်ဝ၌ တည့်တည့်မတ်မတ်စိုက်ဝင်သွား လေတော့သည်။

"အား"

ကျူးယု နူးရစွာအော်ဟစ်ကာ မြေပေါ်လဲကျသွားတော့သည်။

"ဟား ဟား ဟား"

ဓားတစ္ဆေက ဟားတိုက်ရယ်မောလိုက်လေသည်။

"လူယုတ်မာ၊ နောက်ဆုံးတော့လဲ ကျုပ်လက်ချက်မိသွားဘာပဲ မဟုတ်လား"

ရှောင်ဖုံးက မကျေမနပ်ဖြစ်နေပါတော့သည်။

"ခင်ဗျား..."

ဓားတစ္ဆေ လက်ကာပြလိုက်သည်။

"မင်းနဲ့မဆိုင်ဘူး၊ ဘာမှမပြောနဲ့"

"ဘာကြောင့်မဆိုင်ရမှာလဲ၊ သိုင်းလောကထဲမှာ ခင်ဗျားဆင်တိုင်းကျပြီး လူလျှောက်သတ်နေတာကို ကျုပ်ကလက်ပိုက်ကြည့်နေရမှာလား"

"ဘာကွ"

"ခင်ဗျားကို ဆုံးမဖို့ကျုပ် ဆုံးဖြတ်ပြီးပါပြီ"

ဓားတစ္ဆေသည် ရှောင်ဖုံးအားမျက်လုံးပြူး၍ကြည့်လိုက်ပြီးဘားတိုက်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

သူ၏ရယ်မောသံ ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

ရှောင်ဖုံးက လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းလိုက်ပြီး ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

သူ၏ အကောင်းဆုံးသိုင်းကွက်ဖြစ်သော လဖောက်ကြယ်သိုင်းကွက်ကို အသုံးပြုလိုက်ခြင်းဖြစ်သည်။

ဓားတစ္ဆေသည် ကြောက်မက်ဖွယ်ကောင်းသူ တစ်ယောက်ဖြစ်ကြောင်းသိထားရကား သတိထားပြီး အကောင်းဆုံး သိုင်းကွက်ကို ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

ဓားတစ္ဆေသည် ရှောင်ဖုံး၏ သိုင်းကွက်ကိုမြင်လျှင် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ရပ်ပလိုက်စမ်း"

ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

သို့သော်

"ယား"

ရှောင်ဖုံးကရပ်တန့်ခြင်းမပြုသည့်အပြင် ငြာသံပေးကာပို၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

လဖောက်ကြယ်သိုင်းကွက်ကား အစွမ်းထက်သော သိုင်းကွက်တစ်ကွက် ဖြစ်နေပါတော့သည်။

ဓားတစ္ဆေသည် နောက်ဆုတ်ရှောင်တိမ်း၍မရတော့လျှင်

"ဟိတ်"

မြေပေါ်ခြေဆောင့်ကာ အပေါ်ခုန်တက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်မှာ ကြယ်တံခွန်အလား အပေါ်သို့ထိုးတက်သွားလေတော့သည်။

"ဝုန်း"

ရှောင်ဖုံး၏ လက်ဝါးရိုက်ချက်ကြောင့် ဖြစ်ပေါ်လာသော အရိုန်သည် ဓားတစ္ဆေ၏ အနောက်ဘက်ရှိ သစ်ပင်တစ်ပင်ကိုထိမှန်သွားကာ သစ်ပင်ထက်ပိုင်းကျိုးသွားလေတော့သည်။

ရှောင်ဖုံးက သူ၏တိုက်ကွက်အား ဓားတစ္ဆေကလွတ်အောင်ရှောင်တိမ်းသွားသည်ကို မြင်လျှင် ထပ်မံတိုက်ခိုက်ရန်ကြိုးစားလိုက်လေသည်။

သို့သော်

"ရပ်လိုက်စမ်း၊ မင်းက လမင်းသမီးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟူသောဓားတစ္ဆေ၏ အမေးစကားကြောင့် ရှောင်ဖုံးကဗျာယာနောက်ဆုတ် လိုက်လေသည်။

"ဟူး"

ဓားတစ္ဆေက အပေါ်မှပြန်လည်ခုန်ချလာ၏။

ရှောင်ဖုံးမျက်လုံးပြူးနေသည်။

"ခင်ဗျား ဘာပြောလိုက်တာလဲ"

ဓားတစ္ဆေက

"မင်းအသုံးပြုလိုက်တာ လဖောက်ကြယ်ဆိုတဲ့ သိုင်းကွက်ဟုတ်လား ဒါဟာ လမင်းသမီးရွှေဝါးရဲ့မူပိုင် သိုင်းကွက်ပဲ"

ဟူ၍ပြောလာလေသည်။

ရှောင်ဖုံးမေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

ဓားတစ္ဆေရယ်မောလိုက်သည်။

"ရွှေဝါးဟာ အင်မတန်သနားစရာကောင်းတဲ့ လူတစ်ယောက်ပါ၊ သူ့အကြောင်းကြားရတာ စိတ်မကောင်းပါဘူး၊ မင်းက သူနဲ့ဘယ်လို ပတ်သက်နေသလဲဆိုတာ ပြောစမ်းပါဦး"

ရှောင်ဖုံးကအဖြေမပေးဘဲ မြန်မေးလိုက်လေသည်။

"ခင်ဗျားကကော သူ့အကြောင်းကို ဘယ်လိုလုပ်သိနေတာလဲဗျ"

"သိတာပေါ့၊ ချွေဝါးဟာ ငါ့ရဲ့မိတ်ဆွေတစ်ယောက်ပဲကွ"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ကျွန်တော့်မေမေဟာ ခင်ဗျားလိုလူဆိုးကြီးတစ်ယောက်နဲ့ မိတ်ဆွေ မဖြစ်နိုင်ဘူး"

"လက်စသတ်တော့ မင်းဟာချွေဝါးရဲ့သားဖြစ်နေတာကိုး အင်း....အရွယ်တောင်ရောက်လာပြီပဲ၊ ချွေဝါးအတွက် အားကိုးဖော်တာပေါ့လေ"

ရှောင်ဖုံး မဲ့ပြုံးပြုံးလိုက်လေသည်။

"ခင်ဗျား ဘာပဲပြောပြော၊ ကျုပ်ကခင်ဗျားကို ရန်သူတယောက်လို သတ်မှတ်ထားမှာဘဲဗျ"

ဓားတစ္ဆေ သက်ပြင်းချလိုက်လေသည်။

"မင်းနာမည် ရှောင်ဖုံးလို့ခေါ်တယ်မဟုတ်လား"

"ဗျာ"

ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သူ၏နာမည်ကို ဓားတစ္ဆေက အဘယ်ကြောင့်သိနေရပုံသနည်း။

"ခင်....ခင်ဗျား ကျုပ်ရဲ့နာမည်ကို ဘယ်လိုလုပ်သိနေတာလဲ"

"ဟဲ့ ဟဲ့ ကျုပ်ကမင်းအမေရဲ့နာမည်ကိုတောင် သိနေတာ

ပဲ၊ မင်းရဲ့နာမည်ကို ဘာကြောင့်မသိရမှာလဲ၊ မင်းအဖေရဲ့နာမည်ရောင်လွေလို့ခေါ်တယ် မဟုတ်လား"

ရှောင်ဖုံး မျက်နှာပျက်သွားလေသည်။

ဓားတစ္ဆေသည် သူ၏မိဘများအား ကောင်းစွာသိနေသည်မှာ ထင်ရှားနေပါတော့သည်။

ဓားတစ္ဆေက

"ရှောင်ဖုံး မင်းအံ့သြနေသလား၊ မင်းအမေနဲ့ငါတို့ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေရင်းချာတွေပါပဲ၊ မောင်နှမတွေလို နေခဲ့ကြတယ်ဆိုရင် မမှားဘူး၊ မင်းအဖေက မင်းအမေပေါ်မှာ ရက်စက်ခဲ့တာကို ကျုပ်တို့သိလို့ မင်းအဖေကိုဆုံးမဖို့ လိုက်ရှာခဲ့ကြသေးဘယ်၊ ဒါပေမယ့်..."

ဓားတစ္ဆေက စကားတစ်ပိုင်းတစ်စဖြင့် ရပ်လိုက်လေသည်။

ရှောင်ဖုံး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ဓားတစ္ဆေကား သူတို့မိသားစုအကြောင်း ကောင်းစွာသိနေသူတစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား"

"ခင်....ခင်ဗျား ဘယ်သူလဲ"

ဓားတစ္ဆေ လက်ကာပြလိုက်သည်။

"ကျုပ်က ဓားတစ္ဆေပေါ့၊ မင်းကိုငါသတိပေးချင်တယ်၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စထဲဝင်မရှုပ်ပါနဲ့၊ ဘာကိုပဲလုပ်လုပ် သေသေချာချာစဉ်းစားဆင်ခြင်ပြီးမှလုပ်ပါ၊ အထူးသဖြင့် မင်းအဖေနဲ့ပတ်သက်လာရင်ပေါ့၊ ငါ့မှာအရေးကြီးတဲ့ကိစ္စရှိလို့ သွားလိုက်ဦးမယ်၊

ဝါ့ကိုတွေ့ချင်ရင် ကျောက်တစ်လုံးတောင်ကို လာခဲ့ပါ"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

ရှောင်ဖုံးက ငူငူကြီးရပ်နေမိ၏။

ဟန့်တားရန် သတိဝင်လာသောအခါ ဓားတစ္ဆေမရှိတော့ပါ။

ဓားတစ္ဆေသည် လျင်မြန်စွာ ထွက်ခွာသွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

× × × × × × × × ×

သွေးကလဲစား

ကောင်းကင်ပေါ်တွင် လဝန်းကထိန်ထိန်သာနေသည်။

ညဉ့်နက်ပြီဖြစ်၍ အေးမြသောညလေများ တသုန်သုန်တဉင်းညင်း တိုက်ခတ်နေ၏။

လရောင်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ရှောင်ဖုံးသည် ဓားတစ္ဆေနှင့်လမ်းခွဲခဲ့ပြီး ခရီးဆက်လာရာ ညဉ့်နက်သွားလျှင် တောအုပ်ထဲမှာပင် တစ်ညတာအနားယူရန် ဝင်းဖြတ်လိုက်လေသည်။

ညဉ့်နက်နေပြီဖြစ်သော်လည်း ရှောင်ဖုံးအိပ်မပျော်နိုင်သေးပါချေ။

ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်တွေး

တောစဉ်းစားနေမိသောကြောင့် ဖြစ်လေသည်။

ဓားတစ္ဆေ။

ဓားတစ္ဆေသည် ကြောက်မက်ဖွယ်ကောင်းသော လူဆိုး ကြီးတစ်ယောက်ဖြစ်နေပါသည်။

သိုင်းလောက၌ ဓားတစ္ဆေပေါ်ပေါက်လာပြီး သူ၏လက် ချက်ဖြင့် သေဆုံးသွားရသည့် သိုင်းသမားမနည်းတော့ပါ။

ဓားတစ္ဆေနှင့်တွေ့ဆုံခဲ့ရာတွင် သိုင်းပညာအရ မည်သည့် နည်းနှင့်မျှ မယှဉ်နိုင်ကြောင်းသိခဲ့ရ၏။

သို့သော်

သူအသက်ရှင် လွတ်မြောက်ခဲ့ပါသည်။

ဓားတစ္ဆေသည် သူ့အား ချမ်းသာပေးခဲ့သည့်အပြင် သတိ ပေးစကား ပြောကြားသွားခဲ့သည်။

သူ၏မိဘများနှင့် ပတ်သက်ခဲ့သူဖြစ်နေသည်။

ဓားတစ္ဆေနှင့် လုပ်ကြံခံရသူများသည် အကြောင်းကိစ္စ တစ်ခုနှင့် ပတ်သက်နေခဲ့ကြသည်။

ရှောင်ဖုံးသည် ဓားတစ္ဆေအကြောင်းတွေးနေရာမှ သူ၏မိ ဘများအကြောင်း တွေးမိပြန်သည်။

ရှောင်ဖုံး၏ရင်ထဲ ဝမ်းနည်းကြေကွဲမှုများ ဖိစီးလာ၏။

"မေမေရယ်"

ဆို့နင့်ကြေကွဲစွာ ခေါ်လိုက်မိလေသည်။

မိခင်ဖြစ်သူ၏ မျက်နှာကိုလည်း မြင်ယောင်လာ၏။ မိခင်ဖြစ်သူ ချေဝါးမှာ ချောမောလှပသူတစ်ယောက်ဟု လူတိုင်း

ပြောခဲ့ကြသည်။

သူ၏ဖခင်နှင့် အိမ်ထောင်ကျပြီးသည့် နောက်ပိုင်းမှသာ အတွားအိုတစ်ယောက်ပမာ ဖြစ်သွားခဲ့ခြင်းပင်ဖြစ်သည်။

ရှောင်ဖုံးသည် မိခင်ကြီးမကွယ်လွန်မီ မှာကြားခဲ့သောစ ကားများကို ပြန်လည်ကြားယောင်လာပြန်လေတော့သည်။

အိမ်ထဲ၌ရှုပ်ပွနေ၏။

မိခင်ကြီးက သန့်သန့်ပြန့်ပြန့်နေထိုင်တတ်မှန်း ရှောင်ဖုံး နားလည်ထားသော်လည်း တစ်အိမ်လုံး သန့်ရှင်းလှပသွားစေရန် ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါ။

သူကိုယ်တိုင် အစားမမှန်၊ အအိပ်မမှန်ဖြစ်ရလောက်အောင် ပင် မကျန်းမမာဖြစ်နေသည့် မိခင်ကြီးအား ပြုစုယုယနေခဲ့ရသည် မဟုတ်ပါလား။

ရှောင်ဖုံးက ဆန်ပြုတ်တစ်ပန်းကန်နှင့် ဆေးထုပ်ကိုယူ ကာမိခင်ကြီးချေဝါး၏ အခန်းထဲဝင်လာခဲ့၏။

ချေဝါး၏အခန်းထဲ၌ ဆေးနံ့များလွှမ်းနေ၏။

ချေဝါး အိပ်ယာထဲလဲသွားသည်မှာ နှစ်အတန်ကြာခဲ့ပြီ မဟုတ်ပါလား။

ချေဝါးကခုတင်ပေါ်၌ ပက်လက်ကလေးလဲလျောင်းနေ၏။

ပြူးကြောင်ကြောင်မျက်လုံးများဖြင့် အခန်းမျက်နှာကြက် များကို ကြည့်နေ၏။

သူမ၏တစ်ကိုယ်လုံး အရိုးပေါ်အရေတင် ပိန်ချုံးနေသည်။

အသားအရည်က ဖြူဖွေးနေသည့်အပြင် ဝါကျင့်ကျင့်အ

ရောင်သန်းနေသည်ဟုလည်း ထင်ရလေသည်။

"မေမေ"

ရောင်ဖုံး၏ ခေါ်သံကြားလျှင် ချွေဝါး၏ မျက်လုံးများဝေ့လျားသွားလေသည်။

သို့သော် ခန္ဓာကိုယ်က မလှုပ်မယှက်။

ရောင်ဖုံး၏ ခေါ်သံကိုကြားသကဲ့သို့ သူမသိနေသည်ဟု သောသဘောပြယုဂ်ကို မျက်လုံးများကဖော်ပြလိုက်ခြင်း ဖြစ်လေသည်။

"မေမေ ဆန်ပြုတ်သောက်လိုက်ရအောင်"

ချွေဝါး၏ နှုတ်ခမ်းများ တလှုပ်လှုပ်ဖြစ်လာ၏။

"သား"

အခွံမသဲမကွဲ ထွက်ပေါ်လာ၏

"ဟုတ်ကဲ့မေမေ၊ သားရှိပါတယ်"

"သား မေမေ့အနားလာခဲ့ပါ"

"ဟုတ်ကဲ့မေမေ"

ရောင်ဖုံးက မိခင်ကြီးအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

ချွေဝါးက

"သား၊ မင်းအဖေကို တွေ့အောင်ရှာရမယ်နော်"

"ကျွန်တော်"

"သူဟာ မေမေတို့သားအမိအပေါ်မှာ ရက်ရက်စက်စက် ပြုလုပ်ခဲ့တယ်၊ သူ့ရဲ့ညီမအတွက် မေမေ့ကိုလက်စားချေခဲ့တာတွေလေ၊ ဘယ်လောက်များ ရင်နာစရာကောင်းလိုက်သလဲ"

ရောင်ဖုံးက တောင်းပန်လိုက်သည်။

"မေမေရယ် ပြီးတဲ့ကိစ္စတွေလဲပြီးပါပြီ၊ မေ့ထားလိုက်ပါတော့နော်၊ ခုချိန်မှာ မေမေကျန်းမာဖို့က အရေးအကြီးဆုံးပါပဲ"

ချွေဝါး လက်မခံပါချေ။

"မေမေ မနေ့ရတော့ဘူးဆိုတာ သိပါတယ်သား၊ ပြောစရာရှိတာတွေ ပြောပါရစေတော့"

"မေမေ"

"မေမေ့ကို မတားပါနဲ့ကွယ်"

ရောင်ဖုံး ဘာမှမပြောသာတော့ပါ။

ချွေဝါးက

"မေမေဟာ တစ်ချိန်က လီဟွားဆိုတဲ့ မိန်းမယုတ်တစ်ယောက်နဲ့ပြသနာပေါ်ဖူးတယ်၊ သိုင်းပညာယှဉ်ပြိုင်ရာမှာ လီဟွားအရေးနိမ့်သွားလို့ လူပုံအလယ်မှာအရှက်ကွဲခဲ့ရတယ်၊ ဒါနဲ့ပဲသူနဲ့ပညာသင်ဖက် အစ်ကိုဆီမှာ အကူအညီတောင်းပြီး မေမေ့ကိုလက်စားချေဖို့ ကြိုးစားခဲ့တယ်လေ"

ရောင်ဖုံး စိတ်ပျက်သွားလေသည်။

မိခင်ကြီးချွေဝါးသည် ထိုကိစ္စကိုတစ်သက်လုံးမေ့ပျောက်သွားနိုင်တော့မည် မဟုတ်ချေ။

အခွင့်ကြုံကြိုက်တိုင်း ထုတ်ဖော်ပြောနေခြင်းကြောင့် ရင်ထဲခဲအာယ်မျှ မုန်းတီးနေကြောင်း ထင်ရှားပေါ်လွင်နေပါသည်။

ချွေဝါးကား မမြောမပန်းတမ်းဆက်ပြောနေပါတော့သည်။

"လီဟွားရဲ့ပညာသင်ဖက် အစ်ကိုဟာအတော်ကို ယုတ်မာ

ပြီး အောက်တန်းကျတဲ့ လူတစ်ယောက်ပဲ၊ သူဟာယောကျ်ားမာ
ယာသုံးပြီး မေမေ့ကို လှည့်စားချစ်ဟန်ဆောင်ခဲ့တယ်၊ မေမေဟာ
အကြောင်းမသိတော့ တကယ်ယောကျ်ားကောင်း ယောကျ်ားမြတ်
တစ်ယောက်ထင်ပြီး အထင်ကြီး ကိုးကွယ်မိတယ်၊ မေမေ့မှာကိုယ်
ဝန်ရှိတော့မှ သူကရှောင်ထွက်သွားတော့တာပဲ၊ ဒါကို မေမေဘယ်
တော့မှမကျေနပ်နိုင်ဘူး၊ တစ်နေ့ကျရင်သူ့ကိုဆုံးမပါမယ်လို့ မေမေ့
ကို ကတိပေးစမ်းပါ သားရယ်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့မေမေ၊ သားကတိပေးပါတယ်"

မိခင်ကြီးကျေနပ်အောင် ပြောလိုက်လေသည်။

"ဝမ်းသာလိုက်တာ သားရယ်၊ ရှောင်လွေဆိုတဲ့ လူယုတ်
မာကို မဖြစ်မနေ ဆုံးမလိုက်စမ်းပါ"

ရှောင်ဖုံးငိုင်နေသည်။

ရှောင်လွေဆိုသည်ကား သူ၏ဖခင်ဖြစ်နေသည် မဟုတ်
လား။

မည်သို့ဆိုစေ မိခင်ကြီးစိတ်ချမ်းသာစေရန် အကြိမ်ကြိမ်
အဖန်ဖန် ကတိပေးလိုက်ရလေသည်။

× × × × × × × × ×

"ဝုန်း"

ရုတ်တရက်ညဉ့်ငှက်တစ်ကောင်၏ စူးစူးဝါးဝါးအော်မြည်

ထွက်ပေါ်လာလေသည်။

ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လျှင် လူရိပ်များ
ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုံး မျက်မှောင်ကြုတ်သွား၏။

"ဘယ်သူတွေပါလိမ့်"

သူ၏အတွေးမဆုံးမီ

"ဝှစ် ဝှစ် ဝှစ်"

စူးရှသော လေတိုးသံများနှင့်အတူ လက်နက်ပုန်းကလေး
ပစ်လွင့်လာလေသည်။

"ဟင်"

ရှောင်ဖုံးရင်ထိတ်ကာ ကဗျာကယာ ရှောင်တိမ်းလိုက်၏။

"တောက် တောက် တောက်"

လက်နက်ပုန်းလေးများမှာ ရှောင်ဖုံးထိုင်နေခဲ့သည့်နေရာ
စိုက်ဝင်သွားလေသည်။

ရှောင်ဖုံးသာ အချိန်မီ ရှောင်တိမ်းနိုင်ခြင်းမရှိပါလျှင်
ရောက်သွားမည်မှာ သေချာနေပါတော့သည်။

ရှောင်ဖုံး မကျေမနပ်ဖြစ်သွားသည်။

"ဘယ်သူတွေလဲ"

သူက အော်ငေါက်လိုက်၏။

"ဟူး ဟူး ဟူး"

အဝတ်အစား လေတိုးသံများထွက်ပေါ်လာကာ လူတစ်စု
အနီးသို့ရောက်လာပြီး ရှောင်ဖုံးအားဝိုင်းရံ တိုက်ခိုက်လိုက်

ကြလေသည်။

ရှောင်ဖုံး မတတ်သာတော့ဘဲ လက်ဝါးနှစ်ဖက် အသုံး
ကာ ပြန်လည်တိုက်ခိုက်လိုက်ရလေသည်။

အေးချမ်းသာယာနေသော တောအုပ်လေးအတွင်
ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေတော့သည်။

ရှောင်ဖုံး၏သိုင်းပညာ ခေသည်မဟုတ်ရကား

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ ဝင်ရော
တိုက်ခိုက်လာသူများ ဖရိုဖရဲဖြစ်သွားကြလေသည်။

ရှောင်ဖုံး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကိုလာနှောက်ယှက်ရင် ကျုပ်က သည်းခံနေမှာ
ဟုတ်ဘူး"

ထိုစဉ် အေးစက်စက်ရယ်မောသံ ထွက်ပေါ်လာသည်

အမျိုးသမီးတစ်ယောက်က ရှေ့သို့လှမ်းထွက်လာသည်
တွေ့ရ၏။

ထိုအမျိုးသမီးမှာ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆ
ကာ ဆံပင်များ ဖားလျားချထားလေသည်။

လရောင်အောက်တွင် ချောမောလှပပြီး ရင်ဖိုစရာကော
သူတစ်ယောက်အသွင် အထင်အရှား ပေါ်လွင်နေ၏။

သူမ၏ မျက်နှာလေးသည်လည်း လူတကာစွဲမက်စ

ကောင်းလေ၏။

သို့သော်

ဣန္ဒြေရှိပြီးတည်ငြိမ်သော အလှအပမျိုး မဟုတ်ပါ။

ပူလောင်ပြင်းပြကာ ရမက်ဆန်သော အလှမျိုးဖြစ်နေပါ
တော့သည်။

အမျိုးသမီးက ရှောင်ဖုံးအား ခြေဆုံးခေါင်းဆုံးစိုက်ကြည့်
လိုက်သည်။

"ကျွန်မတို့က ရှင့်ကိုနှောက်ယှက်တာလား၊ ရှင်ကကျွန်မ
တို့ကိုနှောက်ယှက်ခဲ့တာလား"

ရှောင်ဖုံး မျက်နှာကြုတ်သွားလေသည်။

"မင်းဘာပြောတာလဲ"

"သွေးမိစ္ဆာဂိုဏ်းရဲ့ကိစ္စထဲ ရှင်ကမဆီမဆိုင်ဝင်ရှုပ်ခဲ့တယ်
မဟုတ်လား၊ ဒါကြောင့် ရှင့်ကိုဆုံးမဖို့ ဂိုဏ်းချုပ်ကအမိန့်ပေးလိုက်
တယ် သွေးမိစ္ဆာဂိုဏ်းကိုနှောက်ယှက်ရင် ဘယ်သူမဆိုသေဒဏ်အ
မိန့်ပေးခံရလိမ့်မယ်၊ ဒါဟာသွေးမိစ္ဆာဂိုဏ်းရဲ့သံမဏိစည်းမျဉ်းပဲ"

ရှောင်ဖုံး နှာခေါင်းရှုံ့လိုက်သည်။

"လက်စသတ်တော့ သွေးမိစ္ဆာဂိုဏ်းက လူတွေကိုး"

"ဟုတ်တယ် ရှင်သေဖို့ ပြင်ထားပေတော့"

အမျိုးသမီးက စတင်တိုက်ခိုက်လိုက်လေသည်။

ရှောင်ဖုံးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ယား"

သွေးမိစ္ဆာဂိုဏ်းသားများကလည်း ငြာသံပေးကာ တိုက်

ခိုက်လာကြလေသည်။

ရှောင်ဖုံးသည် သိုင်းပညာမခေသော်လည်း သူရင်ဆိုင်နေရသော အမျိုးသမီးမှာ ထိပ်တန်းသိုင်းပညာတတ်မြောက်ထားသည့်အပြင် သွေးမိစ္ဆာဂိုဏ်းသားများကလည်း ဝင်ရောက်တိုက်ခိုက်လာကြလေသောအခါ ရှောင်ဖုံးအခက်ကြုံသွားလေတော့သည်။

ထိုအချိန်မှာပင်

"ဟူး ဟူး"

အံ့ဝတ်အစားလေတိုးသံများနှင့်အတူ လူရိပ်တစ်ခုရောက်လာပြီး သွေးမိစ္ဆာဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေသည်။

ရောက်လာသူကား အစိမ်းရောင်ဝတ်ဆင်ထားသည့်မိန်းချောတစ်ယောက်ဖြစ်နေပါသည်။

ရှောင်ဖုံး ဝမ်းသာသွားလေသည်။

ကူညီမည့်သူရောက်လာသဖြင့် အားတက်သွားပြီးပြင်းပြင်းထန်ထန်တိုက်လိုက်လျှင်

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများထွက်ပေါ်လာကာ သွေးမိစ္ဆာဂိုဏ်းသားများ ဖရိုဖရဲ ဖြစ်သွားကြလေသည်။

အနက်ရောင်မိန်းမချော ဒေါပွသွားလေသည်။

"ရှင်တို့ဘယ်လောက်များ အစွမ်းအစရှိသလဲ ကြည့်သေးတာပေါ့"

သူမလက်ဝှေ့ယမ်းလိုက်လျှင် ဝင်းလက်တောက်ပသော အလင်းရောင်များထွက်ပေါ်လာ၏။

"သတိထား"

အစိမ်းရောင်မိန်းကလေးက အော်ပြောလိုက်လေသည်။

ရှောင်ဖုံးက ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

ထိုစဉ်

"အင့်"

ဝဲဘက်လက်မောင်းၭ နာကျင်သွားခြင်းကြောင့် ရင်ထိတ်သွားလေသည်။

ခန္ဓာကိုယ်လည်း ဆတ်ခနဲတုန်ခါသွားလေသည်။

ဆတ်ခနဲ နာကျင်သွားသော လက်မောင်းမှာ ချက်ချင်းပင် ဆုံကျင်လာသည်။

"အဆိပ်"

ရှောင်ဖုံး လွတ်ခနဲ ရေရွတ်လိုက်လေသည်။

အစိမ်းရောင်မိန်းကလေးက ရှောင်ဖုံးအနီးသို့ ရောက်လာ၏။

"ရှင် လက်နက်ပုန်းထိသွားပြီလား"

"ဟုတ်တယ်၊ ကျုပ်"

ရှောင်ဖုံးစကားဆုံးအောင် မပြောနိုင်တော့ပါချေ။

ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

"ဝုန်း"

မြေပေါ်လဲကျ သွားလေတော့သည်။

"ဟင်"

အစိမ်းရောင်မိန်းကလေးက ချက်ချင်းပင် ရှောင်ဖုံးအား ပွေ့ထူကာ ပခုံးပေါ်ထမ်းလိုက်၏။

အနက်ရောင်အမျိုးသမီးက အော်ငေါက်လိုက်သည်။

"ထွက်ပြေးလို့ရမယ် ထင်သလား"

အစိမ်းရောင်မိန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မရဲ့လက်နက်ပုန်းကိုလဲ ရှောင်ကြည့်ပါဦး"

သူမလက်ယမ်းဝှေ့လိုက်ရာ အနက်ရောင်အမျိုးသမီးရုတ်တရက်ရွေ့မတိုးဘဲ ဖြစ်သွားလေသည်။

ထိုအခွင့်အရေးကို အစိမ်းရောင်မိန်းကလေးက လက်လွှတ်မခံပါချေ။

ရှောင်ဖုံးအား ပခုံးပေါ်ထမ်းကာ ပြေးလွှားထွက်သွားလေတော့သည်။

xxx xxx xxx

ဘုံကျောင်းပျက်လေးတစ်ခု။

အစိမ်းရောင်ဝတ်မိန်းကလေးသည် ရှောင်ဖုံးအား ပခုံးပေါ်ထမ်းကာ ပြေးလွှားလာခဲ့လေသည်။

"မပြေးနဲ့"

"လိုက်ကြ"

သွေးမိစ္ဆာဂိုဏ်းသားများက ငြာသံပေးကာလိုက်လာကြသော်လည်း မမီတော့ချေ။

အစိမ်းရောင်ဝတ်မိန်းကလေးက လျင်မြန်စွာပြေးသွားပြီး ချက်ခြင်းဖြတ် ချန်ထားရစ်ခဲ့တော့သည်။

မိန်းကလေးသည် ပြေးလွှားလာရာ အချိန်များတဖြည်းဖြည်းကုန်ဆုံးသွားပြီး အရှေ့ဘက်တွင် အာရုဏ်ဦး၏ရောင်နီများ

ထွက်ပေါ်လာသောအခါ ဘုံကျောင်းပျက်လေးတစ်ခုကိုတွေ့ရလျှ
အနားယူရန်ဆုံးဖြတ်လိုက်လေသည်။

ဘုံကျောင်းပျက်လေးအတွင်း လုံလုံခြုံခြုံရှိသောနေရာတွ
ရှောင်ဖုံးအား နေရာချကာ စစ်ဆေးကြည့်လိုက်လေသည်။

ရှောင်ဖုံးမှာ အဆိပ်တက်နေသဖြင့်တစ်ကိုယ်လုံး ချစ်ခြ
တောက်ပူလောင်ကာ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်

"ရှင် ဘယ်လိုဖြစ်တာလဲ၊ အဆိပ်လက်နက်ပုန်းထိသွာ
တယ် ဟုတ်လား"

မိန်းကလေးက မေးလိုက်သောအခါ ရှောင်ဖုံးကဘာ
မပြောနိုင်ဘဲ ကယောင်ကတမ်း ညည်းတွားနေသည်။

"ချမ်း....ချမ်းတယ်"

ရှောင်ဖုံး၏ တစ်ကိုယ်လုံးခြစ်ခြစ်တောက်ပူလောင်နေသည်
သို့သော် ခိုက်ခိုက်တုန်အောင် ချမ်းနေသည်။

အဆိပ်ကြောင့် ထိုကဲ့သို့ဖြစ်နေခြင်းပင်။

"ရှင် ဘယ်လိုဖြစ်တာလဲ"

ရှောင်ဖုံးကညည်းတွားနေသည်။

"ချမ်း....ချမ်းတယ်"

လက်နှစ်ဖက်ကို အားကိုးတကြီး ဆန့်တန်းလိုက်လေ
သည်။

မိန်းကလေးက ရှောင်ဖုံး၏လက်ကို အားပေးသလိုဆုံ
ကိုင်လိုက်လေသည်။

ဤတွင် ရှောင်ဖုံးကဆွဲယူလိုက်ရာ

"အင့်"

မိန်းကလေးမှာ ရှောင်ဖုံး၏ရင်ခွင်ထဲ ရောက်ရှိသွား၏။

"ရှင်...ရှင် ဘယ်လိုလုပ်လိုက်တာလဲ"

မိန်းကလေး၏ မျက်နှာမှာ ရှက်သွေးကြောင့်ရဲရဲနီသွား၏။

ဒေါသတကြီးရန်ထွက်လိုက်၏။

"မမေရယ် ကျွန်တော်ချမ်းလိုက်တာ"

ရှောင်ဖုံးကညည်းတွားရင်း တင်းတင်းကျပ်ကျပ်ပွေ့ဖက်
ထားလိုက်ရာ မိန်းကလေးရန်းမရတော့ချေ။

ရှောင်ဖုံး၏ ညည်းတွားသံကြောင့် ဒေါသစိတ်များ
ပျောက်ကွယ်သွား၏။

မိခင်အား တမ်းတနေသည့် ရှောင်ဖုံးအား သနားဂရုဏာ
သက်မိလေသည်။

သို့ဖြင့်

သူမက ဘာကိုမှမစဉ်းစားတော့ဘဲ ရှောင်ဖုံးအား ပြန်
လည်ပွေ့ဖက်ထားလိုက်မိလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

ပျောက်စေသမားတော်

ပျောက်စေသမားတော်သည် မည်သို့သောရောဂါဝေဒနာမျိုးကိုမဆို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သူဟုသိုင်းလောကတွင် ကျော်ကြား၏။

သို့သော်

ပျောက်စေသမားတော်မှာ အလွန်ခွဏျသော လူ့ခွစာတစ်ယောက်ဖြစ်လေသည်။

ဆေးစွမ်းထက်သော်လည်း ဆေးကုချင်မှဆေးကု၏။

တစ်ခါတစ်ရံ မိုင်ပေါင်းများစွာ ခရီးဝေးကိုသွားနေတတ်သည်။

တစ်ခါတစ်ရံ လပေါင်းများစွာကြာအောင် အိမ်ထဲမှအိမ်ပြင်မထွက်ဘဲနေသည်။

သူက အရက်သမားဘဝ၊ လောင်းကစားသမားဘဝ
ည်းခံယူသည်။

စိတ်ထင်ရာလျှောက်လုပ်နေတတ်သည့် လူစားမျိုးဖြစ်ပါ
ည်။

တစ်နေ့။

ပျောက်စေသမားတော်သည် အိမ်ထဲမှအိမ်ပြင်မထွက်ဘဲ
ဆေးဝါး ဖော်စပ်နေသည်။

ဆေးပညာကို အာရုံစိုက်နေခြင်းကြောင့် ကံကောင်းသော
နေ့တစ်နေ့ဟုဆိုနိုင်ပါသည်။

"ဒေါက် ဒေါက်"

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

ပျောက်စေသမားတော် မကျေမနပ် ဖြစ်သွားလေသည်။

"တောက် ဘယ်သူကလာပြီး နှောက်ယှက်တာလဲမသိဘူး"

ချက်ချင်းတံခါးသွားဖွင့်ကာ အော်ပြောလိုက်လေသည်။

"ဘယ်သူလဲ၊ သမားတော်ကြီးမရှိဘူးကွ၊ မင်း..."

သူ၏စကား တစ်ပိုင်းတစ်စဖြင့် ရပ်သွားလေသည်။

အကြောင်းကား အိမ်အပြင်ဘက်၌ရပ်နေသည့် အစိမ်း
ောင်ဝတ်မိန်းမချောလေး တစ်ယောက်အား တွေ့လိုက်ရခြင်း
ကြောင့်ဖြစ်လေသည်။

ပျောက်စေသမားတော် မျက်လုံးပြူးသွား၏။

"ကျင်းကျင်း၊ ကျင်းကျင်းမဟုတ်လား"

ထိုအစိမ်းရောင်ဝတ် မိန်းကလေးကရှောင်ဖုံးအား ကယ်

တင်ခဲ့သည့် မိန်းကလေးဖြစ်သည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"ကျင်းကျင်းက ပျောက်စေသမားတော် ဝမ်းလျှဲကိုလာ
ရှာတာပါရှင်"

"ဟား ဟား ဟား၊ ကျုပ်ကမင်းရောက်လာမှန်းသိရင်
မရှိဘူးလို့ မပြောပါဘူးကွာ၊ လာ...ကဲ ကဲ အိမ်ထဲဝင်ပါဦး
ပျောက်စေသမားတော် ဝမ်းလျှဲကဖိတ်ခေါ်လိုက်သည်
ကျင်းကျင်းက အိမ်ထဲလှမ်းဝင်လိုက်သည်။

ပျောက်စေသမားတော် ဝမ်းလျှဲက စားသောက်ဖွယ်ရာများ
သွားယူကာ ဧည့်ခံလေသည်။

"ကျင်းကျင်း၊ မင်းကိုကြည့်ရတာ အတော်မောပန်းလာ
ရတယ်၊ စားလိုက်ပါဦး"

"ကျေးဇူးပါပဲရှင်၊ ကျွန်မအဖို့ အချိန်မရဘူး၊ အရေးကြီး
ကိစ္စရှိနေတယ်ရှင့်"

ဝမ်းလျှဲက

"ဘာလဲ မင်းရဲ့ဆရာ မိုးထိအဘိုးအိုက ခိုင်းလိုက်တာ
လား၊ သူကသိုင်းလောကထဲ မဆင်းတော့ဘဲ၊ မိုးထိတောင်ပေါ်မှာ
ပဲ တစ်သက်လုံးနေသွားမယ်လို့ သစ္စာပြုထားတယ်ဆိုတော့ ဒ
ကြောင်းကိစ္စပေါ်ပေါက်လာရင် မင်းကိုပဲ သိုင်းလောကထဲလွှတ်
တာပေါ့၊ မင်းလိုတပည့်တစ်ယောက်ရထားတာ သူ့အတွက်
ကောင်းတာပဲ"

ပြောရင်း သူ၏မျက်နှာ တည်ကြည်လေးနက် လာ

သည်။

"မင်းရဲ့ဆရာနဲ့ကျုပ်ဟာ သိုင်းလောကမှာကျင်လည်ကျက်
စားခဲ့တုန်းက ညီအစ်ကိုလိုခင်မင်ရင်းနှီးခဲ့ကြသူတွေပါ၊ သူကသိပ်
ဉီးမာနကြီးတာ၊ တစ်ချိန်မှာ သိုင်းပညာနဲ့ပတ်သက်ပြီး အငြင်းအ
ခုန်ဖြစ်ပြီးတဲ့နောက် သိုင်းလောကို ကျောခိုင်းလိုက်တော့တာပါ
ကျုပ်က မိုးထိတောင်ပေါ်ကို သွားတွေ့ပြီး ဖျောင်းဖျခဲ့တာ
ဘောင်မရတော့ဘူး"

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

"ဆရာက သူ့ရဲ့ပညာကို ဝေဖန်တာမကြိုက်ဘူး၊ ဒါ
ကြောင့် သိုင်းလောကကို ကျောခိုင်းလိုက်တာပဲ၊ ဒါပေမယ့်သူ့ရဲ့
ညာဟာ အညံ့စားမဟုတ်ဘူးဆိုတာကို သက်သေပြချင်တာ
ကြောင့် ကျွန်မကို သိုင်းလောကထဲ လွှတ်လိုက်တာပါ၊ တစ်ချိန်က
ဆရာ့အပေါ်မှာ စကားတင်းဆိုခဲ့တဲ့ ရွှေစုတ်တံသိုင်းသမားကို
သဉ်ပြိုင်အနိုင်ယူဖို့ ကျွန်မကိုတာဝန်ပေးလိုက်ပါတယ်"

ဝမ်းလျှဲက

"ကျင်းကျင်း၊ မင်းကို ငါကကိုယ့်တူမလေးလို သဘော
ထားတယ်ဆိုတာ မင်းသိပါတယ်၊ ရွှေစုတ်တံသိုင်းသမားဟာ
ခေတ်လူတစ်ယောက် မဟုတ်ဘူးဆိုတာ သတိထားမှဖြစ်မယ်"

ကျင်းကျင်း ပြုံးလိုက်လေသည်။

"ကျွန်မက မိုးထိတောင်ပေါ်က ဆင်းလာပြီး မကြာခင်မှာ
ရွှေစုတ်တံသိုင်းသမားနဲ့ ရင်ဆိုင်ပြီးပါပြီ"

"ဟော"

"ရွှေစုတ်တံသိုင်းသမားဟာ သိုင်းကွက်ဆယ့်ငါးကွက် အတွင်းမှာပဲ အရေးနိမ့်သွားတာပါ"

ဝမ်းလျှံကတဟားဟား ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား၊ ရယ်စရာကောင်းလိုက်တာ၊ နောက်ဆုံးတော့လဲ မင်းက ရွှေစုတ်တံသိုင်းသမားကို အနိုင်ယူခဲ့ပြီပေါ့ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်၊ မင်းဆရာပေးအပ်လိုက်တဲ့ တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်နိုင်ခဲ့ပြီပေါ့၊ မင်းရဲ့ဆရာလဲ ကျေနပ်သွားမှာပဲ"

ကျင်းကျင်းက

"ကျွန်မက ရွှေစုတ်တံသိုင်းသမားကို အနိုင်ယူပြီးဖြိမ်မိုးထိတောင်ကို ပြန်ဖို့ပါပဲ၊ ဒါပေမယ့်သိုင်းလောကထဲမှာ သွေးမိစ္ဆာဂိုဏ်း သောင်းကျန်းနေတာကိုတွေ့ရလို့ မိုးထိတောင်ကို မပြန်ခင် ဆုံးမမယ်လို့ စိတ်ကူးခဲ့တာ"

ဝမ်းလျှံ မျက်မှောင်ကြုတ်သွား၏။

"နေပါဦး၊ မင်းကအရေးကြီးတဲ့ ကိစ္စကြောင့်ရောက်လာတာမဟုတ်လား၊ ဘယ်လိုကိစ္စကြောင့်ဆိုတာ ပြောစမ်းပါဦး"

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"သွေးမိစ္ဆာဂိုဏ်းက လူတွေကိုဆုံးမဖို့ ကျွန်မကြိုးစားရင်း သူတို့ရဲ့လက်ချက်ကြောင့် ကျွန်မရဲ့မိတ်ဆွေတစ်ယောက် အဆိပ်မိသွားခဲ့တယ်၊အဲဒါ...."

"ဘာလဲ၊ ကျုပ်ဆီမှာ အဆိပ်ဖြေဆေး လာတောင်းတာလား"

"ဟုတ်ပါတယ်ရှင်"

"မင်းရဲ့မိတ်ဆွေက ဘယ်လိုအဆိပ်မျိုး မိထားတာလဲ၊ ပြောစမ်းပါဦး"

"ကျွန်မ မသိဘူးရှင့်"

"ဟ ဘယ်လိုအဆိပ်မိတယ့် ဆိုတာမသိဘဲနဲ့ အဆိပ်ဖြေဆေးကို ဘယ်လိုပေးရမှာလဲ"

"ကျွန်မ..."

"ကဲ ကဲ သူက အဆိပ်မိပြီးတဲ့နောက် ဘယ်လိုခံစားနေရသလဲ၊ သူဝေဒနာခံစားရပုံကို ပြောပြနိုင်မလား"

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

"ပြောနိုင်ပါတယ်၊ သူရဲ့တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်နေပေမယ့် ခိုက်ခိုက်တုန်အောင် ချမ်းနေတယ်၊ သတိမရတစ်ချက်၊ ရတစ်ချက်ဖြစ်နေတယ်၊ ကယောင်ကတမ်းတွေပြောနေတယ်"

ပြောရင်း သူမ၏မျက်နှာလေးနီရဲလာသည်။

ရှောင်ဖုံး၏ ရင်ခွင်ထဲ၌နေခဲ့ရသည်ကို သတိရလာခြင်းကြောင့်ဖြစ်လေသည်။

"ဒါဆိုဘာမှမပူနဲ့၊ ကျုပ်ဆီက ရွှေဆေးလုံးယူသွား၊ ဆေးတစ်လုံးတိုက်လိုက်တာနဲ့ ရောဂါဝေဒနာတွေ ယူပစ်သလို ပျောက်ကင်းသွားလိမ့်မယ်"

ဝမ်းလျှံက ဆေးလုံးလေးတစ်လုံး ပေးလေသည်။

"ကျေးဇူးပါပဲ၊ ကျွန်မကိုခွင့်ပြုပါဦး"

"ဟင် မင်းသွားတော့မလို့လား"

"လူမမာက အရေးကြီးနေလို့ ခွင့်ပြုပါရှင်၊ နောက်မှပဲ အေးအေးဆေးဆေး လာခဲ့ပါဦးမယ်"

ကျင်းကျင်းက နှုတ်ဆက်ကာ ချက်ချင်းထွက်သွားလျှင် ဝမ်းလျှဲလည်း မတားတော့ချေ။

ကျင်းကျင်းသည် အဆိပ်ဖြေဆေး ရလိုက်ပြီဖြစ်၍ ဝမ်းသာနေပါသည်။

ရှောင်ဖုံးအား ကယ်တင်နိုင်တော့မည် မဟုတ်ပါလား။

ရှောင်ဖုံးအကြောင်းတွေးလိုက်လျှင် သူမ၏ရင်ထဲ တသိမ့်သိမ့်တုန်လာသည်။

မမျှော်လင့်ဘဲနှင့် ရှောင်ဖုံးအပေါ် သံယောဇဉ်တွယ်မိပြီ မဟုတ်ပါလား။

ကျင်းကျင်းသည် ရှောင်ဖုံးအားထားပစ်ခဲ့သည့် ဘုံကျောင်း ပျက်လေးဆီသို့ လျင်မြန်စွာ ထွက်ခွာသွားတော့သည်။

xxx xxx xxx

ဘုံကျောင်းပျက်လေး။

ရှောင်ဖုံးသည် ဘုံကျောင်းပျက်လေး၌ တစ်ယောက်တည်း ကျန်ခဲ့လေသည်။

သူ၏တစ်ကိုယ်လုံးတွင် ခြစ်ခြစ်တောက် ပူလောင်ကာ သဘိမရတစ်ချက် ရတစ်ချက်ဖြစ်နေသည်။

"မေမေ"

ရှောင်ဖုံးသည် ကွယ်လွန်သွားပြီဖြစ်သော မိခင်အား ခေါ်တနေမိသည်။

"ရှိပါတယ်ကွယ်၊ မေမေရှိပါတယ်"

ချိုလွင်သော စကားသံထွက်ပေါ်လာသည်။

အနက်ရောင်ဝတ်ထားသည့် ပူပြင်းသောအလှပိုင်ရှင်

အမျိုးသမီးက ဘုံကျောင်းပျက်ထဲသို့ ဝင်ရောက်လာသည်။

ထိုအမျိုးသမီးနှင့်အတူ သွေးမိစ္ဆာဂိုဏ်းသားတစ်ယောက်လည်းပါလာလေသည်။

ထိုအမျိုးသမီးကား သွေးမိစ္ဆာဂိုဏ်းမှနာမည်ကျော်သောကဝေမဖြစ်လေသည်။

ကဝေမက ရှောင်ဖုံးအနီးသို့ ချဉ်းကပ်လာသည်။

ရှောင်ဖုံးအား ကလေးငယ်တစ်ယောက်ပမာ ရင်ခွင်ထဲပွေ့ကာ နှစ်သိမ့်လိုက်လေသည်။

တဆက်တည်းပင် ရှောင်ဖုံး၏ သွေးကြောအချို့ကိုနှိပ်နယ်ပေး၍ ဆေးလုံးလေးတစ်လုံး ထုတ်ကာတိုက်ကျွေးလိုက်လေသည်။

ဆေးလုံးလေးကား အစာနိသင်ပြင်းလှပေသည်။

ဆေးသောက်ပြီး မရေးမနှောင်းမှပင်

"အင့်"

မသဲမကွဲညဉ်းညူသံနှင့်အတူ ရှောင်ဖုံးသတိရလာတော့သည်။

ရှောင်ဖုံး မျက်လုံးဖွင့်၍ ကဝေမကိုတွေ့လျှင် အထိတ်တလန့်ဖြစ်သွားလေသည်။

"ဟင်..မင်း...မင်း"

ကဝေမ ပြုံးလိုက်လေသည်။

"ရှင် အဆိပ်မိသွားတယ်၊ ကျွန်မသာအချိန်မီဆေးကုမပေးဘူးဆိုရင် ရှင်ဒုက္ခရောက်သွားလိမ့်မယ်၊ တစ်သက်လုံးဒုက္ခိတဖြစ်သွားရမှာ ကျွန်မကို ကျေးဇူးမတင်ဘူးလား"

ရှောင်ဖုံး ဒေါသသွားလေသည်။

"မင်းကိုယ်တိုင်ပဲ ကျုပ်ကိုဒုက္ခရောက်အောင် လုပ်ခဲ့တာလား"

"ကျွန်မဟာ သွေးမိစ္ဆာဂိုဏ်းကလူဆိုတော့ ပျံလွှားဂိုဏ်းကိုညှဉ်းဆဲတဲ့လူဆိုရင် သုတ်သင်ရမယ့်ဝတ္တရားရှိနေတယ်လေ၊ ပျံလွှားဂိုဏ်းနဲ့ သွေးမိစ္ဆာဂိုဏ်းဟာ မဟာရန်သူတွေ ဖြစ်နေတာပဲရှင်"

ရှောင်ဖုံး အံကြိတ်လိုက်သည်။

"ပျံလွှားဂိုဏ်းဟာ အများအကျိုးဆောင်ရွက်နေတဲ့ အဖြူရောင်သိုင်းဂိုဏ်းတစ်ခုဆိုတာ ကျုပ်ကြားဖူးထားပါတယ်၊ မင်းတို့ သွေးမိစ္ဆာဂိုဏ်းကသာ သိုင်းလောကကို နောက်ယုက်ဖျက်ဆီးဖို့ ကြံစားနေတဲ့ အနက်ရောင်ဂိုဏ်း တစ်ခုပဲ၊ ကျုပ်ကလဲ သွေးမိစ္ဆာဂိုဏ်းကိုရင်ဆိုင်ပြီး ပျံလွှားဂိုဏ်းကို ကူညီသွားမယ်ဆိုတာ မှတ်ထား"

ထိုစဉ်

"ဒီကောင်ကို သတ်ပစ်"

ကဝေမနှင့် အတူလိုက်ပါလာသည့် သွေးမိစ္ဆာဂိုဏ်းသားအော်ပြောလိုက်လေသည်။

ကဝေမ ခေါင်းညိတ်လိုက်သည်။

"ခွမ်း"

ဓားတစ်လက် ဆွဲထုတ်လိုက်လေသည်။

သို့သော် သူမသည် ရှောင်ဖုံးအားတိုက်ခိုက်ခြင်း မပြုပဲ သွေးမိစ္ဆာဂိုဏ်းသားအား ခုတ်ချပစ်လိုက်သည်။

"အား"

စူးရသော အော်ဟစ်သံနှင့်အတူ သွေးမိစ္ဆာဂိုဏ်းသံးဖွဲ့ ပုံလျက်သား လဲကျသွားလေတော့သည်။

"ဟင်"

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ရှောင်ဖုံးကြောင်အမ်းအမဲ ဖြစ်သွားလေသည်။

ကဝေမရယ်မောလိုက်သည်။

"ရှင့်ကို ဘယ်သူကဒုက္ခပေးချင်သလဲ၊ ဒုက္ခပေးမယ်ဆိုရင် ကျွန်မနဲ့တွေ့မှာပဲ"

ရှောင်ဖုံး၏ ခန္ဓာကိုယ်ဆတ်ခနဲတုန်ခါသွား၏။

ကဝေမသည် သူ့အားအဆိပ်ဖြေဆေး တိုက်ကျွေးခဲ့သည်၊ သူ့အားဒုက္ခပေးမည့်သူကို ရှင်းပစ်လိုက်သည်။

သူမ၏ အပြုအမူက ထူးခြားနေပါသည်။

ရှောင်ဖုံးကြည့်လိုက်ရာ သူမ၏မျက်လုံးများ အရောင်ထိတ်ထိတ် တောက်ပနေသည်ကို တွေ့ရ၏။

ရှောင်ဖုံး ကြက်သီးဖြန်းဖြန်းထသွားသည်။

"မင်း"

ကဝေမ ရယ်မောလိုက်လေသည်။

"ရှင် အတော်ကံကောင်းတယ် မှတ်ပါ၊ ကျွန်မရဲ့စိတ်နှလုံး မျှော့ပျောင်းလာအောင် ဘယ်သူမှ လုပ်နိုင်ခဲ့ကြတာ မဟုတ်ဘူး ဒီဇောကမှာ ကျွန်မသဘောကျမိတဲ့လူဟာ ရှင်တစ်ယောက်တည်းပဲ တယ်"

"မင်း မင်း"

ရှောင်ဖုံး နောက်ဆုတ်လိုက်သည်။

"မကြောက်ပါနဲ့ရှင်၊ ရှင်ကသာသွေးမိစ္ဆာဂိုဏ်းမှာ တာဝန်ထမ်းဆောင်ချင်တယ်ဆိုရင် ရာထူးတစ်ခုခုရအောင် ကျွန်မပြောပေးမယ်၊ ပြီးတော့ကျွန်မတို့နှစ်ယောက်လဲ နီးနီးနားနားနေရတာပေါ့"

ရှောင်ဖုံးကအော်လိုက်သည်။

"သွေးမိစ္ဆာဂိုဏ်းထဲ ကျုပ်ဘာကြောင့်ဝင်ရမှာလဲ၊ မင်းနဲ့တော်သက်စရာ ဘာအကြောင်းမှမရှိဘူး"

"ဟင်း ဟင်း ဟင်း၊ ရှင်က ကျွန်မလက်ထဲက ပြေးမလွတ်ပါဘူး၊ ကဲ အေးအေးဆေးဆေး အနားယူနေပါဦး၊ နောက်မှ ဒွန်တွေ့ကြသေးတာပေါ့"

စကားဆုံးလျှင် ကဝေမက ချာကနဲ လှည့်ထွက်သွားလေသည်။

တခဏအတွင်းမှာပင် မြင်ကွင်းမှ ကွယ်ပျောက်သွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

ကဝေမထွက်သွားပြီဖြစ်သည်။

ရှောင်ဖုံး မလုပ်မယှက်ဖြစ်နေသည်။

ကဝေမအား စိုးရွံ့ထိတ်လန့်နေသည်။

ထိုစဉ် ညင်သာပေါ့ပါးသော ခြေသံများ ထွက်ပေါ်လာကာ ဘုံကျောင်းမျက်ထဲသို့ လူတစ်ယောက်ဝင်ရောက်လာသည်။

ကျင်းကျင်း ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပါသည်။

ကျင်းကျင်းသည် ရှောင်ဖုံးက လူကောင်းပကတိဖြစ်သည်ကို တွေ့ရလျှင် အံ့သြသွားလေသည်။

"ရှင် ဘယ်လိုဖြစ်တာလဲရှင့်"

ရှောင်ဖုံးသည် ကျင်းကျင်း၏ မျက်နှာလေးကို တွေ့ခြင်းလိုက်ရလျှင် ရင်ထဲမဖော်ပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာသည်။

ကဝေမ တိုက်ခိုက်ခဲ့စဉ်က ဝင်ရောက်ကူညီခဲ့သူမှာ ကျင်းကျင်းဖြစ်ကြောင်းလည်း မှတ်မိလိုက်သည်။

"ကျုပ်ကို ကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ညီမ"

ရှောင်ဖုံးကဦးညွတ်ကာပြောလိုက်သည်။

ကျင်းကျင်းက လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူးရှင်၊ အစ်ကို အဆိပ်မိထားတာ ဘယ်လုပ်ပြီး....."

"ဟို မိန်းမဆိုး ရောက်လာတယ်"

ကဝေမ ရောက်လာပုံကိုရှင်းပြလိုက်၏။

ကျင်းကျင်း အံ့သြသွား၏။

"သူဟာ ရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ပဲ၊ သွေးမိစ္ဆာဂိုဏ်းမှာ ကဝေမဆိုပြီးနာမည်ကြီးနေတာ သူပဲပေါ့၊ သူကရှင့်ကို..."

ရှောင်ဖုံး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"အို...ကဝေမဟာ အတော်ကို မုန်းစရာကောင်းတဲ့ လူဘစ်ယောက်ပါဗျာ"

ကဝေမ အပေါ်ခါးခါးသီးသီး ဖြစ်နေသည်ကို တွေ့ရလျှင် အာယ်ကြောင့်မှန်းမသိ ကျင်းကျင်း၏ ရင်ထဲ ပေါ့ပါးလန်းဆန်းသွားတော့၏။

"ကျွန်မက ရှင့်အတွက် ဖြေဆေးသွားရှာတာ၊ ခုတော့မလိုအပ်တော့ဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် ရှင်နေကောင်းသွားရင် ပြီးတာပါပဲ၊ ကျွန်မနာမည် ကျင်းကျင်းလို့ ခေါ်ပါတယ်၊ မိုးထိတောင်ကပါရှင်"

ကျင်းကျင်းက ကိုယ့်ကိုကိုယ်မိတ်ဆက်လိုက်လျှင် ရှောင်ဖုံးကလည်း သူ၏အမည်ကို ပြောပြလိုက်လေသည်။

"ကျုပ်နာမည် ရှောင်ဖုံးပါ"

"ဟုတ်ကဲ့၊ ကျွန်မမှတ်ထားပါ့မယ်"

"ညီမက ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံနိုင်မလား"

"ဟုတ်ကဲ့ လက်ခံနိုင်ပါတယ်ရှင်"

"ဝမ်းသာလိုက်တာ ညီမရယ်"

ရှောင်ဖုံးက ရွှင်မြူးစွာပြောလိုက်ခြင်းကြောင့် ကျင်းကျင်းရဲက်ကိုးရဲက်ကန်းဖြစ်သွားသည်။

တစ်ယောက်ကို တစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့၏မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်ပလေသည်။

မမျှော်လင့်ဘဲ ဆုံတွေ့မိကြပြီး တစ်ယောက်အပေါ်တစ်ယောက်သံယောဇဉ် ငြိတွယ်မိကြပြီဖြစ်လေသည်။

ထိုအချိန်မှာပင်

"အား"

အမယ်လေး"

အစေးမှုန်းရသော အော်ဟစ်သံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ဖုံးကော ကျင်းကျင်းပါ ရင်ထိတ်သွားကြ၏။

ကျင်းကျင်းက

"သွေးမိစ္ဆာဂိုဏ်းသားတွေလား မသိဘူး၊ သူတို့ဟာနေရာအနံ့မှာ လူတွေကိုလိုက်ပြီး ဒုက္ခပေးနေကြတာပဲ"

ဟုပြောလျှင် ရှောင်ဖုံးအံကြိတ်လိုက်လေသည်။

"ကျုပ်ကတော့ သွေးမိစ္ဆာဂိုဏ်းကို လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

ဟူ၍ပြောရင်း ထိုင်ရာမှထလိုက်လေသည်။

ကျင်းကျင်းက တားမြစ်လိုက်၏။

"အစ်ကို ဝေဒနာ သက်သာတာ မကြာသေးပါဘူး၊ ကြောင့် တိုက်ပွဲကို ရင်မဆိုင်သင့်ဘူး"

ရှောင်ဖုံးက လက်မခံပါ။

"ကိစ္စမရှိဘူး၊ ကျုပ်ဘာမှ မဖြစ်ပါဘူး၊ တော်ကြာ သွေးမိစ္ဆာဂိုဏ်းသားတွေကြောင့် အပြစ်မရှိသူတွေ ဒုက္ခရောက်နေဦးမယ်၊ မြန်မြန်သွားကြရအောင်"

"ကောင်းပါပြီရှင်"

ကျင်းကျင်းလည်း မတတ်သာတော့ဘဲ သဘောတူလိုက်ရလေသည်။ ထို့နောက် နှစ်ယောက်သား ဘုံကျောင်းပျက်ထဲမှ ပြေးထွက်လာခဲ့ကြလေတော့သည်။

✕✕✕ ✕✕✕ ✕✕✕

အတူအယောင်

ရောင်ဖုံးတို့ ဘုံကျောင်းပျက်လေးမှ ပြေးထွက်လာကြပြီး အော်ဟစ်သံကြားလိုက်ရသည့် အရပ်ဘက်သို့ ထွက်လာခဲ့ကြ၏။

အတန်ကြာ ပြေးသွားမိလျှင် ရွာကလေးတစ်ရွာရှိနေသည်ကိုတွေ့လိုက်ရ၏။

ရွာတောင်ဘက်ရှိ အိမ်တစ်လုံးမှာ မီးဟုန်းဟုန်းတောက်လောင်ကာ မီးခိုးလုံးများ ကောင်းကင်ပေါ်သို့ အလိပ်လိုက် အလိပ်လိုက်တက်နေသည်ကို တွေ့ရ၏။

ရွာသူရွာသားများလည်း ပြေးလွှားအော်ဟစ်နေကြလေသည်။

ရောင်ဖုံးခပြင်းသွားလေသည်။

"သိကြသေးတာပေါ့"

ကြိုးဝါးရင်း တစ်ဟုန်ထိုးပြေးသွားလေသည်။

"အစ်ကို"

ကျင်းကျင်းက လိုက်သွားရန်ဟန်ပြင်လိုက်သော်လည်း မလှမ်းမကမ်း၌ ထူးခြားမှုတစ်ခုရှိနေသည်ကို တွေ့ရှိလိုက်ရသဖြင့် ခြေလှမ်းတုံ့ခနဲ ရပ်သွားလေသည်။

ရောင်ဖုံးနောက်သို့ မလိုက်ဖြစ်တော့ချေ။

ကျင်းကျင်းက တောအုပ်ထဲလှမ်းဝင်လိုက်လျှင် မြေပေါ်၌ လဲကျကာ သေဆုံးနေသော အလောင်းများကို တွေ့လိုက်ရလေသည်။

ထိုလူများသည် ခက်ထန်ကြမ်းတမ်းသည့် အသွင်ရှိပြီး တစ်စုံတစ်ယောက်၏ တိုက်ခိုက်မှုကိုခံရကာ သေဆုံးသွားကြခြင်းဖြစ်လေသည်။

ကျင်းကျင်း မျက်နှာပျက်သွား၏။

"အတော်ကိုရက်စက်တဲ့ လူသတ်သမားပဲ"

ရောင်ဖုံးအတွက် စိုးရိမ်လာလေသည်။

ထို့ကြောင့် ချက်ချင်းပင် ရွာကလေးဆီသို့ ပြေးသွားလိုက်၏။

ရွာထဲသို့ ရောက်သွားသောအခါ ရောင်ဖုံးကိုမတွေ့ရတော့ပါ။

ရောင်ဖုံးက ရန်သူများနောက်သို့ လိုက်သွားသည်ဟုသာ

စုံစမ်း၍ရလေသည်။

ရှောင်ဖုံး ပျောက်ခြင်းမလှ ပျောက်ဆုံးသွားလေတော့သည်။

ရှောင်ဖုံးကရွာကလေးသို့ ရောက်ရှိသွားသောအခါရန်သူ ကထွက်ခွာသွားပြီဖြစ်လေသည်။

အရှေ့ဘက်သို့ ထွက်သွားကြောင်း သိလိုက်ရသဖြင့် ရှောင်ဖုံးက ရွာသားသုံးယောက်နှင့်အတူ ဆက်၍လိုက်သွားလေသည်။

ရွာထဲ၌ လာရောက်သောင်းကျန်းသွားသူမှာ ဓားတစ္ဆေ ဟုသိရပြီး ရွာတောင်ပိုင်းရှိ သူဌေးကြီးတစ်ဦးအား လုပ်ကြံသွား ကြောင်းသိရလေသည်။

ရှောင်ဖုံးနှင့်အတူ လိုက်လာကြသူများမှာ ထိုသူဌေးကြီး၏ လူယုံတော်များ ဖြစ်လေသည်။

လျင်မြန်စွာ ပြေးလွှားသွားကြပြီး တောအုပ်တစ်ခုအတွင်း သို့ရောက်သွားကြလျှင် ရတ်တရက် အနီရောင်လူရိပ်တစ်ခုထွက် ပေါ်လာကာ ရှောင်ဖုံးတို့အား တိုက်ခိုက်လိုက်၏။

ရှောင်ဖုံးနှင့် သူဌေးလူယုံသုံးယောက်ကလည်း ချက်ချင်း ပြန်လည် တိုက်ခိုက်လိုက်ကြလေသည်။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာ၏။

အနီရောင်ဝတ်ထားသူ၏ လက်ချက်မိကာ သူဌေးလူယုံ သုံးယောက် မြေပေါ်လဲကျသွားတော့သည်။

ရှောင်ဖုံး ဒေါပွသွားလေသည်။

"ရက်စက်လိုက်တာ၊ မင်း..သေဖို့သာ ပြင်ထားပေတော့"

လဖောက်ကြယ်သိုင်းကို အသုံးပြုကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

အနီရောင်ဝတ်ဆင်ထားသူမှာ ကြောက်စရာကောင်းသည် ထင်ရသော်လည်း ရှောင်ဖုံးက တကယ်တမ်း တိုက်ခိုက်လိုက်သော အခါ ဖရိုဖရဲဖြစ်သွားတော့၏။

"အမေ့"

လွှတ်ခနဲရေရွတ်ရင်း နောက်သို့ဒယီဒယိုင် ဆုတ်လိုက် လေသည်။

ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကြားလိုက်ရသည့်အသံမှာ မိန်းကလေးတစ်ယောက်၏ အသံဖြစ်နေသည် မဟုတ်ပါလား။

ရှောင်ဖုံးက အနီရောင်ဝတ်ထားသူအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"မင်းက ဓားတစ္ဆေဟုတ်လား"

အနီရောင်ဝတ်ထားသူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင်မသေချင်ရင် မြန်မြန်ထွက်သွားပါ"

ရှောင်ဖုံး ဟားတိုက်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

သူ၏ရယ်မောသံက ကျယ်လောင်စွာထွက်ပေါ်လာသည်။

အနီရောင်ဝတ်မိန်းကလေး ကြောင်အမ်းအမ်းဖြစ်သွား၏။

"ရှင် ဘာရယ်တာလဲ"

"မင်းလိမ်ပြောတာကို သဘောကျလို့ပေါ့"

"ဘာရှင့်"

"မင်းက မိန်းကလေးတစ်ယောက်ပဲ၊ ဘယ်လိုလုပ်ပြီး ဓားတစ္ဆေဖြစ်နိုင်မှာလဲ"

"ဘာဆိုင်လို့လဲရှင့်"

"ဆိုင်တာပေါ့၊ ကျုပ်ကဓားတစ္ဆေနဲ့တွေ့ခဲ့ပြီးပြီ၊ ဒါကြောင့် မင်းက ဓားတစ္ဆေဟန်ဆောင်ထားတဲ့လူဆိုတာ ကျုပ်ကသိထားတာပေါ့"

ရှောင်ဖုံး၏စကားကြောင့် မိန်းကလေး မျက်နှာပျက်သွားလေသည်။

ရှောင်ဖုံးက မေးလိုက်သည်။

"မင်းကဘာကြောင့် ဓားတစ္ဆေအဖြစ်ဟန်ဆောင်နေရတာလဲ၊ ပြောစမ်းပါဦး"

မိန်းကလေးက ခါးထောက်ရန်တွေ့လိုက်လေသည်။

"ရှင်ဘယ်သူလဲ၊ ကျွန်မကမှတ်ဆိတ်ကို ရှင်းပစ်လိုက်တာရှင်မတွေ့ဘူးလား၊ ဓားတစ္ဆေကို ဘယ်သူကမှ အာခံလို့မရဘူးဆိုတာ မှတ်ထားပါ"

မှတ်ဆိတ်ဆိုသောအမည်ကြောင့် ရှောင်ဖုံးကြောင် အမ်းအမ်းဖြစ်သွားလေသည်။

မှတ်ဆိတ်မှာ မကောင်းမှုဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်နေသည့် ဒုစရိုက်သမားတစ်ဦးဖြစ်သည်။

အထူးသဖြင့် မိန်းကလေးများအား ဖမ်းဆီးကာ နယ်ခြားသို့ ပို့ဆောင်လူကုန်ကူးသည့်လုပ်ငန်းကြောင့် မှတ်ဆိတ်မှာ အာဏာပြုက်လျက်ရှိသည်။

အာဏာပိုင်များ အဖြူရောင်သိုင်းသမားများက မှတ်ဆိတ်ကဲ့သဲကြီးမဲကြီးလိုက်လံချေမှုန်းသောအခါ မှတ်ဆိတ်က ခြေရာဖျောက်ကာ သိုင်းလောကမှ ပျောက်ကွယ်သွားခဲ့လေသည်။

ရှောင်ဖုံး မျက်နှာကြုတ်သွား၏။

"မှတ်ဆိတ်ကို မင်းရှင်းပစ်လိုက်တာဟုတ်လား"

မိန်းကလေး ခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့ရှင်၊ သူကတပည့်တပန်းတွေနဲ့အတူဒီနေရာမှာလာပြီး ပုန်းအောင်းနေတာ၊ ခုတော့ မလွတ်နိုင်တော့ဘူးမဟုတ်လား"

ရှောင်ဖုံးက

"ဟုတ်တယ်"

"ကျုပ်သဘောပေါက်ပြီ"

"ဘာရှင့်"

"မင်းက ဓားတစ္ဆေဟန်ဆောင်ပြီး မှတ်ဆိတ်ကို ဆုံးမပေါက်တယ်ဆိုတာ ကျုပ်သဘောပေါက်ပြီလို့ပြောထာလေ"

"ဘာရှင့်"

"မင်းက ဓားတစ္ဆေပဲဖြစ်ဖြစ်၊ တခြားဘယ်သူပဲဖြစ်ဖြစ်

မုတ်ဆိတ်ကိုဆုံးမခဲ့တာဖြစ်တဲ့အတွက် မင်းကိုအပြစ်မတင်တော့
ပါဘူး"

ထိုစဉ်

"လိုက်ဟေ့"

"မလွတ်စေနဲ့"

ငြာသံပေးသံ ပြေးလွှားလာသောအသံများ ထွက်ပေါ်လာ
လေသည်။

အနီရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်ကြွေး
လာပြီး လက်နက်ကိုယ်စီကိုင်ထားသောလူတစ်စုက ပြေးလိုက်လာ
ကြသည်ကို တွေ့လိုက်ရလေသည်။

ရောင်ဖုံးနှင့်စကားပြောနေခဲ့သော မိန်းကလေးမှာလည်း
အနီရောင်အဝတ်အစားများ ဝတ်ဆင်ထားလေသည်။

သူမသည် ပြေးလွှားလာသော အခြားအနီရောင်ဝတ်ထား
သော မိန်းကလေးအတွက် စိတ်ပူသွားလေသည်။

"မမရီပင်း သည်ဘက်ကိုမြန်မြန်လာ"

ဟူ၍ အော်ပြောလိုက်သည်။

ထိုအခါ ရီပင်းဆိုသောမိန်းကလေးက ပြန်လည်အော်ပြော
လိုက်လေသည်။

"ညီမလေးရီစွေ့ ဒီနေရာက ရောင်ထွက်သွားပေတော့
ရောင်ဖုံး မျက်နှာကြုတ်သွားသည်။

ရီပင်းနှင့်ရီစွေဆိုသော ညီမနှစ်ယောက်သည် ဓားတစ်ချောင်း
ဟန်ဆောင်ကာ မုတ်ဆိတ်အား သုတ်သင်ရှင်းလင်းခဲ့ခြင်းဖြစ်

ကြောင်း တွေးမိလိုက်၏။

* မုတ်ဆိတ်၏လူများကား ကြောက်စရာကောင်းသော
ဒုက်ခိုက်ရေးသမားများ ဖြစ်ကြလေသည်။

ရီပင်းတို့ညီအစ်မက အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ကြခြင်း
ကြောင့်သာ မုတ်ဆိတ်ကို လုပ်ကြံနိုင်ခဲ့ကြခြင်းဖြစ်သည်။

မုတ်ဆိတ်၏လူများက စုရုံးမိကြပြီး တရကြမ်းလိုက်
လာကြသောအခါ ရောင်တိမ်းဖို့ မနည်းကြိုးစားနေကြရလေတော့
သည်။

ရောင်ဖုံး လက်ပိုက်ကြည့်မနေနိုင်တော့ချေ။

"ရပ်လိုက်"

ဟန့်တားရင်း မုတ်ဆိတ်၏လူများကို တိုက်ခိုက်
ခဲ့လေသည်။

ရီပင်းနှင့်ရီစွေတို့ညီအစ်မ ကြောင်အမ်းအမ်းဖြစ်သွားကြ
၏။

ရောင်ဖုံးက သူတို့ဘက်မှပါဝင်ကူညီလာသည် မဟုတ်
သလား။

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသောအော်ဟစ်သံများ တစ်ခနက်ထွက်ပေါ်လာသည်။

ရောင်ဖုံး၏တိုက်ခိုက်မှုကြောင့် မုတ်ဆိတ်၏လူများ

ဖရိုဖရဲဖြစ်သွားကြလေသည်။

ရီပင်းတို့ ဝမ်းသာသွားကြသည်။

သူတို့လည်း လက်ပိုက်ကြည့်မနေကြတော့ဘဲ ဝင်ရောက်တိုက်ခိုက်လိုက်ကြလေသည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

မုတ်ဆိတ်၏လူများ တစ်ယောက်ပြီးတစ်ယောက်လဲကျသွားကြလေသည်။

နောက်ဆုံးတွင် ရီပင်းတို့ညီအစ်မနှစ်ယောက် ပူးပေါင်းတိုက်ခိုက်သည်ကို မခံနိုင်ကြတော့ဘဲ

"ပြေး---ပြေး"

ဖရိုဖရဲ ထွက်ပြေးသွားကြလေတော့သည်။

× × × × × × × × ×

တိုက်ပွဲပြီးဆုံးသွားလေ၏။

ရီပင်းနှင့်ရီစွေတို့ ယခုမှ သက်ပြင်းချနိုင်တော့သည်။

ရှောင်ဖုံးက

"မင်းတို့က တစ်ခုခုလုပ်တော့မယ်ဆိုရင် သေသေချာ

ချာတွေးတောစဉ်းစားပြီးမှ လုပ်ကိုင်ဆောင်ရွက်ကြတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ရှောင်ဖုံးက

"ဓားတစ္ဆေအဖြစ်ဟန်ဆောင်တာ မကောင်းပါဘူး၊ မင်းတို့အတွက် အန္တရာယ်များလှပါတယ် ဓားတစ္ဆေဟာ-----

သူ၏စကားမဆုံးမီ ရီပင်းကကြားဖြတ်ပြော၏။

"ဓားတစ္ဆေဟာ ကျွန်မပဲ၊ ရှင်ဘာပြောချင်သလဲ"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်တာ၊ ဓားတစ္ဆေဆိုတဲ့အဘိုးအိုနဲ့ ကျုပ်တွေ့ပြီးပြီ၊ မင်းဘာကြောင့် လိမ်ပြောချင်နေရတာလဲ"

"ဟင်"

ရီပင်း ကြောင်အမ်းအမ်းဖြစ်သွား၏။

ရှောင်ဖုံးက

"မင်းတို့ခုလိုဟန်ဆောင်တာကို ဓားတစ္ဆေသိသွားရင်လဲ မင်းတို့ကိုချမ်းသာပေးမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်းတို့ရဲ့လုပ်ရပ်တွေကို ရုပ်တန်းကရပ်လိုက်တာကောင်းမယ်"

ရီပင်းက မေးသည်။

"ရှင် ဘယ်သူလဲ"

"ကျုပ်က ရှောင်ဖုံးပါ၊ ကဲ ကျုပ်ကိုခွင့်ပြုကြပါဦး"

စကားဆုံးလျှင် ရှောင်ဖုံးလည်း ချာခနဲလှည့်ထွက်လာခဲ့လေတော့သည်။

xxx xxx xxx

ရှောင်ဖုံးထွက်သွားပြီဖြစ်သည်။

ရီပင်းနှင့်ရီစွေတို့ အချင်းချင်းကြည့်လိုက်ကြသည်။

"ညီမ သူ့ကိုသိလား"

ရီပင်းက မေးလိုက်ရာ ရီစွေခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်းမသိဘူး၊ ဒါပေမယ့် သူဟာလူကောင်းတစ်ယောက်ဆိုတာသေချာပါတယ်"

"ဩော် ညီမက သူ့ကို ချီးကျူးနေတာကိုး"

"သူဟာ လူကောင်းတစ်ယောက်မဟုတ်ဘူးဆိုရင် မုတ်ဆိတ်ရဲ့လူတွေကို တိုက်ခိုက်စရာအကြောင်းရှိပါ့မလား မမရယ်"

ရီပင်းက လက်ပြလိုက်သည်။

"သူ့နာမည်ရှောင်ဖုံးလို့ ပြောသွားတာကိုလဲ ညီမသတိထားဦးမှပေါ့"

ရီစွေ မျက်မှောင်ကြုတ်သွား၏။

"ဘာဖြစ်လို့လဲ မမရဲ့"

"ရှောင်ဖုံးကို တွေ့တဲ့နေရာမှာ သုတ်သင်ရှင်းလင်းပစ်ရမယ်လို့ သွေးမိစ္ဆာဂိုဏ်းကအမိန့်ထုတ်ထားတာ ညီမမေ့နေပြီလား"

"ဟင်"

ရီစွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှောင်ဖုံး၏ အမည်ကိုကြားဖူးနေသည်ဟု ထင်မိသည်ကို

ပခုမှ နားလည်လိုက်တော့သည်။

"သွေးမိစ္ဆာဂိုဏ်းရဲ့ ရန်သူတစ်ယောက်ဆိုရင်တော့ သူဟာလူကောင်းတစ်ယောက်ဖြစ်တာသေချာနေပြီ"

"ညီမက သွေးမိစ္ဆာဂိုဏ်းရဲ့ ရန်သူနဲ့ပတ်သတ်ချင်လို့လား"

ရီစွေ မကျေမနပ်ဖြစ်သွား၏။

"သွေးမိစ္ဆာဂိုဏ်းဟာ တိုင်းတစ်ပါးသားတွေနဲ့လျှို့ဝှက်ဆက်သွယ်ပြီး သိုင်းလောကကိုလွှမ်းမိုးဖို့ကြံစည်နေတယ်ဆိုတာ ဆရာပြောပြထားတာပဲ၊ ဆရာကိုယ်တိုင် သူတို့နဲ့ပူးပေါင်းချင်ဟန်ဆောင်ပြီး အခွင့်အရေးကြုံတာနဲ့ ဖြိုခွဲပစ်ဖို့ကြံစည်ထားတာပဲ မဟုတ်လား"

ရီပင်း သက်ပြင်းချလိုက်သည်။

"ညီမကိုကြည့်ရတာ တစ်မျိုးပဲ၊ ရှောင်ဖုံးကိုအခုပဲတွေ့တယ်၊ သူ့ဘက်က ကာကွယ်ပြောဆိုချင်တယ်၊ ညီမရဲ့သဘောထားက ဘယ်လိုလဲ"

ရီစွေ ရယ်မောလိုက်သည်။

"မမ သေသေချာချာကြည့်ပါ၊ ရှောင်ဖုံးဟာ တကယ့်ကို ယောကျ်ားပီသတဲ့ လူတစ်ယောက်ပါပဲ၊ သူ့ကိုတွေ့ရင် ဘယ်မိန်းကလေးက စိတ်မဝင်စားဘဲ နေနိုင်မှာလဲ"

"ညီမလေး၊ ညည်းဘယ်လိုပြောလိုက်တာလဲ"

"ဟင်း ဟင်း၊ ကျွန်မက သူ့ကိုတွေ့တွေ့ချင်း စိတ်ဝင်စားသွားလို့ပေါ့၊ ဟင်း...ဟင်း"

ရီပင်း မျက်လုံးပြူးသွား၏။

"တယ် ဒီကောင်မလေး ဒီစကားမျိုး ပြောသင့်မပြောသင့် မစဉ်းစားဘူးလား၊ တော်တော်ဆိုးတာပဲ"

လက်သီးဆုပ်လေးဖြင့် ညီမဖြစ်သူ၏ ကျောပြင်ကို မရှာ အောင်ထုလိုက်ရာ ရီစွေက တခစ်ခစ်ရယ်မောလိုက်လေတော့သည်။

xxx xxx xxx

အထင်လွဲတဲ့လူ

တောက်ပသော နေရောင်ခြည်အောက်တွင် လမ်းပေါ်၌ အုတ်အုတ်ကျက်ကျက် စည်ကားသိုက်မြိုက်နေလေသည်။

ရှောင်ဖုံးသည် မြို့ကလေးသို့ ရောက်ရှိလာခဲ့ဖြစ်သည်။

တစ်ညလုံး ခရီးနှင်လာရသဖြင့် မောပန်းနွမ်းနယ်နေပြီ ဖြစ်သည်။

စားသောက်ဆိုင်လေး တစ်ဆိုင်သို့ ဝင်ကာ အနားယူစား
သောက်လိုက်လေသည်။

နံနက်စောစော အချိန်ဖြစ်ရကား ဆိုင်ထဲ၌လူရှင်းနေ၏
လာရောက်စားသောက်ကြသူများသည်လည်း သွားရေး
စာကိုသာ မှာကြားကာစားသောက်ပြီး ကြာကြာမထိုင်ဘ
ထွက်သွား၏။

ကြာကြာထိုင်ကာ စားသောက်သူဟူ၍ ရှောင်ဖုံးနှင့်မလှ
မကမ်းရှိ စားပွဲတစ်လုံးမှလူ နှစ်ယောက်ဖြစ်လေသည်။

ထိုလူနှစ်ယောက်သည် ခရမ်းရောင်အဝတ်အစားများ
ဝတ်ဆင်ထားကြပြီး အသားအရည် ဖြူဖတ်ဖြူရော်ရှိလေသည်။
ရုတ်တရက်ဆိုလျှင် မကျန်းမမာဖြစ်နေသူများဟု ထင်ရ
လေသည်။

သို့သော်

ထိုလူများသည် အလွန်သန့်စွမ်းပြီး သိုင်းပညာတတ်
မြောက်ထားသူများဟု ရှောင်ဖုံးယုံကြည်ထားသည်။

သူတို့၏ခန္ဓာကိုယ်မှ ထူးခြားသော အင်္ဂေအသက်များ
ထွက်ပေါ်နေသည် မဟုတ်လား။

ရှောင်ဖုံးသည် ထိုလူနှစ်ယောက်ကို တစ်ချက်အကဲခတ်
ကြည့်ပြီး ဆာဆာနှင့် စားနေလိုက်သည်။

စားသောက်ဖွယ်ရာများကား အရသာရှိရကား တခဏအ
ကြာတွင် ထိုလူနှစ်ယောက်ကို မေ့လျော့သွားတော့သည်။

ထိုစဉ် လူတစ်ယောက်က ဆိုင်ထဲသို့ အပြေးအလွှားဝင်

ရောက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ ခရမ်းရောင်ဝတ်ထားသူ နှစ်ယောက်အနီးသို့
ရောက်ရှိသွားလေသည်။

"ကျုပ်တို့ ရထားတဲ့သတင်းမှန်နေပြီ၊ ပျံလွှားဂိုဏ်းချုပ်ဟာ
ဒီလမ်းက ဖြတ်သွားလိမ့်မယ်"

ခရမ်းရောင်ဝတ်ထားသူ နှစ်ယောက် လူပ်လူပ်ရှားရား
ဖြစ်သွားကြလေသည်။

ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ ကျသင့်ငွေ ပေးချေပြီး
ဆိုင်ထဲမှ ချက်ချင်းထွက်သွားကြလေတော့သည်။

ရှောင်ဖုံး အံ့သြသွား၏။

"ဒီလူတွေကိုကြည့်ရတာ မရိုးသားဘူး"

ထိုလူများ ပြောသည့်စကားထဲ၌ ပျံလွှားဂိုဏ်းချုပ်ဟူသော
အမည်ပါလာရာ စိတ်ဝင်စားသွားခြင်း ဖြစ်သည်။

"ဒီလူတွေဟာ သွေးမိစ္ဆာဂိုဏ်းက လူတွေဆိုရင်တော့
ပျံလွှားဂိုဏ်းချုပ် အခက်ကြုံနိုင်တယ်"

ရှောင်ဖုံး တွေးတောနေစဉ်မှာပင် ဆိုင်ထဲသို့ စားသောက်
မည့်သူများ ရောက်ရှိလာရာ တစ်ဆိုင်လုံးလူပြည့်သွားတော့သည်။

အခြေအနေက တစ်မှုတ်ခြင်း ပြောင်းလဲသွားခြင်းဖြစ်ပါ
သည်။

ရှောင်ဖုံးအံ့သြသွား၏။

ထိုအချိန်မှာပင် အနီးမှဖြတ်သွားသော ဆိုင်လုလင်တစ်
ယောက်၏ ညည်းတွားလိုက်သော စကားသံကို ကြားလိုက်ရ

လေသည်။

"တော်ပါသေးရဲ့ ဒီမိစ္ဆာကောင်တွေ ထွက်သွားလို့ သူတို့သာထွက်မသွားကူးဆိုရင် တစ်နေ့လုံး ရောင်းရတော့မှာ မဟုတ်ဘူး"

ရှောင်ဖုံး ရင်ထိတ်သွား၏။

ထိုဆိုင်လုလင်ကိုခေါ်ကာ ကျသင့်ငွေပေးရင်း မေးမြန်းစုံစမ်းလိုက်လေသည်။

"ညီလေး ဟိုလူနှစ်ယောက်က ဘာဖြစ်လို့လဲ"

ဆိုင်လုလင်က

"ဘာဖြစ်ရမလဲဗျာ၊ သရဲညီနောင်ဆိုတဲ့ မိစ္ဆာကောင်တွေပေါ့၊ သွေးမိစ္ဆာဂိုဏ်းကလေ"

"သွေးမိစ္ဆာဂိုဏ်းက လူတွေဟုတ်လား"

"ဟုတ်တယ်၊ သူတို့ဟာ တိုင်းတစ်ပါးသားတွေနဲ့ ဆက်သွယ်ရာမှာ အဓိကကျတဲ့ လမ်းခရီးတစ်ခုဖြစ်တဲ့ ပျဲလွားတောင်ဖြတ်လမ်းကို အသုံးပြုချင်ကြတယ်၊ ဒါပေမယ့် ပျဲလွားတောင်ပေါ်မှာ အမှန်တရားဘက်ကရပ်တည်နေတဲ့ ပျဲလွားဂိုဏ်းရဲ့နေတော့ သွေးမိစ္ဆာဂိုဏ်းအတွက် အနောက်အယှက်ဖြစ်နေတယ်၊ ဒါကြောင့် သွေးမိစ္ဆာဂိုဏ်းဟာ ပျဲလွားဂိုဏ်းကိုရန်စ တိုက်ခိုက်နေတာပေါ့ဗျာ"

ရှောင်ဖုံး ပြုံးလိုက်သည်။

"ညီလေးက သိုင်းလောကအကြောင်း အတော်ကလေးသိနေတာကိုး"

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ကျွန်တော်တို့ဆိုင်မှာ နေ့စဉ်ဝင်ထွက် စားသောက်နေသူတွေထဲမှာ သိုင်းလောကသား တွေလဲပါတယ်လေ၊ သူတို့ပြောဆိုနေကြတဲ့ စကားတွေကြားရဖန်များတော့ သိုင်းလောကအကြောင်းကို မသိချင်ဘဲနဲ့တောင် သိနေရတာပေါ့ဗျာ"

ရှောင်ဖုံးပြုံးလိုက်လေသည်။

"မင်း မဆိုးဘူး"

ဟူ၍ချီးကျူးကာ ဆိုင်လုလင်ကို နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့လေတော့သည်။

သွေးမိစ္ဆာဂိုဏ်းသည် သိုင်းလောကအတွက်ရော အများပြည်သူအတွက်ပါ အနှောက်အယှက်ပြုနေသော အနက်ရောင်သိုင်းအဖွဲ့အစည်း တစ်ခုဖြစ်နေပါသည်။

ရှောင်ဖုံးက ကိုယ့်ကိုကိုယ် အဖြူရောင်သိုင်းသမား တစ်ယောက်အဖြစ် ခံယူထားသည်ဖြစ်ရကား အခွင့်အခါကြုံလျှင် သွေးမိစ္ဆာဂိုဏ်းအား ချေမှုန်းရန် ဆုံးဖြတ်ထားသည်။

ရှောင်ဖုံးက စားသောက်ဆိုင်လေးထဲမှထွက်ကာ ခရမ်းရောင်ဝတ်ထားသူ နှစ်ယောက်နောက်သို့ နောက်ယောင်ခံကာ လိုက်သွားလေသည်။

ထိုလူနှစ်ယောက်က မြို့စွန်သို့ ဦးတည်ကာထွက်သွားခြင်းဖြစ်လေသည်။

ရှောင်ဖုံးက လိုက်သွား၏။

သို့ဖြင့် မြို့ပြင်သို့ ရောက်မှန်းမသိ ရောက်ရှိလာလေတော့သည်။

မြို့ပြင်တွင် စိမ်းလန်းသော တောအုပ်ကနေရာယူထား၏။

တောအုပ်အတွင်းသို့ ရောက်လျှင် ခရမ်းရောင်ဝတ်ထားသူ နှစ်ယောက်ကို မတွေ့ရတော့ချေ။

ရှောင်ဖုံး မျက်မှောင်ကြုတ်သွား၏။

"ဟိုလူနှစ်ယောက် ဘယ်ရောက်သွားပါလိမ့်"

ပတ်ဝန်းကျင်၌ လိုက်လံရှာဖွေပါသော်လည်း လုံးဝမတွေ့ရတော့ချေ။

ရှောင်ဖုံးရင်ထိတ်သွားလေသည်။

မကောင်းသော အတိတ်နှိမိတ်များကိုလည်း ခံစားလာရ၏။

ထောင်ချောက်တစ်ခု အတွင်းသို့ ရောက်ရှိနေပြီဟုလည်း နားလည်လိုက်၍ ရှောင်ဖုံးခြေလှမ်းရပ်လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်ရင်း အခြေအနေစောင့်ကြည့်နေလိုက်လေသည်။

သို့သော် အချိန်များတရွေ့ရွေ့ ကုန်ဆုံးသွားသော်လည်း ထူးခြားမှု တစ်စုံတစ်ရာ ဖြစ်ပေါ်မလာပါချေ။

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"ဟိုလူတွေကို မျက်ခြေပြတ်သွားတာပဲ ဖြစ်မယ်"

တွေးရင်းရှေ့ဆက်လှမ်းလာခဲ့လေသည်။

မိခင်ကြီး ကွယ်လွန်သွားပြီးနောက် ဖခင်အားရှာဖွေရန်သူက အိမ်မှဲထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့ ရည်ရွယ်ချက်ပြောင်းကာ ပျံလွှားတောင်သို့

သွားလိုစိတ်များ ဖြစ်ပေါ်နေသည်။

ရှောင်ဖုံးရှေ့ဆက်လှမ်းလာခဲ့ရာ တစ်နေရာသို့အရောက်တွင် သစ်လုံးများဖြင့်ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးရှိနေသည်ကို တွေ့ရလေသည်။

ထိုအိမ်ကလေးမှ မီးခိုးငွေ့များ တလူလူထွက်ပေါ်နေ၏။

"တောထဲ တောင်ထဲမှာ အိမ်ကလေးတစ်လုံးပါလား"

ရှောင်ဖုံးက အိမ်ကလေးကို အကဲခတ်နေစဉ်မှာပင်

"ကယ်တော်မူကြပါရှင်"

ရုတ်တရက် ကျယ်လောင်သောအော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ရှောင်ဖုံး မျက်လုံးပြူးသွား၏။

မိန်းကလေးတစ်ယောက်၏ အော်ဟစ်သံ ထွက်ပေါ်လာခြင်းဖြစ်လေသည်။

တစ်စုံတစ်ယောက် ဒုက္ခရောက်နေပြီ ဖြစ်သည်။

ရှောင်ဖုံး မနေနိုင်တော့ဘဲ အိမ်ကလေးဆီသို့ ပြေးသွားလိုက်လေတော့သည်။

× × × × × × × × ×

ရှောင်ဖုံးက သစ်လုံးအိမ်ကလေးသို့ ရောက်ရှိသွားသောအ

ခါ အိမ်ရှေ့၌ ရေပုံးရေခွက်များ၊ ပစ္စည်းပစ္စယများ ဖရိုဖရဲဖြစ်ကာ မိန်းကလေးတစ်ယောက်က ဒူးထောက်ငိုကြွေးနေသည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုံးလှမ်းလာနေသည့်ခြေသံကိုကြားလျှင် မိန်းကလေး ခေါင်းမော့ကြည့်လိုက်သည်။

ရှောင်ဖုံးက

"ညီမ ဘာများဖြစ်လို့လဲ၊ ကျုပ် ဘာများကူညီရမလဲ ပြောပါ"

ဟူ၍မေးလိုက်၏။

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမဖြစ်ပါဘူးရှင်"

ရှောင်ဖုံးက

"ဒီဘက်က အော်ဟစ်အကူအညီတောင်းသံကြား လိုက်ရသလားလို့ပါ"

မိန်းကလေးက

"ကျွန်မ လန့်ပြီးအော်လိုက်မိတာပါ"

ရှောင်ဖုံးက ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်ပြီး မိန်းကလေးအား မေးလိုက်လေသည်။

"ညီမ အကူအညီလိုရင်ပြောပါ၊ ကျုပ်ကူညီပါ့မယ်"

"ဟင့်အင်း၊ မလိုပါဘူးရှင်၊ ကျွန်မလန့်ပြီးအော်လိုက်မိတာပါ၊ ဘာမှမဖြစ်ပါဘူးရှင်"

မိန်းကလေး ချက်ချင်းဖြေလိုက်သည်။

ရှောင်ဖုံးက မမျှော်လင့်ဘဲ သူမ၏ပါးပြင်တစ်ခုလုံး နီရဲနောင်ကိုင်းကာ လက်ငါးချောင်းရာများရှိနေသည်ကို တွေ့ရလေသည်။

တစ်စုံတစ်ယောက်က သူမအား ရိုက်နှက်နှိပ်စက်ထားကြောင်း ထင်ရှားနေပါသည်။

ရှောင်ဖုံး စိတ်မကောင်းဖြစ်သွားသည်။

"ညီမ ကျုပ်ရဲ့အကူအညီလိုရင်ပြောပါ၊ ကျုပ်ကူညီနိုင်တာရှိရင် ကူညီပါရစေ"

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"ကိစ္စမရှိဘူး၊ ကျွန်မ ဘာအကူအညီမှမလိုပါဘူး"

"ကျုပ်က.."

"ရှင် ဒီနေရာက မြန်မြန်ထွက်သွားပါတော့ရှင်၊ တော်ကြာကျွန်မယောကျ်ားရောက်လာရင်မကောင်းပါဘူး၊ သွားပါတော့ရှင်"

သူမ လက်ကာပြရင်း တောင်းပန်လာသည်။

ထိုအခါ သူမ၏လက်တွင် အညိုအမည်းစွဲနေသည်ကို တွေ့ရလေသည်။

"လက်စသတ်တော့ သူ့ရဲ့ခင်ပွန်းသည်က ရိုက်နှက်ထားဘာကိုး"

သူတစ်ပါးအိမ်ထောင်ရေးကို ဝင်မစွက်သင့်ဟုတွေးကာ သွက်သွားရန်ဆုံးဖြတ်လိုက်လေသည်။

"ကောင်းပြီလေ ကျုပ်သွားပါ့မယ်"

အသင့်ဆောင်ထားသော အသက်ကယ်ဆေးတစ်လုံးထုတ်

ကာ မိန်းကလေးအားပေးလိုက်၏။

ထို့နောက် ချာခနဲလှည့်ထွက်လာခဲ့လေတော့သည်။

× × × × × × × × ×

မိန်းကလေးမှာ အဝေးတွင်ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

ရှောင်ဖုံးက တောလမ်းအတိုင်းလျှောက်လာခဲ့၏။

အိမ်မှထွက်လာခဲ့ပြီးနောက် အဖြစ်အပျက်အမျိုးမျိုးနှ
ကြုံတွေ့ခဲ့ရသည်မဟုတ်လား။

လူ့လောကမှာ ရှုပ်ထွေးပွေလီလှပါတော့သည်။

ရှောင်ဖုံး မည်မျှအတွေးလွန်နေမိမှန်းမသိ။

"ဝှစ်"

စူးရှသောလေတိုးသံ ထွက်ပေါ်လာတော့မှ သတိဝင်လ
ကာ ကဗျာကယာ ရှောင်တိမ်းရန်ကြိုးစားလိုက်လေသည်။

သို့သော် လက်မတင်လေး နောက်ကျသွားပြီဖြစ်လေ
သည်။

"ဒုတ်"

ပစ်လွှင့်လာသော ဓားမြောင်တစ်ချောင်းသည် ရှောင်ဖုံး၏
ဝဲဘတ်ပခုံးသို့ တည့်တည့်မတ်မက် စိုက်ဝင်သွားလေသည်။

"အင်း"

ရှောင်ဖုံး မသဲမကွဲညည်းညူကာ ဒယီးဒယိုင်ဖြစ်သွား၏။

သူ၏ပခုံး၌လည်း သွေးချင်းချင်းနီရဲသွားလေသည်။

ရှောင်ဖုံးက ခုခံရန်အသင့်ပြင်ကာ ပတ်ဝန်းကျင်ကို အကဲ
ဖော်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ လူရိပ်လူ
ရောင်မတွေ့ရချေ။

ရှောင်ဖုံး မကျေမနပ်ဖြစ်သွားသည်။

"ဘယ်သူလဲ ခိုးကြောင်ခိုးဝှက်လုပ်တာ ထွက်ခဲ့ပါ"

သူ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

သို့သော် သူ၏အသံကွယ်ပျောက်သွားသည်နှင့် ဝန်းကျင်
တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်သွား၏။

ရှောင်ဖုံး အံကြိတ်လိုက်သည်။

"ခိုးကြောင်ခိုးဝှက်တိုက်တာ ယောကျ်ားမပီသပါဘူး၊
သတ္တိရှိရင် ထွက်ခဲ့ပါဗျာ"

ယခုတစ်ကြိမ် သူ၏စကားဆုံးသည်နှင့် စူးရှသောလေတိုး
သံများထွက်ပေါ်လာလေသည်။

"ဝှစ် ဝှစ် ဝှစ်"

ဓားမြောင်သုံးလက်က ရှောင်ဖုံး၏မျက်နှာ၊ ရင်ဝနှင့်ခြေ
ထောက်ဆီသို့ သုံးနေရာခွဲကာ တိုးဝင်လာ၏။

ရှောင်ဖုံး သတိရှိနေပြီးဖြစ်ရာ အသာအယာပင် ရှောင်
တိမ်းနိုင်လိုက်လေသည်။

ဓားမြောင်ပစ်လွှင့်လာရာ အရပ်ဆီသို့ မျက်နှာမူလိုက်၏။

"ခင်ဗျား ထွက်မလာဘူး ဆိုရင်တော့ ကျွန်တော်လာခဲ့
မှာပဲ"

ချက်ချင်းပင် မြေပေါ်ခြေဆောင့်ကာ ခုန်ဝင်သွားလိုက်သည်။

"ဟူး"

ရှောင်ဖုံး၏ ကိုယ်ဖော့ပညာ ကောင်းမွန်သည်ဖြစ်ရာ ချက်ချင်းရောက်ရှိသွားလေသည်။

"ယား"

သစ်ပင်နောက်ကွယ်မှ သုံးယောက်ခုန်ထွက်လာပြီး ရှောင်ဖုံးအား ဆီးကြိုတိုက်ခိုက် လိုက်လေသည်။

ရှောင်ဖုံးကဝဲဘက်တွင် ဒဏ်ရာရနေပြီဖြစ်ရာ ယာဘက်လက်ကို အသုံးပြု၍ရင်ဆိုင်လိုက်လေသည်။

တိတ်တဆိတ် ချောင်းမြောင်းတိုက်ခိုက်ခံရခြင်းကြောင့် ဒေါသထွက်သည်ဖြစ်ရာ လက်တစ်ဘက်ထဲဖြစ်သော်လည်း ကြောက်မရွံ့တိုက်ခိုက်ရာ ပြင်းထန်နေလေတော့သည်။

သစ်ပင်နောက်ကွယ်မှ ထွက်လာသူသုံးဦးသည် ရှောင်ဖုံးနှင့် ထိပ်တိုက်ရင်ဆိုင်ဖြစ်လျှင်..

"ဝုန်း"

"အား"

"အောင်မယ်လေး"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာကာ အဝေးသို့ လွင့်စင်သွားတော့သည်။

"ဟား ဟား ဟား"

ရှောင်ဖုံး ဟားတိုက်ရယ်မောလိုက်သည်။

"ခိုးကြောင်ခိုးဝှက်တိုက်ခိုက်ချင်တဲ့လူတွေ ခုတော့ဘယ်လိုနေသေးသလဲ"

ထိုစဉ်

"မင်းက လက်စွမ်းပြလိုက်တာပေါ့ ဟုတ်လား"

အသံပြင်းကြီးထွက်ပေါ်လာလေသည်။

ရှောင်ဖုံးကြည့်လိုက်ရာ မလှမ်းမကမ်း၌ ခရမ်းရောင်ဝတ်ဆင်ထားသောလူတစ်ယောက် ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

စားသောက်ဆိုင်လေး၌ တွေ့ခဲ့ရသူဖြစ်သည်။

ရှောင်ဖုံးက

"ကျုပ်က လက်စွမ်းပြတာလား၊ ခင်ဗျားလူတွေက လက်စွမ်းပြတာလား၊ ကျုပ်လမ်းကိုကျုပ်သွားတာ သူတို့ကကျုပ်ကို ချောင်းမြောင်းတိုက်ခိုက်ခဲ့ကြတာပဲမဟုတ်လား"

ထိုလူက

"ဒီလမ်းက ဖြတ်သွားမယ့်လူမှန်သမျှ တားဆီးခံရမှာပဲ"

"နေပါဦး ဒီလမ်းကဘာကြောင့်မသွားစေချင်ရတာလဲ၊ ခင်ဗျားတို့ပိုင်တဲ့လမ်းမှမဟုတ်တာ၊ ဘယ်သူမဆိုသွားလာနိုင်တဲ့လမ်းတစ်ခုပဲ မဟုတ်လားဗျ"

"တိတ် မင်းစကားမရှည်နဲ့ မသေချင်ရင် နောက်ကြောင်းပြန်လှည့်သွားစမ်း"

ထိုလူက ငေါက်လိုက်လေသည်။

ရှောင်ဖုံးက

"ကျုပ်က မသွားဘူးဆိုရင်ရော"

"သြော် မင်းကဒီလိုလား"

ထိုလူ ရှေ့တိုးလာလေသည်။

ရှောင်ဖုံးက မလှုပ်မယှက်ရပ်နေလိုက်သည်။

ဒဏ်ရာရထားသောဝဲဘက်လက်က နာကျင်နေပြီး မလှုပ်နိုင်အောင်ဖြစ်နေသည်။

ထို့နောက် ခရမ်းရောင်ဝတ်ဆင်ထားသူနှင့် ရင်ဆိုင်နိုင်ရန် ယာဘက်လက်၌ အတွင်းအားစုစည်းထားလိုက်လေသည်။

ထိုလူက အနီးသို့ရောက်လာသည်။

"မင်းဘယ်လောက်တတ်နိုင်မလဲ ကြည့်ကြသေးတာပေါ့"

အော်ငေါက်ရင်း လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

ရှောင်ဖုံးကလည်း ရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်သားထိပ်တိုက်ရင်ဆိုင်မိသည်နှင့်

"ဝုန်း"

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ရှောင်ဖုံး မသဲမကွဲညည်းညူကာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

အချိန်မည်မျှကြာသွားမှန်းမသိ..

ရှောင်ဖုံး သတိရလာသောအခါ ကောင်းကင်ပေါ်၌ ၀န်းထွက်ပေါ်နေပြီဖြစ်ပါသည်။

ရှောင်ဖုံးက မြေပေါ်လဲကျနေခြင်းဖြစ်သည်။

"အား ကျွတ် ကျွတ်"

ညည်းတွားရင်း မြေပေါ်မှလူးလိမ့်ထလိုက်၏။

သူ၏တစ်ကိုယ်လုံး မခံမရပ်နိုင်အောင်နာကျင်နေ၏။

ဝဲဘက်ပခုံးမှ ဒဏ်ရာသည်လည်း တစစ်စစ်ကိုက်နေလေသည်။

ခရမ်းရောင်ဝတ်ထားသူနှင့် သူ၏အပေါင်းအဖေါ်များကို တွေ့ရတော့ပါ။

သူ့အားတိုက်ခိုက်ပြီး သေဆုံးသွားပြီထင်မှတ်ကာ ထွက်သွားကြောင်းထင်ရှားလေသည်။

ရှောင်ဖုံး ဒယီးဒယိုင်ပင် ထွက်သွားရန်ကြိုးစားရင်း

"ဝေါ့"

ပါးစပ်ထဲမှသွေးများအန်ထုတ်လိုက်လေသည်။

ခရမ်းရောင်ဝတ်ထားသူ၏လက်ချက်မိခဲ့ခြင်းကြောင့် အဘွင်းဒဏ်ရာပြင်းထန်စွာရသွားပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ရှောင်ဖုံး ထိတ်လန့်သွား၏။

"သမားတော်တစ်ယောက်ဆီကို အမြန်ဆုံးအရောက်သွားရင်မှ ဖြစ်တော့မယ်"

ဒယီးဒယိုင်ဖြင့် ထွက်လာခဲ့လေသည်။

သူ၏ဦးခေါင်းထဲ မူးနောက်ရီဝေနေ၏။

မျက်လုံးများလည်း ပြာဝေနေသည်။

အားယူကာထွက်လာခဲ့သော်လည်း မည်သည့်နေရာသို့
သွားရမှန်းမသိပါချေ။

ရုတ်တရက် ခပ်လှမ်းလှမ်း၌ မီးရောင်များထွက်ပေါ်နေ
သည်ကို တွေ့လိုက်ရလေသည်။

ရှောင်ဖုံး ဝမ်းသာသွားသည်။

မီးရောင်ထွက်ပေါ်လာရာဆီသို့ ဦးတည်လှမ်းသွားလိုက်
သည်။

တစ်လှမ်း..

နှစ်လှမ်း..

သုံးလှမ်း..

ရှောင်ဖုံး၏တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာ၏။
ဇောချွေးများလည်း ပျံလာသည်။

အသက်ရှူမွန်းကျပ်လာသည်။

အားအင်ကုန်ခမ်းကာ ခြေလှမ်းမလှမ်းချင်အောင် ဖြစ်လာ
လေသည်။

သို့သော်သူက အားတင်းကာ ရှေ့သို့ဆက်လှမ်းသွား၏။
နောက်ထပ်ခြေလှမ်း ဆယ်လှမ်းခန့် လှမ်းသွားပြီးလျှင်
ရှေ့ဆက်မသွားနိုင်တော့ပါ။

"ဝုန်း"

မြေပေါ် မှောက်လျက်လဲကျ သွားလေတော့သည်။

မြေကြီးနှင့်မျက်နှာ ထိတွေ့ခြင်းမရှိမီ ရှောင်ဖုံးသတိလစ်
သွားလေတော့သည်။

ယခုတစ်ကြိမ်...

ရှောင်ဖုံး သတိရလာသောအခါ နွေးထွေးသောအိပ်ရာ
ကောက်ရိုးနေသည်ကိုတွေ့ရ၏။

သူ၏တစ်ကိုယ်လုံး အဝတ်များဖြင့် စည်းနှောင်ထားသကဲ့
သို့တင်းကြပ်နေသည်ဟုလည်း ခံစားရသည်။

ဦးခေါင်းထဲမှာ ဝေနေဆဲ...

အသားများက ခြွစ်ခြွစ်တောက်ပူနေသည်။

ရရှိထားသောဒဏ်ရာကြောင့် အပြင်းဖျားနေပြီဖြစ်ကြောင်း
သိရှာနေ၏။

ရေအလွန်ငတ်နေသည်။

"ရေ ရေပေးပါ"

ရှောင်ဖုံး၏ ရေတောင်းသံနှင့် မရှေးမနှောင်းမှာပင်
"ရှင် သတိရလာပြီကိုး"

ချိုလွင်သော စကားသံလေး ထွက်ပေါ်လာသည်ကို ကြား
လိုက်ရလေသည်။

တဆက်တည်းပင် အေးမြသော ရေစက်ရေပေါက်များကို
ရှောင်ဖုံးက အငမ်းမရသောက်လိုက်လေသည်။

ရေသောက်လိုက်ရသဖြင့် ရင်ထဲအေးမြသွား၏။

ဦးခေါင်းထဲ ကြည်လင်လာ၏။

သို့သော် မျက်ခွံများဖွင့်မရအောင် လေးလံနေ၏။

ရှောင်ဖုံးက စိတ်ထိန်းချုပ်ထားသည့်ကြားမှပင် ပြန်လည်
ပြောသွားလေတော့သည်။

ဒုတိယအကြိမ် ရှောင်ဖုံးသတိရလာသောအခါ နေရောင်ခြည်သည်အခန်းတွင်းသို့ ပင် ထိုးဖောက်ဝင်ရောက်နေပြီ ဖြစ်သည်ကိုတွေ့ရလေသည်။

သေးငယ်သော်လည်း သန့်ရှင်းပြီးသပ်ရပ်သည့် အခန်းငယ်လေး တစ်ခုအတွင်းမှ ဝါးကွပ်ပျစ်တစ်လုံးပေါ်၌ ရောက်ရှိနေခြင်းဖြစ်လေသည်။

ရှောင်ဖုံးက လူးလိမ့်ထရန် ကြိုးစားလိုက်လေသည်။

ထိုစဉ်

"အို ရှင့်ရဲ့ဒဏ်ရာ သက်သာပျောက်ကင်းသေးတာ မဟုတ်ဘူး မထနဲ့ဦးလေ"

ချိုလွင်သောစကားသံလေးနှင့်အတူ မိန်းကလေးတစ်ယောက်က အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ထိုမိန်းကလေးကိုမြင်လျှင် ရှောင်ဖုံးအံ့သြသွား၏။

"ဟင်း ဟင်း ဟင်း"

ထိုမိန်းကလေးကား သစ်လုံးအိမ်ကလေး ရှေ့၌ဒူးထောက်ငိုကျွေးနေသော မိန်းကလေးဖြစ်လေသည်။

ထိုမိန်းကလေးကား အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိလာရပါသနည်း။

မိန်းကလေး ပြုံးလိုက်သည်။

"ရှင် တော်တော်ကံကောင်းသွားတာပဲ"

"ကျုပ်က ကံကောင်းတယ်"

"ဟုတ်တယ်"

"ကျုပ်"

"ကျွန်မက တောခွေးတွေအူနေတာနဲ့ မသင်္ကာလို့တောဘက်ကို ထွက်ကြည့်တာ တောအုပ်ထဲမှာလဲကျနေတဲ့ ရှင့်ကိုတွေ့ခဲ့ရတာပဲ၊ တောခွေးတွေသာ ရောက်လာပြီဆိုရင် ရှင်ကံမကောင်းနိုင်တော့ဘူး"

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ ကျုပ်ကတောအုပ်ထဲမှာ လဲကျနေဘာကိုး"

မိန်းကလေး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်ရှင့်၊ ရှင့်တစ်ကိုယ်လုံးလဲ သွေးတွေပေကျံနေတာ သွေးနံ့ရရင်တော့ တောခွေးတွေကံနေမှာ မဟုတ်ဘူး"

ရှောင်ဖုံးက အားယူကာဦးညွှတ်လိုက်လေသည်။

"ကျုပ်ရဲ့အသက်ကို ကယ်တင်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

မိန်းကလေး ခေါင်းခါယမ်းလိုက်၏။

"ကျွန်မကို ကျေးဇူးတင်စရာ မလိုပါဘူး၊ ရှင်ကစပြီး ကျွန်မကိုကူညီခဲ့တာပဲ မဟုတ်လား"

ရှောင်ဖုံး၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များဖြစ်ပေါ်လာလေသည်။

သူက လူတစ်ယောက်ကို ကူညီခဲ့သည်။

ထိုအသေးအဖွဲကိစ္စလေးသည် တစ်ချိန်တွင် ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာခဲ့ပြီမဟုတ်လား"

"ကျုပ်က ကျေးဇူးပြန်ဆပ်စေချင်လို့ ညီမကိုကူညီခဲ့တာ မဟုတ်ပါဘူး"

"ကျွန်မ သဘောပေါက်ပါတယ်ရှင် ဘာဘဲဖြစ်ဖြစ်ရှင် ဒုက္ခရောက်နေတာကို ကျွန်မဘယ်လိုလုပ်ပြီး ပစ်ထားရမလဲရှင်"

"ညီမ ကျုပ်ကို ခုလိုကယ်တင်တာကို ညီမရဲ့ခင်ပွန်းသည် ကသဘောတူရဲ့လား"

ဟူ၍ မအောင့်နိုင်ဘဲမေးလိုက်လေသည်။

မိန်းကလေး ချက်ခြင်းမျက်နှာညှိုးသွား၏။

"သူက သဘောတူမှာပါရှင်"

သူမ၏ စကားမရေမရာဖြစ်နေသည်။

ရောင်ဖုံးက

"ဒါဖြင့် ကျုပ်ဒီမှာရောက်နေတာကို သူမသိသေးဘူးဟုတ်လား"

မိန်းကလေး ဘာမှမပြောချေ။

ရောင်ဖုံးက တည်ကြည်စွာပြောလိုက်သည်။

"ကျုပ်ကြောင့် ညီမစိတ်သောက ရောက်ရမှာကို မလိုလားပါဘူး၊ ဒါကြောင့်ကျုပ်သွားပါတော့မယ်"

ချက်ချင်းလူးလဲထလိုက်လေသည်။

"အို ရှင့်မှာဒဏ်ရာတွေနဲ့ ထွက်သွားလို့ဘယ်ဖြစ်ပါဦးမလဲ မသွားပါနဲ့ရှင်"

"မဟုတ်ဘူး ကျုပ်က"

ရောင်ဖုံးက လူးလိမ့်ထရာ မဟန်နိုင်ဘဲ လဲကျမလိုဖြစ်

သွားလေသည်။

မိန်းကလေးက ရောင်ဖုံးအား ကဗျာကယာ ဖေးမလိုက်လေသည်။

ရောင်ဖုံး၏ ခန္ဓာကိုယ်က လေးလံနေသည်ဖြစ်ရာ မိန်းကလေးကောင်းစွာ မထိန်းသိမ်းနိုင်ဘဲ နှစ်ယောက်သား ဝါးကွပ်ပျစ်ပေါ်သို့ လဲကျသွားကြတော့သည်။

တိုက်တိုက်ဆိုင်ဆိုင် ထိုအချိန်မှာပင် ခြေသံများထွက်ပေါ်လာကာ လူတစ်ယောက်ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူကား ဖျင်ကြမ်းအင်္ကျီဝတ်ထားသည့် လူရွယ်တစ်ဦးဖြစ်သည်။

ရောင်ဖုံးနှင့် အသက်ချင်း မတိမ်းမယိမ်းရှိသည်။

မျက်နှာတွင် ကျောက်ပေါက်ရာများရှိရာ ရုပ်ခပ်ကြမ်းကြမ်း ဖြစ်လေသည်။

မိန်းကလေးသည် ထိုလူကိုမြင်လျှင် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟင် အစ်ကိုချုံးရှမ်း"

ကဗျာကယာ ပြေးလိုက်သွားလေသည်။

ချုံးရှမ်းဆိုသူ၏ မျက်နှာကြီး ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်သွားလေသည်။

"ခွေးမ နင့်ကိုဒီလောက်ရိုက်ထားတာတောင် မမှတ်သေးဘူးလား"

ဒေါသတကြီး အော်ငေါက်ရင်း သုံး လေးချက်ရိုက်ချလိုက်လေသည်။

"ဖြန်း ဖြန်း"

"အမယ်လေး"

မိန်းကလေးမှာ ပြင်းထန်သောရိုက်ချက်ကြောင့် ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျ သွားလေသည်။

ရှောင်ဖုံး သတိဝင်လာလေသည်။

"ဟေ့လူ မလုပ်နဲ့လေ"

ကဗျာကယာ တားမြစ်လိုက်လေသည်။

ချူးရှမ်းဆိုသူ မဲ့ပြုံးပြုံးလိုက်သည်။

"မင်းကကော ဘယ်သူလဲ၊ ငါ့အိမ်ထဲမှာ ဘာလာလုပ်တာလဲ ခပြာစမ်း"

"ကျုပ်ကရှောင်ဖုံး ဒီတောထဲက ဖြတ်သွားရင်း လူဆိုးတွေ ပြတွေနဲ့တွေ့လာလို့...

ချူးရှမ်းက မိန်းကလေးဘက်လှည့်ကာ ငေါက်လိုက်သည်။

"ကြူးလျှဲ နင်ကသူရဲကောင်းကြီးလုပ်ပြီး ကယ်ထားတာပေါ့ဟုတ်လား၊ ငါမရှိတုန်း သူစိမ်းယောကျ်ားတစ်ယောက်ကို အိမ်ပေါ်ခေါ်တင်ထားတာ ကောင်းသလား"

"ဟာ"

ရှောင်ဖုံး လွတ်ခနဲအော်လိုက်သည်။

မျက်နှာထူပူနီရဲသွားသည်။

"မိတ်ဆွေ ဒီလိုမပြောပါနဲ့ဗျာ၊ ကျုပ်ကဒုက္ခကြုံနေရတဲ့အချိန်မှာ..."

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း"

ရှောင်ဖုံး၏ စကားမဆုံးမီ ချူးရှမ်းကကြားဖြတ် အော်ငေါက်လိုက်လေသည်။

"ခွေးမ"

ချူးရှမ်းက ကြူးလျှဲအား လှမ်းပြီးခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

"အမယ်လေး"

ကြူးလျှဲ ကြမ်းပြင်ပေါ်လိမ့်သွားလေသည်။

ဤတွင်ရှောင်ဖုံးသည် မခံနိုင်အောင်ဖြစ်ကာ ကြားဝင်လိုက်လေသည်။

"မိတ်ဆွေ ခင်ဗျားတော်တော်လွန်နေပြီ၊ ရပ်တန်းကရပ်လိုက်ရင်ကောင်းမယ်"

"ဘာကွ"

ချူးရှမ်း ခါးထောက်လိုက်သည်။

"ငါ့မိန်းမကို ငါရိုက်တာ ဘာဖြစ်သလဲ၊ မင်းနဲ့ဘာဆိုင်လို့၊ မင်းကြားဝင်နာစရာအကြောင်းမရှိဘူး"

ရှောင်ဖုံး သည်းမခံနိုင်ပါ။

"ခင်ဗျားရဲ့ဇနီးသည်ဆိုတာတော့ မှန်တာပေါ့၊ ဒါပေမယ့်ဒီလိုသားချင်း ကိုယ်ချင်းစာသင့်ပါတယ်"

"စကားမရှည်နဲ့၊ မင်းနဲ့မဆိုင်ဘူး၊ ဒီခွေးမကိုဆုံးမရမယ်"

ချူးရှမ်းက ကြူးလျှဲအားရိုက်ချရန် ဟန်ပြင်လိုက်ပြန်ရာ ရှောင်ဖုံးက ကြားဝင်တားမြစ်လိုက်လေတော့သည်။

"ရပ်လိုက်"

ချူးရှမ်းဒေါပွသွားကာ

"မင်း သေချင်လို့လား"

အော်ငေါက်ရင်း လက်သီးဖြင့်ထိုးချလိုက်လေသည်။

ရှောင်ဖုံးသည် ချူးရှမ်းအား မြင်ပြင်းကပ်နေပြီဖြစ်ရကား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ချူးရှမ်း၏ လက်သီးထိုးချက်ကို အသာရှောင်တိမ်းကာ ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။

ပြန်လည်တိုက်ခိုက်ခံရမည်ဟု မျှော်လင့်မထားသော ချူးရှမ်းမှာ ရှောင်ဖုံး၏ ခြေထောက်ကန်ချက်ကို မရှောင်နိုင်အောင်ခြင်း သွားလေသည်။

"ဝုန်း"

"အား"

ချူးရှမ်း အခန်းထောင့်သို့ လွင့်စဉ်သွားတော့သည်။

"အစ်ကို"

ကြူးလျှဲက ချက်ချင်းပြေးသွားပြီး ဖေးမလိုက်၏။

"ခွေးမ ငါ့အသားမထိနဲ့"

ချူးရှမ်းက အော်ငေါက်ရင်း ပါးရိုက်ချလိုက်သည်။

"အမယ်လေး"

ကြူးလျှဲ ကြမ်းပြင်ပေါ် ဘုံးခနဲလဲကျသွား၏။

ချူးရှမ်းကဒေါသတကြီး အော်ငေါက်လိုက်သည်။

"ခွေးမ၊ သစ္စာဖောက်တဲ့မိန်းမ၊ နေရစ်ခဲ့ပေတော့"

ထို့နောက် အိမ်ထဲမှ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့သည်။

ဝရုန်းသုန်းကားဖြစ်သွားပြီးနောက် အခြေအနေမှာပြန်လည်ငြိမ်သက်သွားလေသည်။

ချူးရှမ်းက ထွက်သွားပြီဖြစ်လေသည်။

"အစ်ကို အစ်ကို"

ကြူးလျှဲက မျက်နှာကိုလက်ဝါးဖြင့်အုပ်ကာ ငိုကြွေးလိုက်လေသည်။

ရှောင်ဖုံး စိတ်မကောင်းဖြစ်သွားလေသည်။

"ကျုပ်...ကျုပ်လဲ စိတ်မထိန်းနိုင်အောင်ဖြစ်သွားမိတာကို ဘာင်းပန်ပါတယ် ညီမရယ်"

ကြူးလျှဲ ခေါင်းမော့လာလေသည်။

"ကိစ္စမရှိပါဘူးရှင်၊ အစ်ကိုချူးရှမ်းက ကျွန်မကိုသိပ်ချစ်လို့သဝန်တိုတယ်လေ၊ ရွာထဲမှာနေတော့လဲ မယုံသင်္ကာနဲ့အမျိုးမျိုးစွပ်စွဲခဲ့တာ ဒါနဲ့လူသူကင်းဝေးတဲ့ ဒီတောထဲမှာလာနေကြတာပဲ ကြည့်ပါတော့ရှင်"

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

ချူးရှမ်းမှာ အရပ်ဆိုးအကျည်းတန်သူဖြစ်ရကား ချောမောသပသည့် ကြူးလျှဲအားဇနီးမယား အဖြစ်ရထားသောအခါ မည်သည့်နည်းနှင့်မျှ စိတ်မချနိုင်အောင် ဖြစ်လာကာ သဝန်တိုနေတော့

သည်။

ချူးရှမ်း၏အဖြစ်ကို နားလည်လိုက်လျှင် စိတ်မကောင်းဖြစ်မိလေသည်။

မိမိ၏သဝန်တိုတတ်သော သဘောထားကြောင့် ဇနီးရောလေး စိတ်သောကရောက်နေရကြောင်း သူက နားလည်သင့်သေသည်။

ရှောင်ဖုံးက

"ကျုပ်ကြောင့် ညီမတို့စိတ်သောက ရောက်ရတာဏ်တော့ငါးပန်ပါတယ်၊ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်ဒုက္ခရောက်နေချိန်မှာကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ ကျုပ်ကိုသွားခွင့်ပြုပါဦး"

စကားဆုံးလျှင် ထွက်သွားရန်ဟန်ပြင်လိုက်လေသည်။

"ရှင်မသွားပါနဲ့ဦး"

ကြူးလျှဲက ချက်ချင်းပင် ဟန့်တားလိုက်လေသည်။

"ညီမ..."

"ရှင်မသွားပါနဲ့၊ ရှင့်ရဲ့ဒဏ်ရာတွေက သက်သာသေးတာမဟုတ်ဘူး၊ တောထဲမှာ ဒုက္ခရောက်နေပါ့မယ်ရှင်"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်လေသည်။

"ညီမ ကျုပ်ကိုခွင့်ပြုပါ၊ ကျုပ်ဒီမှာဆက်နေလို့ မသင့်တော်ပါဘူး၊ သွားခွင့်ပြုပါ ညီမရယ်"

"ဟင့်အင်း အစ်ကိုမသွားရဘူး"

"ကျုပ်က.."

"အစ်ကိုချူးရှမ်းက စိတ်ဆိုးပြီးထွက်သွားပြီ၊ တော်တော်နဲ့ပြန်လာတော့မှာ မဟုတ်ဘူး၊ အစ်ကို ဒီမှာနေလို့ ဘာပြဿနာမှရှိတော့ပါဘူး၊ ဒဏ်ရာပျောက်ကင်းမှပဲ သွားပါတော့ရှင်"

ရှောင်ဖုံး လက်မခံလိုပါ။

သို့သော် ဦးခေါင်းထဲ အတွေးတစ်ခုဝင်ရောက်လာသဖြင့် စိတ်ပြောင်းသွားပြီး လက်ခံရန်ဆုံးဖြတ်လိုက်လေသည်။

ရုတ်တရက် ဖြစ်ပေါ်လာသည့် အတွေးကား

"ချူးရှမ်းက ငါတို့ကိုအထင်မှားသွားတာ၊ ခုချိန်မှာငါသွက်သွားရင် ပိုပြီးအထင်မှားစရာဖြစ်လာလိမ့်မယ်၊ ချူးရှမ်းပြန်ရောက်တဲ့အထိ စောင့်ပြီးနားလည်အောင် ရှင်းပြတာပဲကောင်းမယ်"

ဟူ၍ဖြစ်လေသည်။

ရှောင်ဖုံးက ကြူးလျှဲအားပြုံးပြလိုက်လေသည်။

"ကောင်းပြီ ကျုပ်မသွားသေးပါဘူး၊ ချူးရှမ်းပြန်ရောက်လာတဲ့အထိ စောင့်နေပါ့မယ်"

ကြူးလျှဲဝမ်းသာသွားလေသည်။

"ဝမ်းသာလိုက်တာရှင်၊ အစ်ကိုအနားယူလိုက်ပါဦး၊ အစ်ကို့အတွက် ဆန်ပြုတ် ပြုတ်ထားတာရှိတယ်၊ ကျွန်မသွားယူပေးလိုက်မယ်နော်"

ချက်ချင်းပင် အခန်းတွင်းမှ ထွက်သွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

တစ်ရက်။

နှစ်ရက်။

သုံးရက်။

သုံးရက်ဟူသော အချိန်ကုန်ဆုံးသွားပြီဖြစ်လေသည်

ရှောင်ဖုံးမှာ ကြူးလွှဲ၏ ဂရုစိုက်ပြုစုပေးမှုကြောင့် ဝေဒ

များ သက်သာပျောက်ကင်းသွားလေသည်။

ကြူးလွှဲက သမားတော်တစ်ယောက် မဟုတ်ပါ။

ရှောင်ဖုံးပေးခဲ့သော အသက်ကယ်ဆေးကို မသောက်

သိမ်းထားမိသဖြင့် ရှောင်ဖုံးဒုက္ခရောက်လာသောအခါ ထိုအသ

ကယ်ဆေးကိုပင့် ပြန်လည်တိုက်ကျွေးလိုက်ခြင်းဖြစ်သည်။

ထို့အပြင် တောထဲမှဆေးဘက်ဝင်သောသစ်ရွက်များ

ကာ ရှောင်ဖုံး၏ပခုံးမှဒဏ်ရာကို ကုသပေးခဲ့ခြင်းဖြစ်လေသည

ရှောင်ဖုံးက ဒဏ်ရာများသက်သာပျောက်ကင်းကာ

ကောင်းပကတိဖြစ်သွားချိန်အထိ ချူးရှမ်းရောက်မလာခဲ့ပါ

ရှောင်ဖုံး စိတ်ပျက်သွားလေသည်။

"ဒုက္ခပဲ ချူးရှမ်းပြန်ရောက်လာတဲ့အထိ ဘယ်လော

ကြာကြာစောင့်နေရဦးမယ်မသိဘူး"

ကြူးလွှဲသည် သူတို့၏အိမ်ထောင်ဖရေး ပြေလည်ရေး

စေ့စပ်ပေးမည့်အကြံဖြင့် ရှောင်ဖုံးကစောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း

နားလည်လိုက်မိလေသည်။

သုံးလေးရက်အတွင်းတွင် နေထိုင်ခဲ့ကြပြီးနောက် တစ်ဦး

တစ်ဦးခင်မင်ရင်းနှီးကာ မောင်နှမများသဖွယ်ဖြစ်လာကြသည်

ကြူးလွှဲက ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

"အစ်ကိုဘာကြောင့်သည်မှာဆက်နေခဲ့တယ်ဆိုတာ ကျွန်မ

သိပါတယ် ဒါပေမယ့် အစ်ကိုချူးရှမ်းဟာ စိတ်ဆိုးပြေတဲ့တစ်နေ့

မှာ ပြန်လာပါလိမ့်မယ်၊ ခါတိုင်းလဲ ဒီလိုပါပဲ၊ ကျွန်မတို့အ

တွက် ဘာမှမပူပါနဲ့တော့ အစ်ကိုသွားစရာရှိတာကိုသာသွားပါရှင်"

ရှောင်ဖုံးက

"ချူးရှမ်း ပြန်မလာရင် ညီမအနေနဲ့ ..."

"ကျွန်မရွာမှာ ပြန်နေပါ့မယ်၊ သူရောက်လာတော့မှပဲ

သူစီစဉ်တဲ့အတိုင်း လုပ်ရမှာပါ"

ရှောင်ဖုံးလည်း မတတ်သာတော့တဲ့ သဘောတူလိုက်၏။

"ကောင်းပြီလေ၊ ကျုပ်ကို ကူညီတဲ့ညီမရဲ့ ကျေးဇူးကိုမမ့မေ့

ဘူး"

"အစ်ကိုရယ်၊ ဘယ်လိုမှသဘောမထားပါနဲ့ရှင်၊ ကူညီရ

တာကိုပဲ ကျွန်မဝမ်းသာလှပါပြီ"

ရှောင်ဖုံးမှာ စိတ်ထားဖြူစင်လှသည့်ကြူးလွှဲကို လေးလေး

စားစား ဖြစ်သွားလေသည်။

ရှေ့ဆက်နေ၍လည်း အကြောင်းထူးတော့မည်မဟုတ်

ကောင်း နားလည်ထားရကား နှုတ်ဆက်ကာထွက်လာခဲ့လေတော့

သည်။

✗✗✗ ✗✗✗ ✗✗✗

ိုင်းညိုညိုတောင်တန်းများကို တွေ့မြင်လိုက်ရလေသည်။

လမ်းပေါ်၌ ခရီးသွားများကိုလည်း တွေ့လာရ၏။

ခရီးသည်များကား ဝန်စည်စလယ်များ သယ်ဆောင်ကာ
ားလာနေကြလေသည်။

ရှောင်ဖုံးလည်း ခရီးသည်များနှင့်ရောနှောကာ ခရီးနှင်
ိုက်လေသည်။

မကြာပါချေ။ တောင်ကြားလမ်းတစ်ခုနှင့် မနီးမဝေးလမ်း
လမ်းခွတစ်ခုသို့ ရောက်ရှိလာလေသည်။

ထိုလမ်းဆုံလမ်းခွ၌ ခရီးသည်များကို အမှီသဟဲပြုကာ
ောင်းချသည့် ဈေးသည်များရှိနေသည်ကို တွေ့ရှိရလေသည်။

အစားအသောက်၊ အဝတ်အထည်၊ လူသုံးကုန် အမျိုးမျိုး
ရောင်းလုပေတော့သည်။

ရှောင်ဖုံးမှာ ဗိုက်ထဲကဆာလောင်လာသဖြင့် ဆန်ပြုတ်
ောင်းချသည့် ဆိုင်လေးတစ်ဆိုင်သို့ ဝင်ကာ ဆန်ပြုတ်သောက်
ိုက်၏။

ဆိုင်ထဲ၌စားသောက်နေသူ သုံးလေးယောက်ခန့်ရှိနေသည်။

အချင်းချင်းပြောဆိုနေကြသောစကားသံများမှာ မကြားချင်
အဆုံးဖြစ်လေသည်။

ရှောင်ဖုံးက နားမထောင်ပါဘဲ ကြားလိုက်ရသောစကားအ
ကြောင့် စိတ်ဝင်စားသွားလေသည်။

"ဒီလမ်းခရီးဟာ နောက်တစ်ရက် နှစ်ရက်လောက်ဆို
စိတ်မချရတော့ဘူးကွ၊ တိုက်ပွဲတွေဖြစ်ပေါ်လာတော့မှာသေချာ

အဖန့်ဖန့် အလဲလဲ

ကြေကွဲဖွယ်ကောင်းသော မေတ္တာသားကောင်ကြူးလွှ
ရှောင်ဖုံးကျောခိုင်းကာ ထွက်လာခဲ့လေသည်။

ကြူးလွှနှင့် ချူးရှမ်းတို့၏ အိမ်ထောင်ရေးသာယာခြင်
ဖြူးပါစေဟုလည်း ဆုတောင်းပေးခဲ့သည်။

ထို့အပြင် လမ်းခရီးတစ်လျှောက်၌ ချူးရှမ်းအားတွေ့
တွေ့ငြားရှာဖွေခဲ့သော်လည်း ချူးရှမ်း၏အရိပ်အယောင်ကိုပင်မ
ရပါချေ။

ရှောင်ဖုံးက တောအုပ်ကိုဖြတ်သန်းပြီးနောက် အဝေး

တယ်"

"ဟုတ်တယ်၊ သွေးမိစ္ဆာဂိုဏ်းက သည်နယ်တစ်ဝိုက်ကို လွှမ်းမိုးဖို့ ကြိုးစားနေတာ၊ ပျံလွှားဂိုဏ်းကလဲ လုံးဝလက်မခံဘူး သူတို့ချင်းတိုက်ခိုက်နေကြတာကြာပြီ၊ သည်ရက်ပိုင်းမှာတော့ သွေးမိစ္ဆာဂိုဏ်းက ပျံလွှားဂိုဏ်းကို အပြတ်ရှင်းတော့မယ်လို့ သတင်းတွေထွက်ပေါ်နေတယ်"

"အို ပျံလွှားဂိုဏ်းကလည်း မည့်ပါဘူးကွာ၊ သူများလုပ်တိုင်းခံရမယ်ဆိုရင် ကွယ်ပျောက်သွားတာကြာပြီပေါ့၊ ပျံလွှားဂိုဏ်း ချုပ်စုအိမ်းရဲ့ပညာဟာ သိုင်းလောကမှာ ထိပ်သီးစာရင်းဝင်တာပဲ သွေးမိစ္ဆာဂိုဏ်းပဲ ရှုံးသွားလိမ့်မယ်"

"အေး၊ သွေးမိစ္ဆာဂိုဏ်းအနိုင်ရပြီး ကြီးစိုးသွားမှာကိုသာ ငါတို့ကလဲ စိုးရိမ်နေတာပါကွာ၊ ပျံလွှားဂိုဏ်းက ကောင်းရောင်ကောင်းဝယ်လုပ်ကိုင်စားသောက်နေသူတွေကို အမြဲတမ်းကူညီစောင့်ရှောက်နေတာပဲ မဟုတ်လား"

ရှောင်ဖုံး၏ ရင်ထဲ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာ၏။

ကြောက်မက်ဖွယ်ကောင်းသော ခရမ်းရောင်ဝတ်ဆင်ထားသူနှစ်ယောက်ကိုလည်း မြင်ယောင်လာ၏။

ခရမ်းရောင်ဝတ်ထားသူတစ်ယောက်၏လက်ချက်ဖြင့် သူကိုယ်တိုင် သေလုမျောပါး ဒဏ်ရာရရှိခဲ့သေးသည် မဟုတ်ပါလား။

ထိုလူများသည် ပျံလွှားဂိုဏ်းအား ဒုက္ခပေးမည့်သူများလည်း ဖြစ်လေသည်။

ရှောင်ဖုံးမှာ မဟုတ်မခံစိတ်ရှိသူပီပီ၊ ပျံလွှားဂိုဏ်းအား

ကူညီလိုစိတ်များဖြစ်ပေါ်လာလေသည်။

သို့သော်-

"ငါစိတ်ထင်တိုင်း လုပ်လို့တော့မဖြစ်သေးဘူး၊ ငါ့ရဲ့သိုင်းသွယ်ဟာ ပြောပလောက်သေးတာ မဟုတ်ဘူး၊ ရက်စက်ကြမ်းကြုတ်တဲ့ သွေးမိစ္ဆာဂိုဏ်းကလူတွေနဲ့တွေ့ရင် ငါပဲဒုက္ခရောက်ဖို့များတယ်"

ဟူ၍ တွေးမိကာ စိတ်ပျက်သွားလေသည်။

ထိုအချိန်မှာပင်

"ခွပ် ခွပ် ခွပ် ခွပ်"

"ခွပ် ခွပ် ခွပ် ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်ကိုကြားလိုက်ရလေသည်။

ရှောင်ဖုံးလှမ်းကြည့်လိုက်သောအခါ မြင်းစီးသမားတစ်စု တောင်ကြားလမ်းဆီသို့ဦးတည်ရာ မြင်းဒုန်းစိုင်းစီးနင်းသွားကြသည်ကို တွေ့လိုက်ရလေသည်။

ရှေ့ဆုံးမှနေ၍ ငွေရောင်အဝတ်အစားများဝတ်ဆင်ထားသည့် အဘိုးအိုတစ်ယောက်က ဦးဆောင်သွားခြင်းဖြစ်သည်။

လမ်းသွားလမ်းလာများသည် ကပျာကယာလမ်းဘေးသို့ဆင်းကာ ဦးညွတ်အရိုအသေပြုနေကြသည်ကိုလည်း တွေ့လိုက်ရလေသည်။

စားသောက်နေသူတစ်ယောက်က

"ပျံလွှားဂိုဏ်းချုပ်ကြီး ဟေ့"

ဟူ၍ ပြောလိုက်လျှင် နောက်ထုပ်စကားသံများ အလျှိုလျှို ထွက်ပေါ်လာလေသည်။

"ပျံလွှားဂိုဏ်းချုပ်ကြီးစုအိမ်းကိုယ်တိုင် ခရီးထွက်လာတယ် ဆိုတော့ အရေးကြီးတဲ့ကိစ္စရှိနေတာသေချာတယ်"

"သွေးမိစ္ဆာဂိုဏ်းဟာ လူတွေလဲ တောင်ကြားလမ်းတစ်ဝိုက်မှာ ကျက်စားနေကြတာ၊ ပွဲကြီးပွဲကောင်းတွေ ရမယ်ထင်တယ်"

"ပွဲကြီးပွဲကောင်းက အရေးမကြီးဘူး၊ တော်ကြာ တိုက်ခိုက်ရမှာ ပိတ်မိနေရင်ခက်မယ်"

"ဟုတ်တယ်၊ သွားစရာရှိတာ မြန်မြန်သွားရအောင်"

ရောင်ဖုံးလည်း စိတ်လှုပ်ရှားလာလေသည်။

ဆိုင်လုလင်ကိုခေါ်ကာ ကျသင့်ငွေပေးချေပြီး ဆိုင်ထဲမှ ထွက်လာခဲ့သည်။

ထို့နောက် ပျံလွှားဂိုဏ်းချုပ်စုအိမ်းတို့ ထွက်သွားရာအရပ်သို့ ဦးတည်ကာ ကိုယ်ဖော့ပညာအသုံးပြု၍ ပြေးလိုက်သွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

တောင်ကြားလမ်း

တောင်ကြားလမ်းလေးမှာ အဝတွင်ကျဉ်းမြောင်းပြီး အတွင်းဘက်၌ တဖြည်းဖြည်းကျယ်ဝန်းသွားလေသည်။

တောအုပ်များ၊ စမ်းချောင်းလေးများနှင့် ပန်းတောများ၊ မြက်ခင်းပြင်များပင်ရှိနေ၏။

ရောင်ဖုံးမှာ ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလွှားလာခဲ့ရာ တောင်ကြားအတွင်းသို့ ရောက်ရှိလာတော့သည်။

တောင်ကြားအတွင်းသို့ ရောက်လျှင် အုံဩစရာကောင်းအောင်ပင် လူသူကင်းရှင်းနေသည်ကို တွေ့ရလေသည်။

ရောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

"ပျံလွှားဂိုဏ်းချုပ်တို့ ဘယ်ရောက်သွားကြပါလိမ့်"

သူတွေးတောနေစဉ်မှာပင် မလှမ်းမကမ်းတစ်နေရာမှ မြင်းဟီးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ဖုံး အားတက်သွား၏။

မြင်းဟီးသံထွက်ပေါ်လာရာဆီသို့ ခြေချမိလိုက်သည်နှင့်

"ရပ်လိုက်"

ဟန့်တားသံနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားကြသူများ ထွက်ပေါ်လာကာ ရှောင်ဖုံးအား လမ်းပိတ်ဟန့်တားလိုက်ကြလေသည်။

ထိုလူများမှာ သွေးမိစ္ဆာဂိုဏ်းသားများဖြစ်ကြောင်းသိလျှင် ရှောင်ဖုံးက ဘာမှမပြောဘဲ စတင်တိုက်ခိုက်လိုက်လေသည်။

သာယာလှပနေသော ပတ်ဝန်းကျင်၌ တိုက်ပွဲတစ်ခုဖြစ်ပေါ်လာလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

"သေပါပြီ ဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၏။

ရှောင်ဖုံး၏လက်ချက်ကြောင့် သွေးမိစ္ဆာဂိုဏ်းသားများဖရိဖရဲ ဖြစ်သွားကြလေတော့သည်။

ရှောင်ဖုံး ဝမ်းသာသွား၏။

သူ၏သိုင်းပညာဖြင့် သွေးမိစ္ဆာဂိုဏ်းသားများအား ယှဉ်နိုင်သေးသည် မဟုတ်ပါလား။

ထိုစဉ်

"သွေးမိစ္ဆာဂိုဏ်းသားတွေကိုတိုက်နိုင်ဘဲဝံ့ကာ နည်းတဲ့သတ္တိမဟုတ်ဘူး"

စကားသံနှင့်အတူ လူရိပ်တစ်ခုလျင်မြန်စွာရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ရှောင်ဖုံးအား တစ်ချိန်ကတိုက်ခိုက်ခဲ့ဖူးသည့်အပြင် အသက်ကယ်ခဲ့ဖူးသည့် ကဝေမဖြစ်နေပါတော့သည်။

ကဝေမသည် ရှောင်ဖုံးကိုမြင်လျှင် သဘောကျစွာရယ်မောလိုက်လေသည်။

"လက်စသတ်တော့ ရှင်ကိုး၊ ကျွန်မတို့ပြန်တွေ့ကြပြီနော်၊ သည်တစ်ခါတော့ ရှင်ကခေါင်းမမာဘဲ သွေးမိစ္ဆာဂိုဏ်းကို လိုက်ခဲ့ရင် ကောင်းမယ်"

ရှောင်ဖုံး မျက်နှာကြုတ်သွားလေသည်။

"ကျုပ်က ဘာကြောင့်လိုက်ခဲ့ရမှာလဲ"

ကဝေမက

"ကျွန်မက ဂိုဏ်းချုပ်ကြီးကို ပြောပေးမယ်၊ ရှင်ဟာသွေးမိစ္ဆာဂိုဏ်းမှာ ရာထူးတစ်နေရာရနိုင်တာပေါ့၊ ရှင့်ရဲ့ဘဝအတွက် ဘယ်လောက်တိုးတက်သွားမယ်ဆိုတာကို ရှင်တွေးမိရဲ့လား"

"ဘာ"

ရှောင်ဖုံး မကျေမနပ် ဖြစ်သွားလေသည်။

"ကျုပ်က သွေးမိစ္ဆာဂိုဏ်းထဲ ဝင်မယ်လို့ မျှော်လင့်နေသလား ဟား ဟား ဟား၊ ရယ်စရာကောင်းလိုက်တာ၊ ကျုပ်ကသွေး

မိစ္ဆာဂိုဏ်းကို ဖျက်ဆီးချေမှုန်းပစ်မယ်လူတစ်ယောက်ဆိုတာ မှတ်ထားစမ်းပါ"

ကဝေမ သက်ပြင်းချလိုက်လေသည်။

"ရှင် စကားကြည့်ပြောရင် ကောင်းမယ်၊ ရှင်ပြောတဲ့ကားတွေဟာ သေဒဏ်အပြစ်နဲ့ ထိုက်တန်နေပြီရှင့်"

"ဟား ဟား ဟား၊ ကျုပ်က သွေးမိစ္ဆာဂိုဏ်းကို ကြောက်နေရမှာလား"

ကဝေမ ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မက ရှင့်ကိုလက်ဖျားနဲ့မတို့ဘူးလို့အာမခံပါတယ် ဒါဝေမယ့် တခြားလူတွေကိုတော့ အာမ မခံနိုင်ဘူး၊ အထူးသဖြင့် သိုင်းသမားနှစ်ယောက်ဖြစ်တဲ့ ကျန်းစန်းနဲ့ကျန်းယီတို့နဲ့တွေ့ရင် ရှင်ဘာမှတတ်နိုင်မှာ မဟုတ်ဘူး"

ရောင်ဖုံး ရင်ကော့လိုက်သည်။

"ကျုပ်က ဂရုမစိုက်သေးပါဘူးဗျာ"

ကဝေမ ခေါင်းခါယမ်းလိုက်သည်။

"ရှင့်ထက် သိုင်းပညာမြင့်မားတဲ့လူတွေတောင် ဘာမှတတ်နိုင်ကြတာ မဟုတ်ဘူး၊ ရှင်ဒုက္ခရောက်သွားလိမ့်မယ်၊ အေးအေးဆေးဆေး နောက်ကြောင်းပြန်လှည့်သွားတာ ကောင်းလိမ့်မယ်"

ရောင်ဖုံး နှာခေါင်းရှုံ့လိုက်သည်။

"ကျုပ်က ဂရုမစိုက်ဘူးလို့ ပြောပြီးပြီပဲ၊ မင်းကဖယ်ပေးလိုက်ရင်ကောင်းမယ်"

ကဝေမ သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ပြောမရရင်လဲ ရှင့်သဘောပဲ၊ ဒါပေမယ့် ကျန်းရီတို့နဲ့တွေ့ရင် ဒုက္ခမရောက်ရလေအောင် ဒါလေးတော့ ဆောင်ထားပါ"

စကားဆုံးလျှင် ကြွေဘူးလေးတစ်လုံး ပစ်ပေးလိုက်လေသည်။

တဖန်

"ကြွေဘူးလေးထဲက အဆိပ်ဖြေဆေးဟာ ကျန်းရီတို့ညီအစ်ကိုရဲ့ အဆိပ်ကိုဖြေနိုင်တယ်၊ ရှင်ဆောင်ထားပါ၊ ကဲကျွန်မသွားတော့မယ်"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

ကဝေမ ထွက်သွားပြီဖြစ်ပါသည်။

ရောင်ဖုံးက ကဝေမပေးခဲ့သော ကြွေဘူးကလေးကိုကိုင်ကာ ငေးငိုင်နေသည်။

ကြွေဘူးထဲ၌ အနီရောင်ဆေးလုံးလေး တစ်လုံးရှိနေ၏။

ထိုဘူးသည် အဆိပ်ဖြေဆေးဖြစ်ကြောင်း ထင်ရှားသည်။

ကဝေမက သူ့အားအဘယ်ကြောင့် ကူညီခဲ့ရပါသနည်း။

ရောင်ဖုံးသည် ကဝေမ၏ မျက်လုံးများကို မြင်ယောင်လာ

လေသောအခါ ရင်ထဲထိတ်ခနဲဖြစ်သွား၏။

ကဝေမက သူအပေါ် သံယောဇဉ်ငြိတွယ်နေကြောင်း ထင်ရှားပေါ်လွင်နေသည် မဟုတ်လား။

ထို့ကြောင့်လည်း သူ၏အသက်ကို ကယ်တင်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ရှောင်ဖုံး တွေးတောစဉ်းစားနေစဉ်

"ဝုန်း"

"အမယ်လေး"

"သေပါပြီဗျ"

အဝေးမှ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှောင်ဖုံး ချက်ချင်းသတိဝင်လာကာ အော်ဟစ်သံများ ထွက်ပေါ်ရာဘက်သို့ ပြေးသွားလိုက်၏။

သစ်ပင်ချုံနွယ်များကြားမှ ဖြတ်သွားပြီး စမ်းချောင်းလေး တစ်ခုကိုဖြတ်ကျော်ပြီးသောအခါ မြေပေါ်၌လဲကျ သေဆုံးနေသော အလောင်းများကို တွေ့လိုက်ရလေသည်။

"ဟင်"

အလောင်းများကို စစ်ဆေးလိုက်လျှင် မကြာသေးမီကဆန့်ပြုက်ဆိုင်ရှေ့မှ ဖြတ်သန်းသွားသော ပျံလွှားဂိုဏ်းသားများဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ပျံလွှားဂိုဏ်းသားများအား သွေးမိစ္ဆာဂိုဏ်းမှ တိုက်ခိုက်ကြခြင်းဖြစ်လေသည်။

ရှောင်ဖုံးသည် ပျံလွှားဂိုဏ်းချုပ်စုအိမ်းအတွက် အထူးပူပန်သွားလေသည်။

"ဂိုဏ်းချုပ်ကြီးက သက်တော်စောင့် အနည်းငယ်နဲ့ ဒီလမ်းကဖြတ်သွားမှာကို သွေးမိစ္ဆာဂိုဏ်းကလူတွေ သိသွားလို့ကြားဖြတ် လုပ်ကြံကြတာပဲဖြစ်မယ်"

ပျံလွှားဂိုဏ်းချုပ်အား ကူညီလိုစိတ်များ ဖြစ်ပေါ်လာကာ ရှေ့ဆက်ပြေးသွားရာ မကြာပါချေ တိုက်ပွဲတစ်ခုပြင်းထန်စွာဖြစ်ပွားနေသည်ကို တွေ့လိုက်ရလေသည်။

ပျံလွှားဂိုဏ်းချုပ်စုအိမ်းနှင့် သက်တော်စောင့်များအား သွေးမိစ္ဆာဂိုဏ်းသားများက ဝိုင်းရံတိုက်ခိုက်နေကြခြင်း ဖြစ်လေသည်။

တိုက်ပွဲကား ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါတော့သည်။

"အား"

"အမယ်လေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်နေ၏။

ပျံလွှားဂိုဏ်းသားတစ်ယောက် လဲကျသွားလျှင် သွေးမိစ္ဆာဂိုဏ်းသားသုံးယောက်လည်း လဲကျသွားလေသည်။

ပျံလွှားဂိုဏ်းသားများသည် ဂိုဏ်းချုပ်အားကာကွယ်ရန် ရွပ်ရွပ်ခွာခွာ တိုက်ခိုက်ကြပါသော်လည်း အင်အားချင်းကွာခြားနေသောကြောင့် တဖြည်းဖြည်းအရေးနိမ့် လာလေသည်။

ရှောင်ဖုံးက ဟိုဟိုသည်သည်ကြည့်လိုက်ရာ ငွေရောင်ဝတ်ဆင်ထားသော ပျံလွှားဂိုဏ်းချုပ်စုအိမ်းနှင့် ခရမ်းရောင်ဝတ်ဆင်ထားကြသောအဆိပ်သိုင်းသမား ညီအစ်ကို ကျန်းစန်းနှင့်ကျန်းယီတို့နှစ်ယောက်က သွေးမိစ္ဆာဂိုဏ်းသားများနှင့်အတူ ဝိုင်းရံတိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရလေသည်။

ပျံလွှားဂိုဏ်းချုပ်စုအိမ်းကား ထိပ်သီးသိုင်းသမားကြီးပီပီ သွေးမိစ္ဆာဂိုဏ်းသားများကို အမှုမထားချေ။

သူ၏ လက်ဝါးရိုက်ထုတ်လိုက်သည်နှင့်

"ဝုန်း"

"အမယ်လေး"

သွေးမိစ္ဆာဂိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် အဝေးသို့လွင့်စဉ်သွားကြလေတော့သည်။

ကျန်းစန်းကျန်းယီတို့ညီအစ်ကိုနှစ်ယောက်က ဝဲယာတစ်ဖက်တစ်ချက်မှ နေရာယူကာ ဂိုဏ်းချုပ်စုအိမ်းအား ဝင်ရောက်တိုက်ခိုက်နေ၏။

သို့တိုင် ဂိုဏ်းချုပ်စုအိမ်း၏ ပြင်းထန်သော လက်ဝါးရိုက်ချက်များကြောင့် အနီးသို့မကပ်နိုင်အောင် ဖြစ်နေကြလေတော့သည်။

သို့သော် ဂိုဏ်းချုပ်စုအိမ်းအား လုပ်ကြံရန်ဆုံးဖြတ်ထားသူများဖြစ်ရကား လွယ်လွယ်နှင့် အလျှော့မပေးကြချေ။

သိုင်းပညာဖြင့် မယှဉ်နိုင်သည့်အဆုံး အဆိပ်ပညာကို ထုတ်ဖော် အသုံးပြုလိုက်ကြလေသည်။

"ဝုန်း...ဝုန်း"

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာ၏။

ပန်းရောင်အခိုးအငွေ့များ ထွက်ပေါ်လာကာ ဂိုဏ်းချုပ်စုအိမ်းအား လွှမ်းခြုံသွားလေသည်။

ဂိုဏ်းချုပ်စုအိမ်း ကဗျာကယာနောက်သို့ ခုန်ဆုတ်လိုက်သည့်တိုင် အဆိပ်အခိုးအငွေ့များကို ရှုရှိုက်မိသွားရာ

"အဟွတ် ဟွတ်"

ချောင်းတဟွတ်ဟွတ်ဆိုးကာ မျက်ရည်များကျဆင်းလာတော့သည်။

ချက်ချင်းပင်မြေပေါ်ထိုင်ချကာ အတွင်းအားဖော်ထုတ်၍ အဆိပ်ခိုးများကို မွေးညှင်းမေါက်များမှ တစ်ဆင့်ညှစ်ထုတ်ပစ်ရန် ကြိုးစားလိုက်လေသည်။

ပျံလွှားဂိုဏ်းသားများက ချက်ချင်းပင်အနီးသို့ စုရုံးရောက်လာကြပြီး ဂိုဏ်းချုပ်စုအိမ်းအား အကာအကွယ်ပေးထားလိုက်ကြလေသည်။

သို့သော်

"ဝုန်း ဝုန်း"

ကျန်းစန်းနှင့်ကျန်းယီတို့ ညီအစ်ကိုနှစ်ယောက်က အဆိပ်အားဖောက်ခွဲလိုက်လျှင်

"အား"

"အမယ်လေး"

"သေပါပြီဗျ"

ပျံလွှားကိုဏ်းသားများ တစ်ယောက်ပြီးတစ်ယောက် အဆိပ်မိကာ လဲကျသွားကြလေတော့သည်။

ရှောင်ဖုံးမနေနိုင်တော့ချေ။

"ရပ်လိုက်"

အော်ငေါက်ကာ တိုက်ပွဲအတွင်းသို့ ပြေးဝင်သွားသည်။

ရုတ်တရက်မို့ ကျန်းစန်းတို့ညီအစ်ကို ရင်ထိတ်ကာ နောက်ဆုတ်လိုက်ကြသည်။

ရှောင်ဖုံးက ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဂိုဏ်းချုပ်အိမ်းအား ပွေ့ထူကာ ပခုံးပေါ်ထမ်းပြီး ထွက်ပြေးသွားတော့သည်။

ရှောင်ဖုံး ခပ်လှမ်းလှမ်းသို့ ရောက်သွားတော့မှ ကျန်းစန်းနှင့်ကျန်းယီတို့ သတိဝင်လာကြပြီး

"မပြေးနဲ့"

အော်ငေါက်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွားကြလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

ရှောင်ဖုံးသည် ဂိုဏ်းချုပ်စုအိမ်းအား ပခုံးပေါ်ထမ်းကာ ပြေးခဲ့လေသည်။

သို့သော်

"မပြေးနဲ့"

ကျန်းစန်းတို့ညီအစ်ကို နှစ်ယောက်က အော်ငေါက်ရင်း တစ်ဟုန်ထိုး ပြေးလိုက်လာကြရာ လွတ်အောင်ပြေးနိုင်တော့မည်မဟုတ်ကြောင်း နားလည်လိုက်လေသည်။

"ဒုက္ခပဲ"

ရှောင်ဖုံးညည်းတွားမိလေသည်။

မတတ်သာသည့်အဆုံး ဂိုဏ်းချုပ်စုအိမ်းအား မြေပေါ်သို့ချကာ ကျန်းစန်းတို့ညီအစ်ကိုနှင့် ရင်ဆိုင်ရန်ဟန်ပြင်လိုက်လေသည်။

ထိုစဉ်

"ရှင်တို့ညီအစ်ကို ထင်တိုင်းကျလို့ ရမယ်ထင်ရင်မှားသွားလိမ့်မယ်"

စူးရသောအသံနှင့်အတူ လူရိပ်နှစ်ခု ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့လိုက်ရလေသည်။

ရိပင်းနှင့်ရိစွေတို့ ညီအစ်မနှစ်ယောက် ရောက်လာကြခြင်းဖြစ်သည်။

ကျင်းစန်းက

"မင်းတို့ ဘာဝင်ရှုပ်မလို့လဲ"

မကျေမနပ်ပြောလိုက်၏။

ရီပင်းက

"ဝင်ရှုပ်တာမဟုတ်ဘူး၊ ဂိုဏ်းချုပ်စုအိမ်းကို လွှတ်လေ လိုက်ရမယ်"

"ဘာ"

"ဒါ သွေးမိစ္ဆာဂိုဏ်းချုပ်ရဲ့ အမိန့်ပဲ"

ကျန်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မယုံဘူး၊ ဂိုဏ်းချုပ်ကြီးက ပျံလွှားဂိုဏ်းကိုချေမှုန်းပစ်ဖို့ ကျုပ်တို့ကို အမိန့်ပေးထားပြီးပြီ"

ရီပင်းက ခါးထောက်ကာရန်တွေ့လိုက်လေသည်။

"ကျွန်မတို့ ဆရာဟာ ရှင်တို့ထက်ရာထူးမြင့်တယ်ဆိုတာ ရှင်တို့မေ့နေပြီလား၊ ဆရာ့အမိန့်ကိုမနာခံဘူးဆိုရင် ရှင်တို့အပြင်းပေးခံရလိမ့်မယ်"

ကျန်းစန်းတို့ညီအစ်ကိုနှစ်ယောက် အချင်းချင်းကြည့်လိုက်ကြ၏။

ရီပင်းတို့ဆရာသည် သွေးမိစ္ဆာဂိုဏ်းချုပ်၏ အားထားရသောလက်ရုံးတစ်ဆူဖြစ်ပြီး သွေးမိစ္ဆာဂိုဏ်း၌ တွင်ကျယ်သူ ဖြစ်နေသည်မဟုတ်လား။

ကျန်းစန်းတို့ တွေဝေနေသည်ကို အခွင့်ကောင်းယူကာ ရီပင်းက အော်ပြောလိုက်လေသည်။

"ရှင်တို့ထွက်မသွားကြသေးဘူးလား၊ အပြစ်ပေးခံချင်ကြပြီထင်တယ်"

ကျန်းစန်း မကျေမနပ်ဖြစ်သွားသော်လည်း ဘာမှမပြောဘဲ

ခေနဲ့လှည့်ထွက်သွားလေသည်။

ကျန်းယီလည်း ဘာမှမပြောဘဲ လိုက်ပါသွားလေတော့သည်။

ကျန်းစန်းတို့ ထွက်သွားကြပြီဖြစ်လေသည်။

ရီပင်းဝမ်းသာသွားသည်။

သူမရှေ့တိုးလာဖြီး ပြောလိုက်သည်။

"ရှင်တို့ဒီနေရာက မြန်မြန်ထွက်သွားကြရင်ကောင်းမယ်"

ရှောင်ဖုံးက လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်၏။

"ကျုပ်တို့ကိုကူညီတာ ကျေးဇူးပါပဲဗျာ၊ မင်းတို့ရဲ့ကျေးဇူးကိုမမေ့ပါဘူး"

ရီစွေရယ်မောလိုက်သည်။

"ကျန်းစန်းတို့ကို ကြာကြာလိမ်ညာလို့ရမှာမဟုတ်ဘူးဆိုတာ ရှင်တို့ဒီနေရာက အမြန်ဆုံးထွက်သွားကြရင်ကောင်းမယ်၊ ကျွန်မတို့ကိုအသိအမှတ်ပြုတယ်ဆိုရင် ကျေနပ်ပါပြီရှင်"

ရှောင်ဖုံးက ဂိုဏ်းချုပ်စုအိမ်းအား လှမ်းကြည့်လိုက်၏။

ဂိုဏ်းချုပ်စုအိမ်းက မြေပေါ်၌တင်ပျဉ်ခွေထိုင်ကာ အတွင်းအားဖော်ထုတ်ပြီး အဆိပ်များညှစ်ထုတ်နေသည်ကို တွေ့လိုက်ရလေသည်။

ယခုအချိန်တွင် ဂိုဏ်းချုပ်စုအိမ်းအား သွားရောက်ဖေးမည်ဆိုပါက အတွင်းအားဖောက်ပြန်ကာ အသက်အန္တရာယ်စိုးရိမ်ရကြောင်းနားလည်လိုက်၏။

ပထမတစ်ကြိမ်က ကျန်းစန်းတို့အန္တရာယ်ရှိနေ၍ အတင်း

ဝင်ပြီး ပွေ့ချီကာထွက်ပြေးလာမိခြင်းဖြစ်သည်။

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"ခုလောလေဆယ်တော့ ထွက်သွားလို့မဖြစ်သေးဘူး ဂိုဏ်းချုပ်စုအိမ်းရဲ့ အခြေအနေက မင်းတို့မြင်တဲ့အတိုင်းပဲ"

ရီပင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် ကျန်းစန်းတို့ကို ကြာကြာလိမ်လို့မရဘူး"

ရီစွေက

"မမ ကျွန်မတို့သွားကြမယ်၊ ကျန်းစန်းတို့ညီအစ်ကိုပြန်မလာနိုင်အောင် ဟန့်တားကြမယ် မကောင်းဘူးလား"

ရီပင်း ခေါင်းညိတ်လိုက်၏။

"ညီမလေးရဲ့ အကြံကောင်းတယ်၊ ကဲသွားကြမယ်"

ပြောပြီးထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံများ ထွက်ပေါ်လာကာ ကျန်းစန်းတို့ညီအစ်ကို ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ကျန်းစန်းက တဟားဟားရယ်မောလိုက်လေသည်။

"ရီပင်း မင်းတို့ညီအစ်မနှစ်ယောက်က ကျုပ်တို့ကိုလှည့်စားချင်ပေမယ့် မရတော့ပါဘူးကွာ"

ရီပင်းက ခါးထောက်ကာ ရန်တွေ့လိုက်၏။

"ဘာလဲ ရှင်တို့က ကျွန်မရဲ့ဆရာကိုတောင် ဂရမစိုက်ကြတော့ဘူးလား"

ကျန်းစန်း ပခုံးတွန့်လိုက်သည်။

"ကျုပ်တို့က မင်းရဲ့ဆရာကိုလေးစားပါတယ်၊ ဒါပေမယ့် အခုကိစ္စမှာ မင်းရဲ့ဆရာမပါဘဲ မင်းတို့ရဲ့သဘောအတိုင်း ရန်သူတွေဘက်က ကူညီနေတာ ထင်ရှားနေတာပဲ"

"ဘာရှင့်"

"သွေးမိစ္ဆာဂိုဏ်းဟာ ပျံလွှားဂိုဏ်းကို ချေမှုန်းပစ်ပြီး ပျံလွှားတောင်ကိုသိမ်းပိုက်ဖို့ ကြိုးစားနေတာကို လူတိုင်းသိကြတာပဲ အခုပျံလွှားဂိုဏ်းချုပ်ကို ရှင်းပစ်နိုင်တော့မယ့် အခြေအနေကိုရောက်တော့မှ နောက်ဆုတ်လိုက်ရမယ်ဆိုတာ ဘယ်မှာအဓိပ္ပါယ်ရှိမှာလဲ မင်းတို့ရဲ့ဆရာကော တို့ဂိုဏ်းချုပ်ကြီးကော ဒီလိုလုပ်ဖို့ အမိန့်ပေးမှာမဟုတ်ဘူး၊ မင်းတို့သဘောနဲ့ မင်းတို့လုပ်နေတာ ထင်ရှားနေတာပေါ့"

ရီစွေက ရန်တွေ့လိုက်၏။

"ကျွန်မတို့သဘောနဲ့ ကျွန်မတို့လုပ်တယ်ဆိုရင်ကော ရှင်ဘာလုပ်ချင်လဲ"

ကျန်းစန်း ခေါင်းခါယမ်းလိုက်၏။

"မင်းတို့ကိုဘာမှ မလုပ်ပါဘူး၊ ဒါပေမယ့် ပျံလွှားဂိုဏ်းချုပ်ကိုတော့ ရှင်းပစ်ရလိမ့်မယ်"

စကားဆုံးလျှင် ဂိုဏ်းချုပ်စုအိမ်းထံသို့ လှမ်းသွားလိုက်သည်။

"ရပ်လိုက်"

ရှောင်ဖုံးကရှေ့သို့ခုန်ထွက်ကာ ဟန့်တားလိုက်လေသည်။ ရီပင်းတို့ညီအစ်မနှစ်ယောက်ကလည်း ခုန်ထွက်လာကြလေသည်။

ကျန်းစန်း၏မျက်နှာ ခက်ထန်တင်းမာသွားလေသည်။

"ကျုပ်ကို နောက်ယက်လာရင် ဘယ်သူ့ကိုမှချမ်းသာပေးမှာမဟုတ်ဘူး"

ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

ရီပင်းက

"ကျွန်မတို့ကကြောက်နေရမှာလား"

စကားဆုံးလျှင် သူမကပင်စတင်တိုက်ခိုက်လိုက်လေသည်။

"ယား"

ရီစွေလည်းငြာသံပေးကာ ခုန်ဝင်လိုက်သည်။ ရီပင်းတို့ညီအစ်မနှစ်ယောက်က ကူညီကြသဖြင့် ရှောင်ဖုံးလက်ပိုက်ကြည့်မနေနိုင်တော့ချေ။

"ခင်ဗျားတို့ မတရားလုပ်တိုင်းရမယ်ထင်ရင် မှားသွားမယ်"

အော်ပြောရင်း ရီပင်းတို့ညီအစ်မနှစ်ယောက်နှင့် လက်တွဲကာ ကျန်းစန်းတို့အား ရင်ဆိုင်လိုက်လေသည်။ ကျန်းစန်းနှင့်ကျန်းယီတို့ကလည်း ဒေါသဖြစ်သွားသည့်အလျောက် ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ကြလေသည်။

"မင်းတို့ညီအစ်မနှစ်ယောက် နောက်ယှက်လို့ ဆုံးမရတာ ကျုပ်တို့အပြစ်မရှိဘူး"

"မင်းတို့ ဘာတတ်နိုင်မှာမို့လဲ"

သူတို့၏သိုင်းပညာ ထိပ်တန်းရောက်ပြီဖြစ်ရကား ရှောင်ဖုံးနှင့်ရီပင်းတို့ပေါင်းကာ ရင်ဆိုင်သော်လည်း မယှဉ်နိုင်ပါချေ။

ထိပ်တိုက်တွေ့လျှင်

"ဝုန်း"

"အမယ်လေး"

ရှောင်ဖုံးတို့ အဝေးသို့လွင့်စဉ်သွားကြလေသည်။

"ဟား ဟား ဟား"

ကျန်းစန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းတို့ဘာတတ်နိုင်သေးလဲ"

မှန်ပေသည်။

ရှောင်ဖုံးတို့မှာ ဂိုဏ်းချုပ်စုအိမ်းအား ကာကွယ်စောင့်ရောက်ဖို့ မတတ်နိုင်ကြတော့ချေ။

"သေစမ်း"

ကျန်းစန်းကအော်ငေါက်ရင်း ဂိုဏ်းချုပ်စုအိမ်းထဲသို့ပြေးဝင်သွားလေသည်။

ကျန်းယီလည်း ထက်ကြပ်မကွာ လိုက်သွား၏။

ထိုစဉ်

"ဝုန်း"

ဂိုဏ်းချုပ်စုအိမ်းက တင်ပျဉ်ခွေထိုင်ရာမှ ရုတ်တရက်

ခုန်ထလာပြီး ကျန်းစန်းတို့အား လက်ဝါးနှင့်ရိုက်ချပစ်လိုက်လေတော့သည်။

မမျှော်လင့်သော ဖြစ်ရပ်ဖြစ်ပေါ်လာခြင်းပင်

"ဝုန်း"

"အား"

ကျန်းစန်းတို့ညီအစ်ကိုနှစ်ယောက် စူးရှစွာ အော်ဟစ်ရင်း အဝေးသို့လွင့်စဉ်သွားကာ မြေပေါ်လဲကျသွားလေတော့သည်။

"ဟင်"

"ဟာ"

ရှောင်ဖုံးတို့အံ့သြသွားလေသည်။

ကျန်းစန်းတို့ညီအစ်ကိုနှစ်ယောက်မှာ မြေပေါ်လဲကျကာ တုတ်တုတ်မျှ မလှုပ်တော့ချေ။

ဂိုဏ်းချုပ်စုအိမ်းက ပြတ်ပြတ်သားသား အနိုင်ယူလိုက်ခြင်း ဖြစ်လေသည်။

ရုတ်တရက်

"ဝုန်း"

ဂိုဏ်းချုပ်စုအိမ်း မြေပေါ်လဲကျသွားတော့သည်။

"ဟင် ဂိုဏ်းချုပ်ကြီး"

ရှောင်ဖုံး ကဗျာကယာပြေးသွားပြီး ဖေးမလိုက်၏။

ဂိုဏ်းချုပ်စုအိမ်း သတိလစ်နေလေသည်။

ရီပင်း သက်ပြင်းချလိုက်၏။

"ဂိုဏ်းချုပ်ကြီးဟာ အဆိပ်မိထားတဲ့ကြားက ရန်သူကို

ရင်ဆိုင်လိုက်ရလို့ အခုလိုဖြစ်သွားတာပါ သမားတော်ဆီကိုအမြန်မီ ပို့ပေးနိုင်မှဖြစ်မယ်"

ထိုစဉ် အဝေးမှပြေးလွှားလာသော ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရီစွေ စိုးရိမ်သွားလေသည်။

"သွေးမိစ္ဆာဂိုဏ်းသားတွေလာနေကြပြီ သူတို့ကို ကျွန်မသည့်စားထားလိုက်မယ် ဂိုဏ်းချုပ်ကြီးကို ရှင်ပြန်ခေါ်သွားပါ"

ရှောင်ဖုံးလည်း အချိန်မဆွဲဝံ့တော့ချေ။

"ကောင်းပြီ"

ချက်ချင်းပင် ဂိုဏ်းချုပ်စုအိမ်းအား ပခုံးပေါ်ထမ်းကာ ပြေးလွှားသွားလေတော့သည်။

နေဝန်းနီမှာ အနောက်ဘက်တွင်ငုတ်လျှိုးပျောက်ကွယ်သွားတော့မည်ဖြစ်ပါသည်။

ဆည်းဆာရောင်ခြည်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။

သို့သော်

ရှောင်ဖုံးမှာ သဘာဝအလှအပများကို၊ မခံစားနိုင်အောင် ဖြစ်နေပါသည်။

ဂိုဏ်းချုပ်စုအိမ်းအား ပခုံးပေါ်ထမ်းကာ ပြေးလွှားနေရသည်မဟုတ်ပါလား။

ပြေးရင်းလွှားရင်း ကျောက်တုံးကျောက်ဆောင် ပေါများသည့်တောင်ကြားလမ်းအတွင်းသို့ ရောက်ရှိလာလေသည်။

ထိုအချိန်တွင်

"အင်း အင်း"

ဂိုဏ်းချုပ်စုအိမ်းထံမှညည်းတွားသံ သဲ့သဲ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရောင်ဖုံး ခြေလှမ်းရပ်လိုက်သည်။

ဂိုဏ်းချုပ်စုအိမ်းအား မြေပေါ်ချကာ ပြုစုပေးလိုက်လေသည်။

"အင်း"

ဂိုဏ်းချုပ်စုအိမ်း မျက်လုံးဖွင့်လာ၏။

သူ၏မျက်လုံးများ ရီဝေနေကာ မောဟိုက်နေသည်။

အသက်ရှူသံ မမှန်တော့ပါ။

"ဟာ"

ရောင်ဖုံးက လွှတ်ခနဲညည်းမိလေသည်။

ဂိုဏ်းချုပ်စုအိမ်း ယဲ့ယဲ့ပြုံးလိုက်သည်။

"မင်း စိုးရိမ်သွားတယ်ဟုတ်လား"

ရောင်ဖုံး သက်ပြင်းချလိုက်၏။

"ဂိုဏ်းချုပ်ကြီးကို သမားတော်ဆီကို အရောက်ပို့ပေးပါ့မယ်ခင်ဗျာ"

ဂိုဏ်းချုပ်စုအိမ်းက လက်မခံပါ။

"မဖြစ်နိုင်တော့ပါဘူးကွာ အခြေအနေကို ငါသိပါတယ် မင်းကိုနောက်ဆုံးအနေနဲ့ မှာခဲ့ချင်တယ်"

"ဟုတ် ဟုတ်ကဲ့ ပြောပါခင်ဗျာ"

ဂိုဏ်းချုပ်စုအိမ်းက ရောင်ဖုံးအား စိုက်ကြည့်လိုက်၏။

"မင်းဟာ လူတော်လူကောင်း စာစ်ယောက်ဖြစ်တယ်ဆိုတာငါရိပ်မိတယ် သွေးမိစ္ဆာဂိုဏ်းကိုချေမှုန်းချင်တဲ့ မင်းရဲ့သဘောထားကို ငါသဘောကျတယ် ငါကိုယ်တိုင်ကတော့ သူတို့ကိုဟန့်ဘားဖို့ ကြိုးစားနိုင်တော့မှာမဟုတ်ဘူး ဒါကြောင့်မင်းက ငါ့ကိုယ်စား ပျံလွှားဂိုဏ်းကိုဦးဆောင်ပြီး သွေးမိစ္ဆာဂိုဏ်းကို ဆက်ပြီးရင်ဆိုင်သွားစေချင်တယ်"

"ဗျာ"

ဂိုဏ်းချုပ်စုအိမ်း၏ စကားကြောင့် ရောင်ဖုံးပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

ဂိုဏ်းချုပ်စုအိမ်းက အင်္ကျီရင်ဘတ်ကြားမှ ဂိုဏ်းချုပ်အသိမ်းအမှတ်အလံကို ထုတ်ယူလိုက်လေသည်။

"ဒီအလံကိုယူပြီး ပျံလွှားတောင်ကိုသွားပါ ပျံလွှားဂိုဏ်းကိုဦးဆောင်ပါ ဟိုမှာကျန်ရစ်ခဲ့တဲ့ ကျုပ်ရဲ့တပည့်ဟာ မိန်းမတစ်ယောက် ဖြစ်နေတယ် သူ့ထက်စာရင် မင်းဦးဆောင်တာ ပိုကောင်းလိမ့်မယ်"

"ကျွန်တော်"

ရောင်ဖုံး အခက်ကြုံနေ၏။

ဂိုဏ်းချုပ်စုအိမ်း၏ မျက်နှာဖြူဖတ်ဖြူလျော့ ဖြစ်လာလေသည်။

"သွေးမိစ္ဆာဂိုဏ်းကိုဖြိုခွဲ"

စကားဆုံးအောင်မပြောနိုင်တော့ဘဲ နှုတ်ခမ်းထောင့်မှ

သွေးများယိုစီးကျလာတော့သည်။

"ဂိုဏ်းချုပ်ကြီး"

ရှောင်ဖုံး ကဗျာကယာ ဖေးမလိုက်စဉ်မှာပင် ဂိုဏ်းချုပ်၏ အိမ်မှာ ခေါင်းဝိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

ဂိုဏ်းချုပ်စုအိမ်း သေဆုံးသွားပြီဖြစ်သည်။

ရှောင်ဖုံးက ကောင်းမွန်စွာ မြုပ်နှံသင်္ဂြိုလ်ပေးလိုက်ပြီးဖြစ်လေသည်။

သူ၏လက်ထဲ၌ ဂိုဏ်းချုပ်အထိမ်းအမှတ်အလံရှိနေ၏။ အဲ့ဩစရာကောင်းလောက်အောင်ပင် ပျံလွှားဂိုဏ်းချုပ်ဘဝ ရောက်သွားရပြီ မဟုတ်လား။

"မဖြစ်သေးပါဘူး ပျံလွှားဂိုဏ်းကိုသွားပြီး အကျိုးအကြောင်းရင်းပြဦးမှပါပဲ"

ထိုစဉ်

"ဘယ်သူလဲ"

မိုးခြိမ်းသံပမာ ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရုတ်တရက်မို့ ရှောင်ဖုံးလန့်ဖြန့်သွားလေသည်။

ပတ်ဝန်းကျင်ကို ကဗျာကယာဝေ့ကြည့်လိုက်၏။

အမှောင်ရိပ်ကျရောက်လာပြီဖြစ်သော်လည်း အနီးပတ်ဝန်းကျင်ကို ကောင်းစွာတွေ့မြင်နေရပါသေးသည်။

မည်သူတစ်ဦးတစ်ယောက်မှ ရှိမနေပါချေ။

ရှောင်ဖုံး မယုံနိုင်အောင်ဖြစ်နေ၏။

"ငါ နားကြားလွဲတာများလား၊ မဖြစ်နိုင်ပါဘူး၊ ဒီလောက် ကျယ်လောင်တဲ့ အသံကြီးကို နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာပဲ"

သူတွေးတောနေစဉ်

"ဟေ့ ဒီအနီးအနားကို ရောက်လာတာ ဘယ်သူလဲပြောစမ်း"

ခက်ထန်သော စကားသံကထွက်ပေါ်လာပြန်သည်။

ယခုတစ်ကြိမ် အရှေ့ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ရှောင်ဖုံး ကောင်းစွာ သတိပြုမိလိုက်သဖြင့်

"ဘယ်သူလဲ"

ဟုပြန်မေးမိလိုက်လေသည်။

အသံရှင်က

"ငါဘယ်သူလဲဆိုတာ အရေးမကြီးဘူး မင်းလာခဲ့စမ်း"

ရှောင်ဖုံးအား အမိန့်ပေးလေသည်။

ရှောင်ဖုံး ခံပြင်းသွား၏။

"ခင်ဗျားကကော ဘယ်သူလဲ ခင်ဗျားခေါ်တိုင်း လာရမှာလားဗျ"

"ဘာကွ မင်းသေချင်ပြီထင်တယ်"

"ကျုပ်အကြောင်းသိချင်ရင် ခင်ဗျားထွက်လာခဲ့ပေါ့ဗျာ"

ရှောင်ဖုံးက အန္တရာယ်နှင့်ရင်ဆိုင်နေရပြီး မထူးတော့ဟုသဘောပိုက်ကာ စိမ်ခေါ်လိုက်လေသည်။

အသံကတိတ်ဆိတ်သွားသည်။

ရှောင်ဖုံးက အခြေအနေစောင့်ကြည့်နေလိုက်သည်။

အတော်လေးကြာတော့မှ

"မင်း ဘယ်သူဘဲဖြစ်ဖြစ် ကျုပ်ဆီကိုလာခဲ့ပါ မင်းအတွက် အကျိုးမယုတ်စေရပါဘူး"

စကားသံထွက်ပေါ်လာပြန်သည်။

ယခုတစ်ကြိမ်....

စကားသံများ ခက်ထန်မောက်မာခြင်း မရှိတော့ဘဲ နူးညှံ့ပျော့ပျောင်းသွားသည်။

တောင်းပန်တိုးလျှိုးလိုက်သည့် လေသံမျိုးဖြစ်သွား၏။

ရှောင်ဖုံး မျက်မှောင်ကုပ်သွားသည်။

"ဒီအသံမျိုး ငါကြားဖူးပါတယ်"

ကြားဖူးသည်ထင်မိသော်လည်း မည်သည့်နေရာ၌ ကြားဖူးကြောင်း စဉ်းစားမရပါချေ။

"ဘာပဲဖြစ်ဖြစ် အမှန်အတိုင်းသိရအောင် သွားကြည့်တာမမှားဘူး"

ဟူ၍တွေးကာ ရှေ့သို့လှမ်းသွားလိုက်လေသည်။

ကျောက်တုံးကျောက်ခဲများကြား၌ ကွေ့ပတ်လျှောက်ရင်းတစ်နေရာသို့အရောက်တွင် ကျောက်တုံးများဖြင့် ကွယ်နေသော ကျောက်ဂူကြီးတစ်လုံးရှိနေသည်ကို တွေ့လိုက်ရလေသည်။

အသံက ထိုကျောက်ဂူကြီးမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ရှောင်ဖုံးက အန္တရာထ်ပေါ်ပေါက်လာလျှင် ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ရင်း လှမ်းမေးလိုက်သည်။

"ခင်ဗျားက ကျောက်ဂူကြီးထဲမှာလား"

"ဟုတ်တယ်"

တုန့်ပြန်သံ ချက်ချင်းထွက်ပေါ်လာသည်။

ရှောင်ဖုံးရှေ့တိုး၍ သေသေချာချာကြည့်လိုက်သောအခါ ကျောက်ဂူပေါက်တစ်ခုကိုတွေ့ရပြီး ဂူပေါက်၌ကြီးမားထူထဲသော သံတိုင်တံခါးတစ်ခုတပ်ဆင်ထားသည်ကို တွေ့ရလေသည်။

သံတိုင်များကြားမှနေ၍ ကျောက်ဂူထဲ၌လူတစ်ယောက်ရှိနေသည်ကိုတွေ့ရလေသည်။

ထိုလူက လက်ရပ်ခေါ်နေခြင်းဖြစ်ပါတော့သည်။

"ဟာ"

ရှောင်ဖုံးမှာ ထိုလူအားတွေ့ရလျှင် ပါးစပ်အဟောင်းသားဖြစ်သွားတော့၏။

ထိုလူမှာ တစ်ချိန်ကသိုင်းလောကအား ထိတ်လန့်သွားစေခဲ့သော ဓားတစ္ဆေဖြစ်နေသည် မဟုတ်လား။

ရှောင်ဖုံး မယုံနိုင်စွာမေးလိုက်၏။

"ဦး ဦးကဘယ်လိုလုပ်ပြီး ဒီမှာလောင်ပိတ်ခံနေရတာလဲ"

ဓားတစ္ဆေသည်လည်း ရှောင်ဖုံးကိုမှတ်မိကာ ဝမ်းသာအား
ရ ဖြစ်သွားလေသည်။

"လက်စသတ်တော့ မင်းကိုး ကောင်းတယ် မင်းကိုတွေ့
တာ ကျုပ်ဝမ်းသာတယ် မင်းပဲကျုပ်ကို ကူညီနိုင်မှာသေချာတယ်

ရှောင်ဖုံး ရှေ့တိုးသွားလိုက်၏။

ဓားတစ္ဆေက

"ကျုပ်ဒုက္ခရောက်နေတာကို တမလွန်ဘဝ ရောက်နေ
ဖြစ်တဲ့ညီမချွေဝါးက မကြည့်ရက်လို့ ကျုပ်ဆီကိုရောက်လာအော
မင်းကိုပို့ဆောင်ပေးလိုက်တာပဲ ဖြစ်ရမယ် ဟား ဟား ဟား

ပြောပြီး သဘောကျစွာ ရယ်မောလိုက်ရာ သူ၏ရယ်သံ
သံကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရှောင်ဖုံးငိုင်သွား၏။

ဓားတစ္ဆေဆိုသော လူဆိုးကြီးက သူ၏မိခင်အားကောင်း
စွာခင်နေသည်မဟုတ်လား။

ဓားတစ္ဆေက ဆက်ပြောလာသည်။

"မင်းက ကျုပ်ကိုကူညီမယ် မဟုတ်လား၊ ကျုပ်ကိုကူညီ
ရင်မင်းရဲ့အမေက သဘောကျမှာပါကွာ"

ရှောင်ဖုံးချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ်ဗျာ၊ ကူညီနိုင်မှာမဟုတ်ဘူး"

စကားဆုံးလျှင် ချာခနဲလှည့်ထွက်ရန် ဟန်ပြင်လိုက်လေ
သည်။

"ဟေ့ ဟေ့ နေပါဦးကွ"

ဓားတစ္ဆေက ထိတ်ထိတ်ပျာပျာဖြင့် ဟန့်တားလိုက်လေ
သည်။

"ကျုပ်က သည်ကျောက်ဂူထဲမှာ တစ်သက်လုံးပိတ်လောင်
နေရတော့မှာ ကျုပ်ကို ကူညီပါကွာ မင်းကူညီမှ အနှောင်အဖွဲ့က
ကျုပ်လွတ်မြောက်နိုင်မှာဗျ"

ရှောင်ဖုံးက

"ဝမ်းနည်းပါတယ်ဗျာ ကျွန်တော်ကူညီနိုင်မှာ မဟုတ်ပါ
ဘူး ဦးဟာအနှောင်အဖွဲ့က လွတ်မြောက်တာနဲ့ သိုင်းလောကသား
တွေကိုလိုက်ပြီး ဒုက္ခပေးဦးမှာပဲ မဟုတ်လား"

ဓားမိစ္ဆာက

"မဟုတ်ပါဘူးကွာ ငါကဘယ်သူကိုမှ ဒုက္ခပေးခဲ့တာမ
ဟုတ်ပါဘူး မင်းမယုံရင် စုံစမ်းကြည့်ပါ တစ်ချိန်က ငါ့အပေါ်သစ္စာ
ဖောက်ပြီး အကောက်ကြံခဲ့တဲ့ လူယုတ်မာတွေကိုသာ ဆုံးမခဲ့တာပါ
ဘဲခြားမဆိုင်တဲ့လူ ဘယ်သူ့ကိုမှ လက်ဖျားနဲ့တောင်တို့ခဲ့တာမ
ဟုတ်ပါဘူး ပြီးတော့ ငါဟာမင်းရဲ့အမေနဲ့မောင်နှမလို ခင်မင်ရင်း
နှီးခဲ့တဲ့ လူတစ်ယောက်ပါ ငါနဲ့ဆုံဖြူရသေ့အကြောင်းကို မင်းအမေ
က ပြောမပြခဲ့ဘူးလား"

ရှောင်ဖုံး မျက်မှောင်ကုပ်သွား၏။

သူ၏မိခင်က အလွန်ရင်နှီးသော မိတ်ဆွေနှစ်ယောက်အ
ကြောင်း ပြောပြဘူးပါသည်။

တစ်ယောက်ရာ ဆံဖြူရသေ့ဖြစ်ပြီး ကျန်တစ်ယောက်မှာ

ဓားဝိဇ္ဇာဖြစ်လေသည်။

"ကျွန်တော်မေမေရဲ့မိတ်ဆွေနှစ်ယောက်ထဲမှာ ဆံဖြူရသေ
ပါဝင်နေတာမှန်တယ် ဒါပေမယ့် ကျန်တဲ့တစ်ယောက်ကဓားဝိဇ္ဇာ
ဓားတစ္ဆေမဟုတ်ဘူး"

ဓားတစ္ဆေက

"အေး ဓားဝိဇ္ဇာဆိုတာ ငါပဲပေါ့ သစ္စာဖောက်တွေကငါ့ကို
အကောက်ကြေးပြီး သေသွားပြီထင်ခဲ့ကြတာ ငါကသေရွာကပြန်လာ
ပြီး တစ္ဆေတစ်ကောင်လို ခြောက်လှန့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့
ဓားတစ္ဆေဆိုတဲ့ အမည်ကိုခံယူလိုက်တာ"

ရှောင်ဖုံး မည်သို့ပြောရမှန်း မသိတော့ပေ။

ဆံဖြူရသေဆိုသောအမည်ကို ဓားတစ္ဆေက ထုတ်ဖော်
ပြောနိုင်သဖြင့် တွေဝေသွားရခြင်းဖြစ်ပါသည်။

ဓားတစ္ဆေက ဆက်ပြောသည်။

"ငါ့ကို ကူညီဖို့ဆိုတာကလဲ ဆံဖြူရသေကို လိုက်ရှာပေး
ဖို့ပါပဲ"

ရှောင်ဖုံး စိတ်ဝင်စားသွားသည်။

"ကျွန်တော် ဘာကြောင့် လိုက်ရှာပေးရမှာလဲ"

"ကျုပ်က နှောင်တရပါပြီ လက်စားချေတဲ့ အလုပ်ကိုမ
လုပ်တော့ပါဘူး ကျုပ်ကိုအနှောင်အဖွဲ့ကလွတ်ပေးဖို့ ပြောပေးရုံပါ
ပဲ"

ဓားတစ္ဆေက အကျိုးအကြောင်း ပြောလေသည်။

ရှောင်ဖုံး အံ့သြသွား၏။

"ဦးကို ခုလိုပိတ်လှောင်ထားလိုက်တာ ဆံဖြူရသေဟုတ်
ားး"

"ဒါပေါ့ကွာ သူငယ်ချင်းဆိုတော့ ကျုပ်ကသူ့ကိုယုံကြည်
ခုလိုပိတ်လှောင်ခံလိုက်ရတာပေါ့ တခြားဘယ်သူကများ ကျုပ်
ပိတ်လှောင်နိုင်မှာလဲ"

"နေပါဦး ဦးကိုပိတ်လှောင်ထားခဲ့တာ အကြောင်းတစ်ခုခု
ကောရှိရမှာပေါ့"

ဓားတစ္ဆေ ခေါင်းညိတ်လိုက်လေသည်။

"ဒါပေါ့ ကျုပ်ကသစ္စာဖောက်တွေကိုလိုက်ပြီး သုတ်သင်
နေတာကို သူကသဘောမကျဘူးလေ ပြီးသွားတဲ့ကိစ္စတွေကိုပြန်ပြီး
အစမဖော်စေချင်ဘူး ကျုပ်ရဲ့လုပ်ရပ်ကို တားမြစ်တဲ့သဘောပဲပေါ့"

ရှောင်ဖုံးက

"ဒါဆို ဆံဖြူရသေရဲ့လုပ်ရပ်က မှန်ကန်နေတာပေါ့"

"ကျုပ်ကလဲ စိတ်လိုက်မာန်ပါလုပ်ခဲ့မိတာကို နောင်တရ
နေပါပြီကွာ ဒါကြောင့် ကျုပ်ကိုကူညီပါ ဆံဖြူရသေကိုရှာပြီးကျုပ်
အကြောင်းကိုပြောပြပေးပါ"

ဓားတစ္ဆေက အကူအညီတောင်းလာလေသည်။

ရှောင်ဖုံး အခက်ကြုံသွားလေသည်။

ဓားတစ္ဆေအား ကူညီသင့်မကူညီသင့် ရုတ်တရက်ဝေခွဲမရ
ဖြစ်သွားလေသည်။

"ကျုပ်ကသိုင်းလောကမှာ နောက်ထပ်တိုက်ခိုက်မှုတွေမ
ဖြစ်ပါစေတော့ဘူးဆိုတာ ကတိပေးခဲ့ပြီးသားကိုး ဒီတော့ကျုပ်ကို ကူညီမယ်မ

ဟုတ်လား"

ဓားတစ္ဆေက တောင်းပန်လာလေသည်။

ရှောင်ဖုံး သက်ပြင်းချလိုက်သည်။

"ဦးပြောတဲ့အတိုင်းဆိုရင်တော့ ကျွန်တော်ကူညီချင်ပါတယ် ဒါပေမယ့်"

"သည်ကျောက်တံခါးကြီးကို ဘယ်သူကမှဖွင့်နိုင်ကြမှာ မဟုတ်ဘူး ဆံဖြူရသေ့ဆီမှာပဲ တံခါးဖွင့်တဲ့သော့ရှိတယ် သူ့ဆီသွားပြီး အကျိုးအကြောင်းပြောပြလိုက်ရင် သူကဖွင့်ပေးမှာပါ"

ထိုစကားကြားလျှင် ရှောင်ဖုံး ဝမ်းသာသွားလေသည်။

ကျောက်ဂူတံခါးကြီးကို သူဖွင့်ပေးစရာမလိုပါချေ။

တံခါးဖွင့်ပေးနိုင်သည့် ဆံဖြူရသေ့ထံသို့သွားကာအကျိုးအကြောင်းပြောပြရုံသာရှိလေသည်။

ဤမျှလောက်ဖြင့် ဘာမှခက်ခဲမည်မဟုတ်ဟုတွေးကာသဘောတူလိုက်လေသည်။

"ဦးသည်လောက်တောင် တောင်းပန်နေရင်လဲ ကျွန်တော်ကူညီပါ့မယ် ဒါပေမယ့် ဦးရဲ့အကြောင်းကို ဆံဖြူရသေ့ဆီကိုသွားပြီး ပြောပြရုံပဲ ပြောပြပေးမှာနော်"

"ဟာ ဝမ်းသာလိုက်တာကွာ"

ရှောင်ဖုံး၏စကားကြောင့် ဓားတစ္ဆေဝမ်းသာသွားလေတော့သည်။

"မင်းကူညီတဲ့ကျေးဇူးကို မမေ့ပါဘူးကွာ မင်းကနားလည်သဘောပေါက်အောင် ရှင်းပြနိုင်ရင် သူကသည်ကိုလာပြီး တံခါးဖွင့်

ပေးမှာပါ ကျုပ်ကိုကူညီတဲ့အနေနဲ့ မင်းအကျိုးမယုတ်စေရပါဘူး မင်းရဲ့အမေက သူ့အပေါ်သစ္စာဖောက်သွားတဲ့ မင်းအဖေကိုရင်ဆိုင်ပြီး မင်းကိုမှာသွားတယ်မဟုတ်လား"

ရှောင်ဖုံး ကုံသြသွားရပြန်သည်။

"ဟင် ဦးဘယ်လိုလုပ်သိတာလဲ"

ဓားတစ္ဆေ ပြုံးလိုက်လေသည်။

"မင်းရဲ့မိဘတွေအကြောင်းကို ငါတို့ကောင်းကောင်းကြီးသိတာပေါ့ကွာ တကယ်တော့ မင်းရဲ့အဖေဟာ သူ့ရဲ့ပညာသင်ညီမကြောင့် ခုလိုဖြစ်ခဲ့ရတာပါ သူမှားတာတွေလဲမှားယွင်းနေပါစေ သူဟာအဖေတစ်ယောက်ပါ မင်းအနေနဲ့ဘာပဲလုပ်လုပ် သေသေချာချာတွေးတောစဉ်းစားပြီးမှ လုပ်ဆင့်တယ်"

ရှောင်ဖုံးကတော့ တစ္ဆေအား စိုက်ကြည့်လိုက်လေသည်။

ဓားတစ္ဆေက ဆက်ပြောလိုက်သည်။

"မင်းအဖေဟာ သိုင်းလောကထဲမှာပဲ ရှိနေသေးတယ်တစ်နေ့ကျရင် မင်းထို့သားအဖနှစ်ယောက်ပြန်ပြီး ဆုံတွေ့နိုင်တာပဲ အဲသည်အချိန်ကျရင် မင်းမှန်မှန်ကန်ကန်တွေးတော ဆုံးဖြတ်နိုင်ဖို့လိုလိမ့်မယ်"

ရှောင်ဖုံး ခေါင်းညိတ်လိုက်လေသည်။

"ကျွန်တော်သတိထားပြီး မမှားအောင်ဆင်ခြင်ပါ့မယ်ခင်ဗျာ"

"ကောင်းတယ် ကောင်းတယ် မင်းဟာလူတော်လူကောင်းလေးတစ်ယောက်ပါပဲ ဒါပေမယ့် ဆံဖြူရသေ့ဆီကို မင်းသည်အ

တိုင်းသွားလို့မရဘူး ကျုပ်နဲ့တွေ့ခဲ့တယ်ဆိုတဲ့ အထိမ်းအမှတ်အနေနဲ့ဟောသည်ပစ္စည်းကလေးယူသွားပါ ဒါမှ သူကလက်ခံလိမ့်မယ်"

ဓားတစ်ဆောက ကြေးမုံပြင်နှင့်တူသော ကျောက်စိမ်းပြားလေး တစ်ခုပေးလေသည်။

ရှောင်ဖုံး လက်ခံလိုက်သောအခါ ထိုကျောက်စိမ်းပြားလေး အပေါ် ရေးဟောင်းအက္ခရာများဖြင့် စာအချို့ရေးထားသည်ကို တွေ့ရလေသည်။

"ကျောက်စိမ်းပြားလေးပေါ်က အက္ခရာတွေဟာ ထိပ်တန်းသိုင်းပညာတစ်ရပ်ကို ရေးသားမှတ်တမ်းတင်ထားတာပဲ ကံတရားက အခွင့်အရေးပေးမယ်ဆိုရင်တော့ မင်းလဲလေ့လာခွင့်ရမှာပါ သည်ကျောက်စိမ်းပြားလေးကို ပေးလိုက်ရင်ကျုပ်နဲ့တွေ့ခဲ့တယ်ဆိုတာကို ဆဲဖြူရသေ့ကလက်ခံလိမ့်မယ်"

"စိတ်ချပါကျွန်တော် ဆဲဖြူရသေ့ကိုရှာဖွေပြီး ကျောက်စိမ်းပြားလေးကို ပေးလိုက်ပါ့မယ်"

ဓားတစ်ဆောမှာ ရှောင်ဖုံးကကူညီမယ်ဆိုခြင်းကြောင့် ဝမ်းသာအားရဖြစ်နေပါတော့သည်။

"ငါ့ကိုကူညီတဲ့အတွက် မင်းအကျိုးမယုတ်ဇရာဘူးလို့ငါပြောခဲ့ပါတယ် မင်းရဲ့သိုင်းပညာနနယ်သေးတာကို ငါသိတယ် ဒါကြောင့် မင်းကိုငါတိတ်ထွင်ထားတဲ့ အကောင်းဆုံးသိုင်းတစ်ကွက်ကို သင်ကြားပေးလိုက်မယ် ဘယ်နယ်လဲ"

ယခုတစ်ကြိမ် ဝမ်းသာသွားရသူမှာ ရှောင်ဖုံးဖြစ်လေသည်။

ထူးဆန်းသောဖိနပ်ကလေး

တောင်ကြားလမ်းသည် အနောက်ဘက်အတောင်ဝေးဝေးတွင် ကျန်ရစ်ခဲ့ပြီဖြစ်ပါသည်။

ရှောင်ဖုံးက သိုင်းလောကသို့ဦးတည်ကာ ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

သူ၏ဖခင်အား ရှာဖွေရန် ရည်ရွယ်ချက်ဖြင့် သိုင်းလောကထဲသို့ ဆင်းလာခဲ့ခြင်းဖြစ်ပြီး ယခုတစ်ဖန် ဆဲဖြူရသေ့ကိုရှာဖွေရမည့်ကိစ္စတစ်ခုတိုးလာပြီ ဖြစ်လေသည်။

ရှောင်ဖုံးက ကျောက်စိမ်းပြားလေးအား သတိရလာ၏။

ဓားတစ်ဆော သူ့အား သိုင်းတစ်ကွက်သင်ကြားပေးခဲ့သည်။

သူ၏သိုင်းပညာကို မြှင့်တင်ပေးသည့် သဘောဖြစ်သည်။

သူ၏သိုင်းပညာတိုးတက်လာမှ ရန်သူများအား ယှဉ်နိုင်လိမ့်မည်ဖြစ်သည်။

သူ၏သိုင်းပညာအဆင့်နိမ့်နေသဖြင့် ရန်သူနှင့်ရင်ဆိုင်တိုက်ရာတွင် အရေးနိမ့်ကာ ဒဏ်ရာရခဲ့သည်မဟုတ်ပါလား။

ယခုတော့ ရှောင်ဖုံး အားတက်လာသည်။

"ငါ့မှာ ထက်မြက်တဲ့ သိုင်းပညာရှိရင် ပျဲလွှားဂိုဏ်းကို ဦးဆောင်ပြီး သွေးမိစ္ဆာဂိုဏ်းကို ဆုံးမနိုင်မှာပဲ"

သိုင်းလေ့ကျင့်လိုစိတ်များ ဖြစ်ပေါ်လာ၏။

ထို့ကြောင့်လည်း ကျောက်စိမ်းပြားလေးကို ထုတ်ယူကြည့်ခဲ့ခြင်းဖြစ်လေသည်။

ကျောက်စိမ်းပြားလေးပေါ်၌ ရေးဟောင်းအက္ခရာများဖြင့် ရေးထားသော သိုင်းစာများရှိနေသည်။

ရှောင်ဖုံးက အတန်ကြာ စစ်ဆေးကြည့်သော်လည်း အဓိပ္ပါယ်မဖော်တတ်ချေ။

ထိုစဉ်

"ဟူး"

အဝတ်အစား လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်။

လူရိပ်တစ်ခု ရုတ်တရက်ထွက်ပေါ်လာသည်ကို တွေ့ရလေသည်။

ထိုလူရိပ်အနီးသို့ ရောက်လာ၏။

"ပေးစမ်း"

ရှောင်ဖုံး၏လက်ထဲမှ ကျောက်စိမ်းပြားလေးကို လုယူသိမ်းလေသည်။

"ဟာ"

ရှောင်ဖုံး လွတ်ခနဲ အော်လိုက်သည်။

ကျောက်စိမ်းပြားလေးမှာ သူတပါးလက်ထဲသို့ ပါသွားပြီမဟုတ်ပါလား။

သေသေချာချာကြည့်လိုက်ရာ လုယူသွားသူမှာ လူပချောမောသော မိန်းမချောလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့ရလေသည်။

"မင်း မင်း"

မိန်းကလေး ရယ်မောလိုက်သည်။

"ရှင့်ရဲ့လက်ထဲမှာဆိုရင် ကျောက်စိမ်းပြားလေးကို စိတ်မချရဘူး သူတစ်ပါးလက်ထဲပါသွားမှာကို စိုးရိမ်ရတယ် ဒါကြောင့် ကျွန်မပဲ သိမ်းဆည်းထားလိုက်ပါ့မယ်ရှင်"

"ပြန်ပေးစမ်း"

ရှောင်ဖုံးက လုယူရန် ဟန်ပြင်လိုက်လေသည်။

မိန်းကလေး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး ကျွန်မသိမ်းထားပါ့မယ် တစ်နေ့ကျရင်ရှင့်ကို ပြန်ပေးပါ့မယ်"

"မင်း မင်း"

"ကျွန်မနာမည်အိချင်းလို့ ခေါ်ပါတယ် မှတ်ထားပါရှင် ကျောက်စိမ်းပြားလေးဟာ တစ်နေ့ရှင့်လက်ထဲကို ပြန်ရောက်လာပါ

လိမ့်မယ် ဘာမှမပူပါနဲ့"

ရောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မလိုချင့်ဘူး ကျုပ်ကိုပြန်ပေး"

ချက်ချင်းပင် အိချင်းဆိုသော မိန်းကလေးအား တိုက်ခိုက်လိုက်လေသည်။

အိချင်းက နောက်ဆုတ်လိုက်သည်။

"ကဲ နောက်တော့တွေ့ကြတာပေါ့"

စကားဆုံးလျှင်ချာခနဲလှည့်ကာပြေးထွက်သွားလေသည်။

"မပြေးနဲ့"

ရောင်ဖုံးက အော်ငေါက်ရင်း ပြေးလိုက်သွားလေသည်။

အိချင်းထွက်ပြေးသွားလေသည်။

"ဟူး ဟူး"

အဝတ်အစား လေတိုးသံများထွက်ပေါ်လာသည်။

အိချင်းမှာ တခဏအတွင်းပင် အဝေးသို့ရောက်ရှိသွားလေသည်။

"မပြေးနဲ့"

ရောင်ဖုံးပြေးလိုက်သွားသော်လည်း ကိုယ်ဖော့ပညာကွာနေသဖြင့် မမီတော့ချေ။

နှစ်ယောက်သား တဖြည်းဖြည်းဝေးသွားကြလေသည်။

နောက်ဆုံးတွင် ရောင်ဖုံးမှာ လိုက်မမီတော့သဖြင့် လက်မှိုင်ချကာ ခြေလှမ်းရပ်လိုက်လေတော့သည်။

ရောင်ဖုံးက ငူငူကြီးရပ်နေမိသည်။

ကျောက်စိမ်းပြားလေး ဆုံးရှုံးသွားပြီဖြစ်သည်။

အိချင်းဆိုသောမိန်းကလေးမှာ မည်သူဖြစ်ပါသနည်း။

အဘယ်ကြောင့် ကျောက်စိမ်းပြားကလေးအား လုယူသွားခဲ့ရပါသနည်း။

"သူဟာ ကျောက်စိမ်းပြားကလေးအကြောင်းကို ကောင်းကောင်းသိထားတဲ့ လူတစ်ယောက်ဖြစ်မယ်"

သူတွေးတောနေစဉ်မှာပင်

"အား"

"အမယ်လေး"

"သေပါပြီဗျ"

အဝေးမှစူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

ရောင်ဖုံးရင်ထိတ်သွားလေသည်။

"တိုက်ပွဲဖြစ်နေတာ ဘယ်သူတွေပါလိမ့်"

သူစိတ်ဝင်စားလာသည်။

တိုက်ခိုက်သံများ ထွက်ပေါ်လာရာသို့ချက်ချင်းပြေးလွှားသွားလိုက်လေသည်။

သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာပြေးလွှားသွားပြီးမကြာမီ ပြင်းထန်သောတိုက်ပွဲ တစ်ခုကိုတွေ့မြင်လိုက်ရလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများနှင့် အဖြူရောင်ဝတ်ဆင်ထားသူများက ပြင်းထန်စွာတိုက်ခိုက်နေကြ၏။

အဖြူရောင်ဝတ်ဆင်ထားသူများသည် ပျဉ်လွှားတစ်ကောင်ပုံပါသောအလံတစ်ခုကို အထိမ်းအမှတ်အဖြစ်အသုံးပြုကာ အနက်ရောင်ဝတ်ဆင်ထားသူများက အရိုးခေါင်းပုံအလံတစ်ခုကို အသုံးပြုလေသည်။

ရှောင်ဖုံး မျက်လုံးပြူးသွားလေသည်။

"ပျဉ်လွှားဂိုဏ်းနဲ့သွေးမိစ္ဆာဂိုဏ်းတို့ ရင်ဆိုင်နေကြပါလား"

သွေးမိစ္ဆာဂိုဏ်းသားများမှာ အင်အားကောင်းပြီး ထင်မြင်သောသိုင်းပညာရှင်များပါဝင်နေကြသည်ကို တွေ့ရလေသည်။

ပျဉ်လွှားဂိုဏ်းသားများအား ချောမောလှပသောမိန်းကလေးတစ်ယောက်က ဦးဆောင်နေသည်။

ထိုမိန်းကလေးမှာ ပျဉ်လွှားဂိုဏ်းချုပ်စုအိမ်းအား ထားရသောလက်ထောက်ခေါင်းဆောင်ဟန်မေ ဖြစ်လေသည်။

ဟန်မေသည် ဂိုဏ်းချုပ်စုအိမ်းလုပ်ကြံခံရသည့်သတင်းကြားရလျှင် ပျဉ်လွှားဂိုဏ်းသားများကိုခေါ်ကာ ချက်ချင်းလိုက်လာခဲ့ခြင်းဖြစ်လေသည်။

သွေးမိစ္ဆာဂိုဏ်းသည် ပျဉ်လွှားဂိုဏ်းကို ချေမှုန်းပစ်ရန် ထောင်ချောက်ဆင်ကာတိုက်ခိုက်နေခြင်း ဖြစ်လေသည်။

ပျဉ်လွှားဂိုဏ်းသားများ ထောင်ချောက်မိကာ မရှုမလှအရေးနှိမ့်နေလေသည်။

ရှောင်ဖုံး လက်ဝိုက်ကြည့်မနေနိုင်တော့ချေ။

"ရပ်လိုက်"

အော်ဟစ်ဟန့်တားလိုက်သည်။

ဂိုဏ်းချုပ်စုအိမ်းပေးထားသည့် ဂိုဏ်းချုပ်အမှတ်အသားအဝံကိုထုတ်ယူကာ ဝှေ့ယမ်းပြလိုက်၏။

"ဟင်"

"ဟာ"

ပျဉ်လွှားဂိုဏ်းသားများအံ့သြသွားကာ ကဗျာကယာနောက်ဆုတ်လိုက်ကြလေသည်။

သွေးမိစ္ဆာဂိုဏ်းသားများသည်လည်း ပျဉ်လွှားဂိုဏ်းချုပ်အဆိမ်းအမှတ်အလံကို တွေ့လိုက်ရသဖြင့် ကိုယ်ရှိန်သပ်ကာ နောက်ဆုတ်လိုက်ကြလေသည်။

အခြေအနေစောင့်ကြည့်နေလိုက်ကြ၏။

ဟုန်မေက ရှောင်ဖုံးအနီးသို့ ချဉ်းကပ်သွား၏။

"ရှင် ဘယ်သူလဲ ဒီအလံကလေးကို ဘယ်ကရတာလဲ"

ရှောင်ဖုံး အကျိုးအကြောင်းရှင်းပြလိုက်လေသည်။

ဟုန်မေ မျက်နှာပျက်သွား၏။

"ဒါ ဒါဆို ဂိုဏ်းချုပ်ကြီးသေဆုံးသွားပြီပေါ့"

"ဟုတ်ပါတယ် ကျုပ်ကိုယ်တိုင်မြင်နဲ့သက်ပြေးခဲ့ရတာပါ"

"ဒုက္ခပါပဲရှင်"

ဟုန်မေကညည်းတွားလိုက်လျှင် ရှောင်ဖုံးလက်ကာပြလိုက်လေသည်။

"ဘာမှမပူပါနဲ့ ပျဉ်လွှားဂိုဏ်းအတွက် ကျုပ်တာဝန်ယူပါ့မယ် ကဲ ဂိုဏ်းသားတွေကိုခေါ်ပြီး နောက်ဆုတ်သွားပါ ကျုပ်နောက်ကလိုက်ခဲ့ပါ့မယ်"

ဟုန်မေက သွေးမိစ္ဆာဂိုဏ်းသားများအား လှမ်းကြည့်လိုက်လေသည်။

"ရှင်တစ်ယောက်တည်းဖြစ်ပါ့မလား"

ရှောင်ဖုံး ပြုံးလိုက်သည်။

"ကျုပ်က ပျံလွှားဂိုဏ်းချုပ်ဖြစ်နေပါပြီ၊ သွေးမိစ္ဆာဂိုဏ်းက် မမှုပါဘူး၊ ပျံလွှားဂိုဏ်းသားတွေခုကွမရောက်ရအောင် မင်းတို့ဆုတ် ခွာသွားကြပါ ပြီးမှ ပျံလွှားတောင်ကို ကျုပ်လိုက်လာခဲ့ပါ့မယ်"

ဟုန်မေက အနည်းငယ်စဉ်းစားပြီးမှ သဘောတူလိုက်၏။

"ကောင်းပါပြီရှင်"

ဟုန်မေသည် ပျံလွှားဂိုဏ်းချုပ်ဖြစ်လာမည့် ရှောင်ဖုံး၏အစွမ်းအစကို အကဲခတ်လိုက်ဟန်ရှိသည်။

ထို့နောက်

"ဂိုဏ်းချုပ်ကြီးကို ပျံလွှားတောင်မှာ စောင့်နေပါ့မယ်ရှင်" ဟုပြောလိုက်၏။

တစ်ဖန်

"အားလုံးသွားကြမယ်"

ပျံလွှားဂိုဏ်းသားများကိုခေါ်ကာ နောက်ဆုတ်သွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

ဟုန်မေ ဦးဆောင်သော ပျံလွှားဂိုဏ်းသားများ နောက်ဆုတ်

ားကြပြီဖြစ်လေသည်။

သွေးမိစ္ဆာဂိုဏ်းမှာ ဟန့်တားခြင်းမရှိချေ။

အခြေအနေ စောင့်ကြည့်နေကြသည်။

ရှောင်ဖုံးက မားမားမတ်မတ်ရပ်နေ၏။

အတော်ကလေးကြာမှ

"မင်းက ပျံလွှားဂိုဏ်းချုပ်အသစ်လား"

သွေးမိစ္ဆာဂိုဏ်းမှ လက်ထောက်ခေါင်းဆောင်တစ်ယောက် မေးမြန်းငင်း ရေ့တိုးလာလေသည်။

"ဟုတ်တယ်"

"ဒါဖြင့် မင်းသေချင်လို့ပဲ ဖြစ်ရမယ်"

"ခင်ဗျား သေချာရဲ့လား"

"သိပ်သေချာတာပေါ့"

လက်ထောက်ခေါင်းဆောင်က ချက်ချင်းပင် တိုက်ခိုက်ဲက်လေသည်။

ရှောင်ဖုံးက ဓားတစ်စွေသင်ကြားပေးလိုက်သောသိုင်းကွက် အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

"ဝိုန်း"

"အား"

စူးရှကျယ်လောင်သောအသံထွက်ပေါ်လာကာ လက် သောက်ခေါင်းဆောင် အဝေးသို့လွင့်စဉ်သွားလေတော့သည်။

"ဟင်"

"ဟာ"

သွေးမိစ္ဆာဂိုဏ်းသားများ ထိတ်လန့်သွားကြ၏။

ပျံလွှားဂိုဏ်းချုပ်အသစ်က လက်စွမ်းပြလိုက်ပြီဖြစ်၍ ထိတ်လန့်သွားကြခြင်းဖြစ်သည်။

သို့သော်

"တိုက်ကြဟေ့"

တစ်ယောက်က လှုံ့ဆော်လိုက်လျှင် သွေးမိစ္ဆာဂိုဏ်းသားများသည် ညာသံပေးကာ ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်။

ရောင်ဖုံးက ဓားတစ်ချောင်းပေးလိုက်သည့် သိုင်းကွက်ပင် အသုံးပြုကာရင်ဆိုင်လိုက်၏။

အများနှင့်တစ်ယောက် ပြင်းထန်သောတိုက်ပွဲဖြစ်ပေါ်လာလေသည်။

"ဝုန်း"

"အား"

"အမလေး"

"သေပါပြီဗျ"

စူးရှသောအော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။

သွေးမိစ္ဆာဂိုဏ်းသားများ ဖုရိဖရဲဖြစ်သွားကြလေသည်။

တစ်ယောက်တည်းသမားဖြစ်သော ရောင်ဖုံးလည်းသာသာသည်တော့မဟုတ်ချေ။

သူ၏ခန္ဓာကိုယ်ပေါ်၌ ဒဏ်ရာဒဏ်ချက်များ တစ်ခုပြီးတစ်ခု ရရှိသွား၏။

ထိုအချိန်မှာပင်

"ဟူး"

လူရိပ်တစ်ခုရောက်ရှိလာပြီး ရောင်ဖုံးအား အလစ်ဝင် ရောက်တိုက်ခိုက်လိုက်လျှင်

"ဝုန်း"

ရောင်ဖုံးမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

✕✕✕ ✕✕✕ ✕✕✕

သွေးမိဆွာဂိုဏ်းချုပ်

မည်မျှအချိန်ကြာသွားမှန်းမသိချေ။

ရှောင်ဖုံး တဖြည်းဖြည်းသတိရလာလေသည်။

သတိရလာပြီဖြစ်သော်လည်း မည်သည့်အရာကိုမျှ သတိမရနိုင်သေးပါ။

အရာအားလုံးသည် သူ၏မှတ်ဉာဏ်၌ ခပ်ဝါးဝါးရှိနေ၏။

သူ၏ဦးနှောက်တစ်ခုလုံးမှာလည်း ရီဝေနောက်ကျိနေ၏။

ဘာတစ်ခုမျှ စဉ်းစား၍မရချေ။

သူသည် ခေါင်းကိုဆတ်ခနဲခါယမ်းလိုက်ပြီး သူ၏မှတ်ဉာဏ်ထို ကြိုးစားဖမ်းယူလိုက်သည်။

သို့တိုင်အောင် သူ၏မှတ်ဉာဏ်မှာ လှုပ်ရှားမှုမရှိချေ။

"ငါ ဘယ်ရောက်နေပါလိမ့်"

အတွေးထဲ၌ ကိုယ့်ကိုကိုယ် မေးလိုက်သည်။

တိကျသောအဖြေကို ရှာမတွေ့ပါချေ။

သူသည် စိတ်မရှည်နိုင်သလိုဖြင့် လူးလိုမ့်ထလိုက်၏။

သို့သော် ပြင်းထန်သောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသောကြောင့် မြေပေါ်သို့ပြန်လဲကျသွားရလေသည်။

ထိုအချိန်တွင် သူ၏အကြားအာရုံထဲသို့ လှောင်ပြောင်ရယ်မောနေကြသောအသံများ ဝင်ရောက်လာကြလေသည်။

ထိုရယ်မောသံများကြားရတော့မှ သူသည်ထိတ်လန့်တကြားဖြင့် မျက်လုံးများကို အားယူဖွင့်ကြည့်မိ၏။

မျက်ခွံများက လွန်စွာမှပင် လေးလံနေသည်။

သို့သော် အသံလာရာဘက်သို့ မျက်လုံးကိုခက်ခဲစွာအားယူဖွင့်ကြည့်လိုက်သည်။

သူ၏မြင်ကွင်းတွင် များစွာသောလူရိပ်များက ဟက်ဟက်ပက်ပက်ရယ်မောနေကြသည်ကို မပီမပြင်ဝိုးတဝါး တွေ့မြင်လိုက်ရလေသည်။

ယခုမှ သူသည် ကောင်းစွာသတိရလာသည်။

လက်တလော ရင်ဆိုင်ကြုံတွေ့နေရသည့် အခြေအနေကိုလည်း ကောင်းစွာသိရှိလိုက်လေသည်။

သူသည် အတွင်းအားများကို သွေ့ကြောအားလုံးသို့ တစ်ပတ်ခန့် လျင်မြန်စွာလည်ပတ်စေရန် အသက်ပြင်းပြင်းရှူရှိုက်လိုက်မိသည်။

သူ၏ခန္ဓာကိုယ်သည် တဖြည်းဖြည်း နွေးထွေးလာသည်။

ထို့ပြင် နာကျင်သောဝေဒနာများသည်လည်း အနည်းငယ် သက်သာရာရသွားသလို ခံစားလိုက်ရသည်။

တစ်ခဏမျှအကြာတွင် သူသည်လက်ကိုမြေပေါ်သို့ ထောက်၍ ဆတ်ခနဲ မတ်တပ်ရပ်လိုက်လေသည်။

ဤနေရာသည် အလွန်ခမ်းနားပြီး ကျယ်ဝန်းသောခန်းခန်းကြီးတစ်ခုဖြစ်သည်။

အခန်း၏ ဝဲယာတဘက်တချက်တွင် လူများသည့်စည်းကမ်းတကျဖြင့် အစီအရီရပ်နေကြ၏။

နည်ခန်း၏ဗဟိုတွင် ကျားသားရေဖြင့်ဖုံးအုပ်ထားသော ကုလားထိုင်တစ်လုံးရှိသည်။

ကုလားထိုင်ပေါ်တွင် အသက်ငါးဆယ်ခန့်ရှိသောအဘိုးအို တစ်ယောက်ထိုင်နေ၏။

အမှန်မှာ ထိုလူသည် မျက်နှာဖုံးစွပ်ထားသဖြင့် သူ၏မျက်နှာကို မြင်တွေ့နိုင်ခြင်းမရှိပါ။

သူ၏ဖြူဖွေးနေသောဆံပင်များကြောင့် သူ့အားအသက်ငါးဆယ်ခန့်ရှိသည်ဟု ခန့်မှန်းမိခြင်းသာဖြစ်လေသည်။

ဝဲယာတစ်ဘက်တစ်ချက်၌ ရပ်နေကြသူများသည် ခန်းမအလယ်၌လဲကျနေသော ရောင်ဖုံးအား လှောင်ပြောင်ရယ်မောနေကြသည်။

ထိုစဉ် ရောင်ဖုံးက ဆတ်ခနဲမတ်တပ်ရပ်လိုက်ရာ ရယ်မောနေကြသူများအားလုံးသည် အံ့အားသင့်သွားကြပြီး အရယ်ရပ်

ားကြသည်။

ထို့ကြောင့် ရယ်မောသံများဖြင့် ဆူညံနေသောခန်းမကြီး ခဏခုလုံးမှာ ရုတ်တရက်ဆိုသလိုပင် တိတ်ဆိတ်သွားလေသည်။

ကုလားထိုင်ပေါ်၌ ထိုင်နေသောအဘိုးအိုက မျက်နှာဖုံးပေါ် ရွက်လုံးပေါက်မှ ရောင်ဖုံးအားစူးရှစွာကြည့်လိုက်သည်။

"မင်းက ပျံလွှားဂိုဏ်းချုပ်အသစ်လား"

ရောင်ဖုံးက မျက်နှာဖုံးနှင့်လူအား တစ်ချက်အကဲခတ်လိုက်လေသည်။

ပြီးမှ ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်တယ်"

မျက်နှာဖုံးနှင့်လူက ကျေနပ်သွားဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

သူသည် ကျားသားရေဖုံးကုလားထိုင်နောက်မီကို ခေါင်းငဲ့ကြည့်လိုက်ရင်း

"မင်းနာမည် ရောင်ဖုံး မဟုတ်လား"

ရောင်ဖုံး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ရောင်ဖုံးက ထိုသို့ပြန်ဖြေလိုက်ပြီးနောက် မျက်နှာဖုံးစွပ်နှင့် လူအား လှမ်း၍အကဲခတ်လိုက်၏။

"ခင်ဗျားက သွေးမိစ္ဆာဂိုဏ်းချုပ် ထင်တယ်"

မျက်နှာဖုံးစွပ်နှင့်လူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ရှောင်ဖုံးက မျက်မှောင်ကုပ်လိုက်၏။

သူသည် မျက်နှာဖုံးစွပ်နှင့်လူအား နားမလည်နိုင်သော အကြည့်ဖြင့် လှမ်းကြည့်မိလိုက်သည်။

"ဒါနဲ့ ခင်ဗျားတို့က ကျုပ်ကို ဘာဖြစ်လို့ဖမ်းလာရတာလဲ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ပြုံးလိုက်သည်။

"မင်းအနေနဲ့ ခေါင်းဆောင်လုပ်စရာမလိုတော့ဘူး၊ ဒါကြောင့် ဒီကိုခေါ်လာတာပါ"

ရှောင်ဖုံး မျက်မှောင်ကုပ်သွား၏။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲဗျ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ရယ်မောလိုက်လေသည်။

အတန်ကြာအောင် ရယ်မောလိုက်ပြီးမှ အရယ်ရပ်ကာ ရှောင်ဖုံးအား စိုက်ကြည့်လိုက်သည်။

"မင်းကြည့်ရတာ အသက်နှစ်ဆယ်ကျော်ပဲရှိဦးမယ်၊ ဂိုဏ်းတစ်ဂိုဏ်း၏ခေါင်းဆောင်လုပ်ဖို့ဆိုတာ မင်းအရွယ်နဲ့ မဖြစ်နိုင်သေးပါဘူး"

ရှောင်ဖုံးသည် မိမိအပေါ် အထင်သေးသောစကားပြောလာသည်ကို ကြားလိုက်ရသဖြင့် ဒေါသချောင်းချောင်းထွက်လာ၏။

"ဒါ ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

ရှောင်ဖုံးက ဒေါသတကြီး အော်ပြောလိုက်၏၊

သွေးမိစ္ဆာဂိုဏ်းချုပ်က ရယ်မောလိုက်သည်။

သူသည် ရှောင်ဖုံးအား လှမ်းကြည့်လိုက်ပြီး

"သိပ်ဆိုင်တာပေါ့ကွာ"

သွေးမိစ္ဆာဂိုဏ်းချုပ်က မထီတရီဖြင့် လှောင်ပြောင်သရော်သလို ပြောလိုက်သည်။

ရှောင်ဖုံးက ဒေါသကြီးစွာဖြင့်

"ခင်ဗျား သွယ်ဝိုက်ပြီးပြောမနေနဲ့ ပြောစရာရှိတာ ခပ်ရှင်းရှင်းပဲ ပြောစမ်းပါ"

သွေးမိစ္ဆာဂိုဏ်းချုပ်က လက်ကာပြလိုက်သည်။

"ဒေါသမကြီးနဲ့လေ ပြောပြမှာပေါ့"

သူသည် ရှောင်ဖုံးအား သေချာစွာစိုက်ကြည့်လိုက်၏။

ပြီးမှ သူ၏စကားကို ဆက်ပြောလိုက်၏။

"ငါ့ရဲ့လက်ထောက်လီဟွားက လက်ရွေးစင်သိုင်းသမားဘစ်စုနဲ့ မင်းတို့ပျံလွှားဂိုဏ်းကိုသွားပြီး သိမ်းပိုက်နေပြီကွ"

"ဘာ"

ရှောင်ဖုံး၏တစ်ကိုယ်လုံး အကြီးအကျယ်တုန်ခါသွား၏။

"ခင်ဗျားတို့က ကျုပ်တို့အဖွဲ့ကိုသွားပြီး သိမ်းပိုက်နေပြီဟုတ်လား"

သွေးမိစ္ဆာဂိုဏ်းချုပ်က လက်ကာပြလိုက်သည်။

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ သူတို့က အသာတကြည်နဲ့ ကျုပ်တို့ကိုသစ္စာခံမယ်ဆိုရင် သူတို့ကိုဘာမှမလုပ်ပါဘူး"

ရှောင်ဖုံးသည် လက်သီးနှစ်ဘက်ကျစ်ကျစ်ပါအောင်ဆုပ်ထားလိုက်၏။

"ခင်ဗျားတို့က လူယုတ်မာတွေပဲ၊ ကျုပ်တို့ပျံလွှားဂိုဏ်းက ဘယ်တော့မှ အညံ့ခံဘူးဆိုတာမှတ်ပါ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ခေါင်းခါယမ်းလိုက်သည်။

"အပိုတွေပြောမနေစမ်းပါနဲ့ကွာ၊ မင်းသိထားဖို့က အခုမင်းရဲ့အသက်ဟာ ငါတို့ရဲ့လက်ထဲမှာရှိတယ်ဆိုတာပဲကွ"

ရှောင်ဖုံးက ခနဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်အသက်ကိုသာ အသေခံမယ်၊ ခင်ဗျားတို့လိုယုတ်မာတဲ့လူဆီမှာ ဘယ်တော့မှ သစ္စာမခံဘူး ဒါပဲ"

"ဝုန်း"

သွေးမိစ္ဆာဂိုဏ်းချုပ်က သည်းမခံနိုင်တော့ဘဲ ဒေါသကြီးစွာဖြင့် သူ့အနီးရှိစားပွဲပေါ်သို့ လက်ဝါးဖြင့်ပုတ်ချလိုက်သည်။

"မင်းက ဘာပြောတယ်"

သွေးမိစ္ဆာဂိုဏ်းချုပ် ထိုင်ရာမှထလိုက်ပြီး ရှောင်ဖုံးထံသို့ တစ်လှမ်းချင်းလျှောက်လှမ်းလာသည်။

ယင်းသို့လျှောက်လာရင်းမှ နူတ်ကလည်း ကြိုးဝါး၏

"ဒီလောက်ခေါင်းမာတဲ့မင်းကို မှတ်လောက်သားလောက် အောင်ဆုံးမရဦးမယ်"

ရှောင်ဖုံးသည် သွေးမိစ္ဆာဂိုဏ်းချုပ်လျှောက်လာသည်ကို တွေ့မြင်လိုက်သည်နှင့် ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံးနှင့်မျက်နှာချင်းဆိုင်သို့ ရောက်ရှိလာသည့်အခါ ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

"ကဲ မင်းကို ငါနောက်ဆုံးအနေနဲ့မေးမယ် ငါဆီမှာသစ္စာခံမလား မခံဘူးလား၊ ဒါပဲပြော"

ရှောင်ဖုံးက အံ့ကိုတင်းတင်းကြိတ်လိုက်သည်။

သူသည် သွေးမိစ္ဆာဂိုဏ်းချုပ်အား စူးရှခက်ထန်စွာကြည့်ကြ၏။

"ကျုပ် စကားနှစ်ခွန်း မပြောဘူး"

ရှောင်ဖုံး၏အဖြေစကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်မည့် အရိပ်အယောင်များထင်ဟန်ပေါ်လွင်လာတော့သည်။

သူသည် အံတစ်ချက်ကြိတ်လိုက်ပြီး

"ကဲ သေပေတော့"

သူသည် ယင်းသို့ပြောရင်း ရှောင်ဖုံးအားလက်နှစ်ဘက်ဖြင့်တွန်းထုတ်လိုက်သည်။

ရှောင်ဖုံးကလည်း လက်ဝါးနှစ်ဘက်ဆန့်ထုတ်ပြီးပြန်ညည်တွန်းထုတ်လိုက်သည်။

ယင်းသို့ဖြင့် လက်ဝါးလေးဘက်သည် ပြင်းထန်စွာတွေ့ဆုံသွားလေသည်။

"ဝုန်း"

ဟူသောအသံနှင့်အတူ ရှောင်ဖုံး၏ခန္ဓာကိုယ်သည်ကြိုးပြတ်သောစွန် တစ်ခုပမာ လွင့်မျောသွားလေသည်။

သူ၏ခန္ဓာကိုယ်သည် အုတ်နံရံသို့ အရှိန်ဖြင့်လွင့်စင်သွားတော့သည်။

ထိုစဉ် ဧည့်ခန်းထဲသို့ လူရိပ်တစ်ရိပ်လျှပ်တပြက်ဝင်ရောက်လာပြီး နံရံကိုဝင်ဆောင့်တော့မည့် ရှောင်ဖုံး၏ကိုယ်ခန္ဓာ

ကိုအချိန်မီ ဖမ်းထားလိုက်လေသည်။

ယင်းလူရိပ်မှာ တစ်ကိုယ်လုံးအနက်ရောင်ဝတ်ဆင်ထား
သည့်အဘွားအို တစ်ယောက်ပင်ဖြစ်လေသည်။

အဘွားအိုသည် ရှောင်ဖုံးအား မြေပေါ်သို့ အသာအယာ
ပေးလိုက်သည်။

"မင်း ဘာဖြစ်သွားသေးလဲ"

အဘွားအိုက မေးလိုက်သည်။

ရှောင်ဖုံးသည် မိမိ၌အတွင်းဒဏ်ရာများ ပြင်းထန်စွာရ
ထားသည်ကိုသိလိုက်သည်။

သို့သော် သူသည်နှုတ်ခမ်းမှ စီးကျနေသောသွေးများကို
သုတ်လိုက်ပြီး ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မသေနိုင်သေးပါဘူး"

ရှောင်ဖုံးကသွေးမိစ္ဆာဂိုဏ်းချုပ်အား လှမ်းကြည့်လိုက်ပြီး
ခက်ထန်ထန်ပြန်ပြောလိုက်သည်။

အဘွားအိုက သူ့အားပြုံးပြလိုက်သည်။

"မင်း ငါ့ကိုမှတ်မိသေးလား"

အဘွားအို၏စကားကြောင့် ရှောင်ဖုံးကအဘွားအိုအား
သေသေချာချာကြည့်လိုက်မိသည်။

အဘွားအိုအား သတိထားကြည့်မိသည့်အခါမှ ရှောင်ဖုံး
၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားရသည်။

သူက တအံ့တသြလွှတ်ခနဲရေရွတ်လိုက်မိသည်။

"သြော် ခင်ဗျားကိုး"

ရှောင်ဖုံးသည် ထိုအဘွားအိုအား ကောင်းစွာမှတ်မိလိုက်
လေသည်။

ယင်းအဘွားအိုသည် ငွေရောင်အဆိပ်အပ်ပိုင်ရှင်ဘွားဘွား
ကူးပင်ဖြစ်သည်။

ရှောင်ဖုံးသည် ထိုအဘွားအိုအား မည်သူမည်ဝါဖြစ်
ကြောင်းသိရှိလိုက်ရသောမါ ဒေါသထွက်သည့် မျက်လုံးအစုံဖြင့်
လမ်းကြည့်မိသည်။

"ခင်ဗျားကို ကျုပ်ကလူကောင်းတစ်ယောက် မှတ်နေတာ
လက်စသတ်တော့ ခင်ဗျားလဲ အတော်ယုတ်မာတဲ့လူပါလား"

အဘွားအိုကပြုံးလိုက်သည်။

"ကျုပ်ကသွေးမိစ္ဆာအဖွဲ့ထဲကိုဝင်တာနဲ့ လူယုတ်မာဖြစ်
သွားတယ်လို့ မင်းကယူဆသလား"

အဘွားအိုက မျက်မှောင်ကုတ်ရင်း ရှောင်ဖုံးအားလှမ်းမေး
လိုက်သည်။

ရှောင်ဖုံးက ဒေါသကြီးစွာဖြင့် ပြန်အော်လိုက်လေသည်။

"ဟုတ်တယ် ခင်ဗျားတို့သွေးမိစ္ဆာဂိုဏ်းဟာ လူယုတ်မာ
တွေချည်းပဲ"

သွေးမိစ္ဆာဂိုဏ်းချုပ်က မသိမသာ ရှေ့သို့ခြေလှမ်းတိုး
လိုက်သည်။

သူ၏မျက်လုံးများသည် ဒေါသကြောင့်နီရဲလာသည်။

"ဒီလောက် ခေါင်းမာလှတဲ့ကောင်သေဖို့သာပြင်ပေတော့"

ပြောပြောဆိုဆိုဖြင့် သွေးမိစ္ဆာက ရှောင်ဖုံးအား တိုက်ခိုက်

ရန်ဟန်ပြင်လိုက်သည်။

သို့သော် သူ့အားအဘွားအိုက ဝင်ရောက်ဟန့်တားထားလိုက်သည်။

"အို ဂိုဏ်းချုပ်ကြီးကလည်း ကလေးနဲ့ဖက်ပြီး ဒေါသကြီးမနေစမ်းပါနဲ့"

အဘွားအိုက ယင်းသို့ပြောလိုက်တော့မှ သွေးမိစ္ဆာဂိုဏ်းချုပ်မှာ ဣန္ဒြေပြန်ဆည်လိုက်လေသည်။

အဘွားအိုသည် ရောင်ဖုံးအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ကောင်လေးက ဒီလောက်ခေါင်းမာနေရင် သူ့ကိုတွေ့သွားအောင် မြေအောက်ခန်းမှာ ဆယ်ရက်လောက်ချုပ်ထားလိုက်ပါလား ဆယ်ရက်လောက်သာ ရေစိမ်လိုက်ရင် ဒီကောင်လေးတွေ့သွားမှာသေချာပါတယ်"

သွေးမိစ္ဆာက ခေါင်းညိတ်လိုက်သည်။

"ဟုတ်သားပဲ ဒီလောက်ခေါင်းမာတဲ့ကောင် ဘယ်လောက်ခံနိုင်ရည်ရှိတယ်ဆိုတာ ကြည့်ကြသေးတာပေါ့"

သူတို့ပြောဆိုနေကြသောစကားကြောင့် ရောင်ဖုံးမှာမျက်နှာကွက်ခနဲပျက်သွား၏။

သို့တိုင် သူသည်ကြောက်ရွံ့ဟန် အလျင်းမပြရ။

"ခင်ဗျားတို့လုပ်တိုင်း ကျုပ်ကခံနေမယ်များ ထင်နေသလား သတ္တိရှိရင်လာလေ"

ရောင်ဖုံးက လုံးဝဂရုမစိုက်ဟန်ဖြင့် သူတို့အားစိမ်ခေါ်

လိုက်လေသည်။

သို့သော် သွေးမိစ္ဆာဂိုဏ်းချုပ်က ရှေ့မတိုးတော့ဘဲ နောက်သို့အေးဆေးစွာဆုတ်သွားလေသည်။

ယင်းသို့ဆုတ်ခွာသွားရင်းမှ အဘွားအိုအားပြုံးပြလိုက်လေသည်။

"ကဲ ဘွားဘွားကူး ဒီအလုပ်ကို ကလေးတွေလုပ်ပလေ့စေကျုပ်တို့တခြားကိစ္စတိုင်ပင်ရအောင်ဗျာ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ထိုသို့ပြောလိုက်ပြီး မိမိနေရာသို့ပြန်ထွက်သွားလေသည်။

ထိုအခါဘွားဘွားကူးမှာ ရောင်ဖုံးအား တစ်ချက်ကြည့်လိုက်ပြီး သွေးမိစ္ဆာဂိုဏ်းချုပ်နောက်သို့လိုက်သွားလေသည်။

သူတို့နှစ်ယောက် ထွက်သွားသည်နှင့် တစ်ချိန်တည်းမှာပင် မီးခိုးရောင်ဝတ်ဆင်ထားသော လူဆယ်ယောက်ခန့်က ရောင်ဖုံးအားဝန်းရံထားလိုက်ကြလေတော့သည်။

ဝန်းရံထားလိုက်သူများသည် တစ်စထက်တစ်စ တိုးကပ်လာကြသည်။

ရောင်ဖုံးသည် ဝိုင်းရံထားသူများ လက်တစ်ကမ်းအကွာသို့ရောက်ရှိလာသောအခါ အနီးဆုံးလူအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သို့သော် သူတိုက်ခိုက်မှု မပြုလိုက်ရချေ။

ထိုအချိန်မှာပင် ဝန်းရံထားသူဆယ်ရောက်ခန့်က ရောင်ဖုံးအား တစ်ပြိုင်နက်တည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

တိုက်ပွဲကား အချိန်များစွာကြာမြင့်ခြင်း မရှိခဲ့ပါ။

အကြောင်းမှာ

ရှောင်ဖုံးသည် အတွင်းဒဏ်ရာရရှိထားသည့်အပြင် လူဆယ်ရောက်ခန့်နှင့် အပြိုင်တိုက်ခိုက်ရသောကြောင့် သုံး လေးကွက်မျှသာ ယှဉ်ပြိုင်နိုင်ခဲ့သည်။

နောက်ပိုင်းတွင် လက်သီးပေါင်းမြောက်များစွာက မိုးသီးမိုးပေါက်များရွာချလိုက်သလို တဝုန်းဝုန်းနှင့် ကျရောက်ထိမှန်နေသဖြင့် နောက်ဆုံးတွင် သတိလစ်မေ့မြောသွားရလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

အကျဉ်းသား

အချိန်သည်တဖြည်းဖြည်းနှင့်ကုန်ဆုံးသွားသည်။

အချိန်မည်မျှကုန်ဆုံးသွားမှန်းမသိ။

ရှောင်ဖုံးသည် ဒုတိယအကြိမ်ပြန်လည်သတိရလာသည်။

သတိရလျှင်ရခြင်း သူ၏တစ်ကိုယ်လုံးမှာ အေးစက်ဘောင့်တင်းနေသလို ဦးစွာခံစားရသည်။

အထူးသဖြင့် ခန္ဓာကိုယ်အောက်ပိုင်းသည် အလွန်တရာလေးလံနေသည်ဟု ထင်မှတ်ရသည်။

ရှောင်ဖုံးသည် မျက်လုံးကိုအားယူ၍ ဖွင့်ကြည့်လိုက်သည်။

မျက်လုံးသာပွင့်သွားသည်။

ဘာကိုမျှမြင်တွေ့ရခြင်းမရှိချေ။

ခြေလက်များကို လှုပ်ရှားကြည့်သည်။

ထုံကျင်ကိုက်ခဲနေသောကြောင့် ရုတ်တရက်လှုပ်ရှား
မရချေ။

ရှောင်ဖုံးသည်တခဏမျှ ငြိမ်နေလိုက်ပြီး မည်သို့မည်ပုံ
ပျက်ခဲ့သည်ကို ပြန်လည်တွေးတော ကြည့်လိုက်မိသည်။

ထိုအခါမှသူသည် မြေအောက်ခန်းထဲသို့ ရောက်ရှိ
သည်ကို မှတ်မိလာလေသည်။

သို့သော် သူ၏ခြေထောက်နှစ်ဘက်မှာမူ အေးစိမ့်စိုထိုင်
နေသည်ဟုခံစားရသဖြင့် လက်နှစ်ဘက်ဖြင့် စမ်းသပ်လိုက်ရာ
များသည် ခါးအထိရောက်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

သူသည် အံကိုတင်းတင်းကြိတ်ပြီး

"မင်းတို့နိုင်တုန်းလုပ်ထားပေါ့ကွာ တစ်နေ့ကျရင်မင်း
တို့ကိုလဲ ဒီလိုနေရာမှာ ဒီလိုပဲပြန်ချုပ်ထားမယ်"

ရှောင်ဖုံးက ယင်းသို့စိတ်ထဲမှ ကြုံးဝါးလိုက်သည်။

ထို့နောက် သူသည်လက်နှစ်ဘက်ဖြင့် ဟိုဟိုဒီဒီစမ်းကြည့်
လိုက်လေသည်။

ထိုကဲ့သို့ ခြေနှစ်ဘက်ကို ရွှေ့လျားရင်းစမ်းကြည့်လိုက်
သည့်အခါ သူ၏လက်နှစ်ဘက်သည် အေးစိမ့်နေသောကျောက်
တုံးတစ်တုံးကို စမ်းသပ်မိလိုက်သည်။

ထို့ကြောင့် သူသည်ကျောက်တုံးပေါ်သို့ အားယူတွယ်
တက်ပြီး ထိုင်ချလိုက်လေသည်။

ကျောက်တုံးပေါ်သို့ ထိုင်မိသောအခါ သူသည်ပျံလွှား
ဂိုဏ်းအား သတိရလာသည်။

ယခုအချိန်ဆိုလျှင် ပျံလွှားဂိုဏ်းသည် သွေးမိစ္ဆာဂိုဏ်း၏
လက်အောက်သို့ကျရောက်နေပြီဖြစ်ကြောင်း စိတ်မကောင်းစွာတွေး
မိလေသည်။

ထိုသို့တွေးမိသည်နှင့် သူသည်အံကိုတင်းတင်းကြိတ်ကာ

"ငါသာ အသက်မသေခဲ့ရင် သွေးမိစ္ဆာဂိုဏ်းကိုစိစိညက်
ညက်ကြေအောင်ချေမှုန်းပစ်မယ်"

ရှောင်ဖုံးက နာကြည်းစွာဖြင့်အံကြိတ်ရင်း စိတ်ထဲကြုံးဝါး
လိုက်သည်။

အချိန်သည်တဖြည်းဖြည်း ကုန်လွန်သွားသည်။ ရှောင်ဖုံး
၏တစ်ကိုယ်လုံးမှာလဲ ပို၍ပို၍ချမ်းစိမ့်လာသည်။

သူရောက်ရှိနေသည့်နေရာမှာ လွန်စွာမှောင်မိုက်သော
ကြောင့် နေ့လားညလား ဆိုသည်ကို လုံးဝခွဲခြားမရပါ။

ရှောင်ဖုံးမှာပြင်းထန်သော အတွင်းဒဏ်ရာရရှိထားသော
ကြောင့် သူ၏ခန္ဓာကိုယ်သည် တစ်စထက်တစ်စ ခံနိုင်ရည်
လျော့နည်းလာသည်။

သူ၏ဦးခေါင်းတစ်ခုလုံးမှာ မူးယစ်ရီဝေနေပြီး တချိတချိ
တွင်ရေထဲသို့ပြန်လည် ထိုးကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။

ဤနေရာမှလွတ်မြောက်ရန် လမ်းစကားမည်သို့မျှမျှော်
ထင့်၍မရတော့ချေ။

"ငါသေရတော့မယ် ငါမသေချင်ဘူး မသေချင်ဘူး"

ရှောင်ဖုံးသည်ခန္ဓာကိုယ်ကို မတ်လိုက်ပြီး သံကုန်အော်ဟစ်
ထိုက်မိလေသည်။

သူ၏အသံသည် အမှောင်ထဲ၌ပဲတင်ရိုက်ခတ်သွားသည်။

ထိုစဉ်မှာပင် သူ၏နားထဲသို့ ချိုလွင်သောအသံတစ်ခုကြား ဝင်လာလေသည်။

"စိတ်ချ ရှင်မသေနိုင်တော့ဘူး ကျွန်မရောက်လာပြီ"

ထိုအသံကြောင့် ရှောင်ဖုံးသည်မိမိနားကို မယုံနိုင်လောက် အောင်အံ့သြသွားရလေတော့သည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်နေသည်။

ထိုတဒင်္ဂမျှသော အချိန်ကလေး၌ ဝန်းကျင်တစ်ခုလုံးသို့ အရာခပ်သိမ်းသည် ခေတ္တမျှရပ်ဆိုင်းသွားသည့်အလား ငြိမ်သက် သွားသည်။

ရှောင်ဖုံးသည် အမှောင်ထဲ၌ အသံရှင်ကိုရှာဖွေကြည့် သည်။

ဤမျှမှောင်မိုက်နေသော အခန်းထဲ၌အသံရှင်ကို မည်သို့ မြင်နိုင်ပါမည်နည်း။

ရှောင်ဖုံးသည် ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက် အောင်ဖြစ်သွားသည်။

သူသည် မျက်လုံးအစုံကို ပြူးကျယ်နိုင်သလောက် ပြူး ကျယ်ကာ အသံလာရာဘက်သို့ စိုက်ကြည့်မိပြန်သည်။

ပိန်းပိတ်မှောင်နေသည့် အခန်းထဲ၌ အမှောင်ထုမှအပ မည်သည့်အရာကိုမျှ မမြင်ရပါ။

သို့သော် ရေမျှားလှုပ်ရှားသွားပြီး လူတစ်ယောက်သူ့ထံ လျှောက်လာနေသည်ကို အာရုံခံစားမှုအရ သိရှိလိုက်သည်။

ထိုလူသည် တဖြည်းဖြည်းနှင့် မိမိထံသို့နီးကပ်လာနေ ကြောင်းကိုလည်း သူနားလည်လိုက်သည်။

ရှောင်ဖုံး ရင်တထိတ်ထိတ်ခုန်လာသည်။

ရေမျှားလှုပ်ရှားသွားသံသဲ့သဲ့ကို သူကြားလိုက်ရသည်။

"ဘယ်သူလဲ"

ရှောင်ဖုံးက မခြင်မကမ်းနှင့် လှမ်းမေးလိုက်သည်။

သူ၏စကားသံမဆုံးမီမှာပင် ပျော့ပျောင်းသောခန္ဓာကိုယ် တစ်ခုက သူ့ရင်ခွင်ထဲသို့တိုးဝင်လာသည်ကို ခံစားလိုက်ရ၏။

သူသည် ရည်ရွယ်ချက်မရှိဘဲ ရင်ခွင်ထဲဝင်လာသည့် ခန္ဓာကိုယ်အား အလိုအလျောက်ပြန်ဖက်ထားလိုက်သည်။

သို့သော် ပထမတွင် ရန်သူဟုထင်မှတ်ကာ ချုပ်ကိုင်သည့် အနေဖြင့် သိုင်းဖက်လိုက်ခြင်းဖြစ်သည်။

တင်းကြပ်စွာသိုင်းဖက်မိလိုက်တော့မှ သူသိုင်းဖက်ထား သောခန္ဓာကိုယ်မှာ မိန်းကလေးတစ်ယောက်၏ပျော့ပျောင်းသော ခန္ဓာကိုယ်ဖြစ်ကြောင်း ချက်ချင်းသိရှိလိုက်သည်။

သူသည် သိုင်းဖက်ထားရာမှ ချက်ချင်းလွှတ်လိုက်သည်။

သို့သော် ထိုခန္ဓာကိုယ်သည် နောက်သို့ဆုတ်သွားခြင်းမရှိ ဘဲ သူ့ပခုံးအား သိုင်းဖက်ထားလိုက်ပြန်သည်။

"မကြောက်ပါနဲ့ ကျွန်မပါ"

ရှောင်ဖုံး အံ့အားသင့်သွားသည်။ မမြင်ရသောအသံရှင် အား စူးစမ်းသလိုပြန်မေးလိုက်သည်။

"မင်း ဘယ်သူလဲ"

ချိုလွင်ကြည်မြသောရယ်မောသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ကျွန်မအသံကို ရှင်မမှတ်မိတော့ဘူးလား"

ထိုအသံကြောင့် ရောင်ဖုံးသည် ယင်းမိန်းကလေးအား ချက်ချင်းပင် အမှတ်ရသိရှိလိုက်သည်။

"မင်းက ကဝေမ မဟုတ်လား"

မမြင်ရသောအသံရှင်က "လွင်လွင်ကလေးရယ်မောလိုက်သည်။

"ရှင်ဘယ်ဆိုးလို့တုန်း ကျွန်မအသံကို ကောင်းကောင်းမှတ်မိနေသားပဲ"

ရောင်ဖုံးသည် အံ့သြနေသဖြင့် ရုတ်တရက် ကဝေမ၏ ခန္ဓာကိုယ်အား တွန်းဖယ်ရန်ပင်မေ့လျော့နေ၏။

"မင်းက ဘာဖြစ်လို့ ဒီကိုရောက်လာရတာလဲ"

"ရှင့်ကိုလာကယ်မလို့လေ"

ကဝေမ၏စကားကြောင့် ရောင်ဖုံးမှာမယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။

"ငါ့ကို လာကယ်မလို့ဟုတ်လား"

"ဟုတ်တယ် ဘာလဲ ရှင်ကဒီနေရာက မထွက်ချင်တော့ဘူးလား"

ရောင်ဖုံးက ပါးစပ်ပိတ်ထားလိုက်သည်။

သူသည် ကဝေမအား နားမလည်နိုင်လောက်အောင်ဖြစ်နေမိသည်။

ကဝေမက ရယ်မောလိုက်ပြန်သည်။

"ကျွန်မမေးတာ ဘာဖြစ်လို့မဖြေတာလဲရှင့်"

ရောင်ဖုံးသည် အဖြေခက်နေသည်။

ကဝေမသည် သူ့အားနှစ်ကြိမ်တိတိကူညီခဲ့ဖူးသည်။

ထို့အတူ တစ်ခါတစ်ရံ၌လည်း အကြီးအကျယ်ဒေါသထွက်ရလောက်အောင် နှောင့်ယှက်ခဲ့ဖူးသည်။

ထို့ကြောင့် ကဝေမသည် ရန်သူလား မိတ်ဆွေလားဟု သုတိုင်အောင် ခွဲခြား၍မသိနိုင်ပေ။

သူသည် ကဝေမနှင့်ပတ်သက်၍ မည်သို့နားလည်ရမှန်း တွေးတော၍မရပေ။

ကဝေမသည် သူ့အား ကျဉ်းထဲကျပ်ထဲမှ ကူညီခဲ့ဖူး၏။

ကျဉ်းထဲကျပ်ထဲရောက်အောင်လည်း နောက်ယှက်ခဲ့ဖူးသည် မဟုတ်ပါလော။

"ကျွန်မမေးတာမကြားဘူးလား"

ကဝေမက ထပ်မံမေးမြန်းလိုက်သည်။

ရောင်ဖုံးက သက်ပြင်းရှည်တစ်ချက်ချလိုက်၏။

ပြီးမှ

"ဒီလိုနေရာမျိုးက မထွက်ချင်ဘဲနေပါ့မလား ဒါဝေမယ့်"

သူ၏စကားမဆုံးခင်မှာပင် ကဝေမကကြားဖြတ်ဝင်ပြောလိုက်လေတော့သည်။

"ဒါဝေမယ့်လုပ်မနေနဲ့ ကျွန်မနောက်သွားလိုက်ခဲ့"

ကဝေမက ပြောပြောဆိုဆိုဖြင့် ရောင်ဖုံး၏လက်ကိုဆွဲကာ

ရှေ့.သို့.တိုးရွေ့.သွား၏။

ရေသံမျှားထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

မှောင်မည်းနေသောကြောင့် ရှောင်ဖုံးမှာဘာကိုမျှ မမြင်ရချေ။

ရှောင်ဖုံးသည် ကဝေမတွဲခေါ်ရာသို့ စမ်းတဝါးဝါးခြင်းလိုက်ပါသွားသည်။

ခြေလှမ်းဆယ်လေး ငါးလှမ်းမျှ လျှောက်လာမိသောအခါ ကဝေမကရှေ့သို့လျှောက်နေရာမှ ရုတ်တရက်ရပ်တန့်လိုက်သည်။

ရှောင်ဖုံးမှာ ကိုယ်ရှိန်မသတ်နိုင်ဘဲ ကဝေမကို ဝင်တိုးမိသည်။

ကဝေမက သူ့ပခုံးကို ဆုပ်ကိုင်ထားလိုက်လေသည်။

"ဒါနဲ့ ရှင်ရေငုပ်တတ်သလား"

"မငုပ်တတ်ဘူး"

ရှောင်ဖုံး၏အပြောကြောင့် ကဝေမစိတ်ဓာတ်ကျသွားသလို သက်ပြင်းချလိုက်မိသည်။

"ဒါဖြင့် ရှင်အသက်မရှူဘဲ ဘယ်လောက်ကြာကြာအောင့်ထားနိုင်သလဲ"

ရှောင်ဖုံးက အနည်းငယ်စဉ်းစားလိုက်သည်။

"အနည်းဆုံး နာရီဝက်တော့ ခံနိုင်လိမ့်မယ်ထင်တယ်"

"ဒါဖြင့် လုံလောက်ပြီ"

ကဝေမက ကျေနပ်သွားဟန်ဖြင့် ပြန်ပြောလိုက်သည်။

"မင်းက ဘယ်လောက်ကြာကြာအသက်အောင့်နိုင်လို့လဲ"

ရှောင်ဖုံးက ပြန်မေးလိုက်ခြင်းဖြစ်သည်။

သူ့အမေးကြောင့် ကဝေမက လွင်လွင်ကလေးရယ်မောလိုက်သည်။

"ကျွန်မကရေကူးကျွမ်းကျင်ပြီးသား၊ အနည်းဆုံးရေအောက်မှာ သုံးနာရီတိတိ အသက်မရှူဘဲနေနိုင်တယ်ရှင့်"

ကဝေမက ခပ်ဝဲဝဲကလေးပြန်ဖြေလိုက်သည်။

"ဒါနဲ့ ငါတို့ဘယ်ကနေထွက်ကြမှာလဲ"

ရှောင်ဖုံးက မေးလိုက်သည်။

"အခု ကျွန်မတို့ရောက်နေတဲ့နေရာက ရေကန်တစ်ခုနဲ့ဆက်သွယ်ထားတယ်ရှင့်၊ ရေတံခါးဖွင့်လိုက်တာနဲ့ ကျွန်မတို့ရေပြည့်နေတဲ့လှိုဏ်ခေါင်းထဲရောက်သွားလိမ့်မယ်၊ အဲဒီလှိုဏ်ခေါင်းထဲက ထွက်သွားကြမယ်ဆိုရင် အလွန်ဆုံးနာရီဝက်လောက်ကြာတဲ့အခါမှာ ရေကန်ထဲကိုရောက်သွားနိုင်တယ်"

ကဝေမက ရှင်းပြလိုက်သည်။

"ဟုတ်လား အဲဒီရေကန်ဘယ်လောက်ကျယ်သလဲဟင်"

"သိပ်မကျယ်လှပါဘူး၊ ဘာဖြစ်လို့ဒီလိုမေးတာလဲ"

ရှောင်ဖုံးက သူ၏စိုးရိမ်စိတ်ကို ပြောပြလိုက်၏။

"ဒီလိုပါ သွေးမိစ္ဆာဂိုဏ်းကလူတွေဟာ ဒီရေကန်အနီးတဝိုက်မှာ အစောင့်များချထားမလားလို့ပါ"

ရှောင်ဖုံး၏စကားကြောင့် ကဝေမရယ်မောလိုက်သည်။

"တစ်ယောက်မှမရှိပါဘူးရှင့် ရှင်ဒီကနေထွက်ပြေးလိမ့်မယ်လို့ ထင်ကြမှာမှမဟုတ်ဘဲ"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဘာမဆိုသေချာဇေ့
စပ်ရင် ပိုကောင်းတာပေါ့"

"စိတ်ချပါ၊ ကျွန်မလည်း အဲဒီကလာတာပဲ၊ အားလုံးသေ
ချာမှ ရှင့်ဆီကိုလာခဲ့တာပါ"

ကဝေမသည်ပြောပြီးသည်နှင့် ရှောင်ဖုံး၏လက်ကို ဖိုမိုတင်းကျပ်စွာ ဆုပ်ကိုင်လိုက်လေသည်။

"ကဲ ကျွန်မ ရေတံခါးဖွင့်လိုက်တော့မယ်၊ အသက်ကို အောင့်ပြီး ကျွန်မခေါ်ရာလိုက်ခဲ့တော့"

ကဝေမက ယင်းသို့ပြောဆိုလိုက်ပြီးနောက် အခန်းနံရံကို ဟိုဟိုဒီဒီစမ်းသပ်လိုက်လေသည်။

မကြာမီ

"ချပ်"

ဟူသောအသံတစ်ခုကြားလိုက်ရလေသည်။

ထိုအခါ ပြင်ပမှရေများတိုးဝင်လာသည်ကို ရှောင်ဖုံးခံစားလိုက်ရသည်။

ကဝေမသည် ရှောင်ဖုံး၏လက်တစ်ဖက်ကို တင်းကျပ်စွာဆွဲပြီး ရေအောက်သို့ငုပ်လိုက်လေသည်။

ထို့နောက် ရေအောက်ရှိလှိုဏ်ခေါင်းမှ လျှင်မြန်စွာကူးခတ်သွားလေသည်။

ရှောင်ဖုံးမှာ ရေကောင်းစွာမကူးတတ်သောကြောင့် ကန့်လန့်ကန့်လန့်နှင့် ပါသွားသည်။

ကဝေမသည် ခက်ခက်ခဲခဲဖြင့် ရှောင်ဖုံးအားတွဲခေါ်ကူး

တ်သွားနေရရှာသည်။

မကြာမီ သူတို့သည်ရေအောက်လှိုဏ်ခေါင်းမှတဆင့် ရေ
ဝန်ထဲသို့ ရောက်ရှိသွားလေသည်။

ကဝေမသည် ရှောင်ဖုံး၏လက်ကိုဆွဲကာ အပေါ်သို့ကူး
တက်သွားသည်။

ခဏမျှအကြာတွင် သူတို့သည် ရေပြင်ပေါ်သို့ ပြိုင်တူ
ခေါင်းပြူထွက်လာကြလေသည်။

ရှောင်ဖုံးမှာ အချိန်အတော်ကြာကြာ အသက်အောင့်ထားရ
သဖြင့် လွန်စွာမောဟိုက်သွားသည်။

သူသည် ရေပြင်ပေါ်ခေါင်းပြူမိသည်နှင့် အလုအယက်အ
သက်ရှူသွင်းလိုက်လေ၏။

ကဝေမက သူ့ကိုကြည့်မြီး သဘောကျစွာဖြင့် ချိုလွင်
ကြည်မြစွာ ရယ်မောလိုက်လေသည်။

စူးရှသောနေရောင်ခြည်များကြောင့် ရှောင်ဖုံး၏မျက်လုံးအ
စုံသည် ရုတ်တရက်ဖွင့်မရဖြစ်နေ၏။

တခဏအကြာမှ မျက်လုံးဖွင့်နိုင်လာသည်။

ကဝေမက သူ့အား ကန်းစပ်ဘက်သို့ ဖေးမတွဲခေါ်ရင်း
ကူးခတ်သွားလေသည်။

အကျဉ်းအကြပ်ထဲမှ လွတ်မြောက်ပြီဟူသောအသိကြောင့်
ရှောင်ဖုံး၏ရင်ထဲ၌ ဝမ်းသာပီတိဖြာဝေသွားသည်။

သူ၏မျက်လုံးအစုံသည် ဂရုဏာသက်စွာဖြင့် မိမိ၏ကယ်
တင်ရှင် ကဝေမအား စိုက်ကြည့်မိလေသည်။

ယင်းသို့ကြည့်နေရင်းမှပင် ရေကန်စပ်သို့ ရောက်ရှိသွားလေသည်။

သူတို့သည် ကုန်းပေါ်သို့တက်ရောက်လာပြီးလျှင် အလွန်ရှည်လျားသောချုပင်များကြားသို့ တိုးဝင်သွားကြ၏။

ရောင်ဖုံးက မျက်မှောင်ကြုတ်လိုက်ပြီး

"တို့ဒီနေရာက အမြန်ဆုံးထွက်ခွာသွားရင် မကောင်းဘူးလား"

ကဝေမက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်သေးဘူးထင်တယ်"

"ဘာဖြစ်လို့တုန်း"

ရောင်ဖုံးက နားမလည်နိုင်သလို ပြန်မေးလိုက်မိသည်။

ကဝေမက သူ့အားပြုံးပြလိုက်သည်။

"သူတို့ကင်းလှည့်တဲ့အဖွဲ့နဲ့တိုးမှာစိုးရတယ်"

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

ရောင်ဖုံးက စိုးရိမ်စွာဖြင့် ပြန်မေးလိုက်သည်။

သို့သော် ကဝေမက အရေးမကြီးဟန်ဖြင့်

"မပူပါနဲ့ရှင်၊ တော်ကြာမိုးချုပ်လာတော့မှာပဲ၊ အဲဒီတော့မှ ဒီကထွက်ကြတာပေါ့"

သူတို့ယင်းသို့ပြောဆိုနေကြစဉ်မှာပင် ဆူညံသောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

"ဟေ့ အားလုံးနားထောင်ကြ၊ အခုအချုပ်ခန်းက တရားခံလွတ်မြောက်သွားပြီ၊ ကဝေမကိုလည်းတွေ့တဲ့နေရာမှာ မိအောင်ဖမ်းကြ၊ တရားခံကိုကယ်ထုတ်သွားတာ ကဝေမပဲကွ"

လူတစ်ယောက်၏အော်ဟစ်ပြောဆိုနေသံကို မြက်ပင်ရှည်များကြားမှ ရောင်ဖုံးနှင့်ကဝေမတို့ အတိုင်းသားကြားနေရသည်။

ထို့နောက် အော်ဟစ်အမိန့်ပေးသံများ ထပ်မံပေါ်ထွက်လာပြန်သည်။

"အဲဒီတရားခံကို တွေ့အောင်ရှာကြ"

"ဟော် ဟိုကောင်တွေ ဒီဘက်ကိုလာ၊ တချို့က ရေကန်ဘက်ကိုသွား၊ နေရာလပ်မကျန်စေနဲ့ တွေ့အောင်ရှာ"

အသံဗလံများ ဆူညံစွာထွက်ပေါ်နေသည်။

ရောင်ဖုံးနှင့်ကဝေမသည် ရေကန်အနီးတဝိုက်၌ လူစုခွဲ၍ရှာဖွေနေကြသူများကို လှမ်းကြည့်လိုက်မိကြသည်။

သွေးမိစ္ဆာအဖွဲ့သားများသည် သူတို့အားသဲသဲမဲမဲရှာဖွေနေကြပြီဖြစ်သည်။

ရောင်ဖုံးနှင့်ကဝေမသည် ကျစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြသည်။

သူတို့၏မျက်နှာသည် နေထိပန်းကဲ့သို့ညှိုးငယ်သွားကြသည်။

ကဝေမကရောင်ဖုံးအား မော့ကြည့်လိုက်ပြီး စိုးရိမ်သောလေသံဖြင့် လှမ်းပြောလိုက်လေသည်။

"ကျွန်မတို့ ထွက်ပြေးတာကို သူတို့သိသွားကြပြီ ဘယ့်နယ့်လုပ်ကြမလဲ"

ရောင်ဖုံးက ထိုင်ရာမှထလိုက်သည်။

သူသည် အံတင်းတင်းကြိတ်ထားလိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် ငါတော့ပျံလွှားတောင်ကို အမြန်ဆုံးပြန်ရောက်မှဖြစ်မယ်"

ယခုအချိန်တွင် ပျံလွှားဂိုဏ်းသားများ ကျဆုံးမသွားရေးသည်ရောင်ဖုံးအတွက် အရေးအကြီးဆုံးကိစ္စဖြစ်သည်။

ကဝေမက အနည်းငယ်စဉ်းစားလိုက်သည်။

ဖြီးမှ

"ဒါဖြင့် ကျွန်မတို့မိုးထိတောင်ကြားကနေ ဖြတ်ပြေးမှလွတ်နိုင်မယ်ထင်တယ်"

ကဝေမ၏စကားကြောင့် ရောင်ဖုံးအံ့သြသွားလေသည်။

ကဝေမသည် သူ့ထက်ပို၍ ခရီးလမ်းပန်းကျွမ်းကျင်နေသည်။

သူသတိမထားမိသော ခရီးလမ်းကို ကဝေမက လတ်တလောပြောပြလိုက်သည်။

ရောင်ဖုံးသည် ကဝေမအား ကျေးဇူးတင်သောအကြည့်ဖြင့်လှမ်းကြည့်လိုက်သည်။

"ကောင်းပြီလေ မြန်မြန်သွားကြရအောင်"

သူသည် ပြောပြီးသည်နှင့် ရှေ့ဆုံးမှပြေးလွှား ထွက်သွားလေသည်။

ကဝေမက နောက်မှထပ်ချပ်မကွာ လိုက်ပါသွားလေတော့သည်။

သွေးမိစ္ဆာဂိုဏ်းသားများ ရေကန်ဘက်၌ အာရုံစိုက်နေချိန်

တွင် ရောင်ဖုံးသည်ကိုယ်ဖော့ပညာကို အသုံးပြုကာ မိုးထိတောင်ကြားဆီသို့ ဦးတည်ပြေးလွှားနေ၏။

ကဝေမကလည်း ထပ်ကြပ်မကွာ လိုက်ပါသွားလေသည်။

သူတို့သည် ခြေကုန်ပြေးလွှားလာရာ မကြာမီအချိန်အတွင်း၌မိုးထိတောင်ကြားကိုပင် မြင်တွေ့လိုက်ပြီဖြစ်လေသည်။

ထိုတောင်ကြားကို ဖြတ်ကျော်လိုက်လျှင် ပျံလွှားတောင်သို့ရောက်ရှိသွားမည်ဖြစ်သည်။

ထို့ကြောင့် ရောင်ဖုံးသည်အားတက်လာသည်။

သို့သော် သူတို့သည် လမ်းတစ်ခုကို ပြေးလွှားချိုးကွေ့လိုက်သည်နှင့်

"ရပ်လိုက်"

ဟူသောအသံတစ်ခုက သူတို့၏ခြေလှမ်းများကို တုံ့ခနဲရပ်တန့်သွားစေသည်။

ရောင်ဖုံးက အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်လမ်းပိတ်၍ဟန့်တားထားလိုက်သည် ကိုတွေ့ရသည်။

ထိုမိန်းကလေးနှစ်ယောက်မှာ ဓားတစ္ဆေအတုများဖြစ်ကြသည်။

ရီပင်းနှင့်ရီစွေတို့ပင်ဖြစ်ကြသည်။

ရောင်ဖုံးကသူတို့အား ကြောင်အမ်းအမ်းလှမ်းကြည့်လိုက်သည်။

ရီပင်းက ရီစွေဘက်သို့ လှည့်လိုက်သည်။

"ကဲ ညီမတွေ့ပြီမဟုတ်လား သူမသေပါဘူး"

ရှောင်ဖုံးသည် ရီပင်းနှင့်ရီစွေတို့အား မြင်တွေ့လိုက်သည်နှင့်ဒေါသအမျက်ချောင်းချောင်း ထွက်လာသည်။

"အတော်ပဲ မင်းတို့ကိုငါသတ်ချင်တာကြာပြီ"

သူသည် ယင်းသို့ပြောလိုက်ပြီး တစ်လှမ်းချင်းသွားသည်။ ရီစွေက အေးတိအေးစက်ဖြင့် သူ့အားကြည့်လိုက်သည်။

"ရှင်က ကျွန်မတို့ကိုသတ်မလို့ ဟုတ်လား"

ရှောင်ဖုံးက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဟုတ်တယ်"

ရှောင်ဖုံး၏ ဒေါသတကြီး အပြုအမူကြောင့် ရီစွေမှာ ခေါင်းငုံ့ထားလိုက်မိသည်။

သူဘာဆက်ပြောရမှန်းမသိ ဖြစ်နေသည်။

ရှောင်ဖုံး၏ စိမ်းကားရက်စက်သော အပြောအဆိုများကြောင့် ရီစွေသည် အလိုလိုဝမ်းနည်းလာသည်။

မျက်လုံးအိမ်၌ မျက်ရည်စလေးများ အိုင်ထွန်းလာသည်။

ညီမဖြစ်သူ၏ ခံစားချက်ကို တွေ့မြင်လိုက်ရသောအခါ ရီပင်းသည် သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

"ငိုမနေပါနဲ့ ညီမရယ် လူ့ဘဝဟာအိပ်မက်ဆန်လွန်းပါတယ် ကိုယ်ဖြစ်ချင်တာ မဖြစ်ရတာထက်စာရင် သေတာကပိုပြီး ငြိမ်းချမ်းလိမ့်မယ်လို့ ထင်ပါတယ်ကွယ်"

ရီပင်း၏စကားကြောင့် ရှောင်ဖုံးမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ခင်ဗျားတို့ ဘာတွေပြောနေတာလဲ"

ရီစွေသည် မျက်လုံးအိမ်၌ရစ်ပဲနေသော မျက်ရည်စများကို အသာအယာသုတ်ပစ်လိုက်ပြီး ရှောင်ဖုံးအားစိုက်ကြည့်လိုက်သည်။

"ဒီမှာ ကျွန်မရှင်းရှင်းပဲပြောမယ် ရှင်တို့အချုပ်ခန်းထဲကသွက်ပြေးတဲ့သတင်းကို ခေါင်းဆောင်ကြီးသိသွားပြီ အခုရှင်တို့ကိုသိုက်ဖမ်းဖို့ အမိန့်ပေးထားလိုက်ပြီ"

ရှောင်ဖုံးနှင့်ကဝေမတို့သည် ထိုစကားကိုကြားရသောအခါ ချက်နှာကွက်ခနဲပျက်သွားကြသည်။

ယခုအချိန်ဆိုလျှင် သွေးမိစ္ဆာဂိုဏ်းတစ်ခုလုံးသို့ အမိန့်ပေးသားပြီး ဖြစ်လိမ့်မည်။

သို့ဆိုလျှင် သူတို့အဖို့ အန္တရာယ်ပတ်လည်ဝိုင်းနေပြီဟုသူဆရပေတော့မည်။

"ခင်ဗျားပြောတာ တကယ်ပဲလား"

ရှောင်ဖုံးက မယုံသလိုလှမ်းမေးလိုက်သည်။

ရီပင်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျွန်မ ဘာဖြစ်လို့လိမ်ပြောရမှာလဲ"

ကဝေမ မျက်မှောင်ကြုတ်လိုက်မိသည်။

သူမသည် ရီပင်းနှင့်ရီစွေတို့အား လုံးဝလိုလားခြင်းမရှိချေ။

တစ်ချိန်ချိန်၌ ရီစွေသည် သူမ၏မဟာရန်သူတော်ကြီးဖြစ်လာနိုင်သည်ဟု ကဝေမတွေးမိသည်။

ထို့ကြောင့် အခွင့်ကြုံခိုက်လက်ဦးမှုရအောင်ယူရမည်ဟုဆုံးဖြတ်လိုက်သည်။

"မှန်မှန်ပြောစမ်း ညည်းတို့သွားပြီး သတင်းပို့တာ မ
ဟုတ်လား"

ကဝေမက မျက်နှာထားတည်တည်နှင့် ခပ်ထန်ထန်မေး
လိုက်လေသည်။

ရီစွေက ဒေါသထွက်လာသည်။

"ကျွန်မတို့ ဒီလောက် မယုတ်မာဘူးရှင့်"

ရီပင်းက နှာခေါင်းရှုံ့၍ပြောလိုက်သည်။

သူမသည်ရှောင်ဖုံးဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက်ပြီး
ရီပင်းကို လှမ်းပြောလိုက်သည်။

"ညည်းတို့နှစ်ယောက်ကလွဲလို့ ကျုပ်တို့ထွက်ပြေးတဲ့သ
တင်းကို ဘယ်သူမှသိမှာမဟုတ်ဘူး"

ကဝေမက ယင်းစကားကို ခပ်ဖြည်းဖြည်းနှင့် အလေး
အနက်ပြောလိုက်သည်။

ထိုစကားကိုရှောင်ဖုံး သတိပြုမိစေရန်ဖြစ်သည်။

ထိုစကားကြောင့် ရီပင်းမှာလွန်စွာ မခံမရပ်နိုင်အောင်
ဖြစ်သွားသည်။

"တို့ရဲ့စေတနာကို ညည်းက ဝေဒနာဖြစ်အောင်လုပ်
နေတာကိုး"

ကဝေမ မဲ့ပြုံးပြုံးလိုက်သည်။

"ညည်းတို့ မပြောရင် ဘယ်သူကပြောမှာလဲ"

ကဝေမက ထိုစကားကိုပင် အလေးအနက်ထား၍ ထပ်မံ
ပြောလိုက်သည်။

သူမ၏ စကားက ထိရောက်မှုရှိသည်။

အကြောင်းမှာ ရှောင်ဖုံးသည် ဒေါသတကြီးဖြင့် ကြား
ဖြတ်ဝင်ပြောလိုက်သောကြောင့်ဖြစ်သည်။

"ဟုတ်တယ် မင်းတို့ပဲဖြစ်ရမယ် သေပေတော့"

ရှောင်ဖုံးသည် ထိုသို့ပြောဆိုလိုက်ပြီးနောက် ရီပင်းအား
ဝင်ရောက်တိုက်ခိုက် လိုက်လေတော့သည်။

ထိုစဉ်မှာပင် အချက်ပေးသံများ ဟိုဟိုဒီဒီမှထွက်ပေါ်လာ
သည်ကိုကြားလိုက်ရလေသည်။

ရီပင်းနှင့်ရီစွေက ရှောင်ဖုံး၏တိုက်ခိုက်မှုကို ရှောင်တိမ်းပေး
လိုက်သည်။

"ရှင်က ကျွန်မတို့ကိုမကျေနပ်ရင် နောက်မှရှင်းပါ အခုအ
ချိန်မှာ အမြန်ဆုံးလွတ်အောင် ပြေးနိုင်မှဖြစ်မယ်"

ရီပင်းကစိတ်ရှည်လက်ရှည် လှမ်းပြောလိုက်လေသည်။

သို့သော် ရှောင်ဖုံးသည် ဒေါသကြီးနေသဖြင့် ရီပင်း၏
စကားကို နားမထောင်ပဲ ဆက်လက်တိုက်ခိုက် နေလေတော့သည်။

သူ၏နှုတ်မှလည်း ဒေါသတကြီးဖြင့် အော်ပြောလိုက်
လေသည်။

"မင်းတို့ညီအစ်မနှစ်ယောက်ကို သတ်ပြီးမှ ငါသွားမယ်"

ရှောင်ဖုံး၏အထင်အမြင် လွဲမှားမှုကြောင့် ရီပင်းသည်
အကြီးအကျယ်စိတ်မကောင်း ဖြစ်သွားရသည်။

"သြော် ရှင်ကကျွန်မအပေါ် ဒီလောက်တောင်ပဲမုန်းနေ
တာကိုး"

သူမသည် ယင်းသို့ပြောရင်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သို့သော် အဟန့်အတားသဘောမျိုးဖြင့် ပြန်လည်တိုက်ခိုက်ခြင်းသာဖြစ်လေသည်။

ထိုအချိန်၌ရီစွေသည် ကဝေမ၏သွေးထိုး မြှောက်ပင့်ကြောဆိုသောစကားကြောင့် ရောင်ဖုံးသည် မိမိတို့အပေါ် အထင်အမြင်လွဲသွားကြောင်း တွေ့ရှိရသဖြင့် သည်းမခံနိုင်တော့ဘဲ ကဝေမအား ဝင်ရောက်တိုက်ခိုက်လိုက်တော့သည်။

ကဝေမသည် ရီစွေကတိုက်ခိုက်လာသည်ကို တွေ့ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားပြီး ကမန်းကတန်းရောင်တိမ်းလိုက်ရ၏။

ထိုအချိန်မှာပင် မီးခိုးရောင်ဝတ်ဆင်ထားသော လူများသည် ရေကန်ကိုပတ်ကာ သူတို့ထံပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရတော့သည်။

ရောင်ဖုံးနှင့်ရီပင်းသည် သိုင်းကွက်ဆယ်လေး ငါးကွက်မှ ယှဉ်ပြိုင်ခဲ့ပြီးဖြစ်သည်။

ရီပင်းက အစွမ်းကုန်တိုက်ခိုက်ခြင်းမရှိဘဲ ကိုယ့်ကိုကိုယ် ကာကွယ်ရုံမျှသာ တိုက်ခိုက်နေခြင်းဖြစ်သည်။

ရောင်ဖုံးမှာ ရီပင်းတို့ညီအစ်မအပေါ် အထင်လွဲနေသဖြင့် ဒေါသကြီးစွာ တိုက်ခိုက်နေလေသည်။

ထို့ကြောင့် ရီပင်းမှာ တစ်စထက်တစ်စ အရေးနိမ့်လာတော့သည်။

သို့သော် ရောင်ဖုံးမှာလည်း အတွင်းဒဏ်ရာကြောင့်စိတ်

ရှိတိုင်း ကိုယ်မပါနိုင်ဘဲဖြစ်နေသည်။

ထိုအချိန်တွင် သွေးမိစ္ဆာဂိုဏ်းသားများသည် တဖြည်းဖြည်းနှင့်သူတို့ရှိရာသို့ဦးတည်ရောက်ရှိလာနေကြပြီ ဖြစ်လေသည်။

ယင်းသို့ သွေးမိစ္ဆာဂိုဏ်းသားများ နီးကပ်လာနေကြသည်ကို မြင်တွေ့လိုက်ရသောအခါ ရီပင်းသည် အလွန်စိုးရိမ်လာခဲ့သည်။

"ဒီမှာရောင်ဖုံး အခုနေ ရှင်မြန်မြန်ပြေးမှ ဖြစ်လိမ့်မယ်နဲ့.မို့.ဆိုရင် ရှင် သူတို့လက်ထဲက လွတ်နိုင်မှာ မဟုတ်တော့ဘူး"

ရီပင်းက တောင်းပန်သလို ပြောလိုက်သည်။

သို့သော် ရောင်ဖုံးသည် ရီပင်း၏စေတနာကို လုံးဝလက်ခံချေ။

သူသည် ရီပင်းအား ဆက်၍တိုက်ခိုက်ရင်း

"မင်းရဲ့စေတနာကို ငါနားလည်တယ် မင်းရဲ့စေတနာကြောင့် ငါအခုလိုဒုက္ခရောက်ရတယ်ဆိုတာငါဘယ်တော့မှမမေ့ဘူး"

ရောင်ဖုံးက ယင်းသို့ပြောဆိုလိုက်ပြီး ဖိ၍တိုက်လိုက်၏။

ရီပင်း ကိုယ့်ကိုယ်ကို ကာကွယ်ရုံဖြင့် ပြန်လည်ခုခံရင်း

"ရှင် ကျွန်မကို မကျေနပ်လို့.ကလဲ့စားချေချင်တယ်ဆိုရင် အချိန်မရွေးချေနိုင်တယ် အခုနေလွတ်အောင်ပြေးမှ ကျွန်မကိုကလဲ့စားချေနိုင်မှာ နို့.မို့.ဆိုရင်ရှင်ဘယ်တော့မှ ကလဲ့စားချေလို့.ရနိုင်တော့မှာမဟုတ်ဘူး"

ရောင်ဖုံးသည် ရီပင်းအပေါ် အလွန်စိတ်နာနေသဖြင့်ရီပင်း၏စကားကို လုံးဝနားမထောင်ဘဲ ဆက်၍သာ သဲသဲမဲမဲတိုက်ခိုက်

နေလေသည်။

ရီပင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရင်ဟာ သူများကိုရန်ရှာဖို့ပဲသိတယ် ကိုယ့်အသက် အန္တရာယ်ကိုကိုယ်မသိတူး အခုအချိန်ရောက်မှတော့ ဘယ်နည်းနဲ့မှ ပြေးလို့မလွတ်တော့ဘူးရင့်"

ရှောင်ဖုံးကလှမ်း၍ကြည့်လိုက်ရာ သွေးမို့စ်ဂုဏ်းသားများသည် အနီးသို့ရောက်ရှိလာပြီဖြစ်သည်ကို တွေ့မြင်လိုက်ရတော့မှ အခြေအနေမဟန်မှန်း သိလိုက်ရသဖြင့် သူသည်ကဝေမအားလှည့်ကြည့်လိုက်ပြီး

"တို့သွားကြမယ်" –

ရှောင်ဖုံးက ယင်းသို့ပြောဆိုလိုက်ပြီးနောက် ထိုနေရာမှ ပြေးလွှားထွက်ခွာသွားတော့သည်။

ကဝေမသည်လည်း ရှောင်ဖုံးနှင့်အတူ ကမန်းကတန်းပြေးလွှားထွက်ခွာသွားလေသည်။

သို့သော် သူတို့သည် များစွာနောက်ကျနေပြီဖြစ်သည်။

အကြောင်းမှာ

သူတို့ရှေ့တွင် မျက်နှာဖုံးစွပ်ထားသော လူတစ်ယောက်ကလမ်းပိတ်ရပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

✖✖✖ ✖✖✖ ✖✖✖

ကယ်တင်ရှင်

ရှောင်ဖုံးသည် မျက်နှာဖုံးစွပ်ထားသောလူအား တွေ့မြင်လိုက်သည်နှင့် ရင်ထိတ်သွားသည်။

သူသည် ပြေးနေရာမှ ရုတ်တရက်ရပ်တန့်လိုက်ပြီးနောက် သို့ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

မျက်နှာဖုံးနှင့်လူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

သူသည် ရှောင်ဖုံးအား တစ်ချက်စိုက်ကြည့်လိုက်ပြီး

"ကဲ မင်းဘယ်ပြေးမလဲ"

ရှောင်ဖုံးက အံတင်းတင်းကြိတ်လိုက်သည်။

ပြေး၍လွတ်မည်မဟုတ်တော့မှန်း သူသိသည်။

ထို့ကြောင့် သူသည် မျက်နှာဖုံးစွပ်ထားသောလူအား တိုက်ခိုက်ရန် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။

မျက်နှာဖုံးစွပ်နှင့်လူက လုံးဝဂရုမစိုက်ဟန်ဖြင့် မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် သူသည်နောက်သို့လှည့်ကြည့်လိုက်ပြီး

"တမန်တော်စုကျူး ဘယ်မှာလဲ"

စုကျူးက ရှေ့သို့လှမ်းထွက်လိုက်ပြီး ဦးညွှတ်လိုက်သည်။

"ရှိပါတယ် ဂိုဏ်းချုပ်ကြီး"

မျက်နှာဖုံးစွပ်ထားသောလူက ရှောင်ဖုံးအားညွှန်ပြလိုက်၏။

"သူ့ကိုအရင်ရအောင်ဖမ်း"

မျက်နှာဖုံးစွပ်နှင့်လူက အမိန့်ပေးလိုက်သည်။

စုကျူးက ဦးညွှတ်လိုက်သည်။

"အမိန့်အတိုင်းပါ ခေါင်းဆောင်ကြီး"

ယင်းသို့ပြောလိုက်ပြီးနောက် စုကျူးသည် လက်နှစ်ဘက်ရှေ့ယမ်းလိုက်ရာ သူ့လက်အောက်ရှိ လူနှစ်ယောက်က ရှေ့သို့ထွက်လာကြသည်။

ထို့နောက် ရှောင်ဖုံးအား ဝိုင်းရံတိုက်ခိုက်လိုက်လေသည်။

ကဝေမသည် အခြေအနေမဟန်မှန်းသိသဖြင့် နောက်သို့တဖြည်းဖြည်းဆုတ်ခွာသွားလေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က သူမအား တစ်ချက်ကြည့်လိုက်ပြီး အမိန့်ပေးလိုက်၏။

"သစ္စာဖောက် ကဝေမကို ဖမ်းထားလိုက်စမ်း"

ဂိုဏ်းချုပ်ကြီး၏စကားကြောင့် ရီပင်းသည်ဦးညွှတ်လိုက်ပြီးနောက် ကဝေမအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကဝေမသည် မည်သို့မျှ ထွက်ပြေး၍ရနိုင်တော့မည်မဟုတ်ကြောင်း သိရှိလိုက်သောကြောင့် အံကိုတင်းတင်းကြိတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲကားပြင်းထန်လှပေသည်။

စုကျူးနှင့်အဖွဲ့သားနှစ်ယောက်က ရှောင်ဖုံးအား၀န်းရံ၍ တိုက်ခိုက်လိုက်သည်။

သူတို့သည် သိုင်းကွက်သုံးဆယ်ကျော်မျှ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ပြီဖြစ်သော်လည်း အရှုံးအနိုင်မရှိသေးပေ။

ရီပင်းနှင့်ကဝေမတို့၏ တိုက်ခိုက်မှုမှာလည်းလက်ညိုနေ၏။

ရီစွေသည်လည်း မနေနိုင်တော့ဘဲ ဝင်ရောက်တိုက်ခိုက်လိုက်လေတော့သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်ကမူ လက်နှစ်ဘက်နောက်ပစ်ကာ အေးဆေးစွာ ကြည့်နေ၏။

သွေးမိစ္ဆာဂိုဏ်းချုပ်၏စိတ်ထဲ၌ မည်သည့်နည်းနှင့်မဆို သူ့လူများသာအနိုင်ရလိမ့်မည်ဟု တွေးဆထားခဲ့သည်။

ထို့ကြောင့် စိတ်အေးလက်အေးဖြင့် စိမ်ပြေနပြေကြည့်ရှုနေမိခြင်းသာဖြစ်၏။

ထိုအချိန်တွင် ရှောင်ဖုံးနှင့်စုကျူးတို့တိုက်ခိုက်ရာမှ

"ဝုန်း"

ဟူသောအသံ တစ်ချက်ကြားလိုက်ရသည်။

ရှောင်ဖုံး၏ခန္ဓာကိုယ်သည် စုကျူး၏ လက်သီးတစ်လုံးထိမှန်သွားသဖြင့် မြေပြင်ပေါ်သို့လွင့်စဉ်လဲကျသွားသည်ကိုတွေ့ရ၏။

ဂိုဏ်းချုပ်ကြီးက ကျေနပ်သွားဟန်ဖြင့် တစ်ချက်ပြုံးလိုက်လေသည်။

ကဝေမသည် ရှောင်ဖုံးရုံးနိမ့်သွားသည်ကို တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်သွားသည်။

သူမ၏လှုပ်ရှားမှုမှာလည်း အနည်းငယ်နှေးကွေးသွားလေသည်။

"ဝုန်း"

ရီပင်း၏လက်ဝါးတစ်ဘက်သည် သူမ၏ပခုံးပေါ်သို့ပြင်းထန်စွာလာရောက် ထိမှန်သွားလေသည်။

ကဝေမသည် မဟန့်နိုင်တော့ဘဲ မြေပေါ်သို့လဲကျသွားလေတော့သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် လက်နှစ်ဘက်နောက်ပစ်ကာ အေးဆေးစွာဖြင့် ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေလေသည်။

အတန်ကြာလျှောက်လှမ်းပြီးနောက် တံ့ခဲနဲရပ်လိုက်သည်၊ ထို့နောက် မြေပေါ်၌လဲကျနေသော ရှောင်ဖုံးနှင့်ကဝေမတို့အား တစ်ချက်စိုက်ကြည့်လိုက်၏။

စုကျူးက သူတို့နှစ်ယောက်အား သွေးကြောပိတ်ထားလိုက်ပြီဖြစ်၍ လှုပ်ရှားနိုင်စွမ်းမရှိတော့ပါ။

သွေးမိစ္ဆာဂိုဏ်းချုပ်က လဲကျနေသော ရှောင်ဖုံးတို့အား သရော်သလို လှမ်းကြည့်လိုက်သည်။

"ကဲ ဘယ့်နယ်လဲ ပျိုလွားဂိုဏ်းချုပ်ရဲ့ အခုမင်းဘာတတ်နိုင်သေးလဲ"

ရှောင်ဖုံးသည်သွေးကြောပိတ်ခံထားရသဖြင့် မည်သို့မျှပြန်မပြောနိုင်ချေ။

ရှောင်ဖုံးသည် ဒေါသကြီးစွာဖြင့်သာ သွေးမိစ္ဆာဂိုဏ်းချုပ်အားကြည့်နေ၏။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် သူ့အနီးဦးရုပ်နေသော ရီပင်းနှင့်ရီစွေတို့အား တစ်ချက်လှမ်းကြည့်လိုက်ပြီး

"မင်းတို့ညီအစ်မနှစ်ယောက်က ဒီတရားခံနှစ်ယောက်ကိုပြန်ခေါ်သွားပါ ဒီတစ်ခါတော့ အပေါ်ခန်းမှာပဲချုပ်ထား"

သွေးမိစ္ဆာဂိုဏ်းချုပ်က အမိန့်ပေးလိုက်သည်။

ရီပင်းနှင့်ရီစွေကဦးညွတ်ကာ

"အမိန့်အတိုင်းပါ ခေါင်းဆောင်ကြီး"

ပြောရင်း ကဝေမနှင့် ရှောင်ဖုံးတို့အား ထမ်းကာထွက်သွားလေသည်။

✕✕✕ ✕✕✕ ✕✕✕

တိမင်းသည် ခေါင်းဆောင်နောက်မှ ပါလာသောလူစုအား လှမ်းကြည့်လိုက်သည်။

တစ်စုံတစ်ယောက်အား ဖမ်းဆီးလာသည့် အရိပ်အယောင်ကိုလုံးဝမမြင်တွေ့ရချေ။

"ဂိုဏ်းချုပ်ကြီး အကျဉ်းသားတွေကော"

သွေးမိစ္ဆဂိုဏ်းချုပ်က မျက်မှောင်ကုပ်သွားသည်။

သူသည် မျက်နှာဖုံးအား ချွတ်ချလိုက်ပြီး

"တရားခံတွေကို ကျုပ်တို့လူနှစ်ယောက်နဲ့ ဒီကိုပို့ခိုင်းလိုက်တယ်လေ"

"ဘယ်သူ့ကို လာပို့ခိုင်းလိုက်တာလဲ ဂိုဏ်းချုပ်ကြီး"

"ရီပင်းတို့ ညီအစ်မနှစ်ယောက်ပေါ့"

တိမင်းက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"သူတို့လာတာ မတွေ့မိဘူး ဂိုဏ်းချုပ်ကြီး"

တိမင်း၏စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်သည် မေးကြောကြီးများ တင်းလာသည်အထိ အံကြိတ်လိုက်မိသည်။

သူသည်ဒေါသတကြီးဖြင့်

"အင်း ဒီကောင်မလေးနှစ်ယောက်က တရားခံကိုကြားဖြတ်ခေါ်သွားပြီနဲ့တူတယ်"

သူသည် ခံပြင်းလွန်း၍ တောက်တစ်ချက်ခေါက်လိုက်မိလေသည်။

ဟက်ခေါက်သံသည် ခန်းမကြီးတစ်ခုလုံး ဟိန်းထွက်သွားလေသည်။

"ကဲ ရှိသမျှစခန်းကို အကြောင်းကြားလိုက်စမ်း ရီပင်းနဲ့ ရီစွေကို တွေ့တဲ့နေရာမှာ မိအောင်ဖမ်းပြီး ဌာနချုပ်ကိုလာပို့ကြလို့ ဒါင့်အမိန့်ပဲ"

သွေးမိစ္ဆာကလွန်စွာ ခံပြင်းသောလေသံဖြင့် အမိန့်ထုတ်လိုက်သည်။

သူ၏အမိန့်ကြောင့် သွေးမိစ္ဆာဂိုဏ်းသားအားလုံးသည် စခန်းအသီးသီးသို့ အကြောင်းကြားရန် ရုတ်ရုတ်သဲသဲပြေးလွှားထွက်ခွာသွားကြသည်။

သူတို့သည် အလျှင်အမြန်ဆုံးသောနည်းကို အသုံးပြုကာ လမ်းစခန်းအားလုံးကို အကြောင်းကြားခိုင်းလိုက်သည်။

မည်သူတစ်ယောက်ကိုမျှ မိုးထိတောင်ကြားမှ ထွက်ခွာခွင့်မပြုရန်လည်း ထပ်ဆင့်အမိန့်ထုတ်လိုက်သည်။

ထို့ကြောင့် တဒင်္ဂမျှသော အချိန်အတွင်းမှာပင် သွေးမိစ္ဆာဂိုဏ်း၏စခန်းအားလုံး၌ စောင့်ကြပ်စစ်ဆေးမှုများ ထူထပ်လာလေတော့သည်။

မိုးထိတောင်ကြားမှ လူမဆိုထားဘိ တိရစ္ဆာန်တစ်ကောင်ပင်ထွက်၍မရအောင် အစောင့်အကြပ်များ ထူထပ်စွာဖြင့်ကင်းချထားလိုက်ကြလေတော့သည်။

ရီပင်းသည် ရှောင်ဖုံးအားပခုံးပေါ်၌ထမ်းကာ ပြေးလွှားလျှက်ရှိသည်။

သို့သော် သူမသည်ဌာနချုပ်ရှိရာသို့ ပြေးလွှားသွားခြင်းမဟုတ်ပေ။

သူမသည် မိုးထိတောင်ကြားဘက်သို့ ဦးတည်သွားနေခြင်းဖြစ်သည်။

ထို့ကြောင့် ရီပင်းနောက်မှ လိုက်ပါလာသော ရီစွေသည် နားမလည်နိုင်အောင် ဖြစ်သွားသည်။

မျက်မှောင်ကုပ်ရင်း

"ဒါ ဘယ်ကိုသွားမလို့လဲ မမ"

ရီစွေက မောဟိုက်သဖြင့် လှမ်းမေးလိုက်သည်။

ရီပင်းက ပြေးလွှားရင်းမှ ပြန်ဖြေလိုက်သည်။

"မိုးထိတောင်ကြားကိုလေ"

ရီပင်း၏စကားကြောင့် ရီစွေမှာ အံ့အားသင့်သွားသည်။

ရီပင်းက ဆက်လက်ပြေးသွားနေသည်။

ရီစွေက နောက်မှပြေးလိုက်ရင်း လှမ်းမေးလိုက်သည်။

"ဘာဖြစ်လို့လဲ မမ"

"ညီမက သူ့အသက်ကိုကယ်တင်ချင်တယ် မဟုတ်လား"

ရီစွေသည် ထိတ်လန့်တုန်လှုပ်သွားသည်။

မယုံနိုင်သလိုလည်းဖြစ်မိသည်။

"မမက သူ့ကိုတကယ် ကယ်တင်မလို့လား"

ရီပင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမရဲ့စိတ်ဆန္ဒကို မမကဖြည့်ပေးမလို့ပါ"

ထိုစကားကြောင့် ရီစွေသည် အနည်းငယ်စိတ်သက်သာရာရသွားသလို စိုးရိမ်ထိတ်လန့်မှုကလည်း ရင်ထဲ၌လွှမ်းမိုးလာသည်။

"ဒါဖြင့် သွေးမိစ္ဆာဂိုဏ်းချုပ်ကညီမတို့ကို ချမ်းသာပေးပါ့မလား"

ရီပင်းက မချိပြုံးပြုံးလိုက်သည်။

"သွေးမိစ္ဆာဂိုဏ်းချုပ်တစ်ဦးတည်း ဘယ်ကမလဲ တို့ရဲ့ဆရာကလဲ တို့ကိုခွင့်လွှတ်မှာမဟုတ်ဘူး တို့ကိုသစ္စာဖောက်ဆိုပြီး အရှေးယူမှာပဲ"

ရီစွေသည်ပို၍ ထိတ်လန့်တုန်လှုပ်သွားလေသည်။

"ဒါဖြင့်ကျွန်မတို့ ဒုက္ခကောင်းကောင်း ရောက်ရတော့မှာပေါ့"

ရီစွေသည် စိုးရိမ်သံကလေးဖြင့် ပြန်ပြောလိုက်သည်။

ရီပင်းကမူ ဘာကိုမှ ဂရုမစိုက်တော့ချေ။

"လုပ်ပြီးမှတော့ နောက်မဆုတ်တော့ဘူး မိုးထိတောင်ကြားကိုအမြန်ဆုံးရောက်ဖို့ပဲ အရေးကြီးတယ် ကဲ လာ အဲဒီကိုရောက်အောင် အမြန်ဆုံးသွားကြမယ်"

ရီပင်းက ပြောပြောဆိုဆိုဖြင့် ပို၍မြန်အောင် ပြေးလွှားသွားလေသည်။

ရီစွေကလည်း နောက်မှလျှင်မြန်စွာ ပြေးလွှားလိုက်ပါသွားသည်။

အချိန်သည် သူတို့အတွက်အရေးကြီးနေပြီမဟုတ်ပါလား။

ရီပင်းသည် လွန်စွာပရိယာယ်ကြွယ်ဝသော မိန်းကလေးဘစ်ယောက်ဖြစ်သည်။

ထို့ကြောင့် သူမသည် လိမ္မာပါးနပ်စွာဖြင့် စခန်းတစ်ခုအားချောမောစွာ ဖြတ်ကျော်လာနိုင်ခဲ့သည်။

ထို့ပြင် အခြားစခန်းများကိုလည်း အခက်အခဲမရှိဘဲ ကျော်ဖြတ်လာနိုင်ခဲ့ပြန်သည်။

သို့သော် သူမတို့သည် နောက်ဆုံးစခန်းတစ်ခုဖြစ်သော တောင်ကုန်းစခန်းသို့ ရောက်လာသည့်အခါတွင်မူ ရိပင်းရင်ထဲ၌ စိုးရိမ်ကြောင့်ကြမှုများ ဝင်ရောက်လာလေတော့သည်။

ထိုစခန်းအား လှမ်းမြင်လိုက်ရသည်နှင့် သူမသည် စိတ်ဓာတ်ကျသွားလေတော့သည်။

အကြောင်းမှာ ယင်းနောက်ဆုံးစခန်းအား တာဝန်ယူစောင့်ကြပ်နေသော ဆိုင်းသမားသည် မိမိထက်သိုင်းပညာအဆင့်ပိုမိုမြင့်မားသည်ကို သိထားခဲ့သောကြောင့်ပင်ဖြစ်သည်။

အကယ်၍သာ သူတို့သည် ထိုစခန်းမှအချိန်မီ ထိုးဖောက်ကျော်ဖြတ်နိုင်စွမ်းမရှိခဲ့ပါလျှင် သူတို့နောက်သို့ လိုက်လာနေကြသော သွေးမိစ္ဆာဂိုဏ်းသားများကသူတို့အားမှီလာကြမည်ဖြစ်၏။

ထိုသို့သာဖြစ်လာခဲ့လျှင် သူတို့အနေဖြင့် လုံးဝပြေးပေါက်ရှိတော့မည်မဟုတ်ချေ။

ထိုသို့တွေးမိရင်း ရိပင်းတို့ညီအစ်မသည် စခန်းအနီးသို့ ရောက်လာကြတော့သည်။

"သြော် ခင်ဗျားတို့ညီအစ်မ ရောက်လာကြပြီကိုး ခင်ဗျားတို့ရောက်လာမယ်ဆိုတာကိုသိလို့ ကျုပ်ထွက်ကြိုနေတာ"

ရိပင်း ထိတ်ခနဲရင်ခုန်သွားသည်။

သို့သော် ရိပင်းက ဟန်မပျက်ပြုံးပြလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မတို့မှာ အရေးကြီးတဲ့ကိစ္စနဲ့ အပြင်သွားဖို့ရှိလို့ ထွက်လာကြတာပါ"

ထိုစခန်းကို စောင့်ကြပ်နေသူမှာ ဟိုကွမ်းဖြစ်၏။

ရိပင်းက ဟိုကွမ်းအား မလိုမ်းတပတ်ပြောလိုက်သည်။

ဟိုကွမ်းက ရိပင်းတို့ညီအစ်မအားတစ်ချက်ကြည့်လိုက်ပြီး

"ဝမ်းနည်းပါတယ်ဗျာ ခေါင်းဆောင်ကြီးဆီက အမိန့်အရာယ်သူ့ကိုမှ သွားခွင့်မပေးနိုင်ပါဘူး"

သူ့စကားကြောင့်ရိပင်း ရင်ထိတ်သွားသည်။

သို့သော် ရိပင်းကသူနှင့်ဘာမှ မဆိုင်သလို အပြုံးမပျက်ပြန်မေးလိုက်သည်။

"အပြင်မသွားရဘူးဆိုတဲ့အမိန့်မှာ ကျွန်မတို့ညီအစ်မနှစ်ယောက်လည်းပါသလား"

ဟိုကွမ်းက တဟဲဟဲရယ်မောလိုက်သည်။

သူသည်လှောင်သလို အပြုံးနှင့် ရိပင်းတို့ညီအစ်မအားလှမ်းကြည့်လိုက်သည်။

"ဟုတ်ကဲ့ အထူးသဖြင့် ခင်ဗျားတို့ ထမ်းခေါ်လာတဲ့လူကိုလုံးဝသွားခွင့်မပြုဘူး"

ရိပင်းက ဦးညွှတ်လိုက်၏။

ထို့နောက် ဟိုကွမ်းအား အကူအညီတောင်းခံသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်လေသည်။

"ဒါဖြင့် ကျွန်မတို့သွားနိုင်အောင် အကြံဉာဏ်များမပေးနိုင်တော့ဘူးလားရှင်"

ဟိုကွမ်းက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ကျုပ်က ဒီစခန်းမှာတာဝန်ရှိတဲ့ လူတစ်ယောက်ပါ ဒါ
ကြောင့်ဘယ်လိုမှ အကြံမပေးနိုင်ပါဘူးဗျာ"

ရီပင်း စိတ်ဓာတ်ကျသွားသည်။

သူမသည် လာခဲ့သည့်လမ်းအတိုင်း ပြန်လှည့်ကြည့်မိ
လေသည်။

လူသူတစ်စုံတစ်ယောက်မျှ လိုက်လာသည်ကိုမတွေ့ရ
သော်လည်း တိုတောင်းသည့်အချိန်အတွင်း၌သွေးမိစ္ဆာအဖွဲ့သားများ
ရောက်ရှိလာကြလိမ့်မည်ကို ရီပင်းကောင်းစွာ တွက်ဆမိသည်။

ထို့ကြောင့်သူမသည် စိတ်ထဲ၌ စိုးရိမ်ပူပန်လာမိသည်။

နောက်မှလူများ ရောက်လာလျှင်မိမိတို့လေးယောက်စလုံး
အသက်ဆုံးရှုံးကြမည်မှာ ယုံမှားသံသယရှိစရာမလိုချေ။

သူသာ်တိုကွမ်းအား တိုက်ခိုက်ရန် စိတ်ကူးမိသည်။

သို့သော် မိမိတို့ညီအစ်မနှစ်ယောက်စလုံး၏ လက်ရှိ
အခြေအနေမှာ မည်သို့မျှတိုက်ခိုက်နိုင်မည့် အနေအထားတွင်
မရှိကြောင်း သူမသိရှိလိုက်သည်။

ထို့ကြောင့် ရီပင်းသည် ပူပင်သောကဖြစ်လာမိသည်။

ထိုစဉ် ဟိုကွမ်းက သူမအားပြုံးပြလိုက်သည်။

"အဲ ကျုပ်မှာအကြံတစ်ခုတော့ရှိတယ် ဒါပေမယ့် ခင်ဗျား
လက်ခံနိုင်မလား မပြောတတ်ဘူး"

ရီပင်းသည် ထိုစကားကြားလိုက်ရသောအခါ ဝမ်းသာ
သွားလေသည်။

ထို့ကြောင့် အားတက်သရော် ပြန်မေးလိုက်သည်။

"ဒါဖြင့် မြန်မြန်ပြောစမ်းပါရှင်"

ဟိုကွမ်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်လေသည်။

"ကျုပ်ပေးမယ့်အကြံကတော့ ခင်ဗျားဒီမှာနေခဲ့ပြီး ကျန်တဲ့
သုံးယောက်ကိုလွှတ်ပေးလိုက်မယ် ဘယ့်နှယ့်လဲ"

ဟိုကွမ်း၏စကားကြောင့် ရီစွေသည်မျက်လုံးများ၌မီးဝင်း
ဝင်းတောက်နေသကဲ့သို့ ဒေါသထွက်သွားသည်။

"ရှင်အတော်ယုတ်မာပါလား သူများအတိဒုက္ခရောက်နေ
တဲ့အါမှာ အခုလိုအကျပ်ကိုင်ရသလား"

ရီစွေက ကက်ကက်လန်, ရန်တွေ့လိုက်သည်။

သို့သော် ရီပင်းက ရီစွေအားဟန့်တားလိုက်သည်။

"ညီမ ဘာမှမပြောနဲ့"

ရီပင်းက ထိုသို့လှမ်းပြောလိုက်ပြီးနောက် ဟိုကွမ်းအား
အေးတိအေးစက်ဖြင့် ကြည့်လိုက်သည်။

"ကောင်းပြီ ကျွန်မသဘောတူတယ် ရှင်အခုသူတို့သုံး
ယောက်ကို ချက်ချင်းလွှတ်လိုက်ပါ"

ဟိုကွမ်းသည် ရီပင်းကဤမျှအလွယ်တကူ လက်ခံလိမ့်
မည်ဟု မျှော်လင့်မထားသဖြင့် အံ့အားသင့်သွားလေသည်။

"ခင်ဗျား တကယ်ပြောတာလား"

ဟိုကွမ်းက မယုံတဝက် ယုံတဝက်နှင့်ပြန်မေးလိုက်သည်။

ရီပင်းက အေးစက်စက်လေသံဖြင့်

"ကျွန်မက ဘာဖြစ်လို့လိမ်ပြောရမှာလဲ"

ရီစွေမှာ အစ်မဖြစ်သူရီပင်း၏ အပြုအမူကြောင့် စိုးရိမ်

ထိတ်လန့်သွားသည်။

ထို့ကြောင့် ရီစွေကသဘောမတူနိုင်ဟန်ဖြင့် ဟန့်တားလိုက်လေသည်။

"မမ လက်မခံပါနဲ့ ကျွန်မတို့အသေခံပြီး ထိုးဖောက်သွားမယ်"

ရီစွေ၏စကားကို ရီပင်းကဂရမစိုက်ချေ။

သူမသည် ဟိုကွမ်းအား သေချာစွာစိုက်ကြည့်လိုက်သည်။

"ကဲ ကျွန်မလက်ခံပါတယ်လို့ ပြောပြီးပြီ သူတို့ကိုအမြန်ဆုံးလွှတ်လိုက်ပါ"

ရီပင်းက အလွယ်တကူ လက်ခံလိုက်သောကြောင့် ဟိုကွမ်းသည် တဒင်္ဂမျှ ကြောင်အမ်းအမ်းဖြစ်သွားသည်။

နောက်မှ သတိရဟန်ဖြင့် ထိုနေရာမှ ချာခနဲလှည့်ထွက်သွားသည်။

ရီစွေမှာ ရီပင်းအားတစ်ချက် လှမ်းကြည့်ပြီးနောက် မလိုက်ချင်လိုက်ချင်ဖြင့် ဟိုကွမ်းနောက် လိုက်ပါသွားတော့သည်။

× × × × × × × × ×

ဤနေရာသည် မိုးထိတောင်ကြား၏ နောက်ဆုံးထွက်ပေါက်ဖြစ်သည်။

ယင်းတောင်ကြားလမ်း၏ ထွက်ပေါက်မှာ အလွန်ကျဉ်း

မြောင်းပြီး ပခုံးချင်းယှဉ်၍ ထွက်သာရုံမျှသာ ကျယ်ဝန်းသည်။

ထိုထွက်ပေါက်နေရာကို အလွန်ကြီးမားထူထပ်သော သံတံခါးကြီးတစ်ချပ်ဖြင့် ပိတ်ထားလေသည်။

ဟိုကွမ်းသည် ခါးတွင်ချိတ်ဆွဲထားသော သော့တွဲကိုထုတ်ယူလိုက်သည်။

ပြီးနောက်တံခါးပေါ်မှ သော့ခလောက်အားဖွင့်လိုက်သည်။

"ချောက်"

ဟူသောအသံ ထွက်ပေါ်လာပြီး သော့ပွင့်သွားသည်။

ထို့နောက် တံခါးအား လူတစ်ယောက်ထွက်သာရုံ ဟပေးလိုက်သည်။

ထိုသို့ တံခါးကို ဟထားပေးပြီးနောက် သူသည်ရီစွေအား လှမ်းကြည့်လိုက်သည်။

"ကဲ ခင်ဗျားတို့သုံးယောက် သွားနိုင်ပြီ"

ရီပင်းကနောက်မှလိုက်ပါလာပြီး ရှောင်ဖုံး၏သွေးကြောအား အသာအယာ စမ်းသပ်ကြည့်လိုက်လေသည်။

သို့သော် သူမသည် ကြိုးစား၍ဖြည်ပေးလိုက်သည့်တိုင်အောင်ရှောင်ဖုံးမှာ ခြေလက်လှုပ်ရှားနိုင်သည်မှအပ ထူးခြားလာခြင်းမရှိပါချေ။

သူမသည် ကဝေမအားအကြောဖြေကြည့်လိုက်ပြန်သည်။

ဘာမျှထူးခြားမလာပေ။

ရီပင်းသည် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

အတန်ကြာမှ

"ကဲ ညီမ သူတို့နှစ်ယောက်ကို တွဲခေါ်သွားပေတော့"
ရိုပင်းသည် တည်တည်ငြိမ်ငြိမ်ဖြင့် လှမ်းပြောလိုက်သည်။
သို့သော် ရီစွေက မလှုပ်မယှက်ရပ်နေသည်။
သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်များတသွင်သွင်စီးဆင်းကျလာသည်။
သူမသည် ကျောက်ရုပ်ပမာ မလှုပ်မယှက်ရပ်မြဲရပ်နေဆဲသည်။
ထို့ကြောင့် ရိုပင်းကမျက်နှာထား တင်းတင်းဖြင့်
"ညီမ အမြန်ဆုံးထွက်သွားပေတော့ တော်ကြာအားလုံးဒုက္ခရောက်ကုန်လိမ့်မယ်"
ရိုပင်း၏စကားကြောင့် ရီစွေမှာ ဘာမှမတတ်နိုင်တော့ပါချေ။
သူမသည် ရောင်ဖုံးနှင့်ကဇေမအား တစ်လှည့်စီတွဲကာမို့ထိတောင်ကြားမှ စိတ်မကောင်းခြင်းကြီးစွာဖြင့် တွန့်ဆုတ်တွန့်ဆုတ်ထွက်ခွာသွားလေတော့သည်။
ဟိုကွမ်းသည် သဲတခါးအား ပြန်လည်သော့ခတ်လိုက်သည်။
ထို့နောက် ရိုပင်းအား လှိုဏ်ဂူတစ်ခုသို့ ခေါ်ဆောင်သွားပြီး ဝှက်ထားလိုက်လေသည်။
ထိုသို့ ရိုပင်းအား ကွယ်ဝှက်ထားလိုက်ပြီး မရေးမနှောင်းမှာပင် ဌာနချုပ်မှလူများ ရောက်လာကြလေတော့သည်။
ထိုလူများကို ဦးဆောင်လာသူမှာ စုကျူးပင်ဖြစ်လေသည်။

သူတို့လူစု စခန်းအနီးသို့ ရောက်ရှိလာသည့်အခါ ဟိုကွမ်းက ဆီးကြိုနှုတ်ဆက်လိုက်သည်။
"တမန်တော်အဖွဲ့ ဘယ်သွားကြမလို့လဲ"
စုကျူးက ပြန်လည်ဦးညွှတ်လိုက်သည်။
"ကျုပ်တို့ တရားခံပြေးနောက်ကို လိုက်နေတာ"
ဟိုကွမ်းက ထိတ်ထိတ်ပျာပျာဖြစ်သွားဟန်ဖြင့်
"ဟုတ်လား ဒါဖြင့် ဒုက္ခပဲ"
ဟိုကွမ်း၏ထိတ်လန့်တကြား အမူအရာကြောင့် စုကျူးက မျက်မှောင်ကုပ်သွားသည်။
"ဘာဖြစ်လို့လဲ"
ဟိုကွမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။
ပြီးနောက်
အလွန်တရာ အားတုံ့အားနာဖြစ်နေဟန်ဖြင့်ပြောလိုက်၏။
"ခုနကပဲ ဂိုဏ်းချုပ်ကြီးဆီက အမိန့်ရောက်လာတယ် ဒီအမိန့်က ဘယ်သူမှစခန်းထဲက ထွက်ခွင့်မပေးရဘူးတဲ့"
ဟိုကွမ်း၏စကားကြောင့် စုကျူးက သဘောကျစွာရယ်မောလိုက်သည်။
ပြီးမှ သူကစခန်းဝန်းကျင်ကို အကဲခတ်လိုက်ပြီး
"ကဲ သိပါတယ်ဗျာ ကျုပ်တို့ကလည်း ဒီစခန်းကနေ ထွက်သွားဖို့လာတာ မဟုတ်ဘူး"
ဟိုကွမ်းက နားမလည်သလို စုကျူးအား ပြန်ကြည့်လိုက်၏။

"ဒါဖြင့် ခင်ဗျားက ဘာကိစ္စရှိလို့ လူစုလူဝေးနဲ့ရောက်လာကြတာလဲ"

စုကျူးက ဟိုကွမ်း၏စကားကို ပြန်မဖြေဘဲ ပတ်ဝန်းကျင်တဝိုက်ကို မျက်စိကစားရင်း အကဲခတ်လိုက်ပြန်သည်။

"နေပါဦး တရားခံပြေးလေးယောက် ခင်ဗျားဆီကိုရောက်မလာဘူးလား"

ဟိုကွမ်းက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

ထို့နောက် ပခုံးတစ်ချက်တွန့်ပြလိုက်ပြီး

"အခုထိတော့ ကျုပ်တို့ဆီ ဘယ်သူမှမလာသေးပါဘူး"

စုကျူးက မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် သူတို့ဘယ်နေရာမှာ ပျောက်နေပါလိမ့်"

စုကျူးက တစ်ယောက်တည်း ပြောသလို ခပ်ညည်းညည်းကလေးပြောလိုက်သည်။

"ကျုပ်အထင်ပြောရရင် တရားခံတွေဟာ ထွက်ပေါက်ပိတ်နေမှန်းသိလို့ ချောင်တစ်ချောင်မှာများ ဝင်ပုန်းနေလားမှမသိဘဲ"

စုကျူးက ခေါင်းညိတ်လိုက်သည်။

"ဒီကိုရောက်မလာသေးဘူးဆိုရင် ခင်ဗျားပြောသလိုဖြစ်မှာပဲ"

စုကျူးက ထိုသို့ပြောလိုက်ပြီးနောက် သူ၏လူစုဘက်သို့လှည့်လိုက်လေသည်။

"ကဲ တို့အားလုံး လာလမ်းအတိုင်း ပြန်ပြီးပုန်းနိုင်တဲ့နေရာမှန်သမျှလိုက်ရှာကြစမ်းဟေ့"

စုကျူးက ယင်းသို့အမိန့်ပေးလိုက်ပြီး ထိုနေရာမှပြန်လည်ထွက်ခွာသွားလေတော့သည်။

xxx xxx xxx

ရီစွေသည် ရှောင်ဖုံးနှင့်ကဝေမတို့အား တွဲ၍ခေါ်သွားရာတောအုပ်တစ်ခုသို့ ရောက်ရှိလာခဲ့လေသည်။

ထိုတောအုပ်သို့ရောက်သည့်အခါ သူမသည်လွန်စွာပင်ပန်းနွမ်းနယ်နေပြီဖြစ်၍ ထိုတောအုပ်၌ပင် ခေတ္တရပ်နား၍ အပန်းဖြေနေလိုက်သည်။

ထိုအချိန်၌ ရှောင်ဖုံးသည် ပြန်လည်သတိရလာပြီဖြစ်၏။

သူသည် သတိရလျှင် သတိရခြင်း ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်လိုက်သည်။

သူ့အနီး၌ ဝမ်းနည်းကြေကွဲစွာထိုင်နေသော ရီစွေအားမြင်တွေ့လိုက်သည့်အခါ ရှောင်ဖုံးသည် အံ့အားသင့်သွားမိ၏။

သူသည် မျက်မှောင်တစ်ချက်ကြုတ်လိုက်ပြီး

"ခင်ဗျား ဘာဖြစ်နေတာတုန်းဗျ"

ရှောင်ဖုံးသည် ယင်းသို့မေးလိုက်သောကြောင့် ရီစွေမှာငိုချင်လျက်လက်တို့ခံလိုက်ရသကဲ့သို့ ဝမ်းပန်းတနည်းငိုကြွေးမိ၏။

ရှောင်ဖုံး နားမလည်နိုင်ဘဲ ကြောင်အမ်းအမ်းဖြစ်သွား၏။

"ခင်ဗျား အစ်မရော"

ရီစွေသည် စိတ်ထိခိုက်လွန်း၍ တစ်ရှုံ့ရှုံ့ငိုကြွေးနေမိ၏။

အတန်ကြာမှ သူမသည် သက်ပြင်းတစ်ချက်ချလိုက်ရင်း

"မမက ကျွန်မတို့ကို ရန်သူ့နယ်ကလွတ်အောင် သူ"

ရီစွေသည် စကားဆက်မပြောနိုင်တဲ့ အသံတိမ်ဝင်သွားလေသည်။

ရှောင်ဖုံးက ထိတ်ထိတ်ပျာပျာဖြင့် လှမ်းမေးလိုက်သည်။

"သူ ဘာဖြစ်သွားသလဲဟင်"

ရှောင်ဖုံး၏ လေသံ၌ စိုးရိမ်မှုများရောယှက်နေသည်။

ရီစွေမှာမူ ဘာမှဆက်မပြောနိုင်တဲ့ ငိုကြွေးနေမိလေသည်။

ရှောင်ဖုံးက သူမပခုံးအား အသာအယာဆုပ်ကိုင်လိုက်၏။

"ဘာဖြစ်တယ်ဆိုကာပြောပြပါလား၊ ခုလိုငိုနေလို့ကော ဘာအကြောင်းထူးမှာတဲ့လဲ"

ရီစွေသည် မျက်ရည်များကို သုတ်လိုက်သည်။

ပြီးနောက် ရီပင်း၏အကြောင်းများကို အသေးစိတ်ပြောပြလိုက်သည်။

ရှောင်ဖုံးသည် ထိုစကားများကို ကြားလိုက်ရသောအခါ ရင်ထဲမှ လှိုက်လှိုက်လဲလဲ ဝမ်းနည်းကြေကွဲစွာခံစားလိုက်ရသည်။

သူ့ကြောင့် လူတစ်ဖက်သား ဒုက္ခရောက်နေသည်ကို သူမည်သို့ကြည့်ရက်နိုင်ပါမည်နည်း။

သူသည် အားယူ၍မတ်တတ်ရပ်လိုက်သည်။

"မဖြစ်ဘူး မဖြစ်ဘူး ငါလိုက်သွားရမယ်"

သူသည် ပြောပြီးသည်နှင့် နောက်သို့လှည့်ကာ လာလမ်းအတိုင်းလျှောက်သွားသည်။

သူ၏အပြုအမူကြောင့် ရီစွေသည် မျက်လုံးလေးအဝိုင်းသားဖြစ်သွားကာ ကမန်းကတန်း သူ့အားဟန့်တားလိုက်သည်။

"အို ရှင်လိုက်သွားလို့ ဘယ်ဖြစ်မလဲ၊ ရှင်အခုလိုက်သွားလဲ နောက်ကျနေပါပြီ"

ရှောင်ဖုံးက အံကြိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ဒီကောင်တွေကိုငါသွားသတ်ပစ်လိုက်မယ်"

ရီစွေ ခေါင်းခါယမ်းလိုက်သည်။

"ရှင်သွားရင်မှားသွားမှာပေါ့"

ရီစွေ၏စကားကြောင့် ရှောင်ဖုံး မျက်မှောင်ကြုတ်လိုက်မိသည်။

သူသည် ရီစွေအား ပြန်၍လှည့်ကြည့်လိုက်ပြီး

"ဘာဖြစ်လို့လဲ"

ရှောင်ဖုံးက နားမလည်နိုင်သလိုဖြင့် လှမ်းမေးလိုက်၏။

"ခုလောက်ဆိုရင် သူတို့လူတွေ မိုးထိုးတောင်ကြားမှာ စုရုံးရောက်ရှိနေကြရောပေါ့"

ရှောင်ဖုံးက မဲ့ပြုံးပြုံးလိုက်သည်။

ရီပင်းကဲ့သို့ မိန်းမသားသည်ပင် ရန်သူ့နယ်မြေ၌ ဖွန့်ဖွန့်စားစားကျန်ရစ်ဝံ့သည်။

မိမိအနေဖြင့် ရန်သူ့နယ်မြေသို့ အဘယ်ကြောင့်မသွားဝံ့ရပါမည်နည်း။

"ငါ့အသက် သေချင်သေသွားပါစေ၊ ဒါပေမယ့် သူတို့လည်း သက်သာကြမှာမဟုတ်ဘူး"

ရှောင်ဖုံးက အံကြိတ်၍ ပြန်ပြောလိုက်သည်။

ရီစွေက ဝမ်းနည်းစွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"အို ရှင်လိုက်သွားရင် မမ အခုလို သူ့ဘဝအဆုံးခံပြီး ကယ်တင်ခဲ့တာ အလကားဖြစ်သွားမှာပေါ့"

ရှောင်ဖုံးသည် ယင်းစကားကြားလိုက်ရသောအခါ တွေဝေသွားသည်။

ရီစွေက စကားဆက်လိုက်ပြန်သည်။

"နောက်ပြီး ပျံလွှားဂိုဏ်းကို သွေးမိစ္ဆာဂိုဏ်းကလူတွေ သွားပြီး တိုက်ခိုက်နေတယ်မဟုတ်လား၊ ကျွန်မတို့ အဲဒီကိုအချိန်မီ ရောက်အောင်သွားဖို့ အရေးကြီးတယ်"

ရီစွေ၏ စကားကိုကြားလိုက်ရတော့မှ ရှောင်ဖုံးသတိရလာလေသည်။

မှန်ပေသည်။

ယခုအချိန်၌ ပျံလွှားဂိုဏ်းနှင့်သွေးမိစ္ဆာဂိုဏ်းတို့သည် သူသေကိုယ်သေ သဲသဲမဲမဲတိုက်ခိုက်နေကြလေသည်။

ယခုအချိန်တွင် သူ့အဖို့ ပျံလွှားတောင်သို့ အလျင်အမြန် ရောက်ရှိရန် လွန်စွာအရေးကြီးနေပြီဖြစ်သည်။

ထို့ကြောင့် ရှောင်ဖုံးသည် ချက်ချင်းပင် ဆုံးဖြတ်ချက်ချလိုက်လေသည်။

"ဟုတ်တယ် ငါဟာပျံလွှားဂိုဏ်းချုပ်ဆိုတော့ ပျံလွှားဂိုဏ်းကို အချိန်မီရောက်မှဖြစ်မယ်"

ရီစွေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ရှင်တကယ်သွားရမှာ ပျံလွှားတောင်ပဲ"

ယင်းသို့ပြောပြီးနောက် သူမသည် လုံးဝလူပ်ရှားနိုင်ခြင်းမရှိသေးသော ကဝေမအား ညှာန်ပြလိုက်သည်။

"သူ့ကို သွေးကြောဖြေပေးနိုင်ရင် ဖြေပေးလိုက်ပါ"

ရှောင်ဖုံးသည် ကဝေမ၏ကိုယ်ပေါ်မှ ပိတ်နေသောသွေးကြောများကို ဖြေပေးလိုက်သည်။

အချိန်အနည်းငယ်ကြာသောအခါ ကဝေမသည် သွေးကြောများပွင့်သွားပြီး တစ်ကိုယ်လုံးပြန်လည်လူပ်ရှားလာနိုင်သည်။

✖✖✖ ✖✖✖ ✖✖✖

ယခုအခါ ကဝေမသည်ပြန်လည်လူပ်ရှားလာနိုင်ပြီဖြစ်၏။

သတိရလာပြီးနောက် အကဲခတ်ကြည့်ရာ ရီစွေနှင့်ရှောင်ဖုံး အလွန်ဂုဏ်နှီးနေကြသည်ကို တွေ့မြင်လိုက်ရသောကြောင့် မနာလိုဝန်တိုစိတ်များ ကဝေမရင်ထဲ၌ တစ်မဟုတ်ချင်း ပျံ့နှံ့သွားလေတော့သည်။

ထို့ကြောင့် ကဝေမသည် ရီစွေအား ရန်တွေ့သံနှင့်လှမ်း၍ မေးလိုက်သည်။

"ညည်း ဘာဖြစ်လို့ လိုက်လာရတာလဲ"

ကဝေမ၏စကားကြောင့် ရီစွေသည် အသာအယာပြုံးလိုက်မိ၏။

ထို့နောက် လွန်စွာတည်ငြိမ်သောလေသံဖြင့် ပြန်ပြော

လိုက်သည်။

"ကျွန်မလိုက်လာတာကို မကြိုက်ဘူးထင်တယ်"

ကဝေမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညည်းကို ကျုပ်ကြည့်လို့မရဘူး"

ကဝေမက ခက်ထန်မာကြောစွာပင် ရန်တွေ့သလိုပြော လိုက်သည်။

ရီစွေက မဲ့ပြုံးပြုံးလိုက်လေသည်။

"ကျွန်မတို့သာ မရှိရင် အခုလောက်ဆို သွေးမိစ္ဆာဂိုဏ်းချုပ် လက်ချက်နဲ့ သေနေရောပေါ့"

ရီစွေက လေသံအေးအေးဖြင့် ပြန်ပြောလိုက်သည်။

ရှောင်ဖုံးကလည်း မနေသာတော့ဘဲ ဝင်ပြောလိုက်သည်။

"ဟုတ်ပါတယ် သူတို့ညီအစ်မကြောင့် ငါတို့အသက်ချမ်း သာရာရတာပါ၊ ဒါကြောင့် သူကို ကျေးဇူးတင်တဲ့အကြောင်းနဲ့ပြော လိုက်ပါဦး"

ကဝေမက မဲ့ပြုံးပြုံးလိုက်သည်။

ယင်းသို့ပြုံးလိုက်ရင်း ရီစွေအား မယုံသင်္ကာဖြစ်သလို လှမ်းကြည့်လိုက်၏။

"ကျွန်မ ဘယ်နည်းနဲ့မှ မယုံဘူး"

ရှောင်ဖုံးက သက်ပြင်းရှည်တစ်ချက်ချလိုက်ကာ

"မင်းဒီလိုမပြောနဲ့၊ သူအစ်မရှိပင်းဟာ တို့အသက်ကယ်ခဲ့ ဘဝအဆုံးခံပြီး ဟိုမှာကျန်ခဲ့တယ်ဆိုတာ မင်းသိထားစမ်းပါကွာ"

ရှောင်ဖုံးက အကျိုးအကြောင်းကို ရှင်းလင်းပြောကြား

လိုက်သည်။

သူ့စကားကြောင့် ကဝေမက အားရပါးရ ရယ်မောလိုက် လေသည်။

"ရှင်က တော်တော်ရိုးတာကိုး"

ကဝေမက ဖာက်ဖာက်ပက်ပက်ရယ်မောရင်း ရှောင်ဖုံးအား သရော်သလို လှမ်းပြောလိုက်သည်။

ရှောင်ဖုံးက မျက်မှောင်ကြုပ်သွားသည်။

"မင်းက ဘာကိုဆိုလိုတာလဲ"

ကဝေမက ရယ်မောရာမှ ရပ်တန့်လိုက်ပြီး

"ဒီမှာရှင့် သူတို့ ကလိန်ကျတာလောက်တော့ ကျွန်မဥာဏ် မီပါသေးတယ်၊ ခပ်ရှင်းရှင်းပြောရရင် သူတို့ညီ အစ်မနှစ်ယောက်ဟာ မဟုတ်မဟပ်လုပ်ဇာတ်ခင်းပြီး ရှင့်ကိုအယုံ သွင်းနေတာရှင့်"

ရှောင်ဖုံး မျက်မှောင်ကြုပ်၍ နားစွင့်နေမိသည်။

ကဝေမက သူ့အားတစ်ချက်လှမ်းကြည့်လိုက်ပြီး စကား ဆက်လိုက်ပြန်သည်။

"ဘာဖြစ်လို့အယုံသွင်းရတာလဲဆိုတော့ သူတို့ညီအစ်မက ရှင်နဲ့ပူးပေါင်းနိုင်မှ ရှင့်ရဲ့လူပ်ရှားမှုမှန်သမျှကို သူတို့က သွေးမိစ္ဆာ ဂိုဏ်းကိုသတင်းပို့နိုင်မှာကိုး၊ ရှင်လက်နဲ့လုပ်သမျှကို သူတို့ကခြေနဲ့ ဖျက်သွားကြမှာပဲ"

ကဝေမ၏စကားကြောင့် ရှောင်ဖုံးတွေဝေသွားလေသည်။

ရီစွေမှာမူ ဒေါသထွက်လွန်းသောကြောင့် ဘာပြန်ပြောရ

မှန်းမသိဘဲ အသားတဆတ်ဆတ်တုန်လာလေသည်။

ရှောင်ဖုံးသည် ရီစွေအား အကဲခတ်စိုက်ကြည့်လိုက်သည်။

ကဝေမ၏မဟုတ်မဟပ်စကားကြောင့် ရှောင်ဖုံးသည်ပင်မယုံသင်္ကာဖြစ်လာတော့၏။

ရီစွေသည် လုံးဝသည်းမခံနိုင်လောက်အောင်ဖြစ်သွားတော့သည်။

"ကျေးဇူးကန်းတဲ့ကောင်မ သေပေတော့"

ရီစွေသည် အော်ငေါက်လိုက်ပြီး ကဝေမအားဝင်ရောက်တိုက်ခိုက်လိုက်သည်။

ကဝေမသည် နောက်သို့ဆုတ်၍ ရှောင်တိမ်းလိုက်ပြီး ပြန်လည်တိုက်ခိုက်လိုက်သည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် မုန်းတီးစိတ်ဖြင့် အငြိုးတကြီးတိုက်ခိုက်နေတော့သည်။

သူတို့၏တိုက်ပွဲသည် ပိုမိုပြင်းထန်လာသည်။

ရှောင်ဖုံး မနေနိုင်တော့ပါ။

သူသည် ၎င်းတို့နှစ်ယောက်ကြားဝင်ရောက်လိုက်ပြီး ရီစွေအား ဆွဲထုတ်လိုက်တော့သည်။

ပထမပိုင်းပြီး၏။

(ဒု-ဇာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)

တက္ကသိုလ်

သီဟဒေါင်

သိုင်းမြေမှုအလွမ်းလေ

ဒု–ဇော်သိမ်း

စာမူခွင့်ပြုချက် ၁၂၂၅/၂၀၀၄(၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၅၁၀၀၂၉၀၅၀၁

၂၀၀၅ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ၅၀၀
တန်ဖိုး၁၀၀/-ကျပ်

❖

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း(ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း(ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇/၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပြင်ပြင် - ၈၁၉၉

အနိုင်အရှုံး

ရီစွေ၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိတော့ဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

သူမ၏ မျက်လုံးအစုံမှာလည်း နီရဲ၍ မျက်ရည်များစီးဆင်းကျနေသည်။

သူမသည် ရှောင်ဖုံးအား အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ ဝမ်းနည်းခြင်းစသည့် ခံစားမှုများဖြင့် စိုက်ကြည့်လိုက်မီသည်။

ရှောင်ဖုံးက ကဝေမ၏ စကားကိုယုံကြည်ပြီး မိမိအပေါ်အထင်လွဲသွားသည်ကို ရီစွေသည် မယုံကြည်နိုင်အောင် အံ့သြနေမိသည်။

ရှောင်ဖုံးသည် ရီစွေ၏ မျက်နှာ၌ ဝမ်းနည်းကြေကွဲနေသည်ကို တွေ့ရသဖြင့် စိတ်မကောင်းဖြစ်သွားသည်။

"စိတ်မဆိုးပါနဲ့ကွာ၊ ငါဒီလိုမှဆွဲမထုတ်ရင် အားလုံးလက်လွန်ခြေလွန်ဖြစ်သွားမှာ စိုးလို့ပါ"

ရှောင်ဖုံးက ဝင်ရောက်ရှင်းပြလိုက်သည်။

ရီစွေက မလှုပ်မယှက်ရပ်နေသည်။

သူမသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး ရှောင်ဖုံးအား စိုက်ကြည့်နေမိသည်။

ယခုအချိန်၌ရှောင်ဖုံးသည် ကဝေမ၏စကားကို အကြွင်းမဲ့ လက်ခံယုံကြည်သွားပြီဖြစ်သည်။

ထို့ကြောင့် ရှောင်ဖုံး၏အမူအရာသည် အေးတိအေးစက်နိုင်လှသည်။

ရီစွေသည် ကံတရား၏ အမြီးအမောက်မတည့်သောလှည့်စားချက်ကို တွေးမိကာ သူရူးတစ်ယောက်ကဲ့သို့ ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"ဟား ဟား ဟား"

သို့သော် သူမ၏ရယ်မောသံမှာ ဝမ်းနည်းကြေကွဲစွာ ထွက်ပေါ်လာသောငိုသံနှင့် တူနေလေသည်။

ရှောင်ဖုံးသည် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည်ရီစွေ၏ ရှေ့သို့လျှောက်သွားပြီး

"မင်း ဘာဖြစ်သွားတာလဲ"

ရီစွေက ရယ်မောနေရာမှ ရပ်တန့်လိုက်သည်။

ရုတ်တရက်

သူမ၏လက်ဝါးဖြင့် ရှောင်ဖုံး၏ပါးပြင်သို့ လှမ်းရိုက်လိုက်သည်။

"ဖြန်း"

ရှောင်ဖုံး၏ပါးပြင်တစ်ခုလုံးထူပူသွားပြီး အမှတ်မထင်နောက်သို့ ဆုတ်လိုက်မိသည်။

သူ၏ပါးကိုပွတ်ရင်း အံ့ဩစွာဖြင့်ရီစွေအား စိုက်ကြည့်လိုက်မိသည်။

"မင်း မင်းဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

ရှောင်ဖုံးက နားမလည်နိုင်သောအကြည့်ဖြင့် လှမ်းကြည့်ရင်း မေးလိုက်သည်။

ရီစွေက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ဒီမှာ ရှောင်ဖုံး ရှင်ဟာ လူဆိုးလူကောင်းကို ခွဲခြားသိတတ်တဲ့လူမဟုတ်ဘူး ကိုယ့်ကိုအသက်စွန့်ပြီးကူညီတဲ့လူကို ရှင်ကရန်သူလို့ထင်မှတ်နေတာကိုး ကျွန်မသတိပေးလိုက်မယ် တနေ့နေ့ တချိန်ချိန်မှာ ရှင့်ကိုကျွန်မသတ်မယ်"

သူမသည်ယင်းသို့ပြောပြီး ရယ်မောလိုက်သည်။

"ကဲ ရှင် သူ့ကိုသာ ခေါ်သွားပေတော့ ရှင့်လိုအသိဉာဏ်မရှိတဲ့လူနောက်ကို ကျွန်မဘယ်တော့မှ မလိုက်ဘူး"

ရီစွေက နာနာကျည်းကျည်း ပြောဆိုလိုက်ပြီးနောက် ထိုနေရာမှ ချာခနဲလှည့်ကာ ထွက်သွားလေတော့သည်။

ရှောင်ဖုံးသည် တရွေ့ရွေ့ထွက်ခွာသွားသော ရီစွေအားအဝေးသို့ ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။

ရီစွေ ပျောက်ကွယ်သွားသည့်အခါမှ သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။

ထိုညီအစ်မနှစ်ယောက်ပေါ်၌ ပြုမူဆက်ဆံခဲ့ပုံမှာ ရိုင်းစိုင်းလွန်းရာရောက်နေမည်လားဟု ကိုယ့်ကိုယ်ကိုပြန်လည် ဆန်းစစ်နေမိသည်။

ထိုအချိန်၌ကဝေမက သူ့အနီးသို့ချဉ်းကပ်လာလေသည်။

"သွားကြပါစို့လား အစ်ကိုရယ်"

ကဝေမက ရှောင်ဖုံး၏လက်ကိုဆွဲကိုင်ရင်း ပြောလိုက်သည်။

ရှောင်ဖုံးက သက်ပြင်းတစ်ချက် ချမိသည်။

"ငါ ပျံလွှားတောင်ကို ပြန်ရမှာပဲ ဒီတော့ မင်းလဲသွားစရာ ရှိတဲ့ဆီကိုသွားပေါ့"

သူ့စကားကြောင့် ကဝေမသည် ရှောင်ဖုံးအား နားမလည်နိုင်သလိုကြည့်လိုက်သည်။

သူမသည် ရှောင်ဖုံးနှင့်အတူ လိုက်ပါခွင့်ရလိမ့်မည်ဟုထင်မှတ်ထားခဲ့သည်။

ယခုရှောင်ဖုံးက သူမအားနှင်ထုတ်နေပြီဖြစ်သည်။

ကဝေမက ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ကျွန်မက သွေးမိစ္ဆာအဖွဲ့ကို သစ္စာဖောက်ပြီးထွက်ခဲ့ပြီပဲ ရှင့်နောက်ကိုမှ မလိုက်ရရင် ကျွန်မဘယ်ကိုသွားရမှာလဲ"

ကဝေမက တောင်းပန်တိုးလျှိုးသလို ပြောလိုက်၏။

သူမ၏စကားကြောင့် ရှောင်ဖုံးသည်များစွာ စိတ်မကောင်းနိုင်ပဲဖြစ်သွားသည်။

"ဟုတ်တော့ဟုတ်ပါတယ် ဒါပေမယ့်ခုချိန်မှာ သွေးမိစ္ဆာဂိုဏ်းသားတွေ ပျံလွှားတောင်ကို ရောက်နေလောက်ပြီ ဒီတော့ မင်း ငါနဲ့လိုက်ခဲ့ရင် အခြေအနေပိုဆိုးသွားလိမ့်မယ်"

ကဝေမ အနည်းငယ်စဉ်းစားလိုက်သည်။

အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်လိုက်လေသည်။

"ဒါဖြင့် ကျွန်မ ရှင့်ကို ဘယ်တော့တွေ့ရမှာလဲ"

ရှောင်ဖုံး အနည်းငယ် အကျပ်ရိုက်သွားသည်။

မည်သို့ပြန်ပြောရမည်ကို ခေတ္တစဉ်းစားလိုက်လေသည်။

"နောက်တစ်လကြာရင်တော့ ပျံလွှားတောင်မှာ ငါ့ကိုတွေ့နိုင်လိမ့်မယ်ထင်တယ်"

ရှောင်ဖုံးက ချင့်ချင့်ချိန်ချိန်ဖြင့် ပြန်ပြောလိုက်လေသည်။

စင်စစ် သိပ်တော့သေချာလှသည်မဟုတ်။

ကဝေမက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ နောက်တစ်လကြာမှ လိုက်ခဲ့ပါတော့မယ်"

ယင်းသို့ဖြင့် သူတို့သည် ထိုနေရာမှ လမ်းခွဲကာ ထွက်ခွာသွားကြလေတော့သည်။

ရှောင်ဖုံးသည် ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်သွားနေသည်။

သူ၏ရင်ထဲတွင်လည်း ပျံလွှားဂိုဏ်းအတွက် စိုးရိမ်ပူပန်နေမိသည်။

သူသည် ပျံလွှားတောင်၏ ခြေရင်းသို့ရောက်လာသောအခါတောင်ထိပ်ပေါ်မှ ဆူညံစွာအော်ဟစ်နေသော အသံများကိုခပ်သဲ့သဲ့ကြားလိုက်ရသည်။

သူသည် ရင်ထိတ်သွားသည်။

ထို့ကြောင့် စိုးရိမ်စိတ်ပြင်းထန်စွာဖြင့် တောင်ပေါ်သို့ခြေကုန် ပြေးတက်သွားလေတော့သည်။

ရှောင်ဖုံးသည် တောင်ပေါ်သို့ ပြေးတက်သွားခဲ့ရာ လမ်းခရီးတစ်လျှောက်လုံး၌ ပျံလွှားဂိုဏ်းသားများ၏အလောင်းကို မကြာခဏ တွေ့ရှိရလေသည်။

သူသည် တောင်ပေါ်သို့သာ ပြေးတက်နေရသည်။

သူ၏စိတ်ထဲ၌ အလွန်လေးလံနေသည်။

မကြာမီ အချိန်ကလေးအတွင်းမှာပင် သွေးမိစ္ဆာဂိုဏ်းသားများသည် ပျံလွှားတစ်ဖွဲ့လုံးအား ဝါးမြိုသွားပေတော့မည်။

သူသည် တိုက်ပွဲဖြစ်ပွားနေသောနေရာကို ခြေကုန်ပြေးနေမိသည်။

သူသည် ပြေးလွှားရင်းမှပင် အိတ်ထဲ၌ ကျန်ရှိနေသော ယမ်းဗုံးများကို စမ်းကြည့်မိလေသည်။

ရှိသေး၏။

သူ့အိတ်ထဲတွင် ယမ်းဗုံးတစ်လုံး ကျန်သေးသည်ကို တွေ့ရှိရလေသည်။

ထို့ကြောင့် ရှောင်ဖုံးသည် လွန်စွာအားတက်သွားလေသည်။

သူသည် ယမ်းဗုံးအား ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

ပြီးနောက်

တောင်ပေါ်သို့ လျှင်မြန်စွာပြေးတက်သွားလေတော့သည်။

× × × × × × × × ×

ဤနေရာသည် ပျံလွှားဂိုဏ်း၏ဌာနချုပ်ဖြစ်ပေသည်။

ကြီးကျယ်ခန်းနားသော အဆောက်အအုံရှေ့တွင်ကျယ်ဝန်းလှသော မြေကွက်လပ်ကြီး တစ်ခုရှိလေသည်။

ထိုမြေကွက်လပ်ပေါ်တွင် လူစုသုံး လေးစုခန့် သဲသဲမဲမဲ တိုက်ခိုက်လျက်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုလူအုပ်စုများသည် သွေးမိစ္ဆာဂိုဏ်းသားများနှင့် ပျံလွှားဂိုဏ်းသားများဖြစ်ကြသည်။

ပျံလွှားဂိုဏ်းသားအများစုမှာ ထီခိုက်ဒဏ်ရာရသူနှင့် လဲကျနေသူများသာဖြစ်ကြသည်။

ရှောင်ဖုံးသည် ထိုနေရာသို့ရောက်လာသောအခါ သွေးမိစ္ဆာအဖွဲ့သားနှစ်ဆယ်ကျော်က ပျံလွှားဂိုဏ်းသား ခုနစ်ယောက်ခန့်အား ဝိုင်းရံတိုက်ခိုက်နေသည်ကို တွေ့လိုက်ရလေသည်။

အခြားတစ်နေရာတွင်မူ လက်ရွေးစင်သိုင်းသမားနှစ်ယောက်က ပျံလွှားဂိုဏ်းသားအချို့နှင့်အတူ သွေးမိစ္ဆာအဖွဲ့မှ လက်ရွေးစင်သိုင်းသမားငါးယောက်အား သဲသဲမဲမဲ တိုက်ခိုက်လျက်ရှိနေလေသည်။

ရှောင်ဖုံးက အဆိုပါမြေကွက်လပ်သို့ ရောက်လာသည့်အခါ ဟိုတစ်စုသည်တစ်စု တိုက်ပွဲများဖြစ်ပွားနေသောကြောင့် ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်နေမိသည်။

သူသည်ပတ်ဝန်းကျင်ကို တစ်ချက်မျှဝေ၍ အကဲခတ်လိုက်လေသည်။

ကွက်လပ်ရှိ အဆောက်အအုံနံရံပေါ်၌ အနီရောင်ဝတ်စုံ

ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရပ်နေသည်ကိုတွေ့ မြင်လိုက်ရသည်နှင့် ရှောင်ဖုံးမှာ တအံ့တသြ ဖြစ်သွားမိသည်။

ထိုမိန်းကလေးသည် သူ့ထံမှ ကျောက်စိမ်းပြားလုယူ သွားသည့်မိန်းကလေး ဖြစ်နေသောကြောင့်တည်း။

အဆိုပါ မိန်းကလေးသည် အဆောက်အအုံတွင်းသို့ သွေးမိစ္ဆာဂိုဏ်းသားများ မဝင်ရောက်နိုင်ရန် စောင့်ကြပ်ဟန့်တားနေ လေသည်။

ထိုနေရာ၌ သွေးမိစ္ဆာအဖွဲ့သားအတော်များများက သူမ အား ဝန်းရံတိုက်ခိုက်လျက်ရှိနေသည်။

ရှောင်ဖုံးက ထိုနေရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက် သွားသည်။

သူတို့နှင့်ဝါးတစ်ရိုက်ခန့်အကွာသို့ ရောက်သွားသည့်အ ခါ ရှောင်ဖုံးသည် တန့်ခနဲရပ်လိုက်လေသည်။

"အားလုံးရပ်လိုက်ကြစမ်း"

ရှောင်ဖုံး၏အော်ဟစ် အမိန့်ပေးလိုက်သောအသံမှာ ပတ် ဝန်းကျင်တစ်ခုလုံးသို့ ဟိန်းထွက်သွားသည်။

တိုက်ခိုက်နေကြသူအားလုံးမှာ ရုတ်တရက်ထွက်ပေါ်လာ သောအသံကြောင့် တဒင်္ဂမျှကြောင်အမ်းအမ်းဖြစ်သွားပြီး တိုက်ခိုက် နေရာမှ ရပ်တန့်သွားကြသည်။

ထိုအချိန်တွင် ရှောင်ဖုံးသည် အိတ်ထဲမှအဝါရောင်အလံ ငယ်တစ်ခုကို ထုတ်ယူလိုက်လေ၏။

ထို့နောက် အလံကို ကိုင်မြောက်ဝှေ့ယမ်းပြလိုက်သည်။

"ကျုပ်က ပျံလွှားဂိုဏ်းရဲ့ ဂိုဏ်းချုပ်အသစ်ရှောင်ဖုံးပဲ"

ရှောင်ဖုံးက ထိုသို့အော်ပြောလိုက်ပြီးနောက် မြေကွက် သပ်ကြီးရှိ လူအားလုံးကို တစ်ချက်အကဲခတ်လိုက်သည်။

အားလုံးသောလူများကလဲည်း အံ့သြသင့်စွာဖြင့် ရှောင်ဖုံး အား အာရုံစူးစိုက်စွာဖြင့် ကြည့်နေမိကြသည်။

ရှောင်ဖုံးသည် အလံငယ်အားမြှောက်ထားလိုက်ပြီး အ ဆောက်အအုံရှေ့ရောက်သောအခါ သူသည်လူအုပ်ကြီးဘက်သို့ လှည့်လိုက်သည်။

"ပျံလွှားဂိုဏ်းသားအားလုံးနားထောင်ကြပါ အခုကိစ္စမှာ ကျုပ်ကိုယ်တိုင်စီမံဆုံးဖြတ်ပါ့မယ် ဒါကြောင့် အားလုံးနောက်ဆုတ် ပြီး ကျုပ်စီမံတာကိုနာခံကြပါ"

ရှောင်ဖုံးက အောင်မြင်ခန့်ညားသောလေသံဖြင့် ပြော လိုက်သည်။

ပျံလွှားအဖွဲ့သားများသည် ခေါင်းဆောင်အသစ်ရောက်ရှိ လာသည်ကိုတွေ့ရှိရသဖြင့် စိတ်ဓာတ်တက်ကြွလာသည်။

သူတို့သည် ရှောင်ဖုံးထံသို့ ချဉ်းကပ်လာကြပြီး အရှိအ သေပြုလိုက်ကြသည်။

"ဂိုဏ်းချုပ်ကြီးကို ကြိုဆိုပါတယ်"

ဂိုဏ်းသားအာလုံးက တညီတညွှတ်တည်း အော်ဟစ်အ သိအမှတ်ပြုလိုက်ကြသည်။

သွေးမိစ္ဆာဒုခေါင်းဆောင်လီဟွားက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့က မင်းတို့ခေါင်းဆောင်ကို အားကိုးနေကြတယ် ပေါ့ မင်းတို့ခေါင်းဆောင်ကို အားကိုးနေရင် ပိုပြီးဒုက္ခရောက်ဖို့ပဲ ခိမယ် ဒါကြောင့် ငါစိတ်ထားမပြောင်းခင်မှာ ငါတို့သွေးမိစ္ဆာဂိုဏ်း

ကို လက်နက်ချအည့်ခံကြပါ"

လီဟွားက အော်ဟစ်သတိပေးလိုက်သည်။

ထိုအခါ ရောင်ဖုံးက ရှေ့သို့တစ်လှမ်းတိုးလိုက်သည်။

သူသည် အလံအားပြန်လည်သိမ်းဆည်းလိုက်ပြီး အကျီ်အိတ်ထဲမှ အခြားအရာဝတ္ထုတစ်ခုအား နှိုက်ထုတ်လိုက်သည်။

ထိုအရာဝတ္ထုတစ်ခုမှာ ပေါက်ကွဲစေတတ်သည့် ယမ်းမှုံးပင် ဖြစ်လေသည်။

"ကျုပ်လူမသတ်ချင်ဘူး ဒါကြောင့် အခုအချိန်ကစပြီးပျံလွှားအဖွဲ့နဲ့ မသက်ဆိုင်သူတွေအားလုံးထွက်သွားကြပါလို့ နောက်ဆုံးအနေနဲ့ မေတ္တာရပ်ခံပါတယ်"

ရောင်ဖုံးက ထိုသို့ အော်ဟစ်ပြောဆိုလိုက်ပြီးနောက် သွေးမိစ္ဆာဂိုဏ်းသားများအား အကဲခတ်ကြည့်လိုက်သည်။

"ဟား ဟား ဟား"

လီဟွားက အားရပါးရ ရယ်မောလိုက်သည်။

"မင်းတစ်ယောက်တည်းနဲ့ ငါတို့လူစုကို အံတုနိုင်ပါ့မလား ဂိုဏ်းချုပ်အသစ်ကလေးရဲ့"

လီဟွားက မထိတရိဖြင့် သရော်သလို လှမ်းပြောလိုက်သည်။

ရောင်ဖုံးကမူ သူမ၏ပျက်ရယ်ပြုမှုကို လုံးဝဂရုမစိုက်ချေ။

"ကျုပ်တစ်ကနေသုံးအထိရေတွက်လိုက်မယ် သုံးရောက်မှခင်ဗျားတို့ ထွက်မသွားကြသေးဘူးဆိုရင် ကျုပ်အဆိုးမဆိုနဲ့"

ရောင်ဖုံးက အေးတိအေးစက် လှမ်းပြောလိုက်သည်။

လီဟွားက မျက်မှောင်ကြုတ်သွားသည်။

ရောင်ဖုံးက ဤမျှလေသံမာမာဖြင့် အံတုနေခြင်းမှာ ရောင်ဖုံး၌ တစ်စုံတစ်ရာအားကိုးစရာရှိသောကြောင့် ဖြစ်ရမည်ဟု လီဟွားက တွေးလိုက်မိသည်။

ထို့ကြောင့် သူမသည်အခြေအနေမဟန်ပါက လက်နက်ပုန်းဖြင့် ဖစ်ခတ်တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ယင်းသို့ ဆုံးဖြတ်မိသည်နှင့်တစ်ပြိုင်နက် သူမသည်အလွန်သေးငယ်သော ဓားပါးလေးတစ်လက်ကို တိတ်တဆိတ်ထုတ်ယူလိုက်သည်။

ထိုဓားပါးလေးသည် သာမန်ဓားတစ်လက် မဟုတ်ပါချေ။ အလွန်ပြင်းထန်သော အဆိပ်လူးဓားဖြစ်သည်။

သို့သော် ထိုအဆိပ်သည် ချက်ချင်းသေနိုင်သည် မဟုတ်ပေ။

တရိရိဖြင့် ဝေဒနာခံစားရပြီးမှ သေစေရန် စီမံထားသည့် အဆိပ်ဖြစ်သည်။

"တစ်"

ရောင်ဖုံးက စတင်ရေရွတ်လိုက်သည်။

ထိုသို့ ရေရွတ်လိုက်သည်နှင့် သွေးမိစ္ဆာဂိုဏ်းသားများက လှောင်ပြောင်ရယ်မောလိုက်ကြသည်။

ရောင်ဖုံးက လုံးဝအဲ့ရေးမစိုက်ပဲ အေးတိအေးစက်ဖြင့် သပ်မံရေရွတ်လိုက်ပြန်သည်။

"နှစ်"

သွေးမိစ္ဆာဂိုဏ်းသားများသည် တုန့်လှုပ်မှုမရှိဘဲ ရောင်ဖုံးအား အေးတိအေးစက်ဖြင့် စိုက်ကြည့်နေမိကြသည်။

ပျံလွှားအဖွဲ့သားများမှာ ဂိုဏ်းချုပ်အသစ်၏ စွမ်းအင်ကို မျှော်လင့်ကြီးစွာဖြင့် စောင့်စားကြည့်ရှုနေမိကြသည်။

ထိုအချိန်တွင် အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက နံရံပေါ်မှ ခုန်ဆင်းလိုက်သည်။

ထို့နောက် သူမသည် ရှောင်ဖုံးအနီးသို့ချဉ်းကပ်လာပြီး အသံတိုးတိုးဖြင့်--

"ရှင် ယမ်းဗုံးကို အသုံးပြုမလို့ မဟုတ်လား"

ရှောင်ဖုံးက မသိမသာဖြင့် ခေါင်းညိတ်ပြလိုက်၏။

ထို့ကြောင့် အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက နောက်သို့ဆုတ်သွားပြီး ပျံလွှားဂိုဏ်းသားများကို နောက်ဆုတ်ခိုင်းလိုက်သည်။

"သုံး"

ရှောင်ဖုံးက သုံးဟုရေရွတ်လိုက်သည့် တစ်ချိန်တည်းမှာပင် အသင့်နှိုက်ယူထားသော ယမ်းဗုံးကို သွေးမိစ္ဆာဂိုဏ်းသားများထံ ပစ်ပေါက်လိုက်လေသည်။

လီဟွားလက်ထဲမှ အဆိပ်လူးထားသောဓားပါးလေးကလည်း ရုတ်တရက်ဆိုသလို ရှောင်ဖုံးထံအရှိန်ပြင်းစွာဖြင့် ပျံဝဲလာ၏။

"ဝုန်း"

ပေါက်ကွဲသံတစ်ခုသည် ကြောက်မက်ဖွယ်ရာ ဟိန်းထွက်လာသည်။

မြေပြင်ပေါ်၌ ရပ်နေသူများသည် ယမ်းဗုံး၏တုန်ခါမှုကြောင့် မြေပြင်ပေါ်သို့ လဲကျကုန်လေသည်။

မီးခိုးလုံးများသည် ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးသွားကြ

လေသည်။

မီးခိုးလုံးကြီးကြောင့် ဘာကိုမျှ မမြင်ရတော့ပေ။

မြင်ကွင်းတစ်ခုလုံးမှာ မှောင်မည်းသွားလေသည်။

ဝန်းကျင်လောကတစ်ခုလုံး ပျက်ပြုံးကျေမွသွားသည့်အလား ထင်မှတ်လိုက်ရပေတော့သည်။

မီးခိုးလုံးများသည် တဖြည်းဖြည်းနှင့်လွင့်ပျယ်သွားသည်။

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မြေပေါ်သို့ လူးလဲထလိုက်သည်။

ထို့နောက် ကိုယ်ခန္ဓာပေါ်မှ ဖုံများအား ခါထုတ်လိုက်ပြီး ရှောင်ဖုံးရှိရာသို့ ပြေးသွားသည်။

ထိုသို့ပြေးသွားနေရာမှ ရုတ်တရက်ဆိုသလိုပင် သူမ၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။

အကြောင်းမှာ ရှောင်ဖုံးအား မြေပြင်ပေါ်၌လဲကျနေသည်ကို မမျှော်လင့်ပဲ တွေ့လိုက်သောကြောင့်ဖြစ်သည်။

ပျံလွှားဂိုဏ်းသားများသည် မြေပေါ်မှထလာပြီး လှမ်းကြည့်မိသည်။

ထိုအခါ လီဟွားမှအပ သူမခေါ်ဆောင်လာသော သွေးဒဏ္ဍာဂိုဏ်းသားအားလုံးတို့မှာ မြင်မကောင်းရှုမကောင်းလောက်အောင် မြေပြင်ပေါ်၌ အတုံးအရုန်းလဲကျသေဆုံးနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟေး"

သူတို့သည် ဝမ်းသာအားရဖြင့် အသံကုန်ဟစ်အော်ကြွေးကြော်လိုက်ကြလေသည်။

ယင်းသို့ကြွေးကြော်ပြီးသည်နှင့် တစ်ပြိုင်နက်လီဟွားအား တိုက်ခိုက်ရန် ပြေးလွှားလာကြလေတော့သည်။

လီဟွားသည် မိမိလူအားလုံး သေကြေပျက်စီးသွားကြသည်ကို တွေ့မြင်လိုက်ရသည့်အပြင် ပျံလွှားဂိုဏ်းသားအမြောက်အများက မိမိထံသို့ပြေးလာနေသည်ကို မြင်တွေ့ရသောအခါ ထိတ်လန့်တကြားဖြင့် လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားလေတော့သည်။

xxx xxx xxx

ပျံလွှားဂိုဏ်းသားများသည် အောင်မြင်မှုရသည့်အထိမ်းအမှတ်ဖြင့် ဝမ်းသာပျော်ရွှင်စွာ အော်ဟစ်ခုန်ပေါက်နေကြသည်။

ထိုအချိန်မှာပင် ဂိုဏ်းသားတစ်ယောက်က ရှောင်ဖုံးအား သတိပေးလာသည်။

ဝမ်းသာပျော်ရွှင်စွာ အော်ဟစ်ခုန်ပေါက်နေကြသော ပျံလွှားဂိုဏ်းသားများသည် မီးကိုရေနှင့်ဖျန်းလိုက်သကဲ့သို့ ချက်ချင်းဆိုသလို ငြိမ်ကျသွားသည်။

သူတို့အဖွဲ့ခေါင်းဆောင်သစ်ဖြစ်သောရှောင်ဖုံးအား စိုးရိမ်ကြောင့်ဖြင့် ဝိုင်းအုံကြည့်ရှုလိုက်ကြသည်။

သူတို့၏ဂိုဏ်းချုပ်အသစ်ဖြစ်သူရောင်ဖုံးမှာ လက်နက်ပုန်းထိမှန်သွားသည်ကို တွေ့ရှိလိုက်ကြသည်။

ဝမ်းသာပျော်ရွှင်မှုများသည် သူတို့၏ရင်ထဲမှ လွင့်ပါးကွယ်ပျောက်သွားခဲ့လေတော့သည်။

သူတို့အားလုံးသည် ဂိုဏ်းချုပ်အသစ်အတွက် ဝမ်းနည်းပက်လက်ဖြစ်သွားရလေတော့သည်။

ရောင်ဖုံးသည် သီးသန့်အခန်းရှိ ကွပ်ပျစ်ပေါ်၌ လဲလျောင်းနေ၏။

သမားတော်ကြီးက ရောင်ဖုံး၏ဒဏ်ရာများကို စစ်ဆေးပေးနေသည်။

ထိုစဉ်မှာပင် ပျံလွှားဂိုဏ်းသားတစ်ယောက်က သီးသန့်ခန်းထဲဝင်ရောက်လာပြီး အရှိအသေပြုလိုက်လေသည်။

"ခေါင်းဆောင်ကြီး ခင်ဗျားလက်ထောက်ခေါင်းဆောင်ရောက်ရှိလာပါပြီ"

ရောင်ဖုံးက သမားတော်ကြီး၏ပြုစုကုသမှုကြောင့် ကောင်းစွာသတိရနေပြီဖြစ်သည်။

ထို့ကြောင့် လာရောက်သတင်းပို့သော ဂိုဏ်းသားအား ခေါင်းညိတ်ပြလိုက်၏။

ထိုလူပြန်ထွက်သွားပြီး မကြာမီမှာပင် မိန်းကလေးတစ်ယောက်သည် သီးသန့်ခန်းထဲသို့ လှမ်းဝင်လာသည်ကို တွေ့လိုက်ရသည်။

ရောင်ဖုံးသည် ထိုမိန်းကလေးအားတွေ့မြင်လိုက်ရသောအခါ သူ၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားလေတော့သည်။

အကြောင်းမှာ ထိုမိန်းကလေးမှာ တခြားမိန်းကလေးနှင့်မတူပဲ အလွန်လှပကြော့ရှင်းနေသည့်အပြင် သူတပါးပေါ်၌ သြဇာလွှမ်းမိုးနိုင်သည့် ဥပဓိရုပ်ရှိသောကြောင့် ဖြစ်သည်။

ထိုမိန်းကလေးလည်း အခန်းထဲဝင်လိုက်မိသည်နှင့်

"ကျွန်မလက်ထောက်ဂိုဏ်းချုပ် ဟုန်မေက ဂိုဏ်းချုပ်ကြီးကို ဂါရဝ ပြုပါတယ်"

ပြောလိုက်လေသည်။

ရောင်ဖုံး အံ့သြသင့်သွား၏။

ဤမျှငယ်ရွယ်ပြီး လှပသောမိန်းကလေးအားလက်ထောက်ဂိုဏ်းချုပ်အဆင့်ရှိလိမ့်မည်ဟု မထင်မှတ်ခဲ့မိသောကြောင့်ဖြစ်သည်။

ထိုမိန်းကလေးသည် ပျံလွှားဂိုဏ်းတစ်ခုလုံးအား အုပ်ချုပ်နိုင်သည်ကို စိတ်ထဲမကြိတ်၍ ချီးကျူးလိုက်မိလေသည်။

သူသည် ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ရောင်ဖုံးသည် သူ့ထက်အဆင့်နိမ့်သော မိန်းကလေးကို လေးလေးစားစားပင် ပြန်ပြောလိုက်၏။

ဟုန်မေက ထပ်မံဦးညွတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးရောက်လာတဲ့အတွက် အခုချိန်ကစပြီးဂိုဏ်းချုပ်ကြီးကို ပျံလွှားဂိုဏ်းရဲ့အာဏာလွှဲအပ်ပါတယ်ရှင်"

ရောင်ဖုံးက လက်ကာပြလိုက်သည်။

ထိုအချိန်၌ ဒဏ်ရာမှာ စစ်ခနဲနာကျင်လာသောကြောင့် ငြီးသပ်လိုက်မိသည်။

"ခဏနေပါအုံးဗျာ ကျုပ်မှာဒဏ်ရာရနေလို့ ဘာကိုမှတာ

ဝန်မထမ်းဆောင်နိုင်သေးပါဘူး ဒါကြောင့် ခင်ဗျားဆက်ပြီး တာဝန်ယူထားပါလို့ မေတ္တာရပ်ခံပါတယ်"

ရှောင်ဖုံးက တောင်းပန်သည့်လေသံဖြင့် ပြောလိုက်၏။

ဟုန်မေက အနည်းငယ်စဉ်းစားလိုက်ပြီးမှ ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီရှင် ဂိုဏ်းချုပ်ကြီးနေကောင်းလာတဲ့အထိ ကျွန်မဆောင်ရွက်ပေးပါ့မယ်"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်၏။

သူသည် ဒဏ်ရာနာကျင်လာသောကြောင့် ခေတ္တမိုန်းနေလိုက်မိသည်။

အတန်ကြာမှ တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်

"ဒါနဲ့ ကျုပ်တို့အဖွဲ့သားတွေ စုစုပေါင်းဘယ်နှစ်ယောက်ရှိသလဲဗျ"

ဟုန်မေက အနည်းငယ်စဉ်းစားလိုက်သည်။

"ငါးရာခုနှစ်ဆယ့်ရှစ်ယောက်ပါရှင်"

ဟုန်မေ တခဏမျှသာ စဉ်းစားလိုက်ပြီး အတိအကျပြန်ပြောလိုက်သည်။

ရှောင်ဖုံးက ဆက်မေးလိုက်သည်။

"အခု သွေးမိစ္ဆာဂိုဏ်းက လာပြီးတိုက်ခိုက်တဲ့အတွက် ကျုပ်တို့ဘက်က ဘယ်လောက်ကျဆုံးသွားသလဲ"

"တိတိကျကျတော့ မသိသေးပါဘူး၊ ဒါပေမယ့် လူပေါင်း ငါးဆယ်လောက်ရှိလိမ့်မယ်လို့ထင်တယ်"

ရှောင်ဖုံးက အံကိုတင်းတင်းကြိတ်လိုက်မိသည်။

"ကျုပ်ဒဏ်ရာပျောက်သွားတဲ့အခါ ဒီသွေးကြွေးအတွက် သွေးမိစ္ဆာဂိုဏ်းဆီက အလျော်ပြန်တောင်းရမယ်"

ဟုန်မေက ခေါင်းညိတ်လိုက်သည်။

သူမသည် ရှောင်ဖုံး၏ဒဏ်ရာကို တစ်ချက်မျှလုမ်းကြည့်လိုက်ပြီးနောက်

"ဟုတ်ပါတယ်ရှင်၊ ဂိုဏ်းချုပ်ကြီးရဲ့ဒဏ်ရာအမြန်ဆုံးပျောက်ကင်းအောင် ကုသဖို့လိုအပ်နေပါတယ်၊ ဒါမှ သွေးမိစ္ဆာဂိုဏ်း ကျွန်မတို့ကောင်းကောင်းဆုံးမနိုင်မှာ"

ရှောင်ဖုံးသည် မိမိအပေါ်တွင် လီဟွား၏အဆိပ်လူးထားသောခားပါးကလေးကြောင့် ရရှိထားသောဒဏ်ရာကိုငုံ့ကြည့်လိုက်သည်။

ယင်းဒဏ်ရာမှာ ညိုမည်း၍ရောင်ကိုင်းနေသည်ကို တွေ့ခြင်လိုက်ရသည်။

သူ့အနီးဌ်ရှိနေသည့် အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက ဒဏ်ရာကိုကြည့်ပြီး စိုးရိမ်စိတ်များယှက်သန်းလာသည်။

"ဒီအဆိပ်ဒဏ်ရာက အမြန်ဆုံးကုမှဖြစ်မယ်၊ နို့မို့ရင် ခင်အသက်ကိုတောင် စိုးရိမ်ရတယ်ရှင့်"

ရှောင်ဖုံးက မျက်မှောင်ကြုပ်လိုက်ပြီး အနီရောင်ဝတ်စုံနှင့် မိန်းကလေးအား စူးစမ်းသလိုကြည့်လိုက်မိသည်။

"ကျုပ်မှာ ဘယ်လိုအဆိပ်ချိုးမိထားတယ်ဆိုတာ ခင်ဗျားသိလို့လား"

မိန်းကလေးက ခေါင်းညိတ်ပြလိုက်သည်။

"သိတာပေါ့ ရှင့်ရဲ့အဆိပ်ကိုဖြေနိုင်တဲ့လူက ခိုင်ဖုံးမြို့မှာနေ

တဲ့ စေတနာသမားတော်တစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် ခိုင်ဖုံးကို အမြန်ဆုံးလူလွှတ်ပြီး ဖြေဆေးတောင်းခိုင်းဖို့လိုတယ်"

ဟုန်မေက မျက်မှောင်ကြုပ်လိုက်လေသည်။

စေတနာသမားတော်သည် လွန်စွာပြင်းထန်သောအဆိပ်ဒဏ်ရာများကို ကုသသူသာဖြစ်သည်။

ရှောင်ဖုံး၏ဒဏ်ရာကို ထိုသမားတော်ကုသမှသာ ပျောက်ကင်းနိုင်သည်ဆိုလျှင် ရှောင်ဖုံး၏ဒဏ်ရာမှာ ရိုးရိုးဒဏ်ရာမဖြစ်နိုင်ချေ။

လွန်စွာပြင်းထန်သောဒဏ်ရာသာဖြစ်ရမည်။

ထို့ကြောင့် ဟုန်မေကအလွန်စိုးရိမ်သောလေသံကလေးဖြင့်

"ဒီလိုဆိုရင် သမားတော်ကြီးဆီကို အမြန်ဆုံးလူလွှတ်မှဖြစ်လိမ့်မယ်"

ဟုန်မေသည် ယင်းသို့စိုးရိမ်ထိတ်လန့်ဟန်ဖြင့် ပြောဆိုပြီးနောက် အခန်းပြင်သို့လှည့်ကာ တစ်စုံတစ်ယောက်အား လှမ်းခေါ်လိုက်သည်။

"ပန်းကြဲသိုင်းသမား"

အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိသည့် လူငယ်တစ်ယောက်ကလက်နှစ်ဘက်ဆုပ်ကာ အရှိအသေပြုရင်း အခန်းထဲသို့ဝင်ရောက်လာသည်။

"ရှိပါတယ်"

ဟုန်မေက အခြားလူငယ်တစ်ယောက်၏အမည်ကို ထပ်မံခေါ်လိုက်ပြန်သည်။

"မင်းသားလေး"

အလွန်ချောမောသော လူငယ်တစ်ယောက်က အခန်းတွင်းသို့ ဝင်ရောက်လာသည်။

ထိုလူငယ်သည် ဟုန်မေအနီးသို့ ချဉ်းကပ်လိုက်ပြီး ရှိသေစွာဦးညွှတ်လိုက်လေသည်။

"ရှိပါတယ်"

"မင်းတို့နှစ်ယောက် ခိုင်ဖုံးမြို့ကိုသွားပြီး စေတနာသမားတော်ဆီက ဖြေဆေးတောင်းခဲ့ပါ"

"အမိန့်အတိုင်းပါ"

သူတို့သည် ရှောင်ဖုံးနှင့်ဟုန်မေတို့အား အရှိအသေပေးပြီးနောက် အခန်းတွင်းမှ ချာခန်လှည့်ထွက်သွားလေတော့သည်။

xxx xxx xxx

ဘွားဘွားကူ

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် မိမိတို့ဘာဝနံကုန်ဆုံးသွားပြီဖြစ်၍ ပျံလွှားတောင်မှ ပြန်လည်ထွက်ခွာရန် ဟုန်မေအား သွားရောက်နှုတ်ဆက်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးရှင့် ကျွန်မတာဝန်ပြီးသွားတဲ့အတွက် သွားခွင့်ပြုပါရှင်"

အနီရောင်ဝတ်စုံနှင့်မိန်းကလေးက လက်နှစ်ဘက်ဆုပ်၍ အလေးပြုရင်း ခွင့်ပန်လိုက်သည်။

ဟုန်မေက မျက်မှောင်ကြုပ်သွားသည်။

"ညီမမှာ တခြားအရေးကြီးတဲ့ကိစ္စတွေ ရှိနေလို့လား"

ဟုန်မေက စူးစမ်းသလိုပြန်မေးလိုက်သည်။

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး"

"ဒါဖြင့် အဆိပ်ဖြေဆေးယူလာတဲ့အထိ စောင့်ပါလား"

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက အနည်းငယ်ခဉ်းစားလိုက်သည်။

အတန်ကြာအောင်စဉ်းစားပြီးမှ

"ကောင်းပြီလေ ကျွန်မ နောက်ထပ်သုံးရက်နေပါ့မယ်"

ထိုသုံးရက်အတွင်းမှပင် မမျှော်လင့်သောဖြစ်ရပ်တစ်ခုကပေါ်ပေါက်လာလေတော့သည်။

ရောင်ဖုံး၏ဒဏ်ရာသည် တစ်စထက်တစ်စ ပြင်းထန်လာသည်။

နောက်တစ်နေ့သို့ရောက်သောအခါ ဒဏ်ရာမှမည်းနက်သောအရည်များ စီးဆင်းကျလာလေတော့သည်။

ထိုအရည်များသည် လွန်စွာနံစော်လှသည်။

ထိုအရည်၏အနံ့ကို ရှုရှိုက်မိလျှင်ပင် ခေါင်းထဲ၌ ရီဝေမူးနောက်လာသည်။

ထိုအရည်၏အနံ့များနှင့်ဒဏ်ရာကြောင့် ရောင်ဖုံးအလွန်တရာ စိတ်ဓာတ်ကျနေမိသည်။

ထိုစဉ်မှာပင် အနီရောင်ဝတ်စုံရှင်မိန်းကလေးသည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။

"ဂိုဏ်းချုပ်ကြီး နေကောင်းပါရဲ့လားရှင်"

ရောင်ဖုံး ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

သူ၏မျက်နှာသည် ဒဏ်ရာကြောင့်ရုံ့မဲ့နေ၏။

"ခက်တာပဲ ကျုပ်ဒဏ်ရာကို ဒီအတိုင်းကြည့်နေလို့ မဖြစ်တော့ဘူး ထင်တယ်"

ရောင်ဖုံးက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက ပြုံးလိုက်၏။

"ဂိုဏ်းချုပ်ကြီးကိုတွေ့ချင်လို့ အပြင်မှာစောင့်နေပါတယ်"

ရှောင်ဖုံး မျက်မှောင်ကြုပ်သွားသည်။

သူစဉ်းစားကြည့်မိသည်။

မည်သို့သောအသိဖြစ်သည်ကို သူစဉ်းစား၍မရပါချေ။

"ဘယ်သူများပါလိမ့်"

ရှောင်ဖုံးက စိတ်ထဲ၌ ရေရွတ်လိုက်မိသည်။

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက အခန်းဝဘက်သို့လှမ်း၍ ခေါ်လိုက်သည်။

"ဝင်ခဲ့လေ"

သူမ၏စကားဆုံးသွားသည်နှင့် မိန်းကလေးတစ်ယောက်သည် အခန်းထဲသို့ လှမ်းဝင်လာလေသည်။

ရှောင်ဖုံးသည် မိန်းကလေးအား တွေ့မြင်လိုက်ရသည်နှင့် မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

ခဲစားနေရသောဝေဒနာပင် တဒင်္ဂမျှ မေ့လျော့သွားလေသည်။

သူသည် ယောင်ယမ်း၍ ရေရွတ်လိုက်မိသည်။

"ဟင် ကျင်းကျင်းပါလား"

ထိုမိန်းကလေးသည် သူ့အတွက် ဆေးမြစ်ဝါးမြစ်များကို အသက်စွန့်၍ သွားရောက်ယူဆောင်ပေးခဲ့သော ကျင်းကျင်း ဖြစ်လေသည်။

ကျင်းကျင်းသည် ရှောင်ဖုံးအား စိုက်ကြည့်လိုက်ပြီး

"ရှင် ဒီကိုရောက်တယ်ကြားလို့ ကျွန်မလိုက်လာခဲ့တာပဲ ရှင့်ဒဏ်ရာ ဘယ်နယ်နေသေးလဲ"

ရှောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်တို့လူတွေကတော့ ဖြေဆေးသွားယူနေကြတယ်၊ ဖြေဆေးရလာရင်တော့ သက်သာသွားမှာပါ"

ထိုစဉ်မှာပင် ဟုန်မေသည် အခန်းထဲသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်လာလေတော့သည်။

သူမ၏မျက်နှာသည်လည်း သွေးဆုတ်နေသကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။

ဟုန်မေ၏ မျက်နှာဟန်မူရာအား တွေ့မြင်လိုက်ရသည်နှင့် မိမိတို့သည် ဆိုးဝါးသော အခြေအနေတစ်ရပ်နှင့်ရင်ဆိုင်နေရပြီဖြစ်ကြောင်း ရှောင်ဖုံးရိပ်စားမိလိုက်သည်။

"ဘာကိစ္စရှိလို့လဲ"

ရှောင်ဖုံးက မျက်မှောင်ကုပ်ရင်း လှမ်းမေးလိုက်လေသည်။

ဟုန်မေကဦးညွှတ်လိုက်ပြီး မောဟိုက်သည့်လေသံဖြင့်ပြန်ပြောလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးရှင့် ကျွန်မတို့လွှတ်လိုက်တဲ့ မင်းသားလေးတို့အဖွဲ့ဟာ ရန်သူလက်ချက်နဲ့ ဒဏ်ရာအကြီးအကျယ်ရပြီး ပြန်လည်ရောက်လာပါပြီ"

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုဖြစ်လာကြတာလဲ"

ရှောင်ဖုံးအား ဟုန်မေက ဖြစ်ပျက်ခဲ့ပုံကို ရှင်းလင်းပြောကြားလိုက်သည်။

"သူတို့ ရဲ့ပြောပြချက်အရ စေတနာသမားတော်ကြီးဆီက အဆိပ်ဖြေဆေးယူပြီး ပြန်လာခဲ့ကြတုန်း လမ်းခုလတ်မှာ တစ်စုံတစ်ယောက်က သူတို့ကိုတိုက်ခိုက်ပြီး အဆိပ်ဖြေဆေးကို လုယူသွားတယ်လို့သိရပါတယ်"

ထိုစဉ် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးကကြားဖြတ်ဝင်ပြောလိုက်သည်။

"သူတို့ကိုတိုက်ခိုက်တဲ့လူဟာ ဘယ်သူလဲဆိုတာ သိခဲ့သလား"

ဟုန်မေ ခေါင်းခါယမ်းလိုက်သည်။

"သူတို့က မသိကြဘူးလို့ပြောပါတယ်"

ရှောင်ဖုံးက မချိပြုံးပြီးလိုက်လေသည်။

သူ့စိတ်ထဲ၌ ဘာတစ်ခုမျှ စိတ်ကူး၍မရတော့ချေ။

အာရုံထွေပြားနေပြီဖြစ်သည်။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ"

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးက အနည်းငယ်စဉ်းစားလိုက်သည်။

"ခုတော့ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် သမားတော်ကြီးဆီကို အကုသခံသွားရုံကလွဲလို့ တခြားနည်းလမ်းမရှိတော့ပါဘူး"

ဟုန်မေက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ကောင်းတာပဲ"

ဟုန်မေက ဆိုသို့ပြောလိုက်ရင်း ရှောင်ဖုံးအားပြန်ကြည့်လိုက်လေသည်။

ရှောင်ဖုံး၏ဒဏ်ရာမှာ အခြေအနေဆိုးဝါးနေပြီဖြစ်သည်။

ထို့ကြောင့် ဆေးကုသမှုအမြန်ဆုံးလိုအပ်နေပြီဖြစ်သည်။

"ဂိုဏ်းချုပ်ကြီးကရော သွားနိုင်ပါ့မလား"

ဟုန်မေက ဒဏ်ရာအခြေအနေကိုကြည့်၍ ပြောလိုက်ခြင်းဖြစ်သည်။

ရှောင်ဖုံးက အားတင်း၍ ပြောလိုက်သည်။

"ရပါတယ်"

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် ရှောင်ဖုံးအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဒီလိုဆိုရင် ကျွန်မလိုက်ပို့ပါ့မယ်"

ကျင်းကျင်းကလည်း ပြော၏။

"ကျွန်မလည်း လိုက်ပို့ပေးပါ့မယ်"

ဟုန်မေ ဝမ်းသာသွားသည်။

ရှောင်ဖုံးအတွက် အနည်းငယ်စိတ်အေးသွားရပြီမဟုတ်ပါလား။

"အင်း မင်းတို့နှစ်ယောက်လိုက်ပို့မယ်ဆိုရင် စိတ်ချရပါပြီ"

အနီရောင်မိန်းကလေးက ဟုန်မေအားကြည့်တာ

"ကောင်းပြီလေ မနက်ဖန်မနက်စောစော သွားကြတာပေါ့"

ရှောင်ဖုံးက သူ၏အိတ်ထဲမှ အလံငယ်ကိုထုတ်ယူလိုက်သည်။

ထို့နောက် ယင်းအလံငယ်ကို ဟုန်မေထံ လှမ်းပေးလိုက်သည်။

"ကဲ ဟုန်မေ အခုအချိန်ကစပြီး ပျံလွှားဂိုဏ်းချုပ်နေရာကို လက်ခံထားရလိမ့်မယ်"

ဟုန်မေ၏ မျက်လုံး ပြူးကျယ်သွားသည်။

သူမသည် အလံငယ်အား လက်ခံရယူခြင်းမပြုသေးဘဲ ရှောင်ဖုံးအား နားမလည်နိုင်သလို ကြည့်လိုက်မိသည်။

"ဒါ ဘာလုပ်တာလဲ ဂိုဏ်းချုပ်ကြီး"

ရှောင်ဖုံးက အလံငယ်ကို ထပ်မံထိုးပေးလိုက်သည်။

"မင်း ဒီအလံငယ်ကို လက်ခံထားလိုက်ပါ ပျံလွှားအဖွဲ့ရဲ့ တာဝန်ဝတ္တရားအားလုံးကို ငါ့ရဲ့ကိုယ်စားဆောင်ရွက်ရလိမ့်မယ်"

ဟုန်မေမှာ လက်မခံဝံ့တော့ဘဲ ဖြစ်နေသည်။

"ကျွန်မ လက်မခံပါရစေ"

ရှောင်ဖုံး၏ မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်လာလေသည်။

သူသည် ဟုန်မေအား အလံကိုထိုးပေးလိုက်၏။

"ဒါ ကျုပ်အမိန့် လက်ခံရလိမ့်မယ်"

ဟုန်မေမှာ မတတ်နိုင်တော့ဘဲ ယင်းအလံငယ်အား လက်နှစ်ဘက်ဖြင့် ရိုသေစွာလက်ခံလိုက်ရလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

ခိုင်ဖုံးမြို့

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးနှင့် သူ့အဖော်များ ခိုင်ဖုံးမြို့နှင့်ငါးမိုင်အကွာသို့ရောက်သည့်အခါ ညနေဆည်းဆာချိန်ဖြစ်သည်။

ကြမ်းတမ်းသောခရီးလမ်းများမှ ဖြတ်သန်းလာခဲ့ရသောကြောင့်လား သို့မဟုတ် အဆိပ်တန်ခိုးပြလာသောကြောင့်လားမသိ ရှောင်ဖုံးသည် သတိမရတစ်ချက် ရတစ်ချက်ဖြင့် လိုက်ပါလာခဲ့သည်။

သူတို့သည် သမားတော်ကြီးနေထိုင်သော ခိုင်ဖုံးအနီးရှိ သုရဲတောင်သို့ ဦးတည်သွားကြလေသည်။

ယင်းသို့ဖြင့် နားနားနေနေထွက်ခွာလာခဲ့ရာ မကြာမီ သူတို့သည် ဈောအုပ်တစ်ခုဆီသို့ ရောက်ရှိလာလေတော့သည်။

ထိုစဉ်

"ရပ်လိုက်"

ဟူသော အမိန့်ပေးသံသည် တောအုပ်တစ်ခုလုံးဟိန်းထွက်သွားလေသည်။

ထိုအသံကြောင့် ရှောင်ဖုံးတို့လူစုသည် အလိုအလျောက် ရပ်တန့်လိုက်မိကြသည်။

သူတို့လူစုသည် အသံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်၏။

လူတစ်ယောက်က တိတ်ဆိတ်စွာဖြင့် သူတို့သွားမည့်လမ်းပေါ်၌ ပိတ်ဆို့ရပ်တန့်နေသည်ကို တွေ့မြင်ရလေသည်။

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် ထိုလူအား သေချာစွာ လှမ်းကြည့်လိုက်သည်။

ထိုသူသည် ဆံပင်ဖြူနေသော အဘိုးအိုတစ်ယောက်ဖြစ်နေသည်။

ထိုသူအားမြင်တွေ့လိုက်ရသည်နှင့် အနီရောင်ဝတ်ဆင်ထားသောမိန်းကလေး ထိတ်လန့်သွားပြီး နောက်သို့တစ်လှမ်းခန့် ဆုတ်လိုက်မိသည်။

ထိုအဘိုးအိုသည် ကျင်းကျင်းတွဲခေါ်လာသော ရှောင်ဖုံးအား တစ်ချက်လှမ်းကြည့်လိုက်သည်။

"ဒီမှာ မိန်းကလေး မင်းက ဆံဖြူရသေ့ရဲ့တပည့်ဟုတ်လား"

ထိုအဘိုးအို၏စကားကြောင့် အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးက အံ့သြသွားလေသည်။

"ဦး ဘယ်လိုလုပ်သိတာလဲ"

အဘိုးအိုက ပြုံးလိုက်သည်။

"သိတာပေါ့ မင်းနာမည်က အနီရောင်မယ်အိချင်း မဟုတ်လား"

အနီရောင်ဝတ်ဆင်ထားသောမိန်းကလေးသည် ပို၍အံ့သြသွားသည်။

သူမသည် ပြုံးကျယ်သောမျက်လုံးများဖြင့် အဘိုးအိုအားငေးနှံကြည့်လိုက်မိသည်။

"ဟုတ်ကဲ့ ကျွန်မအိချင်းပါ ဦးလေး"

အဘိုးအိုက ပြုံးလိုက်သည်။

"ကျုပ်ဘယ်သူလဲဆိုတာမသိတော့ဘူးလား၊ သေသေချာချာကြည့်စမ်းပါဦး"

အိချင်းက အဘိုးအိုအား သေချာစွာကြည့်လိုက်သည်။ ယင်းသို့စိုက်ကြည့်ရင်းမှ အိချင်းသည်သတိရလာဟန်ဖြင့်

"ကျွန်မမှတ်မိပြီ ဦးက"

သူမ၏စကားမဆုံးမီ အဘိုးအိုက လက်ကာ၍ဟန့်တားလိုက်လေသည်။

"မင်းသိရင်တော်ပြီ ထုတ်ဖော်မပြောနဲ့တော့"

အဘိုးအို၏စကားကြောင့် အိချင်းသည်စကားတစ်ပိုင်းတစ်စဖြင့် ရပ်လိုက်သည်။

အဘိုးအိုက ရှောင်ဖုံးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

"မင်းတို့ ခေါင်းဆောင်ကြီး အဆိပ်မိထားတယ်နဲ့တူတယ်"

အဘိုးအိုက မျက်မှောင်ကြုပ်ရင်းပြောလိုက်သည်။

"ဟုတ်တယ်ဦး"

အိချင်းက မြန်ဖြေလိုက်သည်။

အဘိုးအိုသည် သူတို့အား အကဲခတ်သလို လှမ်းကြည့်လိုက်ရင်း

"အခု မင်းတို့က စေတနာသမားတော်ဆီသွားမလို့ မဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးအိုက ရယ်မောလိုက်သည်။

အိချင်းနှင့်ကျင်းကျင်းတို့က အဘိုးအိုအား လှမ်းကြည့်မိကြသည်။

အဘိုးအိုက ရယ်မောနေရာမှ ရပ်တန့်သွားသည်။

"ကဲပါလေ မင်းတို့ဂိုဏ်းချုပ်နဲ့ ငါနဲ့ ရေစက်ဆုံပါတယ် သူ့ကို ငါဆေးကုပေးပါ့မယ်"

အဘိုးအို၏ စကားကြောင့် အိချင်းဝမ်းသာသွားသည်။ သူမသည် အားတက်သရော်မေးလိုက်၏။

"တကယ်ပြောတာလား ဦး"

အဘိုးအိုက ရယ်မောလိုက်သည်။

"တကယ်ပြောတာပါ အမှန်တော့ ဒီဒဏ်ရာမျိုးကို မင်းရဲ့ဆရာလည်းကုပေးနိုင်ပါတယ်"

အိချင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ဟုတ်ပါတယ် ဒါပေမယ့် ကျွန်မ ဆရာ့ဆီ မသွားဝံ့လို့ပါ"

အဘိုးအိုက ရယ်မောလိုက်လေသည်။

"အေးပေါ့လေ မင်းရဲ့ဆရာက စကားကြောက်တော်တော် ရှည်တာကိုး"

အဘိုးအိုသည် ထိုသို့ပြောလိုက်ပြီးနောက် အိတ်ထဲမှရေဗူးတစ်ဗူးကို ထုတ်ယူလိုက်သည်။

ထို့နောက် အဖုံးဖွင့်ကာ အနက်ရောင်ဆေးလုံးတစ်လုံးကို ထုတ်ယူလိုက်ပြီး အိချင်းအားလှမ်းပေးလိုက်သည်။

"ကဲ သူ့ကိုအဲဒီဆေး တိုက်လိုက်ပါ ချက်ချင်းပျောက်သွားပါလိမ့်မယ်"

အိချင်းသည် အဘိုးအိုအား ကျေးဇူးတင်စွာဖြင့်ကြည့်ကာ ဆေးလုံးကို လှမ်းယူလိုက်သည်။

ထို့နောက် ဝေဒနာကြောင့် သတိမရတစ်ချက်ရတစ်ချက် ဖြစ်နေသော ရှောင်ဖုံးထံသို့ လျှောက်သွား၏။

ထိုအချိန်၌ ရှောင်ဖုံးသည် လုံးဝသတိလစ်နေပြီဖြစ်သည်။

ကျင်းကျင်းသည် ရှောင်ဖုံးအားသက်တောင့်သက်သာရှိစေရန်အတွက် သစ်ပင်တစ်ပင်၏ခြေရင်း၌ ကျောမီလဲလျောင်းထားပေးလိုက်သည်။

ထိုသို့လဲလျောင်းထားပြီးနောက် ကျင်းကျင်းသည် စိုးရိမ်ကြီးဖြင့် ရုတစိုက်ပြုစုနေလေတော့သည်။

အိချင်းက အဘိုးအိုပေးလိုက်သည့်ဆေးလုံးကို ရှောင်ဖုံး၏ စပ်ထဲသို့ထည့်ပေးလိုက်လေသည်။

ရှောင်ဖုံးသည် ဆေးလုံးဝင်သွားသည့်အခါ အနည်းငယ် မှေးလွန့်လာလေသည်။

သူသည် မျက်လုံးများကို အားယူဖွင့်ကြည့်လိုက်မိ၏။

ရုတ်တရက် ဘာကိုမျှမမြင်ရချေ။

ထို့ကြောင့် သူသည် မျက်လုံးများကို ခေတ္တပြန်မှိတ်ထား လိုက်သည်။

အတန်ကြာမှ ဒုတိယအကြိမ်ပြန်ဖွင့်ကြည့်လိုက်သည်။ ယခုတစ်ကြိမ်၌ အရာဝတ္ထုအားလုံးကို ဝါးတားတားမြင် တွေ့နေရပြီဖြစ်သည်။

ထို့ကြောင့် သူသည်ခေါင်းထောင်၍ ပတ်ဝန်းကျင်ကို တစ်ချက်မျှ အကဲခတ်လိုက်မိလေတော့သည်။

ရှောင်ဖုံး သတိရလာပြီဖြစ်သည်။

သူသည် သတိရလျှင်သတိရခြင်း မည်သည့်နေရာကို ရောက်ရှိနေန်ကြောင်း ဟိုဟိုဒီဒီ ကြည့်လိုက်မိသည်။

သူ့အနီးရှိ ကျင်းကျင်း၊ အိချင်းနှင့်အဘိုးအိုအား ထပ်မံစူး စိုက်ကြည့်မိပြန်သည်။

သူ၏ဦးခေါင်းတစ်ခုလုံးမှာ ကောင်းစွာအလုပ်လုပ်နိုင်သေး ဟန်မတူပေ။

ရိုဝေနောက်ကျိနေလေသည်။

"ဦးကို တွေ့ဖူးတယ်လို့ထင်မိပါတယ်၊ ဒါပေမယ့် ဘယ် နေရာမှာ ဘာကိစ္စနဲ့တွေ့ဖူးမြင်ဖူးတယ်ဆိုတာကိုတော့ ကျွန်တော် စဉ်းစားလို့မရဘူး"

ရှောင်ဖုံးက ဇဝေဇဝေဖြင့် ခပ်လေးလေးပြောလိုက်သည်။

အိချင်း ပြုံးလိုက်မိလေသည်။

"ကဲပါလေ သိဖူးတာ မသိဖူးတာ အသာထား၊ ခုလော လောဆယ်မှာတော့ သူကရှင့်အသက်ကိုကယ်လိုက်တာပဲ"

အိချင်း၏စကားကြောင့် ရှောင်ဖုံးမှာ အံ့အားသင့်ပြီး စပ်အဟောင်းသားဖြစ်သွားရလေသည်။

"ဒါဖြင့် ငါဒဏ်ရာကိုဆေးကုပေးတာ သူပေါ့"

အိချင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပ်တယ် သူ့ဆီကဆေးကြောင့် ရှင်အခုလို အသက် ချမ်းသာရရခဲ့တာပဲ"

ရှောင်ဖုံးက အဘိုးအိုအား လှမ်းကြည့်လိုက်ပြီး ဦးညွတ်ဂါ ဝပြုလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဦး"

အဘိုးအိုက ပြုံးပြလိုက်သည်။

"ကိစ္စမရှိပါဘူး၊ အရေးအကြီးဆုံးက ပျဲလွှားဂိုဏ်းကို စ်မထားဖို့ပါပဲ"

ရှောင်ဖုံးက လေးလေးစားစားပင် ဦးညွတ်လိုက်သည်။

"စိတ်ချပါဦး ပျဲလွှားဂိုဏ်းနဲ့ပတ်သက်ပြီး အစစအရာရာ ကျွန်တော်တာဝန်ယူပါတယ်"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

ထို့နောက် အိချင်းဘက်သို့ တစ်ချက်ဝေ့ကြည့်လိုက် လေသည်။

"ကဲ အိချင်း မင်းပြန်ဖို့သင့်ပြီ မင်းရဲ့ဆရာက မင်းကိုရှာ နေတယ်"

အဘိုးအိုက အိချင်းကို လှမ်းကြည့်ရင်းပြော ပိုက်သည်။

အိချင်းက ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ကဲ့ ဦး"

တဆက်တည်းမှာပင် အိချင်းသည် ရှောင်ဖုံးဘက်သို့လှည့်၍ ဦးညွှတ်လိုက်ပြန်သည်။

"ဂိုဏ်းချုပ်ကြီး ကျွန်မကို သွားခွင့်ပြုပါဦး"

အိချင်းက ယင်းသို့ပြောလိုက်ပြီး ထွက်ခွာရန်ဟန်ပြင်လိုက်သည်။

သို့သော် ကျင်းကျင်းက အိချင်း၏လက်ကို ဖမ်းဆွဲထားလိုက်လေသည်။

"မမက တကယ်သွားတော့မလို့လား"

အိချင်းက ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။

"သွားရတော့မှာပေါ့ ညီမရဲ့၊ ဆရာက မမကို လိုက်ရှာနေပြီဆိုတော့ မပြန်လို့ဘယ်ဖြစ်တော့မလဲ"

ရှောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း လူဘဝဆိုတာ ဒီလိုပဲ တွေ့ကြ ဆုံကြ ကွဲကွာနေကြရတာပါပဲ၊ ဘာမှမဆန်းပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ တစ်နေ့နေ့မှာတော့ မင်းဆီကိုရောက်အောင် ငါလာခဲ့ဦးမယ်"

ရှောင်ဖုံးက ကျောက်စိမ်းပြားကို သတိရပြီး ယင်းသို့ပြောလိုက်သည်။

အိချင်းသည် သူ့ထံမှကျောက်စိမ်းပြားလှယူသွားခဲ့သည်မဟုတ်ပါလား။

ထိုစဉ်မှာပင် ကျင်းကျင်းက ကြားဖြတ်ဝင်ပြောလိုက်၏။

"အခုဆိုရင် အစ်ကိုကြီးဒဏ်ရာပျောက်သွားပြီပဲ ကျွန်မဆက်ပြီးနေစရာမလိုတော့ဘူး မဟုတ်လား"

အိချင်းက ကျင်းကျင်းဘက်သို့ လှည့်လိုက်သည်။

"ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ညီမရဲ့၊ ဂိုဏ်းချုပ်ကြီးရဲ့ဒဏ်ရာက အရှင်းပျောက်သွားသေးတာမှမဟုတ်ဘဲ၊ ညီမနေခဲ့မှ ဖြစ်တော့မှာပေါ့"

အိချင်းက ကျင်းကျင်းအား နေခဲ့ရန်ဖျောင်းဖျလိုက်သည်။

ရှောင်ဖုံးက ပြုံးပြလိုက်သည်။

"ငါ့မှာ လုပ်စရာတွေတပုံကြီးရှိနေတယ် ဒါကြောင့် ကျင်းကျင်းကို မင်းနဲ့အတူခေါ်သွားရင် ဂိုအဆင်ပြေလိမ့်မယ်"

ကျင်းကျင်းက ပြုံးလိုက်သည်။

သူမသည် အိချင်းဘက်သို့လှည့်လိုက်ပြီး

"ကဲ ကြားတယ်မဟုတ်လား မမ၊ ဂိုဏ်းချုပ်ကြီးက မမနဲ့ လိုက်သွားတဲ့"

အိချင်းမှာ ဘာမှမပြောသာတော့ဘဲ အသာငြိမ်နေလိုက်ရသည်။

ရှောင်ဖုံးက သူတို့နှစ်ယောက်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး

"သွားကြတော့လေ"

ရှောင်ဖုံး၏စကားကြောင့် ကျင်းကျင်းနှင့်အိချင်းသည် ပြိုင်တူဦးညွှတ်လိုက်ကြသည်။

ထို့နောက် သူတို့နှစ်ယောက်သည် ပခုံးချင်းယှဉ်လျက် ထွက်ခွာသွားကြလေတော့သည်။

ရှောင်ဖုံးသည် မိနစ်ကလေးနှစ်ဦး အဝေးဌ ပျောက်ကွယ်သွားသည်အထိ ငေးစိုက်ကြည့်နေမိသည်။

ထိုမိနစ်ကလေးနှစ်ဦး လုံးဝပျောက်ကွယ်သွားသည့်အခါမှ

သူသည် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်သည်။

သူ့ရင်ထဲမှ အမျိုးအမည်ခွဲခြားဖော်ပြနိုင်စွမ်းမရှိသည့် ဝေဒနာတစ်ရပ်ကို လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရသည်။

သူ့မျက်လုံးအိမ်၌ ရီဝေလာသည်။

အဘယ်မျှကြာအောင် ငေးစိုက်ကြည့်မိသည်မသိချေ။

သတိရ၍ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ အဘိုးအို၏အရိပ်အရောင်ကိုပင် မတွေ့ရတော့ချေ။

အဘိုးအိုသည် မည်သည့်အချိန်ကထွက်ခွာသွားသည်ကို လုံးဝမသိလိုက်ချေ။

× × × × × × × × ×

ဝန်းကျင်တစ်ခုလုံး အမှောင်ထုက လွှမ်းမိုးစပြုလာပြီဖြစ်သည်။

ကြယ်ကလေးများသည် ကောင်းကင်ယံ၌ ထွက်စပြုနေလေပြီ။

သို့သော် ကြယ်ပွင့်အများအပြားကို တွေ့မြင်နိုင်ခြင်းမရှိသေးပါ။

ကြယ်ပွင့်အနည်းငယ်သာ ဟိုတစ်ပွင့် ဒီတစ်ပွင့် လင်းနေခြင်းဖြစ်သည်။

ရှောင်ဖုံးသည် ကြယ်ပွင့်ကလေးများကို ငေးစိုက်ကြည့်နေမိသည်။

အမှောင်ထုသိပ်သည်းလာသည်နှင့်အမျှ နက်မှောင်သောကောင်းကင်ပြင်တွင် ကြယ်ပွင့်ကလေးများ တစ်ပွင့်စီတစ်ပွင့်စီ တိုးပွားလာကြသည်။

ထို့အတူ ရှောင်ဖုံး၏ဦးခေါင်းထဲ၌ အတွေးစများ တစ်စတစ်စ တိုးပွားလာသည်။

သူ့ဦးနှောက်ထဲရှိ လုံစီးအား ရှာဖွေတွေ့ရှိရန်ဖြစ်သည်။

လုံစီးအားရှာဖွေတွေ့ရှိပါမှ သူ့ဆရာဓားတစ္ဆေအား ထောင်ချောက်လှိုဏ်ဂူမှ ကယ်ထုတ်နိုင်မည်ဖြစ်သည်။

သို့သော် ထိုတာဝန်ကို သူလုံးဝဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

ရှောင်ဖုံးသည် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းရှည်ကြီးချလိုက်မိသည်။

ထို့နောက် ထွေပြားသောစိတ်အစဉ်ဖြင့် ခြေဦးတည့်ရာ

လျှောက်လှမ်းသွားလေတော့သည်။

ရှောင်ဖုံးမှာ ခြေဦးတည့်ရာသို့လျှောက်သွားနေလေသည်။

သူ့စိတ်သည် နောက်ကျိရှုပ်ထွေးနေလေသည်။

သူသည် လျှောက်မြဲတိုင်း လျှောက်နေသည်။

ထိုစဉ် စူးရှသောအသံတစ်သံသည် ကြောက်မက်ဖွယ် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ထိုအသံကြောင့် ရှောင်ဖုံး၏ခြေလှမ်းများ တုံ့ခနဲရပ်လိုက်သည်။

ထိုအသံသည် မိန်းကလေးတစ်ယောက်၏အသံဖြစ်လေသည်။

ထိုအသံကိုထောက်ချင့်ခြင်းအားဖြင့် မိန်းကလေးတစ်ယောက်သည် အလွန်ကြောက်မက်ဖွယ်ရာ အန္တရာယ်ဆိုးတစ်ခုနှင့်ကြုံတွေ့နေရကြောင်း ရှောင်ဖုံးနားလည်သိရှိလိုက်သည်။

ရှောင်ဖုံးသည် သိုင်းသမားပီပီ မတရားမှုများကို လုံးဝမနှစ်မြို့သူဖြစ်ရာ လက်ပိုက်ကြည့်မနေတော့ဘဲ အသံထွက်ပေါ်လာရာဆီသို့ ကမန်းကတန်း ပြေးလွှားသွားလေသည်။

ထိုသို့ ပြေးလွှားခိုက်မှာပင် မိန်းမပျိုတစ်ဦးသည် တောအုပ်တွင်းမှ ကသောကမျောပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရသည်။

ထိုမိန်းမပျိုး၏နောက်တွင်မူ လူတစ်ယောက်က တဟားဟားရယ်မောရင်း လိုက်ပါလာလေသည်။

ရှောင်ဖုံးလည်း ပြေးလွှားခဲ့ရာမှ ခေတ္တရပ်တန့်လိုက်ပြီး အကဲခတ်နေမိသည်။

ထိုစဉ်မှာပင် လူရမ်းကားသည် မိန်းမပျိုအား မိုလုမိုခင် ဖြစ်လာသည်။

ထိုလူ၏ရယ်မောသံက ကြောက်မက်ဖွယ်ကောင်းလောက်အောင် ဟိန်းထွက်နေသည်။

ရှောင်ဖုံးမှာ ယင်းမြင်ကွင်းကို ကြောင်အမ်းအမ်းဖြင့် ငေးစိုက်ကြည့်နေမိသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် မိန်းမပျိုသည် လွန်စွာမောဟိုက်နေသောကြောင့် ဆက်မပြေးနိုင်တော့ဘဲ မြေပြင်ပေါ်သို့ မှောက်ရက်လဲကျသွားလေတော့သည်။

လူရမ်းကားက တဟားဟား ရယ်မောလိုက်သည်။

မိန်းမပျိုလေးမှာ ကြောက်လန့်တကြားနှင့် သတိလစ်သွားလေသည်။

ရှောင်ဖုံးသည် လက်ပိုက်ကြည့်မနေနိုင်တော့ပါ။

ဤသို့ယုတ်မာကြမ်းကြုတ်မှုကို သူ့အနေဖြင့် မည်သို့ ဥပေက္ခာပြုထားနိုင်ပါမည်နည်း။

"ဟေ့ ရပ်လိုက်"

ရှောင်ဖုံးက ဟန့်တားလိုက်သည်။

ထိုလူရမ်းကားမှာ အသံကြား၍ နောက်လှည့်ကြည့်လိုက်သည်။

ထိုအခါမှ လူရမ်းကား၏မျက်နှာကို ရှောင်ဖုံးသေချာစွာကြည့်မိသည်။

သူ လုံးဝမျှော်လင့်မထားသူဖြစ်နေသည်။

ရှောင်ဖုံးအနေဖြင့် ထိုသူအားဤကဲ့သို့ လူယုတ်မာတစ်ဦး

အဖြစ်မြင်တွေ့လိုက်ရမည်ဟု မည်သည့်အခါမျှ မျှော်လင့်မထား ခဲ့ချေ။

ထို့ကြောင့် ထိုသူ့မျက်နှာအား မြင်တွေ့လိုက်ရသည်နှင့် ရှောင်ဖုံးမှာ အကြီးအကျယ်အံ့သြသွားရခြင်းဖြစ်သည်။

အကြောင်းမှာ ထိုလူသည် ကြူးလွှဲ၏ ခင်ပွန်း ချူရှမ်းဖြစ် နေသောကြောင့် ဖြစ်သည်။

ထို့အတူ ချူရှမ်းသည် ရှောင်ဖုံးအားတွေ့မြင်လိုက်ရသော အခါ သူ၏မျက်လုံးအစုံသည် မီးတောက်မီးလွှဲပမာ ဒေါသရောင် ဝင်းဝင်းထသွားသည်။

ချူရှမ်းက နှုတ်ခမ်းတစ်ချက်မဲ့လိုက်သည်။

"လတ်စသတ်တော့ မင်းကိုး"

ရှောင်ဖုံးသည် အားတုံ့အားနာဖြစ်သွားသည်။

ချူရှမ်း၏ လက်တလော အပြုအမူကို ခေတ္တမေ့လျော့သွား ပြီး ကြူးလွှဲအကြောင်းကို ရှင်းပြရန်စိတ်ကူးမိသည်။

ချူရှမ်းသည် ကြူးလွှဲနှင့်ပတ်သက်၍ ရှောင်ဖုံးအပေါ် အထင်အမြင်လွဲမှားနေခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ရှောင်ဖုံးသည် အခွင့်ကြုံခိုက် ချူရှမ်းအား ရှင်း လင်းပြောပြပြီး ကြူးလွှဲထံပြန်သွားရန် ဖျောင်းဖျမည်ဟု စိတ်ကူးမိ လေသည်။

ထိုအချိန်တွင် ချူရှမ်းက သူ့ထံသို့ တစ်လှမ်းချင်းလျှောက် လာလေသည်။

သူသည် အံတစ်ချက်ကြိတ်လိုက်ပြီး ရှောင်ဖုံးအားလှမ်း ကြည့်လိုက်သည်။

"အတော်ပဲ ငါ့မိန်းမကို ကြာခိုတဲ့လူယုတ်မာ သေဖို့သာ ပြင်ပေတော့"

ချူရှမ်းသည် ထိုသို့အော်ဟစ်ပြောဆိုရင်း ရှောင်ဖုံးအား ဘရစပ် ဝင်ရောက်တိုက်ခိုက်လိုက်တော့သည်။

ရှောင်ဖုံးသည် မမျှော်လင့်ဘဲတိုက်ခိုက်ခံရသောကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သို့သော် မသိစိတ်၏ စေ့ဆော်မှုကြောင့် သူ၏ခန္ဓာကိုယ်မှာ အလိုလိုရှောင်တိမ်းပြီးသား ဖြစ်နေလေသည်။

ရှောင်ဖုံးသည် ထိုသို့ရှောင်တိမ်းနေရာမှ ပြန်လည် သတိဝင်လာပြီး

"ချူရှမ်း ခင်ဗျား ကျုပ်ကိုအထင်လွဲနေပြီ၊ ကျုပ်ရှင်းပြတာ ကို အရင်နားထောင်ပါဦးဗျ"

ရှောင်ဖုံးက အော်ဟစ်ပြောဆိုလိုက်သည်။

သို့သော် ချူရှမ်းက လုံးဝဂရုမစိုက်ချေ။

ရှောင်ဖုံးကိုသာ သဲသဲမဲမဲ ဖြစ်တိုက်နေသည်။

နှုတ်မှလည်း

"မင်းရှင်းပြစရာမလိုဘူး မင်းကိုသတ်ရမှငါကျေနပ်မှာ"

ချူရှမ်းက ထိုသို့အော်ပြောလိုက်ပြီး ကြောက်မက်ဖွယ် ကောင်းလောက်အောင် တိုးဝင်တိုက်ခိုက်လိုက်သည်။

သို့သော် ရှောင်ဖုံးမှာ လုံးဝပြန်လည်တိုက်ခိုက်ခြင်းမရှိချေ။

ချူရှမ်း၏တရစပ်တိုက်ခိုက်မှုကို နောက်ဆုတ်ရင်း ရှောင် တိမ်းနေလေသည်။

"ဒီမှာ ချူရှမ်း ခင်ဗျားတိုက်နေတာကိုခဏရပ်ပြီး ကျုပ်ရှင်း

ပြတာကို နားထောင်ပါဦး၊ ကျုပ်ရှင်းပြတာကို မကျေနပ်သေးဘူးဆိုရင် ခင်ဗျားကြိုက်သလိုလုပ်နိုင်တယ်”

ရှောင်ဖုံးက ရှောင်တိမ်းရင်းမှ လှမ်းပြောလိုက်လေသည်။

သို့သော် ချူရှမ်းမှာ သူ၏စကားကို လုံးဝနားမထောင်ချေ။

“စကားမရှည်နဲ့ မင်းရှင်းပြတာကို ငါလုံးဝမကြားချင်ဘူး”

ချူရှမ်းက ယင်းသို့ပြန်အော်ပြောလိုက်ပြီး ပြင်းထန်စွာ တိုက်ခိုက်လိုက်သည်။

ချူရှမ်း၏တိုက်ခိုက်မှုက တစ်စထက်တစ်စ အရှိန်အဟုန်ကြီးမားလာသလို တိုက်ကွက်များကလည်း ခပ်စိပ်စိပ်နှင့်ပိုမိုထိရောက်လာသည်။

ရှောင်ဖုံးမှာ ရှောင်တိမ်းရန် ပိုမိုခက်ခဲလာလေသည်။

ကြာလျှင် အသက်အန္တရာယ်ပင် စိုးရိမ်ရသည့်အနေအထားသို့ ရောက်လာပေမည်။

ထို့ကြောင့် ရှောင်ဖုံးသည် ကိုယ့်ကိုကိုယ်ကာကွယ်သည့်အနေဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

ရှောင်ဖုံး၏သိုင်းပညာမှာ ချူရှမ်းထက်များစွာသာလွန်နေသောကြောင့် သိုင်းကွက်ဆယ်ကွက်မျှယှဉ်ပြိုင်ပြီးသည့်အခါ

“ဝုန်း”

ဟူသောအသံကြီးထွက်ပေါ်လာပြီး ချူရှမ်း၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စင်သွားလေတော့သည်။

ရှောင်ဖုံး၏လက်သီးက ချူရှမ်း၏ရင်ဝကို ထိမှန်သွားသောကြောင့် ဖြစ်သည်။

ချူရှမ်းသည် မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ်သို့အရှိန်[illegible]းစွာဖြင့် လဲကျသွားတော့သည်။

ထိုစဉ်မှာပင် ဆူညံသောအသံများထွက်ပေါ်လာသည်ကို [illegible]းလိုက်ရလေသည်။

ထိုသို့ ကြည့်လိုက်သောအခါ လူပေါင်းသုံးဆယ်ကျော်[illegible]သည်လက်နက်ကိုယ်စီဖြင့် ပြေးလွှားလာနေကြသည်ကို တွေ့[illegible]းလိုက်ရလေတော့သည်။

လူပေါင်းသုံးဆယ်ကျော်ခန့်ရှိလူအုပ်ကြီးသည် ရှောင်ဖုံးတို့[illegible]ကသို့ ပြေးလာနေကြသည်။

မကြာမီမှာပင် ထိုလူအုပ်ကြီးသည် သူတို့နှင့်ခဲတပစ်အ[illegible]သို့ ရောက်လာကြလေသည်။

ထိုစဉ် လူအုပ်ကြီးထဲမှ အသံတသံထွက်ပေါ်လာ[illegible]သည်။

“ဟော ဟိုမှာတွေ့ပြီ”

လူအုပ်ကြီးထဲမှ လူတစ်ယောက်က တိုးထွက်လာပြီး[illegible]ပေါ်လဲကျနေသည့် ချူရှမ်းကိုလက်ညှိုးထိုးပြလိုက်သည်။

“ဟုတ်တယ် ဒီလူမှ ဒီလူအစစ်ပဲ”

ထိုလူက လက်ညှိုးငေါက်ငေါက်ထိုးရင်း အော်ပြောလိုက်[illegible]သည်။

ထိုလူ၏စကားကြောင့် လူအုပ်ကြီးသည် ချူရှမ်းအား[illegible]းရံထားလိုက်ကြလေတော့သည်။

ထိုလူအုပ်ကြားမှ အချို့လူများကမူ မြေပေါ်သို့လဲကျနေ[illegible]ဝမိန်းကလေးအား ပွေ့ထူထားကာ ဝိုင်းဝန်းပြုစုနေကြသည်။

ရှောင်ဖုံးသည် ဘာမျှနားမလည်နိုင်တော့ပဲ အူကြောင်
ကြောင် ဖြစ်နေမိတော့သည်။

ထိုစဉ် လူအုပ်အတွင်းမှ အနီရောင်ဝတ်ဆင်ထားသော
လူတစ်ယောက်က ချူရှမ်း၏နောက်ကျောကို ဓားဖြင့်ထောက်ထား
လိုက်သည်။

"ကဲ မင်းပြေးလို့လွတ်နိုင်သေးရဲ့လား"

ထိုအချိန်ရှောင်ဖုံးမှာ မနေသာတော့ပဲ ကြားဝင်လိုက်
လေတော့သည်။

သူသည် ဓားကိုင်ထားသူအား ဦးညွှတ်လိုက်ပြီး

"ဦးတို့က ဘယ်သူလဲခင်ဗျာ၊ ဒီလူနဲ့ဘယ်လိုများရန်
ရှိနေလို့လဲ"

အနီရောင်ဝတ်ဆင်ထားသောလူက နာခေါင်းရှဲ့လိုက်၏

"ဒီလူဟာ အခုတလော မိန်းကလေးတွေကို လိုက်ပြီးဖျက်
ဆီးနေတဲ့ လူယုတ်မာတစ်ယောက်ပဲ အခုလဲကျုပ်သမီးကိုခိုးဖို့
လာလို့ ကျုပ်တို့ကလိုက်ခဲ့ကြတာ"

ချူရှမ်းအား တစ်ချက်လှမ်းကြည့်မိသည်။

ချူရှမ်းသည်ဣန္ဒြေကဲ့သို့ ယုတ်မာရက်စက်လိမ့်မည်ဟု မ
ကြည့်နိုင်လောက်အောင် ဖြစ်သွားသည်။

"သူပြောတာဟုတ်ရဲ့လား၊ဟာ အထင်များလွဲနေလားလို့"

ချူရှမ်းကနှုတ်ခမ်းမဲ့လိုက်သည်။

သူသည်ရှောင်ဖုံးအား အခဲမကျေနိုင်သည့် မျက်လုံးများဖြ
လှမ်းကြည့်လိုက်လေသည်။

"ဟုတ်တယ် အဲဒါဘဖြစ်သလဲ"

ချူရှမ်းက လေသံမာမာဖြင့် ပြောလိုက်သည်။

ရှောင်ဖုံးသည် ယင်းစကားကိုကြားလိုက်ရသောအခါ အံ့
သြမဆုံးနိုင်အောင် ဖြစ်သွားလေတော့သည်။

ချူရှမ်းက အားရပါးရ ရယ်မောလိုက်လေသည်။

အတန်ကြာအောင် ရယ်မောလိုက်ပြီးမှ

"မိန်းမတွေဟာ သစ္စာမှုမရှိဘဲ ဒါကြောင့်မိန်းမတွေကို
မုန်းတယ် မိန်းမတွေကို ကလဲ့စားချေရမယ် ဒါပဲ"

ချူရှမ်းသည် သူရူးတစ်ယောက်ပမာ အော်ဟစ်ရယ်မော
လိုက်လေသည်။

အနီရောင်ဝတ်ဆင်ထားသောလူက ဒေါသခြောင်းခြောင်း
ဖွက်လာပြီး ဓားကိုတစ်ချက်ဝင့်လိုက်သည်။

"မင်းလိုလူယုတ်မာမျိုးဟာ လောကမှာ မရှိသင့်တော့ဘူး
ဘဲ သေပေတော့"

သူသည် ပြောပြီးသည်နှင့် လက်ထဲမှဓားကို မြှောက်၍
ခုတ်ချလိုက်မည်အပြုတွင် ရှောင်ဖုံးက သူ၏လက်ကိုဖမ်း၍တား
ဆားလိုက်လေသည်။

"ဒီလိုလဲ လက်လွတ်စပယ် မလုပ်ကြပါနဲ့ဗျာ"

ရှောင်ဖုံး၏ ဝင်ရောက်စွက်ဖက်မှုကြောင့် အနီရောင်ဝတ်
ဆင်ထားသောလူက အံ့အားသင့်သွားသည်။

"မင်းက သူနဲ့ဘယ်လိုပတ်သက်နေလို့လဲ"

လူအားလုံးက ရှောင်ဖုံးအား ဝိုင်း၍ကြည့်လိုက်သည်။

ရှောင်ဖုံးက အေးတိအေးစက် လေသံဖြင့် ပြန်ပြောလိုက်
လေသည်။

"ကျုပ်နဲ့တော့ ဘာမှမပတ်သက်ပါဘူး ဒါပေမယ့်ခင်ဗျားတို့ သူ့ကိုမသတ်ရဘူး"

ရှောင်ဖုံး၏ စကားကြောင့် အနီရောင်ဝတ်ဆင်ထားသောလူက မဲ့ပြုံးပြုံးလိုက်လေသည်။

"လက်စသတ်တော့ မင်းတို့နှစ်ယောက်က အတူတူပဲကိုး"

သူသည် ပြောပြီးသည်နှင့် ရှောင်ဖုံးအား ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင်ပင် ကျန်ရစ်သော လူအားလုံးကလည်း ရှောင်ဖုံးအား ညှပ်ပူးညှပ်ပိတ် ဝိုင်းရံတိုက်ခိုက်လိုက်ကြလေတော့သည်။

အခြေအနေသည် များစွာရှုပ်ထွေးသွားသည်။

ချူရှမ်းသည် ထိုလူများက ရှောင်ဖုံးအား တိုက်ခိုက်နေသည်ကိုတွေ့မြင်ရသောအခါ မသိမသာနောက်ဆုတ်၍ ထိုနေရာမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ရှောင်ဖုံးသည် ချူရှမ်းပြေးလွှားသွားသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် သူလည်းပြေးလွှားထွက်ခွာရန် ဟန်ပြင်လိုက်သည်။

သို့သော် သူသည်ပြေး၍မရတော့ပါ။

လူအုပ်ကြီးက သူ့အားဝိုင်းဝန်းတိုက်ခိုက် နေကြသောကြောင့်ဖြစ်သည်။

သူ့အားဝိုင်းဝန်းတိုက်ခိုက်နေကြသောလူများကို သူ မမှုပါ။

သို့သော် အပြစ်မဲ့သူများအား တစ်စုံတစ်ရာထိခိုက်သွားခဲ့လျှင်တော့ ပြန်လည်တိုက်ခိုက်ခြင်း မပြုဘဲ တရောင်တည်း ရှောင်နေရလေသည်။

သို့ဖြစ်သောကြောင့် ရုတ်တရက်ထွက်ပြေးရန် မလွယ်ဘဲ ဘဝလည်လည်ဖြစ်နေရလေသည်။

ယင်းသို့ဖြင့်ရှောင်ဖုံးသည် လူပေါင်းများစွာကို ရှောင်တိမ်းနေရသည်ဖြစ်ရာ လူအုပ်ကြီးထဲမှ ထွက်မရနိုင်ဘဲဖြစ်နေသည်။

ထိုအချိန်တွင် လူတစ်ယောက်၏အော်သံက ကျယ်လောင်စွာထွက်ပေါ်လာလေသည်။

"ဟေ့ လိုက်ကြဟေ့ လူယုတ်မာထွက်ပြေးသွားပြီကွ"

ထိုအော်သံကြောင့် ရှောင်ဖုံးအားသဲသဲမဲမဲ တိုက်ခိုက်နေကြသောလူများသည် တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး ချူရှမ်းရှိရာသို့ လှည့်ကြည့်မိလေသည်။

သို့သော် သူတို့သည် ချူရှမ်း၏အရိပ်အယောင်ကိုပင် ခြေတွေ့လိုက်ရခြင်း မရှိတော့ချေ။

ထိုကြောင့် သူတို့သည် ရှောင်ဖုံးဘက်သို့ ပြန်လှည့်လိုက်ကြသည်။

သို့ရာတွင် ရှောင်ဖုံးသည်လည်း ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထိုလူစုသည် အကြီးအကျယ် မကျေနပ်ဖြစ်သွားပြီးနေရာနှင့်အပြား ပိုက်စိပ်တိုက် ရှာဖွေနေကြပြန်သည်။

သို့သော် အချည်းနှီးသာဖြစ်သည်။

မည်သို့မျှ ရှာဖွေမရသည့်အဆုံးတွင် ထိုလူစုသည်စိတ်

ပျက်လက်ပျက်ဖြင့် လာလမ်းအတိုင်း မြန်လည်ထွက်ခွာသွားကြလေတော့သည်။

✕✕✕ ✕✕✕ ✕✕✕

တောအုပ်ကလေးတစ်ခုဖြစ်သည်။

တောအုပ်ကလေးအတွင်းရှိ လူသွားလမ်းကလေးပေါ်တွင် လူတစ်ယောက်လမ်းလျှောက်နေ၏။

ထိုလူသည် ရှောင်ဖုံးဖြစ်လေသည်။

ရှောင်ဖုံးသည် ခေါင်းငိုက်စိုက်ချရင်း လမ်းလျှောက်နေခြင်းဖြစ်သည်။

ထိုသို့လျှောက်နေရင်းမှ အတွေးပေါင်းများစွာသည် သူ့ဦးနှောက်ထဲသို့ ဝင်ရောက်လာသည်။

ထိုအတွေးများသည် ချူရှမ်းနှင့်ပတ်သက်နေသည်။

သူသည် အဘယ်ကြောင့် ချူရှမ်းအား ကူညီခဲ့ပါသနည်း စင်စစ်ချူရှမ်းသည် ကြီးမားသော လူမှုရေးပြစ်မှုကို ကျူးလွန်နေသူဖြစ်သည်။

ထိုကဲ့သို့သောလူများအား သူ့အနေဖြင့် နှိမ်နင်းဟန့်တားရန်တာဝန်ရှိနေသည်။

သို့ပါလျက် သူသည်အဘယ်ကြောင့်ချူရှမ်းအားဥပေက္ခာပြုရပါသနည်း။

ရှောင်ဖုံး မတွေးတတ်ချေ။

တစ်ခုတော့ရှိသည်။ ကြူးလျှဲနှင့်သွယ်ဝိုက်၍ပတ်သက်

ခဲ့ကာင်း ပတ်သက်နိုင်သည်။

ကြူးလျှဲသည် ရှောင်ဖုံးအိမ်ကလေး၌ ခင်ပွန်းဖြစ်သူချူရှမ်းအား စောင့်မျှော်နေသည် မဟုတ်ပါလား။

အကယ်၍ ချူရှမ်းသာ တစ်စုံတစ်ရာဖြစ်ခဲ့လျှင် ကြူးလျှဲမည်သူစောင့်ရှောက်မည်နည်း။

ထိုအတွေးများကြောင့် ချူရှမ်းအားကူညီခဲ့ခြင်းဖြစ်သည်ဟုရှောင်ဖုံးက ကိုယ့်ကိုကိုယ်ယူဆလိုက်သည်။

ယင်းကဲ့သို့ အတွေးနယ်ကျဲနေစဉ် အနီရောင်ဝတ်ဆင်ထားသောလူငါးယောက်သည် ရှောင်ဖုံးထံသို့ အူယားဖားယားပြေးလာကြသည်ကို မြင်တွေ့လိုက်ရသည်။

ထိုလူများ၏ဝတ်စုံကို မြင်ရုံဖြင့် ၎င်းတို့သည်ပျံလွှားဂိုဏ်းသားများဖြစ်ကြောင်းကို အလွယ်တကူ သိရှိနိုင်လေသည်။

ရှောင်ဖုံးသည် တောင်တွေးမြောက်တွေးဖြင့် လျှောက်လှမ်းနေရာမှ ခြေလှမ်းများကို ရပ်တန့်လိုက်လေသည်။

မကြာမီ

ထိုလူငါးယောက်သည် သူ့အနားသို့ ရောက်လာလေသည်။

သူတို့အားလုံးသည် ပျံလွှားဂိုဏ်း၏ဌာနခွဲမှူးများ ဖြစ်ကြသည်။

ရှောင်ဖုံးသည် သူတို့အားမျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"ဘာကိစ္စရှိလို့ ဒီလောက်တောင် ရေးကြီးသုတ်ပျာ ဖြစ်ကြတာလဲ"

ထိုလူငါးယောက်အနက် အလယ်မှအဘိုးအိုက ရှေ့သို့ခြေတစ်လှမ်းတိုးထွက်လိုက်ပြီး ဦးညွှတ်အရိုအသေပြုလိုက်သည်။

ထို့နောက် အနည်းငယ် မောဟိုက်သဖြင့်

"လူတစ်ယောက်က ဂိုဏ်းချုပ်ကြီးကို တွေ့ချင်တယ်ဆိုပြီး ဌာနချုပ်ကို ရောက်လာပါတယ်"

ရှောင်ဖုံးက မျက်မှောင်ကုပ်လိုက်သည်။

"ဘယ်သူများပါလိမ့်"

အဘိုးအိုက မဝံ့မရဲဖြင့် ရှောင်ဖုံးအား လှမ်းကြည့်လိုက်သည်။

ပြီးမှ အနည်းငယ်တုန်ယင်သော အသံဖြင့်

"သူကတော့ ကဝေမလို့ ပြောပါတယ်"

ရှောင်ဖုံးသည် အံ့သြတကြီးဖြစ်သွားသည်။

သူ့ထံသို့ ကဝေမရောက်လာလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ပေ။

"ကျုပ်မရှိဘူးလို့ ပြောမပြဘူးလား"

"ဟုတ် ဟုတ်ကဲ့ ပြောပြပါတယ်"

အဘိုးအိုက တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေလိုက်သည်။

ရှောင်ဖုံးက မျက်မှောင်တစ်ချက် ကုပ်လိုက်မိသည်။

"ဒါဖြင့် ခင်ဗျားတို့ ဘာဖြစ်လို့ လိုက်လာကြတာလဲ"

ရှောင်ဖုံးက နှာမလည်သလိုဖြင့် ပြန်မေးလိုက်သည်။

အဘိုးအိုမှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ တဒင်္ဂမျှ နှုတ်ဆိတ်သွား၏။

ထိုစဉ် အခြားအဘိုးအိုက ဝင်ရောက်ပြောလိုက်၏။

"ဂိုဏ်းချုပ်မရှိတဲ့အကြောင်း ပြောပြတော့ ကဝေမက လုံးဝလက်မခံပါဘူး"

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားလေသည်။

"ဒါကြောင့် ခင်ဗျားတို့က ကျုပ်နောက်လိုက်လာကြတယ်ဆိုပါတော့"

လက်ဝဲဘက်အစွန်မှ အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ကဝေမက ဂိုဏ်းချုပ်ကြီးကို စကားမတည်ဘူးဆိုပြီး ကျုပ်တို့လူတွေကို တိုက်ခိုက်လိုက်ပါတယ်"

ရှောင်ဖုံးက ရင်ထိတ်သွားလေသည်။

"ခင်ဗျားတို့က မဟန့်တားဘူးလား"

"ကျုပ်တို့ဟန့်တားဖို့ ကြိုးစားပါတယ် ဒါပေမယ့် ကျုပ်တို့ထဲကဘယ်သူမှ ဟန့်တားလို့မရခဲ့ဘူး ဒါကြောင့် အခုလို"

ထိုအဘိုးအို စကားမဆုံးမီမှာပင် ရှောင်ဖုံးက ကြားဖြတ်ဝင်ရောက်ပြောဆို လိုက်လေသည်။

"ကျုပ်နောက်ကို လိုက်လာခဲ့ကြတယ်ဆိုပါတော့"

အဘိုးအိုငါးယောက်စလုံး ပြိုင်တူခေါင်းညိတ်လိုက်ကြလေသည်။

ရှောင်ဖုံးကသက်ပြင်း တစ်ချက်ချလိုက်လေသည်။

"ကဲပါလေ ကျုပ်ပြန်လိုက်ခဲ့ပါ့မယ်"

ရှောင်ဖုံးသည် ယင်းသို့ပြောဆိုပြီးနောက် သူ၏ဌာနခွဲမှူးငါးယောက်နှင့်အတူ သူသည်ခြေလှမ်း လှမ်းလိုက်မည်အပြုတွင် တောအုပ်ထဲမှ လူနှစ်ဆယ်ခန့်ရှိသော လူအုပ်ကြီးသည် ရုတ်တ

ရက်ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူနှစ်ဆယ်ကျော်အား ဦးဆောင်လာသူမှာ မျက်နှာဖုံးစွပ်ထားသော သွေးမိစ္ဆာခေါင်းဆောင်ပင်ဖြစ်သည်။

ထိုလူစုအားတွေ့လိုက်ရသောအခါ ရှောင်ဖုံးသည် ရင်ထိတ်သွားသည်။

အကယ်၍ ထိုလူစုနှင့် ထိပ်တိုက်ရင်ဆိုင်ရပါက ဓိမိဘက်မှ များစွာအခြေအနေဆိုးမည်ကို ရှောင်ဖုံးက ချက်ချင်းဆိုသလိုပင် တွက်ဆလိုက်မိသည်။

ထို့ကြောင့် သူသည် အဘိုးအိုအား လေသံတိုးတိုးဖြင့် လှမ်းမှာကြားလိုက်သည်။

"ကဲ ဌာနမှူးတို့ ဌာနချုပ်ကိုအမြန်ဆုံး ပြန်သွားပေတော့ ကျုပ်ကတော့ အခြေအနေကြည့်ပြီး လိုက်ခဲ့မယ်"

ရှောင်ဖုံးက ယင်းသို့လေသံသဲ့သဲ့ဖြင့် မှာကြားလိုက်သော ကြောင့် အဘိုးအိုငါးယောက်မှာ ကွက်ခနဲမျက်နှာပျက်သွားလေသည်။

သူတို့အားလုံးသည် ထိုနေရာမှ ရုတ်တရက်ထွက်ခွာသွားခြင်းမရှိသေးဘဲ စောဒကတက်မည့် မျက်လုံးများဖြင့် ရှောင်ဖုံးအားပြန်ကြည့်လိုက်ကြသည်။

"ကဲ ဒါကျုပ်အမိန့်ပဲ ခင်ဗျားတို့ ခုချက်ချင်း ဌာနချုပ်ကို ပြန်ပါ"

ရှောင်ဖုံးက လေသံမာမာဖြင့် အမိန့်ပေးလိုက်ရာ အဘိုးအိုငါးယောက်သည် ဘာမှပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ထိုနေရာမှ ခပ်သုတ်သုတ်ထွက်ခွာသွားလေတော့သည်။

မျက်နှာဖုံးစွပ်ထားသော သွေးမိစ္ဆာဂိုဏ်းချုပ်ကြီးသည် ရှောင်ဖုံးထံသို့ တစ်လှမ်းချင်း လျှောက်လှမ်းလာလေသည်။

ထို့အတူ သွေးမိစ္ဆာဂိုဏ်းသားများကလည်း ရှောင်ဖုံးထံ ချဉ်းကပ်ဝန်းရံလိုက်ကြသည်။

သို့သော် ရှောင်ဖုံးကနောက်ဆုတ်သွားခြင်း မရှိပါ။

ထိုနေရာ၌ပင် မားမားမတ်မတ်ရပ်နေသည်။

မကြာမီ သွေးမိစ္ဆာဂိုဏ်းချုပ်သည် သူ့ရှေ့သို့ရောက်လာပြီးမျက်နှာချင်းဆိုင် ရပ်တန့်လိုက်လေသည်။

ထိုအချိန်၌ သွေးမိစ္ဆာဂိုဏ်းသားများသည် ရှောင်ဖုံးအားဝန်းရံထားလိုက်ကြပြီ ဖြစ်လေသည်။

ရှောင်ဖုံးသည် လုံးဝကြောက်ရွံ့ထိတ်လန့်ခြင်းမရှိဘဲ သူတို့အား ရှင်ဆိုင်လိုက်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ရှောင်ဖုံးအား စေ့စေ့ကြည့်လိုက်လေသည်။

"ရှောင်ဖုံး မင်းကိုငါတော်တော် အထင်ကြီးခဲ့တယ် ဒါပေမယ့် ငါအထင်ကြီးခဲ့သလို မင်းကလူကောင်းတစ်ယောက်မှမဟုတ်ဘဲ ခုမှ ငါသိတော့တယ် မင်းဟာ လူယုတ်မာတစ်ယောက်ပဲ"

သွေးမိစ္ဆာဂိုဏ်းချုပ်က လက်ဝှေ့ကြိုးငေါက်ငေါက်ထိုး၍ ပြောလိုက်လေသည်။

ရှောင်ဖုံးက သူ့အား အေးတိအေးစက်ဖြင့် ပြန်ကြည့်လိုက်လေသည်။

"ရယ်စရာကောင်းလိုက်ဘာ သူခိုးက လူကိုပြန်ဟစ်ရတယ်လို့"

ရှောင်ဖုံးက မဲ့ပြုံးတစ်ချက် ပြုံးပြပြီး ပြန်ပြောလိုက်လေသည်။

သွေးမိစ္ဆာက ရှေ့သို့ ခြေတစ်လှမ်းထပ်မံတိုးလိုက်သည်။

"ဒီမှာ ငါတစ်ခုမေးမယ် မင်း ငါ့ရဲ့လက်ထောက်ဂိုဏ်းချုပ်ကိုစော်ကားမော်ကား လုပ်ခဲ့တယ်ဆို ဒါဟာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ ယုတ်မာပက်စက်မှုပဲကွ"

သွေးမိစ္ဆာက ခက်ထန်စွာ လှမ်းပြောလိုက်သည်။

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားလေသည်။

"ခင်ဗျား ဘာတွေလာပြောနေတာလဲ ခင်ဗျားပြောတာ ကျုပ်တစ်ခုမှနားမလည်ဘူး"

သွေးမိစ္ဆာက မဲ့ပြုံးပြုံးလိုက်သည်။

"ငါ့ရဲ့လက်ထောက်ဂိုဏ်းချုပ်နဲ့ ဂိုဏ်းသားသုံးဆယ်ကျော်ကို မင်းကယမ်းလုံးပစ်ပြီး သတ်ဖြတ်ပစ်ခဲ့တဲ့အပြင် ငါ့ရဲ့လက်ထောက်ကိုပါ စော်ကားလွှတ်လိုက်တာ မင်းမမှတ်မိတော့ဘူးလား"

သွေးမိစ္ဆာ၏ စကားကြောင့် ရှောင်ဖုံးသည် အခြေအနေအရပ်ရပ်ကို သိရှိနားလည်သွားသည်။

လီဟွားသည် သူဦးဆောင်လာသော အဖွဲ့သားများဆုံးရှုံးသွားရသည့်အဖြစ်ကို ဖုံးကွယ်ရန်အတွက် မိမိအပေါ်မဟုတ်မတရားလည်ဆယ်လုပ်ကြံလိုက်ကြောင်း ရှောင်ဖုံးသဘောပေါက် နားလည်သွားသည်။

ထို့ကြောင့် ရှောင်ဖုံးသည် အားရပါးရရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

သူ၏ရယ်မောသံသည် တောအုပ်ကလေးအတွင်း၌ပဲ့တင်ရိုက်ခတ်သွားလေသည်။

သွေးမိစ္ဆာက သူ့အားစိုက်ကြည့်လိုက်လေသည်။

"မင်းကဘာကို ရယ်တာလဲကွ"

သွေးမိစ္ဆာဂိုဏ်းချုပ်က မေးလိုက်လေသည်။

ရှောင်ဖုံးက ရယ်မောရာမှရပ်တန့်လိုက်လေသည်။

"ခင်ဗျားက ဂိုဏ်းချုပ်တစ်ယောက်လုပ်နေပြီး မိန်းမတစ်ယောက်ရဲ့လှည့်စားမှုကို အဟုတ်ထင်ပြီး ယုံနေတာကိုး ဒါတွေတွေးမိပြီး ကျုပ်ရယ်ချင်လာတာပါ"

ရှောင်ဖုံး၏ ပမာမခန့်စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်မှာ အကြီးအကျယ် ဒေါသထွက်သွားလေသည်။

"ဖြန်း"

သွေးမိစ္ဆာဂိုဏ်းချုပ်က ရှောင်ဖုံး၏ပါးပြင်ကို တအားရိုက်ချလိုက်လေသည်။ ရှောင်ဖုံး၏မျက်နှာပြင်တစ်ခုလုံး စပ်ဖျဉ်းဖျဉ်းခံစားလိုက်ရလေတော့သည်။

အံကိုတင်းတင်းကြိတ်လိုက်ပြီး

"ခင်ဗျားက ကျုပ်ပါးကိုရိုက်တဲ့အတွက် တစ်နေ့မှာခင်ဗျားရဲ့ပါးကို ကျုပ်ပြန်ရိုက်မယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

သွေးမိစ္ဆာက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း ငါ့ကိုပြန်ရိုက်ဖို့ဆက်ပြီး အသက်ရှင်နေလိမ့်မယ်ထင်နေသလား"

သူသည်ပြောပြီးသည်နှင့် ရှောင်ဖုံးအား တိုက်ခိုက်လိုက်လေတော့သည်။

ရှောင်ဖုံးကလည်း အည့်မခံပါ။

ရှိသမျှခွန်အားကို အသုံးပြုကာ ပြန်လည်ခုခံတိုက်ခိုက်လိုက်လေတော့သည်။

သို့သော် ပညာချင်းက ကွာလှသည်။

ရေရှည်တွင် ရှောင်ဖုံးအနေဖြင့် ခုခံနိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့် ရှောင်ဖုံးသည် ရင်တထိတ်ထိတ်ဖြစ်နေသည်။

ထိုစဉ်မှာပင် လူတစ်ယောက်၏ရယ်မောသံကို ကြားလိုက်ရလေသည်။

"ဟေ့ ဟေ့ မင်းတို့တွေတိုက်ခိုက်နေတာ ကြည့်လို့မကောင်းဘူးကွ၊ ရပ်တန်းကရပ်လိုက်စမ်းပါကွာ"

ထိုအသံကြောင့် ရှောင်ဖုံးနှင့်သွေးမိစ္ဆာဂိုဏ်းချုပ်တို့သည် ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

ထိုစဉ် အဘိုးအိုတစ်ယောက်သည် သူတို့နှစ်ယောက်ရှိရာသို့ အေးဆေးစွာလျှောက်လှမ်းလာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

✗✗✗ ✗✗✗ ✗✗✗

သော့ဝိဇ္ဇာ

ဆံပင်မုတ်ဆိတ်မွေးများ ဇွေရောင်သန်းနေသည့် အဘိုးအိုတစ်ဦးသည် ရှောင်ဖုံးနှင့်သွေးမိစ္ဆာဂိုဏ်းချုပ်ရှိရာသို့ အေးဆေးစွာလျှောက်လှမ်းလာလေသည်။

သူ၏မျက်နှာသည် လူရွင်တော်တစ်ဦးကဲ့သို့ စပ်ဖြဲဖြဲဟုထင်မှတ်ရသည်။

အမှတ်တမဲ့ဆိုလျှင် ထိုအဘိုးအိုအား စိတ်မနှံ့သူတစ်ဦးဟုထင်မှတ်မိကြမည် ဖြစ်သည်။

ရှောင်ဖုံးနှင့်သွေးမိစ္ဆာဂိုဏ်းချုပ်တို့သည် တိုက်ခိုက်နေရာမှ ရပ်တန့်လိုက်ပြီး ထိုအဘိုးအိုအား လှမ်းကြည့်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ၊ ဘာဖြစ်လို့ကျုပ်တို့ကိစ္စကို ဝင်ရှုပ်ရတာလဲ"

သွေးမိစ္ဆာဂိုဏ်းချုပ်က မျက်မှောင်ကြုပ်ရင်း လှမ်းမေးလိုက်

လေသည်။

အဘိုးအိုက လက်နှစ်ဘက်ကာပြလိုက်သည်။

"ကျုပ် ဝင်ရှုပ်တာမဟုတ်ဘူး၊ စေတနာနဲ့လာခဲ့တာ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ထိုအဘိုးအိုအား နားမလည်စွာပြန်မေးလိုက်သည်။

"နေပါဦး ခင်ဗျားရဲ့စေတနာက ဘာစေတနာလဲဗျ"

အဘိုးအိုသည် သူ၏ခပ်မှေးမှေးမျက်လုံးအား သေချာစွာဖွင့်ကာ သွေးမိစ္ဆာဂိုဏ်းချုပ်အား ကြည့်လိုက်လေသည်။

ထိုအဘိုးအိုက သွေးမိစ္ဆာဂိုဏ်းချုပ်၏စကားကို လုံးဝဂရုမစိုက်ဘဲ သူ့ပြောချင်ရာကိုသာ ဆက်၍ပြောလိုက်လေသည်။

"မင်းက သူ့ကိုဘာလုပ်မလို့လဲ"

အဘိုးအိုက ရှောင်ဖုံးအားလက်ညှိုးညွှန်ပြရင်း လှမ်းမေးလိုက်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ဒေါသတကြီးဖြစ်သွားသည်။

"သူ့ကိုသတ်မလို့ကွ"

သွေးမိစ္ဆာဂိုဏ်းချုပ်၏အသံက ဟိန်းထွက်သွားသည်။

အဘိုးအိုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"မဖြစ်ဘူး မင်း သူ့ကိုသတ်လို့မဖြစ်ဘူး"

သွေးမိစ္ဆာဂိုဏ်းချုပ်က အေးတိအေးဆေးလေသံဖြင့် ပြန်မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

အဘိုးအိုက ပြုံးလိုက်သည်။

သူသည် ယင်းသို့ပြုံးပြလိုက်ရင်း သွေးမိစ္ဆာဂိုဏ်းချုပ်အား

ဖြင့် လှမ်းကြည့်လိုက်သည်။

"ကျုပ်ရှိနေလို့ပေါ့"

ထိုအဘိုးအို၏စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်က အားရ ရယ်မောလိုက်လေသည်။

အတန်ကြာမှ သွေးမိစ္ဆာဂိုဏ်းချုပ်က မျက်မှောင်ကြုပ်ရင်း

"လက်စသတ်တော့ ခင်ဗျားက သူ့ဘက်တော်သားကိုး"

အဘိုးအိုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

"ကျုပ်က ဘယ်သူ့ရဲ့ ဘက်တော်သားမှ မဟုတ်ဘူး"

ငွေရောင်ဆံပင်နှင့်အဘိုးအို၏ စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်က စိတ်မရှည်နိုင်အောင်ဖြစ်လာတော့သည်။

"ခင်ဗျား ဒီကနေဖယ်ပေးရင် ကောင်းမယ်ထင်တယ်"

သွေးမိစ္ဆာဂိုဏ်းချုပ်က လေသံမာမာဖြင့် မေးလိုက်၏။

အဘိုးအိုက လက်ကာပြလိုက်သည်။

ပြီးနောက်

"ခဏနေပါဦး ခင်ဗျားက ကျုပ်ကို နိုင်မယ်လို့များထင်နေသလား"

သွေးမိစ္ဆာဂိုဏ်းချုပ်က ရယ်မောလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားက ပညာပြချင်နေတာကိုး"

သွေးမိစ္ဆာဂိုဏ်းချုပ်က ယင်းသို့ပြောပြီးသည်နှင့် တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

သွေးမိစ္ဆာဂိုဏ်းသားများကလည်း ဝိုင်းပန်းတိုက်ခိုက်ရန် အဘိုးအိုအား ဝိုင်းထားလိုက်သည်။

ရှောင်ဖုံးကမူ ထိုလူအုပ်ကြားမှ မည်သို့ထိုးထွက်ရမည်ကို သာ တွေးတော၍ စဉ်းစားနေမိလေသည်။

အဘိုးအိုက သွေးမိစ္ဆာဂိုဏ်းချုပ်အား အရေးမစိုက်ဟန်ဖြင့် တစ်ချက်ပြုံးပြလိုက်သည်။

ထို့နောက် သွေးမိစ္ဆာဂိုဏ်းချုပ်ဘက်လှည့်ကာ

"ကဲဗျာ ဒီလိုလုပ်ကြရအောင်၊ ခင်ဗျားက ကျုပ်ကို သိုင်းကွက်သုံးကွက်နဲ့ နိုင်အောင်တိုက်၊ သုံးကွက်တည်းနဲ့ ကျုပ်ကို ထိအောင်တိုက်နိုင်ရင် ခင်ဗျားလုပ်ချင်ရာလုပ်၊ ခင်ဗျားကိစ္စကို ကျုပ်ဘာမှဝင်မစွက်ဘူး"

အဘိုးအိုက ယင်းသို့ပြောလိုက်ပြီးနောက် သွေးမိစ္ဆာဂိုဏ်း သားများအား မျက်လုံးတစ်ချက်ဝှေ့၍ ကြည့်လိုက်သည်။

ပြီးနောက် စကားကို ဆက်လိုက်လေသည်။

"အဲ ဒါပေမယ့် ခင်ဗျားကသာ ကျုပ်ကိုသုံးကွက်နဲ့ထိ အောင်မတိုက်နိုင်ရင် ခင်ဗျားရဲ့လူတွေကိုခေါ်ပြီး ဒီနေရာက အမြန် ဆုံးထွက်သွားပေတော့"

အဘိုးအို၏ စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်က ဟက် ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဟားဟားဟား"

သွေးမိစ္ဆာဂိုဏ်းချုပ်က ယင်းသို့အားပါးတရ ရယ်မော လိုက်ပြီးနောက် အဘိုးအိုအား စိုက်ကြည့်လိုက်သည်။

"စိန်လိုက်"

သွေးမိစ္ဆာဂိုဏ်းချုပ်က သဘောတူလိုက်သည်။

သို့သော် အဘိုးအိုက မယုံသေးသလို လက်ကာပြလိုက်

သည်။

"ခင်ဗျားကတိရောတည်ပါ့မလား"

အဘိုးအိုက မဲ့ပြုံးပြုံးရင်း လှမ်းမေးလိုက်ခြင်းဖြစ်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ရင်ကော့လိုက်သည်။

"ကျုပ်ဘယ်တုန်းကမှ ကတိမဖျက်ခဲ့ဖူးဘူး"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ကဲအခုအချိန်ကစပြီး ခင်ဗျားတိုက်နိုင်ပြီ"

အဘိုးအိုက ပြောပြီးသည်နှင့် မလှုပ်မယှက်မျက်လုံးမိတ် ကာ ရပ်နေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် အဘိုးအိုက မိမိအပေါ် ဤမျှအ ဆင်သေးသည်ကို တွေ့ရသဖြင့် အကြီးအကျယ်ဒေါသထွက်သွား လေသည်။

သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး

"လာပြီ သတိထားပေတော့"

သွေးမိစ္ဆာဂိုဏ်းချုပ်က ပြောပြောဆိုဆိုဖြင့် အဘိုးအိုထံ လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။

အခြားလက်တစ်ဘက်ကမူ လက်ဖြန့်ထားလိုက်ပြီး အဘိုး အို၏ခါးလယ်ဆီသို့ ဝိုက်၍ခုတ်ချလိုက်လေသည်။

ထိုတိုက်ကွက်မှာ ပြင်းထန်ပြီးလျင်မြန်လှပေသည်။

သာမာန်သိုင်းသမားတစ်ဦးအနေဖြင့် ရှောင်တိမ်းရန်လွယ် ကူသည် မဟုတ်ချေ။

လက်သီးကို ရှောင်တိမ်းနေသည့်အချိန်၌ပင် ခါးလယ်သို့ ဝိုက်ဝင်လာသည့် လက်ဝါးစောင်းက ပြင်းထန်စွာဖြင့် ဇီဝိန်လျော

သွားမည်ဖြစ်သည်။

ယင်းတိုက်ကွက်ကို မြင်လိုက်ရသောရှောင်ဖုံးသည် အတိုးအိုအတွက် များစွာထိတ်လန့်သွားမိသည်။

သို့ရာတွင် ရှောင်ဖုံးထင်မှတ်ထားသကဲ့သို့ ဖြစ်မလာခဲ့ပေ။ သွေးမိစ္ဆာဂိုဏ်းချုပ်၏ ပြင်းထန်သောတိုက်ကွက်သည် လေထဲ၌ အချည်းနှီးဖြစ်သွားရလေသည်။

အကြောင်းမှာ သွေးမိစ္ဆာဂိုဏ်းချုပ်က ပထမတိုက်ကွက်ကို စတင်တိုက်ခိုက်သည်နှင့်တပြိုင်နက် အတိုးအိုသည် ရုတ်တရက်ဆိုသလို ထူးဆန်းစွာပျောက်ကွယ်သွားသောကြောင့် ဖြစ်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ကြောင်အမ်းအမ်းဖြင့် ဘာလုပ်ရမှန်းမသိဘဲ ငူငူကြီးရပ်နေလေသည်။

ထိုစဉ် သူနောက်မှ အသံတစ်သံထွက်ပေါ်လာလေသည်။

"ဂိုဏ်းချုပ်ကြီး ကျုပ်ကို လိုက်ရှာနေတာလား"

အတိုးအို၏အသံဖြစ်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ထိတ်လန့်အံ့သြစွာဖြင့် ပြန်လှည့်ကြည့်လိုက်သည်။

အတိုးအိုက သူ့အားသရော်သလို ပြုံးပြလိုက်လေသည်။

ဘေးမှလူအားလုံးသည် အတိုးအို၏သိုင်းပညာကို တအံ့တသြဖြစ်ကုန်ကြသည်။

ထိုအတိုးအိုသည် မည်သူဖြစ်ပါသနည်း။

သူတို့အားလုံးက သိချင်နေကြသည်။

သို့သော် ယင်းအတိုးအိုကိုယ်တိုင်ကသာ ဖွင့်မပြောလျှင် မည်သို့မျှသိရှိနိုင်မည် မဟုတ်ချေ။

ထိုအချိန်၌ သွေးမိစ္ဆာဂိုဏ်းချုပ်သည် မခံချင်စိတ်ဖြင့် တတိယအကြိမ် ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

သူသည် ယခုတစ်ကြိမ်၌ ပေါ့ပေါ့ဆဆ တိုက်ခိုက်ခြင်းမပြုတော့ဘဲ အပိုင်တွက်၍ တိုက်ခိုက်လိုက်လေသည်။

သို့ရာတွင် ယခုအကြိမ်လည်း အချည်းနှီးသာဖြစ်သွားရပြန်သည်။

သူ၏လက်သီးများသည် အတိုးအို၏ခန္ဓာကိုယ်ပေါ်သို့ ရောက်မသွားဘဲ လေထဲကိုသာ ထိုးမိသွားသည်။

အတိုးအိုသည် သူ့အားပြိုးစိစိဖြင့် လှမ်းကြည့်လိုက်လေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်မှာ ရုတ်စိတ်ကြောင့် မျက်နှာတစ်ခုလုံးရဲကနဲဖြစ်သွားသည်။

သူသည် တတိယအကြိမ်တွင် မတိုက်တော့ဘဲ သူလူများအားလက်ရိပ်ပြ၍ ထိုနေရာမှ ဆောင့်ကြီးအောင့်ကြီး ထွက်သွားလေတော့သည်။

သွေးမိစ္ဆာဂိုဏ်းသားများမှာလည်း အခြေအနေမဟန်မှန်းသိ၍ သူတို့၏ဂိုဏ်းချုပ်နောက်သို့ သုတ်သီးသုတ်ပြာဖြင့် ပြေးလိုက်သွားလေတော့သည်။

ရှောင်ဖုံးသည် အားမတန်မာန်လျော့ ဆိုသည့်စကားအဘိုင်း သွေးမိစ္ဆာဂိုဏ်းချုပ်တို့လူစု ထွက်ခွာပျောက်ကွယ်သွားသည်ကို ကျေမနပ်ဖြင့် ငေးရ၍ကြည့်နေမိသည်။

အတန်ကြာငေးစိုက်ကြည့်ပြီးမှ အတိုးအိုဘက်သို့လှည့်လိုက်မိသည်။

အဘိုးအိုက သူ့အားပြုံးပြလိုက်လေသည်။

"မင်း ငါ့ကိုလိုက်ရာနေ့တာဆို"

အဘိုးအိုက နိဒါန်းမပျိုးဘဲ တဲ့တိုးမေးလိုက်ရာ ရှောင်ဖုံးမှာ ကြောင်အမ်းအမ်းဖြင့် အဘိုးအိုအား မော့ကြည့်လိုက်မိသည်။

ထိုစဉ် အဘိုးအိုက အင်္ကျီအိတ်ထဲသို့လက်နှိုက်လိုက်ပြီး သေတ္တာစ်ချောင်းကို ထုတ်ယူလိုက်လေသည်။

ရှောင်ဖုံးက နားမလည်နိုင်ဘဲ အဘိုးအိုအား ငေးစိုက်ကြည့်မိသည်။

အဘိုးအိုက သူ့အားသေတ္တာစ်ချောင်း လှမ်းပေးလိုက်လေသည်။

"ရော့ ဟောဒီမှာ မင်းဆရာဓားတစ္ဆေ သိပ်လိုချင်နေတဲ့သေ့ မင်းပဲယူသွားတော့"

ရှောင်ဖုံးသည် စိတ်လှုပ်ရှားစွာဖြင့် လှမ်းယူလိုက်သည်။ စိတ်လှုပ်ရှားမှုကြောင့် ရှောင်ဖုံး၏လက်များ တုန်တုန်ယင်ယင်ဖြစ်နေလေသည်။

သူသည် သေ့ကိုမြင်တွေ့လိုက်ရသည့်အခါ သူလိုက်လံရှာဖွေနေသောလုံစီးမှာ ထိုအဘိုးအိုဖြစ်ကြောင်းသိရှိလိုက်ရတော့သည်။

ရှောင်ဖုံးသည် အဘိုးအိုလှမ်းပေးသော သေ့ကလေးအား လှမ်းယူလိုက်ရင်း အဘိုးအိုအား အံ့အားသင့်စွာဖြင့် လှမ်းကြည့်လိုက်လေသည်။

ထိုအဘိုးအိုသည် မည်သည့်စိတ်ကူးဖြင့် လိုဏ်ဂူသေ့အား လာရောက်ပေးအပ်ရပါသနည်း။

ရှောင်ဖုံးသည် လုံးဝနားမလည်နိုင်လောက်အောင်ဖြစ်နေသည်။

အဘိုးအိုက သေ့ကိုလှမ်းပေးလိုက်ပြီး တစ်ချက်ပြုံးလိုက်သည်။

"ကဲ ငါသွားပြီဟေ့"

အဘိုးအိုသည် ယင်းကဲ့သို့ တိုတိုနှုတ်ဆက်လိုက်ပြီး ဘေးနေရာမှ လျှင်မြန်စွာထွက်ခွာသွားလေတော့သည်။

ရှောင်ဖုံးသည် နှုတ်မှဘာမှပြောနိုင်ခြင်းမရှိဘဲ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။

မကြာမီ လုံစီးအမည်ရှိအဘိုးအိုသည် အဝေးတစ်နေရာ၌ ပျောက်ကွယ်သွားတော့သည်။

ရှောင်ဖုံးသည် လုံစီးထံမှရသောသေ့ကို သေချာစွာသိမ်းဆည်းလိုက်လေသည်။

ထို့နောက် ခရီးဆက်ရန်ထွက်ခွာလာခဲ့တော့သည်။

သို့သော် သူသည် မည်သည့်နေရာသို့အရင်ဦးဆုံးသွားရမည်ကို ဝေခွဲမရအောင်ဖြစ်နေမိသည်။

အရိုးဖြူတောင်ကုန်းသို့သွား၍ သူ့ဆရာဓားတစ္ဆေအားကယ်တင်ရမည်လား သို့မဟုတ် ဓားတစ္ဆေမှာကြားလိုက်သည့်အတိုင်း ကျောက်စိမ်းပြားကိုရအောင် ရှာဖွေရမည်လား။

ဤအတွေးနှစ်ခုသည် သူ့အားတွေဝေသွားစေသည်။

သူသည် ခြေလှမ်းများကိုသာ လှမ်းနေရသည်။

မည်သည့်နေရာသို့ ဦးတည်ထွက်ခွာရမည်မှန်း ဆုံးဖြတ်၍ရနိုင်အောင်ဖြစ်နေလေသည်။

ယင်းသို့ဖြင့် ခြေလှမ်းငါးဆယ်ခန့်လျှောက်လာမိသောအခါ သူ့ခြေထောက်များသည် အလိုအလျောက်ရပ်တန့်သွားရလေသည်။

အကြောင်းမှာ သူ့ရှေ့၌ လူတစ်ယောက်က လာရောက်ရပ်တန့်ပိတ်ဆို့လိုက်သောကြောင့်ဖြစ်လေသည်။

✘✘✘ ✘✘✘ ✘✘✘

ကလိန်ကကျစ်

ရှောင်ဖုံး၏ခြေလှမ်းများ တုန့်ခနဲရပ်လိုက်လေသည်။

ထို့နောက် သူ့ရှေ့မှပိတ်ဆို့ရပ်လာသူအား မော့ကြည့်လိုက်၏။

ထိုသူအားတွေ့မြင်လိုက်ရသည်နှင့် ရှောင်ဖုံးသည် ပါးစပ်အဟောင်းသားဖြစ်သွားရလေတော့သည်။

အကြောင်းမှာ ထိုလူသည် သွေးမိစ္ဆာကိုဏ်းချုပ်ဖြစ်သည်။

သူသည်ကောက်ကျစ်စဉ်းလဲသူပီပီ ဝေးဝေးလံလံသို့ ထွက်သွားခြင်းမပြုဘဲ ထိုအနီးအနားတဝိုက်၌ ခေတ္တရှောင်တိမ်းနေခြင်းဖြစ်သည်။

ထို့ကြောင့် လုံစီး ထွက်ခွာသွားသည်နှင့်တပြိုင်နက် ရှောင်ဖုံးထံ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

ရှောင်ဖုံးသည် သွေးမိစ္ဆာဂိုဏ်းချုပ်အား အံ့သြစွာဖြင့် ပြန်ကြည့်လိုက်မိသည်။

ရှောင်ဖုံး၏ စိတ်ထဲ၌လည်း များစွာခံပြင်းသွားမိသည်။

သို့သော် သွေးမိစ္ဆာဂိုဏ်းချုပ်က မည်သည့်အရာကိုမျှ ဂရုမစိုက်ဟန်ဖြင့် သရော်ပြုံးပြုံးလိုက်လေသည်။

"ဟဲ ဟဲ ဟဲ မင်း ငါ့လက်က မလွတ်ပါဘူးကွ"

ရှောင်ဖုံးက သူ့အား စက်ဆုတ်ရွံရှာစွာ စိုက်ကြည့်သည်။

"ခင်ဗျားက ဂိုဏ်းချုပ်တစ်ယောက်ဖြစ်နေပြီး ကတိတစ်လုံးတောင် မတည်ပါလားဗျ"

ရှောင်ဖုံးက ခံပြင်းစွာပြောလိုက်လေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်ကမူ တဟားဟားဖြင့် ရယ်မောလိုက်လေသည်။

"ကဲ ကဲ စကားကြောသိပ်မရှည်နဲ့ ငါ့နောက်လိုက်ခဲ့ပေတော့"

ရှောင်ဖုံးက နာခေါင်းရှုံ့လိုက်ပြီး

"ခင်ဗျားကို ကြောက်နေတယ်လို့များ ထင်နေသလား"

ရှောင်ဖုံးသည် ပြောပြောဆိုဆိုဖြင့် လက်သီးနှစ်လုံးဆန့်ထုတ်လိုက်ပြီး သွေးမိစ္ဆာဂိုဏ်းချုပ်အား စတင်တိုက်ခိုက်လိုက်လေသည်။

သို့သော် သူ၏တိုက်ခိုက်မှုကို သွေးမိစ္ဆာဂိုဏ်းချုပ်က အသာအယာရောင်တိမ်းလိုက်လေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ထိုသို့ရောင်တိမ်းရင်းမှ မဲ့ပြုံးပြုံးလိုက်သည်။

ပြီးနောက်

"ကဲ ဒီတစ်ခါတော့ မင်းအလှည့်ပဲ သေပေတော့"

သူသည် ထိုသို့ကြိမ်းမောင်းလိုက်ပြီးနောက် လက်နှစ်ဖက်ကိုဆန့်ထုတ်၍ လှစ်ခနဲဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

မည်သို့ဖြစ်သွားသည်မသိ။

"ဝုန်း"

ဟူသောအသံထွက်ပေါ်လာပြီး ရှောင်ဖုံး၏ခန္ဓာကိုယ်မှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

ရှောင်ဖုံးသည် ဒဏ်ရာရရှိထားသဖြင့် မည်သို့မျှမယှဉ်သာဘဲ ယခုကဲ့သို့ ပြင်းထန်စွာတိုက်ခိုက်ခြင်းကို ခံလိုက်ရခြင်းဖြစ်လေသည်။

သူသည် မြေပေါ်မှ ပြန်လည်မထနိုင်ဘဲ သတိလစ်သွားလေတော့သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က မဲ့ပြုံးပြုံးလိုက်ပြီး လက်ခုပ်တစ်ချက်ဘီးလိုက်ရာ သွေးမိစ္ဆာဂိုဏ်းသားများက ပူန်းကွယ်နေရာမှ ထွက်ပေါ်လာကြသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က မြေပေါ်၌ဆန့်ဆန့်ကြီးလဲနေသော ရှောင်ဖုံးအားညွှန်ပြကာ

"ဒီကောင့်ကို ဌာနချုပ်ခေါ်သွားကြ"

အမိန့်ပေးလိုက်လေသည်။

သူ၏အမိန့်ကိုကြားလိုက်ရသောအခါ သွေးမိစ္ဆာဂိုဏ်းသား

များသည် ဒဏ်ရာပြင်းထန်စွာရရှိပြီး သတိမေ့နေသောရှောင်ဖုံးအား ထမ်းပိုးခေါ်ဆောင်သွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

မည်မျှအချိန်ကြာသွားမှန်းမသိ။

ရှောင်ဖုံးသည် တဖြည်းဖြည်းသတိရလာသည်။

သူ၏တစ်ကိုယ်လုံးသည် ပြင်းထန်သောဝေဒနာကြောင့် တဆစ်ဆစ်နာကျင်နေလေသည်။

သူ၏လည်ချောင်းမှာလည်း ခြောက်သွေ့နေလေသည်။

သူ၏ဦးခေါင်းတစ်ခုလုံးမှာ အလွန်တရာလေးလံသော အရာဝတ္ထုဖြင့် အထုအထောင်းခံထားရသကဲ့သို့ ရီဝေမှုန်ဝေနေသည်။

သူသည် ခန္ဓာကိုယ်အား အနည်းငယ်ရွေ့လျားကြည့်လိုက်လေသည်။

လုံးဝလှုပ်ရှားနိုင်စွမ်းမရှိသည်ကို တွေ့ရသည်။

သူသည် လေးလံနေသောမျက်ခွံများကို အတင်းဖွင့်ကြည့်မိသည်။

စူးရှသောအလင်းရောင်ကြောင့် ဘာကိုမျှမမြင်ရဘဲ ပြာဝေသွားသည်။

ထို့ကြောင့် မျက်လုံးကို ခေတ္တပြန်ပိတ်ထားလိုက်ရလေသည်။

နောက်မှတဖြည်းဖြည်း ပြန်ဖွင့်ကြည့်လိုက်၏။

ဒီတော့မှ သူရောက်ရှိနေသည့် အခြေအနေကို မြင်တွေ့ရတော့သည်။

သူသည် တိုင်တစ်လုံး၌ သံကြိုးများဖြင့် ချုပ်နှောင်ခံနေရသည်။

ခုမှ သူသည် သွေးမိစ္ဆာဂိုဏ်းချုပ်၏ ဖမ်းဆီးခြင်းခံနေရသည်ကို မှတ်မိလိုက်လေသည်။

သူသည် ယင်းသို့တွေးနေစဉ် တံခါးဖွင့်သံတစ်ချက်ကြားလိုက်ရလေသည်။

တစ်ချက်တည်းမှာပင် ပြင်ပမှတိုးဝင်လာသော အလင်းရောင်သည် အခန်းတစ်ခုလုံးအား ပိုမိုလင်းထိန်သွားစေသည်။

အခန်းတံခါးပွင့်သွားပြီး မရေးမနှောင်းမှာပင် လူသုံးယောက်အခန်းထဲသို့ တလှမ်းချင်းလှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသုံးယောက်တို့သည် အလင်းရောင်ဘက်သို့ ကျောခိုင်းနေသဖြင့် မည်သူမည်ဝါဖြစ်သည်ကို ရုတ်တရက်အားဖြင့်သဲကွဲစွာ ခွဲခြားမသိနိုင်ချေ။

သူသံသည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ်--

ထိုလူသုံးယောက်သည် သူ့ထံသို့တဖြည်းဖြည်းချဉ်းကပ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရှောင်ဖုံးက မျက်စိကိုစုံမှိတ်ထားလိုက်ရလေသည်။

"ဟဲ ဟဲ ရှောင်ဖုံးတို့ ရေစက်ဆုံရပြန်ပြီပေါ့နော်"

ယင်းအသံကြောင့် ရှောင်ဖုံးရင်ထိတ်သွားသည်။

ထိုအသံကို သူကြားဖူးသည်။

ထိုအသံရှင်သည် သူနှင့်ရင်းနှီးစွာ ဆက်ဆံခဲ့ဖူးကြောင်း သူသိရှိသည်။

သို့သော် မည်သူမည်ဝါဖြစ်ကြောင်း တပ်အပ်မသိချေ။

ထို့ကြောင့် အသံရှင်အား သေချာစွာ စူးစမ်းကြည့်နေမိသည်။

ထိုအခါမှ အသံရှင်သည် ချုံရှမ်းဖြစ်ကြောင်း သိရှိလိုက်ရတော့သည်။

ချုံရှမ်းကသူ့အား ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြလိုက်၏။

"လက်စသတ်တော့ ခင်ဗျားက သွေးမိစ္ဆာဂိုဏ်းထဲရောက်နေတာကိုး"

ရှောင်ဖုံးက ချုံရှမ်းအား အံ့သြစွာလှမ်းကြည့်ယင်း ပြောလိုက်သည်။

ချုံရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

"ဟုတ်တယ် မင်းတော်တော်အံ့သြသွားသလား"

ချုံရှမ်းသည် အောင်နိုင်သူတစ်ဦးပမာ ရှောင်ဖုံးအားစိုက်ကြည့်လိုက်သည်။

ရှောင်ဖုံးက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူ့အနေဖြင့် ပြောစရာစကားမရှိတော့။

ချုံရှမ်းက ရှောင်ဖုံး၏မျက်နှာအား သေချာစွာစိုက်ကြည့်လိုက်၏။

ထို့နောက် စဉ်းလဲစွာပြုံးလိုက်လေသည်။

"အင်း မင်းရဲ့မျက်နှာက မိန်းကလေးတွေ ကျလောက်အောင် ချောနေတာကိုး ဒါကြောင့် မိန်းကလေးတွေ ပျက်စီးကြ

ဘာပဲ"

ရှောင်ဖုံးက ချုံရှမ်းအား စိုက်ကြည့်လိုက်သည်။

ထိုစကားသည် မည်သည့်ကိစ္စကိုရည်ညွှန်းကြောင်း ရှောင်ဖုံး ကောင်းစွာသိသည်။

ချုံရှမ်းသည် ကြူးလွှားနှင့်ပတ်သက်၍ မိမိအပေါ်၌ ယခုတိုင်အထင်လွဲနေသည်ကိုတွေ့ရသောအခါ ရှောင်ဖုံးမှာများစွာစိတ်ပျက်သွားမိသည်။

သူသည် သက်ပြင်းကစ်ချက်ချရင်း--

"စကားကို ကြည့်ပြောပါဗျာ ကျုပ်က"

"ဘာလဲ အနာပေါတုတ်ကျလို့ နာသွားသလား"

"ဒီမှာ ရှောင်ဖုံး မင်းကငါ့မိန်းမကို ကြာခိုခဲ့တဲ့ကောင်ပါ"

ရှောင်ဖုံး၏စကားမဆုံးမီ ချုံရှမ်းကကြားဖြတ်၍ ရင့်ရင့်သီးသီးစွပ်စွဲပြောဆိုလိုက်သည်။

ရှောင်ဖုံးမှာ မျက်နှာတစ်ခုလုံးနီရဲသွားအောင် ဒေါသထွက်လာသည်။

သို့သော် သူ့အားသံကြိုးဖြင့် ချည်နှောင်ထားသောကြောင့် ရှောင်ဖုံးသည် ဒေါသသာဖြစ်နေရသည်။

ဘာမျှပြန်လုပ်နိုင်ခြင်း မရှိခဲ့ပေ။

ဒေါသဖြစ်ဖြစ်နှင့် သူရန်းကြည့်မိသည်။

လက်ကောက်ဝတ်တစ်ခုလုံး သွေးများစို့လာသည်။

လက်ဆစ်ကလေးများ ပြုတ်သွားသလား အောက်မေ့ရသည်။

မည်သို့မျှ ရုန်းမရ။

ချုံရှမ်းက တဟားဟားရယ်လိုက်လေသည်။

"ဒီမှာ ရှောင်ဖုံး မင်းဘာမှဆက်မပြောနဲ့ မိန်းကလေးတွေကို ဖျက်ဆီးတဲ့ မင်းရဲ့မျက်နှာကို ငါပြန်ဖျက်ဆီးမှ ကျေနပ်မှာကွ"

ချုံရှမ်းသည်ယင်းသို့ ဒေါသတကြီး အော်ပြောလိုက်ပြီးနောက် အသင့်ယူဆောင်လာသော ကြာပွတ်ဖြင့် ရှောင်ဖုံး၏မျက်နှာအား ရိုက်ချလိုက်လေသည်။

ရှောင်ဖုံးမှာ သံကြိုးဖြင့်တုပ်နှောင်ခြင်း ခံထားရသဖြင့် မည်သို့မျှ ရှောင်တိမ်းနိုင်ခြင်း မရှိချေ။

"အား"

ချုံရှမ်း၏ကြာပွတ်သည် ညာဘက်မျက်ခုံးအား ရိုက်မိသွားသဖြင့် မျက်ရည်နှင့်သွေးများ ရောထွေး၍ စီးကျလာလေသည်။

သို့တိုင်အောင် ချုံရှမ်းသည်ရပ်တန့်ခြင်းမရှိဘဲ အငြိုးတကြီးဖြင့် အဆက်မပြတ် ရိုက်ချလိုက်လေသည်။

ရှောင်ဖုံးမှာ မလှုပ်သာအောင် အချုပ်ခံရသဖြင့် ချုံရှမ်းပြုသမျှ လည်စင်းခံနေရတော့သည်။

မကြာမီ

ရှောင်ဖုံး၏ မျက်နှာတစ်ခုလုံးမှာ သွေးများချင်းချင်းနီရဲသွားလေသည်။

ရှောင်ဖုံး၏ ဦးခေါင်းသည်လည်း ငိုက်စင်းကျသွားတော့သည်။

သို့တိုင်အောင် ချုံရှမ်းက ဆက်၍ရိုက်နေသေးသည်။ သူ့အဖော်က ဝင်ဆွဲလိုက်တော့မှ သူသည်မကျေမနပ်ဖြင့် အရိုက်ရပ်လိုက်လေသည်။

"ဒီကနေ့ကစပြီး မင်းကိုဘယ်မိန်းကလေးက ကြိုက်ဦးမလဲဆိုတာ ကြည့်ကြသေးတာပေါ့"

ချုံရှမ်းက သတိမေ့နေပြီဖြစ်သော ရှောင်ဖုံးအား နှာခေါင်းနှဲ့၍ပြောလိုက်သည်။

ရှောင်ဖုံးမှာမူ တလောကလုံး ဘာဖြစ်နေသည်ကို မသိနိုင်တော့ချေ။

ထိုအခါမှ

တချိန်လုံးငြိမ်သက်နေကြသည့် ချုံရှမ်း၏အဖော်နှစ်ဦးအနက် တစ်ဦးက စတင်စကားပြောလိုက်လေသည်။

"ကဲ စုကျူး ရှင် သူ့ကိုမြေအောက်ခန်းမှာ ချုပ်ထားလိုက်ပါ"

ထိုစကားပြောလိုက်သူမှာ သွေးမိစ္ဆာဂိုဏ်းချုပ်၏ လွှတ်ဆောက်ဂိုဏ်းချုပ်ဖြစ်သူ လီဟွားဖြစ်သည်။

လီဟွားက သွေးအလိမ်းလိမ်းဖြင့် သတိလစ်နေသော ရှောင်ဖုံးအား လက်ညှိုးညွှန်ပြရင်း ပြောလိုက်ခြင်းဖြစ်သည်။

စုကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

စုကျူးသည် ပြောပြောဆိုဆိုဖြင့် ရှောင်ဖုံးအား ချည်နှောင်ထားသော သံကြိုးများကို ဖြည်လိုက်လေသည်။

ရှောင်ဖုံး၏ခန္ဓာကိုယ်သည် အရပ်ကြီးပြတ် ဝုန်းခနဲလဲပြိုကျွံ၏။

ချုံရှမ်းက တစ်ချက်ပြုံးလိုက်သည်။

ထိုစဉ်မှာပင် စုကျူးက ရှောင်ဖုံး၏ ခြေနှစ်ချောင်းကိုဖမ်းကိုင်ပြီး တရွတ်တိုက်ဆွဲသွင်းလေတော့သည်။

ရှောင်ဖုံးသတိရလာပြီဖြစ်၏။

သူသည် သတိရလျှင်ရခြင်း မျက်နှာအားစမ်းကြည့်လိုက်လေသည်။

အသားထိလိုက်ရုံနှင့် အသည်းခိုက်အောင် နာကျင်သွားလေသည်။

ထိုအခါရှောင်ဖုံးသည် ကြာပွတ်ဖြင့်အရိုက်ခံရကြောင်းသတိရလာသည်။

သူသည်မျက်နှာကို အသာအယာထပ်မံ၍ စမ်းကြည့်လိုက်သည်။

ထိုသို့စမ်းကြည့်လိုက်မှ သူ၏မျက်နှာတစ်ခုလုံးသည် ဒဏ်ရာဒဏ်ချက်များဖြင့် မရှုမလှပျက်စီးသွားပြီ ဖြစ်ကြောင်းရှောင်ဖုံးကောင်းစွာ နားလည်လိုက်ရလေသည်။

မျက်နှာတစ်ခုလုံးမှာ စပ်ဖျဉ်းဖျဉ်းနှင့် များစွာအခံရခက်သောဝေဒနာကို သူကြိတ်မှိတ်ခံစားနေရတော့သည်။

သူသည်အံကို တင်းတင်းကြိတ်လိုက်လေသည်။

"ချူရှမ်းရယ် ငါကမင်းကို ညှာသလောက် မင်းကငါ့ကို ရက်ရက်စက်စက် လုပ်ရက်ပါပေ့ကွာ"

သူသည်ခံပြင်းနာကျည်းစွာဖြင့် ညည်းတွားလိုက်လေသည်။

ထိုစဉ်မှာပင် သူ၏ဝဲဘက်မှအသံတစ်ခု ထွက်ပေါ်လာသည်ကိုကြားလိုက်လေသည်။

"ဟိုဘက်ခန်းက ဘယ်သူလဲကွ"

ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် ရှောင်ဖုံးမှာကြောင်အမ်းအမ်းဖြစ်သွားသည်။

နောက်မှတွေးလိုက်မိသည်။

တစ်ဘက်ခန်း၌ မိမိကဲ့သို့ဘဝတူ တစ်ယောက်ရှိနေမည်။

ထို့ကြောင့် ရှောင်ဖုံးသည် အနည်းငယ်စိတ်ဓာတ်တက်ကြွလာလေသည်။

သို့ဖြင့် သူသည်မမြင်မစမ်းနှင့် ပြန်လည်မေးမြန်းလိုက်မိလေသည်။

"ခင်ဗျားက ဘယ်သူလဲဗျ"

"ငါလဲ မင်းလိုပဲကွ အချုပ်ခံနေရတဲ့ လူတစ်ယောက်ပါအခု မင်းရောက်လာတယ်ဆိုတော့ အဖော်ရတာပေါ့ကွာ"

တဘက်ခန်းမှလူက ပူပင်သောကမရှိဟန်ဖြင့် လှမ်းပြောလိုက်စဉ် ရှောင်ဖုံးက သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

"အဖော်ရလဲ မထူးပါဘူးဗျာ ကျုပ်တို့ကသေရတော့မှာပါ"

တစ်ဘက်ခန်းမှလူ၏ အသံက ထွက်ပေါ်လာပြန်သည်။

"မင်းအသံကြားရတာ လူငယ်တစ်ယောက်ပါပဲ ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ဓာတ်ကျနေရတာလဲ"

ရှောင်ဖုံးက တဘက်ခန်းမှလူကို အနည်းငယ်စိတ်ဝင်စားလာသည်။

ထို့ကြောင့် တဘက်ခန်းလူ၏ အမည်ကို လှမ်းမေးလိုက်လေသည်။

"ခင်ဗျားက ဘယ်သူလဲဗျ ကျုပ်ကိုပြောပြဝါလား"

တဘက်ခန်းမှလူက ရယ်မောလိုက်သည်။

အတန်ကြာအောင် ရယ်မောပြီးမှ

"ငါဘယ်သူလဲဆိုတာ အရေးမကြီးပါဘူးကွ ဒါနဲ့မင်းအခု နိုပ်စက်ခံထားရတယ် မဟုတ်လား"

ရှောင်ဖုံးက ယောင်ယမ်း၍ ခေါင်းညိတ်ပြလိုက်မိသည်။

စင်စစ်တော့ သူနှင့်တဘက်ခန်းမှလူသည် တစ်ယောက်ကို တစ်ယောက် မြင်တွေ့ရခြင်း ရှိသည်မဟုတ်ပေ။

ထို့ကြောင့်

ခေါင်းညိတ်ပြခြင်းသည် အချည်းနှီးသာဖြစ်သည်။

ရှောင်ဖုံးသည် ဝိုးတဝါး အလင်းရောင်သာရှိသော အခန်းတွင်းမှနေ၍ အသံလာရာ အခန်းနံရံဘက်သို့ တရွေ့ရွေ့တိုးသွားလေသည်။

"အနိုပ်စက်ခံရတာထက်တောင် ပိုဆိုးတယ်ဗျာ ကျုပ်မျက်နှာတစ်ခုလုံး ရစရာမရှိတော့ဘူး"

အခန်းတဘက်မှ အသံသည်တိတ်သွားပြန်သည်။

ရှောင်ဖုံးသည် အခံရခက်သော ဝေဒနာကိုအံကြိတ်ခံရင်း တဘက်ခန်းမှ စကားသံကို နားစွင့်နေမိသည်။

တခဏအကြာတွင် တဘက်ခန်းမှအသံက ထပ်မံထွက်ပေါ်လာလေသည်။

"ဒါဖြင့် မင်းလာနိုင်ရင် ငါ့ဆီစမ်းပြီးလာပါလား အနာသက်သာသွားအောင် ငါဆေးပေးမယ်"

တဘက်မှ အသံရှင်က ဂရုဏာသက်သောလေသံဖြင့် လှမ်းပြောလိုက်သည်။

ထို့ကြောင့် ရှောင်ဖုံးသည် အသံလာရာဘက်သို့ စမ်းတဝါးဝါးဖြင့် လျှောက်သွားလေသည်။

ထိုအခါ သူ၏အခန်းနှင့် အခြားတဘက်မှအခန်းကို သံတိုင်များဖြင့် ခြားထားကြောင်း သိရလေသည်။

မကြာမီ သူသည် သံတိုင်များကို စမ်းမိလေသည်။

သူ့မျက်နှာတစ်ခုလုံးမှာ ဒဏ်ရာများဖြင့် ဖူးရောင်နေသောကြောင့် ဘာကိုမျှသဲသဲကွဲကွဲ ပိုပြင်စွာမြင်တွေ့ရခြင်း မရှိချေ။

နာကျင်ကိုက်ခဲနေခြင်းဖြစ်သည်။ ရှောင်ဖုံးသည် သံတိုင်များကို လက်ဖြင့်စမ်းမိသည့်အခါ သံတိုင်ကြားသို့ လက်လျှိုလိုက်မိ၏။

"ခင်ဗျားဘယ်မှာလဲဗျ"

ထိုစဉ် အေးစက်သော လက်တစ်ဘက်က ရှောင်ဖုံး၏လက်ကို လာရောက်ဆုပ်ကိုင်လိုက်လေသည်။

တဆက်တည်းမှာပင် စက္ကူထုပ်တစ်ထုပ်က သူ့လက်ဝါးပေါ်သို့ ရောက်လာသည်။

ရှောင်ဖုံးသည် ယင်းစက္ကူထုပ်ကိုဖြည်၍ ဆေးလုံးများကို နုတ်ထုတ်လိုက်လေသည်။

အကယ်၍ ထိုဆေးလုံးများသည် ချက်ချင်းသေစေနိုင်သောအဆိပ်ဆေးလုံးများပင် ဖြစ်ပါစေဦး ရှောင်ဖုံးအနေဖြင့် မသောက်ဘဲ နေမည်မဟုတ်ပါချေ။

ဝေဒနာများကို ဆင်းရဲပင်ပန်းစွာ ခံစားနေရသည်ထက်စာလျှင် သေသွားရသည်က သူ့အတွက်ပို၍ ကောင်းနေမည်မဟုတ်လား။

တဘက်ခန်းမလူ၏ ဆေးလုံးများကိုသောက်ပြီးသောအခါ ရှောင်ဖုံး၏ မျက်လုံးများ လေးလံလာလေသည်။

တဆစ်ဆစ်နာကျင်နေသော ဝေဒနာများသည် စောစောကလောက် ဖြင်းထန်မှုမရှိတော့ဘဲ အနည်းငယ်သက်သာလာသည်။

ရှောင်ဖုံးသည် မျက်လုံးကိုစုံမှိတ်လိုက်ပြီး ခေတ္တမျှမှိန်းနေလိုက်လေသည်။

အခံရခက်သောဝေဒနာသည် တစ်စထက်တစ်စ သက်သာလာသည်။

အတန်ကြာမှိန်းနေလိုက်သောအခါ ပြင်းထန်စွာနာကျင်နေသောဝေဒနာသည် ယူပစ်သလိုသက်သာသွားသည်။

ထို့ပြင် ပင်ပန်းနွမ်းနယ်သော သူ၏ခန္ဓာကိုယ်သည် အားအင်ပြန်လည်ပြည့်ဝလာသလို ခံစားလိုက်ရသည်။

ရှောင်ဖုံးသည် ထူးခြားစွာသက်သာလာသည့် အခြေအနေကြောင့် များစွာအားတက်ဝမ်းသာသွားမိသည်။

"ကျုပ်ရဲ့ဝေဒနာတွေ အတော့်ကိုသက်သာသွားပြီဗျ ကျေးဇူးတင်လိုက်တာဗျာ"

ရှောင်ဖုံးက တဘက်ခန်းမလူအား ဝမ်းသာအားရလှမ်းပြောလိုက်သည်။

တဘက်ခန်းမလူက ရယ်မောလိုက်သည်။

"ငါတို့က သေရတော့မယ့်လူတွေပါ ကျေးဇူးတင်ရအပိုပဲကွ"

"ဒါနဲ့ ဦးကဘာဖြစ်လို့ ဒီအချုပ်ခန်းထဲရောက်နေရတာလဲ"

ရှောင်ဖုံးက လှမ်းမေးလိုက်သည်။

တဘက်ခန်းမလူက သက်ပြင်းချလိုက်သည်။

"ကျုပ်က လူတစ်ယောက်ကို ကယ်လိုက်မိလို့ပါ"

"ဗျာ လူတစ်ယောက်ကိုကယ်လိုက်မိလို့ဟုတ်လား ဘယ်သူကိုလဲဗျ"

"ပျံလွှားဂိုဏ်းက လူပါ"

တဘက်ခန်းမ လူ၏စကားကြောင့် ရှောင်ဖုံးမှာ မျက်ခမောင်ကြုပ်လိုက်မိသည်။

"ပျံလွှားဂိုဏ်းက လူကိုကယ်တာ သူတို့နဲ့ဘာဆိုင်လို့လဲဗျ"

"သူတို့က ပျံလွှားဂိုဏ်းကို ရန်သူလို သဘောထားတယ်လေ"

ရှောင်ဖုံးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"ဒါနဲ့ ဦးနာမည်ဘယ်လိုခေါ်ပါသလဲခင်ဗျာ"

"စေတနာသမားတော်ပါ"

ယင်းစကားကို ကြားလိုက်ရသောအခါ ရှောင်ဖုံးမှာ အံ့သြဝမ်းသာသွားသည်။

"ဦးက စေတနာသမားတော်ကိုး"

"ဟုတ်ပါတယ် မင်းက ဘယ်သူတုန်း"

ရှောင်ဖုံးက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်က ပျံလွှားဂိုဏ်းချုပ်ရှောင်ဖုံးပါ"

ရှောင်ဖုံး၏စကားကြောင့် အဘိုးအိုသည် လန့်စွာအံ့သြသွားမိလေသည်။

ဘို့အပြင် ပျံလွှားဂိုဏ်းအတွက်လည်း စိုးရိမ်သွားမိသည်။

ပျံလွှားဂိုဏ်းချုပ်အားဖမ်းဆီးထားနိုင်ပြီဆိုလျှင် သူတို့အနေ

ဖြင့် ပျံလွှားတစ်ဂိုဏ်းလုံးအား သိမ်းပိုက်ရန် များစွာခဲယဉ်းမည်မဟုတ်ချေ။

ထို့ကြောင့် စေတနာသမားတော်က ချင့်ချိန်စဉ်းစားလိုက်ပြီး မေးလိုက်သည်။

"ဒါနဲ့ ဂိုဏ်းချုပ်ကြီး ဒီကနေထွက်ပြေးဖို့ စိတ်မကူးဘူးလား"

စေတနာသမားတော်၏စကားကြောင့် ရှောင်ဖုံးရယ်မောလိုက်မိလေသည်။

"ထွက်ပြေးဖို့မပြောနဲ့ မနက်ဖြန်အထိ အသက်နဲ့ကိုယ်အိုးစားမကွဲရင်တောင် ကံကောင်းတယ်လို့ဆိုရမှာပဲ"

စေတနာသမားတော်က ခေါင်းခါယမ်းလိုက်မိသည်။

"ဘာပဲဖြစ်ဖြစ် မင်းကို ငါရအောင်ကယ်မယ်"

ရှောင်ဖုံး အံ့အားသင့်သွားသည်။

အတူတူချုပ်နှောင်ခံထားရသူအချင်းချင်း မည်သို့ကယ်တင်နိုင်ပါမည်နည်း။

"မဖြစ်နိုင်တာဗျာ ကျုပ်ကိုကယ်မယ့်အစား ခင်ဗျားကိုယ်တိုင် အရင်ဆုံးလွတ်အောင်လုပ်စမ်းပါ"

စေတနာသမားတော်က လေးနက်တည်ကြည်သော လေသံဖြင့်

"ငါကိုယ်တိုင်လွတ်အောင်မလုပ်နိုင်ပေမယ့် မင်းကိုတော့ လွတ်အောင် ငါလုပ်ပေးနိုင်ပါတယ် ဒါပေမယ့် စွန့်စားဖို့တော့လိုတယ်ကွ"

ရှောင်ဖုံးသည် စေတနာသမားတော်က လေးလေးနက်

နက်ပြောလာသည်ကို ကြားလိုက်ရသောအခါ အနည်းငယ်စိတ်ဝင်စားလာသည်။

ဖြစ်နိုင်လျှင် ဤအနှောင်အဖွဲ့မှ လွတ်မြောက်လိုသည်။

သူတွင် ကုပ်စရာတာဝန်များ အမြောက်အများရှိနေသေးသည် မဟုတ်ပါလား။

"ဒါနဲ့ ဦးက ကျုပ်ကို ဘယ်လိုကယ်ထုတ်မှာလဲ"

စေတနာသမားတော်က

"မင်းကို ကယ်ထုတ်ရမယ့်ကိစ္စဟာ အတော့်ကိုခက်ခဲပါတယ်၊ အောင်မြင်ချင်လည်းအောင်မြင်လိမ့်မယ် မအောင်မြင်ရင်တစ်ခါတည်း သေသွားနိုင်တယ် ဒါပေမယ့် ဒီမှာနေတာထက်စာရင် အသေခံလိုက်တာကပိုကောင်းတာပေါ့ကွ"

ရှောင်ဖုံးက စိတ်အားတက်ကြွသွားသည်။

"ဦးကသာ ကျုပ်ကိုလွတ်မြောက်သွားအောင် ကယ်တင်မယ်ဆိုရင် ဦးကိုပြန်ပြီးကယ်ထုတ်ဖို့ ဘယ်တော့မှမမေ့ဘူး"

စေတနာသမားတော်က ပြုံးလိုက်သည်။

"ဒါတွေ အရေးမကြီးပါဘူးကွာ၊ ဒါနဲ့ မင်းအသက်စွန့်ဝံ့ပါ့မလား"

ရှောင်ဖုံး မျက်မှောင်ကြုပ်သွားသည်။

"ဘယ်လိုအသက်စွန့်ရမှာလဲဗျာ"

စေတနာသမားတော်က သူ၏အစီအစဉ်ကို သေချာစွာရှင်းပြလိုက်သည်။

"မင်းသေသေချာချာနားထောင်၊ ငါ့မှာနှလုံးခုန်ရပ်တန့်တဲ့ဆေးပါလာတယ်၊ ဒါပေမယ့် အဲဒီဆေးက ငါနောက်ဆုံးဖော်စပ်

ထားတဲ့ဆေးပဲ အဲဒီဆေးရဲ့အာနိသင်ကို ငါလက်တွေ့မံစမ်းသပ်ရသေးဘူး အဲဒီဆေးကိုသောက်လိုက်ရင် အသက်ရှူရပ်သွားပြီး တကိုယ်လုံးအေးစက်တောင့်တင်းသွားလိမ့်မယ်"

သူက စကားဆက်လိုက်သည်။

"လူသေတစ်ယောက်လို ဖြစ်သွားမယ်ဆိုပါတော့ မင်းကဒီဆေးကိုသောက်မယ်ဆိုရင် မင်းသေပြီလို့ သူတို့ကထင်ထားကြမှာ အမှန်ပဲ ဒါပေမယ့် တစ်ညနဲ့နှစ်ရက်ကြာသွားတဲ့အချိန်မှာတော့ အသက်ပြန်ရှူ နှလုံးပြန်ခုန်လာလိမ့်မယ်"

စေတနာသမားတော်က စကားကို ခေတ္တရပ်လိုက်လေသည်။

ထို့နောက် ရှောင်ဖုံး၏မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ပြီး

"မင်း ငါ့ဆေးသောက်ပြီးတဲ့အခါ မင်းကို သူတို့ကသေပြီလို့ယူဆကြလိမ့်မယ် ခက်တာက မင်းကိုအခေါင်းထဲထည့်ပြီး မြေမြှုပ်လိုက်မှာ စိုးရိမ်ရတယ် အဲဒီလိုမြေမြှုပ်လိုက်ရင် မင်းအသက်ရှင်လာသည့်တိုင် အခေါင်းထဲက ဘယ်လိုထွက်မလဲ"

ရှောင်ဖုံးသည် အတန်ကြာချင့်ချိန်တွေးတောနေလေသည်။

သူကိစ္စမှာ လွန်စွာမရေရာလှသည့် စွန့်စားမှုတစ်ခုဖြစ်သည်။

ကံနှင့်အလောင်းအစားပြုရမည့် အနေအထားတွင်ရှိနေ၏။

"မထူးပါဘူးဗျာ ဒီနေရာမှာနေရတာ သူတို့ရဲ့အသက်အဖြတ်ခံရမှာပဲ ဆက်ပြီးအသက်ရှင်နေဖို့ ဘာမျှော်လင့်ချက်မှမရှိဘူး ဆေးသောက်လိုက်လို့ သူတို့ကကျုပ်သေပြီထင်ပြီး ကျုပ်အလောင်း

ကို တောထဲမှာစွန့်ပစ်လိုက်ရင် ကျုပ်အတွက်မျှော်လင့်ချက်ရှိသေးဘယ် အခေါင်းထဲထည့်ပြီး မြေမြှုပ်မယ်ဆိုရင်တော့ ကျုပ်ရဲ့ကံပေါ့"

စေတနာသမားတော်ကြီးက ခေါင်းညိတ်လိုက်လေသည်။

"အေး မင်းက ဒီလိုစွန့်စားရဲတယ်ဆိုရင်ကောင်းတာပေါ့ ဟောဒီဆေးကို သောက်လိုက်"

သူသည် ပြောရင်း ဆေးတစ်လုံးအားထုတ်ယူ၍ လှမ်းပေးလိုက်လေသည်။

ရှောင်ဖုံးက တုန်တုန်ယင်ယင်ဖြင့် လှမ်းယူလိုက်လေသည်။

"မင်း အသက်မသေပါစေနဲ့လို့ ဦး ဆုတောင်းပေးပါ့မယ်"

ရှောင်ဖုံးက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်သာ အသက်မသေရင် ဦးကို လာကယ်ပါ့မယ်ဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် သမားတော်ကြီးပေးသောဆေးလုံးအား ပါးစပ်ထဲသို့ထည့်ပြီး မျိုချလိုက်လေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

သေရွာပြန်

အချိန်မည်မျှ ကြာသွားမှန်းမသိ။

ခြေသံတစ်ခု အချုပ်ခန်းဘက်သို့ လျှောက်လာနေလေသည်။

မကြာမီ အချုပ်ခန်းစောင့်သော အစောင့်တစ်ယောက်ကစားသောက်ဖွယ်ရာများ ယူဆောင်ရောက်ရှိလာလေသည်။

ထိုအစောင့်သည် သံတိုင်များကို တုတ်ဖြင့်ခေါက်လိုက်ပြီး

"ထကြ ထကြ ထစားကြ ဒါမှ မနက်ဖြန်ကျရင် အသေဖြောင့်မှာ"

သမားတော်ကြီးက ပြုံးလိုက်လေသည်။

သူသည် အစောင့်အား လက်ယက်ခေါ်ယူလိုက်ပြီး

"ဒီမှာ သူ့အတွက်စားစရာကို ပြန်ယူသွားပါ၊ သူစားနိုင်မှာမဟုတ်တော့ဘူး"

ဟုပြောလိုက်လေသည်။

အစောင့်သည် သမားတော်ကြီး၏စကားကိုကြားလိုက်ရသောအခါ ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် ချက်ချင်းဆိုသလို နောက်ကြောင်းပြန်လှည့်လာကာ အချုပ်ခန်းတံခါးကို ဖွင့်လိုက်သည်။

ပြီးနောက် အခန်းတွင်းသို့ဝင်ရောက်လာပြီး မြေပေါ်၌လဲလျောင်းနေသောရှောင်ဖုံး၏ခန္ဓာကိုယ်အား စမ်းကြည့်လိုက်လေသည်။

ရှောင်ဖုံးမှာ အသက်မရှူတော့ဘဲ တကိုယ်လုံးအေးစက်တောင့်တင်းနေသည်ကို တွေ့လိုက်ရလေသည်။

အစောင့်သည် အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားပြီး ထမင်းပန်းကန်ပြားများကို ပစ်ချပြီး ကဗျာကယာ ပြေးထွက်သွားလေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံးသေဆုံးသွားသည့်အကြောင်းကို ကြားသိလိုက်ရသောအခါ ထခုန်မတတ် ထိတ်လန့်တုန်လှုပ်သွားသည်။

"အဲဒါမှ ဒုက္ခပဲ၊ ဒီကောင်လေးကို ငါသေသေချာချာတောင် မစစ်ဆေးရသေးဘူး"

သူသည် ဆက်၍မတွေးဝံ့တော့ချေ။

စိတ်ထဲမှနေ၍ သူရှာဖွေနေသူ မဖြစ်ပါစေနဲ့ဟု ဆုတောင်း

လိုက်မိသည်။

ဘာကြောင့်မှန်းမသိ မျက်ရည်များသည် မျက်နှာဖုံးတစ်ခုလုံးအား စိုရွှဲသွားလေသည်။

စင်စစ် သူသည် ရှောင်ဖုံးအား များစွာခွဲ့မှန်းခဲ့သူဖြစ်သည်။

ရှောင်ဖုံးကြောင့် သူ၏အကြိမ်များ တရို့တဝက်ပျက်သွားခဲ့ရသည်ကို ယခုတိုင် မကျေမနပ်ဖြစ်နေမိသည်။

သို့သော် ရှောင်ဖုံးသေဆုံးသွားကြောင်းသိရသည့်အခါ ဘာကြောင့်မှန်းမသိ ဝမ်းနည်းကြေကွဲမိသည်။

"သေသွားတော့ ရန်တစ်ခုအေးတာပေါ့ ရှင်ကဘာဖြစ်လို့ ဝမ်းနည်းနေရတာလဲ"

လီဟွားက လှမ်း၍ပြောလိုက်ခြင်းဖြစ်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲပါလေ သူသေသွားမှတော့ အခေါင်းတစ်လုံးနဲ့ထည့်ပြီး မြေမြှုပ်ပေးလိုက်ပါ"

လီဟွားက မဲ့ပြုံးပြုံးလိုက်သည်။

"မလိုပါဘူးရှင် အလောင်းကို လျှို့ထဲပစ်ချလိုက်ရင်ပြီးပြီ"

လီဟွားက နှာခေါင်းရှုံ့၍ ပြောလိုက်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က လက်မခံချေ။

သူသည် ခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

"ဘာဝဖြစ်ဖြစ် သူက ပျံလွှားဂိုဏ်းချုပ်တစ်ယောက်ပဲ အခေါင်းထဲစည့်ပြီး မြေမြှုပ်ပေးသင့်တယ်"

လီဟွားက သွေးမိစ္ဆာဂိုဏ်းချုပ်၏စကားကို မည်သို့မျှစော

ကမတက်တော့ဘဲ ခေါင်းညိတ်လိုက်လေသည်။

ယင်းသို့ဖြင့် သွေးမိစ္ဆာဂိုဏ်းချုပ်၏စေတနာသည် ရှောင်ဖုံးအတွက် ကြီးစွာသောအန္တရာယ်ကို ဖြစ်ပေါ်လာစေသည်။

ထိုနေ့ညနေ

အနီရောင်အခေါင်းတစ်လုံးသည် သွေးမိစ္ဆာဂိုဏ်း၏ဌာနချုပ်ရှိ မြေကွက်လပ်ပေါ်တွင် အသင့်ပြင်ဆင်ထားရှိလေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံး၏အလောင်းကို ကိုယ်တိုင်ပွေ့ချီ၍ အခေါင်းထဲသို့ထည့်လိုက်လေသည်။ သူသည်ရှောင်ဖုံး၏မျက်နှာကို သေချာစွာကြည့်လိုက်သည်။

ရှောင်ဖုံး၏မျက်နှာမှာ ကြာပွတ်ဒဏ်ရာကြောင့် မြင်မကောင်းအောင် ဖြစ်နေလေသည်။

သူ့အား မည်သူကမျှ မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံး၏ရုပ်အလောင်းအား မျက်တောင်မခတ်စိုက်ကြည့်နေမိသည်။

တစ်စုံတစ်ယောက်နှင့်တူသလို သူ့စိတ်ထဲ၌ ခံစားနေရလေသည်။

သို့သော် သွေးမိစ္ဆာဂိုဏ်းချုပ်သည် ထိုခံစားချက်ကိုကြိုးစားဖယ်ရှားပစ်လိုက်သည်။

သူသည်အဓိပ္ပါယ်မဲ့စွာဖြင့် ကောင်းကင်ပြင်အားမော့ကြည့်လိုက်လေသည်။

ဆည်းဆာရောင်ခြည်ကြောင့် အနောက်ဘက်မိုးကောင်းကင်တစ်ခုလုံးသည် ပုဇွန်ဆီရောင်ယှက်သန်းနေလေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်၏ မျက်လုံးအိမ်သည်လည်း ပုဇွန်ဆီ ရောင်နီစွေးနေလေသည်။

မျက်ရည်ကျခဲ့ရသောကြောင့် ဖြစ်သည်။

သူသည် သူ့ကိုယ်သူ မယုံကြည်နိုင်လောက်အောင် အံ့ဩ နေမိသည်။

ရန်သူတစ်ယောက်အပေါ် အဘယ်ကြောင့် ဤမျှသံယော ဇဉ်တွယ်နေခဲ့ရပါသနည်း။ ရှောင်ဖုံးသည် အသက်ရှင်နေစဉ်က စားမတတ် ဝါးမတတ် သတ်ပစ်ချင်လောက်အောင် မုန်းတီး ခဲ့ရသလောက် ရှောင်ဖုံးသေဆုံးပြီဟု သိရသောအခါ၌ အဘယ် ကြောင့် ဝမ်းနည်း ကြေကွဲရပါသနည်း။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် မည်သို့မျှစဉ်းစားတွေးတော၍ မရနိုင်အောင်ဖြစ်ခဲ့ရသည်။

မကြာမီ သွေးမိစ္ဆာဂိုဏ်းသားများရောက်လာပြီး အခေါင်း ၏အဖုံးကို သံဖြင့်ရိုက်ချလိုက်လေတော့သည်။ ထိုအခါ သွေးမိစ္ဆာ ဂိုဏ်းချုပ်သည် ရှောင်ဖုံး၏နောက်ဆုံးခရီးကို မမြင်ရက်တော့သည့် အလား ထိုနေရာမှ ချာကနဲလှည့်ထွက်သွားလေတော့သည်။

ပျံလွှားဂိုဏ်းချုပ်ရှောင်ဖုံးသေဆုံးသွားသည့်အကြောင်း ကို သွေးမိစ္ဆာဂိုဏ်းက အကြောင်းကြားလိုက်သဖြင့် ပျံလွှားဂိုဏ်းတ ဂိုဏ်းလုံးသည် ကမ္ဘာပျက်မတတ် ရုတ်ရုတ်သဲသဲ ဖြစ်ကုန် ကြလေသည်။

ကြူးလျှံသည် ရှောင်ဖုံးသေဆုံးသွားသည့် အကြောင်းအား သိရှိလိုက်ရသောအခါ ဝမ်းနည်းလွန်း၍ သတိပင်လစ်သွား လေသည်။

ထို့အတူ ဂိုဏ်းသားအားလုံးသည် စိတ်အားငယ်သွားကြ လေတော့သည်။

လက်ထောက်ဂိုဏ်းဖြစ်သူ ဟုန်မေကပင် ပျံလွှားဂိုဏ်း၏ ဂိုဏ်းချုပ်နေရာအား တရားဝင်ဆက်ခံလိုက်ရလေသည်။

သူမသည် မိန်းကလေးတစ်ယောက်ဖြစ်စေကာမူ ပျံလွှား ဂိုဏ်းတစ်ခုလုံး ပြန်လည်တည်ငြိမ်စေရန် အတတ်နိုင်ဆုံးကြိုးစား ဆောင်ရွက်လေတော့သည်။

သူမသည် ချက်ချင်းဆိုသလို ဂိုဏ်းသားအားလုံးကို စုဝေး စေလိုက်သည်။

ပျံလွှားဂိုဏ်းသားများစုံလင်စွာ စုဝေးမိသောအခါ သူမ သည် အားပေးစကားပြောကြားတော့သည်။

"ကျွန်မတို့ဂိုဏ်းချုပ်ကြီးရှောင်ဖုံး ကွယ်လွန်သွားတဲ့အ တွက် အဖွဲ့သားအားလုံးနဲ့အတူ ကျွန်မလဲဝမ်းနည်းကြေကွဲမိပါ တယ် ဒါပေမယ့် ဝမ်းနည်းနေရုံနဲ့မပြီးသေးပါဘူး သွေးမိစ္ဆာဂိုဏ်း ဟာ ကျွန်မတို့ဂိုဏ်းကို အခွင့်အရေးရလို့ရှိရင် လာပြီးတိုက်ခိုက်မှာ အမှန်ပဲ ကျွန်မတို့ဂိုဏ်းအနေနဲ့ကလဲ သွေးမိစ္ဆာဂိုဏ်းလို ကောက်ကျစ်ယုတ်မာတဲ့ဂိုဏ်းနဲ့ ဘယ်တော့မှလက်မတွဲနိုင်ပါဘူး သူတို့လက်အောက်ကိုလဲ ဘယ်တော့မှအညံ့မခံနိုင်ပါဘူး ဒါကြောင့် ဂိုဏ်းချုပ်ကျဆုံးသွားတာကို ဝမ်းနည်းကြေကွဲနေမည့်အစား ဝမ်းနည်းတာကို အင်အားအဖြစ်ပြောင်းလဲပြီး ရန်သူကို ကြံ့ကြံ့ ခိုင်ခိုင်ရင်ဆိုင်ဖို့ အသင့်ပြင်ထားရလိမ့်မယ် အမှန်တ ရားဘက်ကရပ်တည်ဖို့ ကျွန်မတို့အဖွဲ့တစ်ခုလုံး ညီညီညွတ် ညွတ် ကြိုးစားကြပါစို့လားရှင်"

ဟုန်မေသည် ဆောက်တည်ရာမရဖြစ်နေသော ဂိုဏ်းသားများကို ယင်းသို့ ပြောဆိုတိုက်တွန်းလိုက်သည့်အတွက် အဖွဲ့သားများသည် စိတ်ဓာတ်တည်ငြိမ်လာကြသည်။

မတရားပြုမူနေသောဂိုဏ်းအား အင်အားရှိသ၍ တွန်းလှန်တိုက်ခိုက်ရန် စိတ်ဓာတ်တက်ကြွလာကြသည်။

သူတို့အားလုံးသည် ဟုန်မေ၏စကားကို ထောက်ခံသည့်အနေဖြင့် လက်ခုပ်လက်ဝါးတီးကာ တညီတညွတ်တည်း ကောင်းချီးပေးလိုက်ကြလေသည်။

✖✖✖ ✖✖✖ ✖✖✖

တစ်ရက်
နှစ်ရက်
မှန်ပေသည်။

ရောင်ဖုံး သေဆုံးသွားသည်မှာ နှစ်ရက်တစ်ညသို့ပင် ရောက်ရှိလာ၏။

နေဝန်းနီသည် မြေပေါ်မှပျောက်ကွယ်သွားပြီဖြစ်သည်။ ဝန်းကျင်တစ်ခုလုံးသည် တစ်စထက်တစ်စ မှောင်မည်းလာ၏။

လူရိုပ်တစ်ခုသည် အမှောင်ထုကိုကွယ်ကာ တောင်ကုန်းပေါ်သို့ လျှောမြန်စွာ ရွေ့လျားနေလေသည်။

ထိုလူရိုပ်သည် ရောင်ဖုံး၏မြေပုံရှေ့သို့ ရောက်ရှိလာသော အခါ ထိုမြေပုံပေါ်၌စိုက်ထူထားသော သစ်သားပြားပေါ်မှ စာလုံးအား ဖတ်ကြည့်လိုက်မိသည်။

ငင်းသစ်သားပြားပေါ်၌

"ပျံလွှားဂိုဏ်းချုပ်ရောင်ဖုံး အသက်နှစ်ဆယ့်ခြောက်နှစ်"

ဟူ၍ ရေးသားထားသည်ကို တွေ့ရလေသည်။

ထိုလူရိပ်သည် ယင်းစာလုံးအား သုံးလေးခေါက်ရေရွတ်ဖတ်ကြည့်လိုက်မိလေသည်။ ပြီးနောက်

ခေါင်းကိုတွင်တွင် ခါယမ်းလိုက်လေသည်။

"မဖြစ်နိုင်ဘူး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

သူသည် ရောင်ဖုံးသေသွားသည်ကို မည်သို့မျှ မယုံကြည်နိုင်အောင်ဖြစ်နေသည်။

အတန်ကြာမှ

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။

ထို့နောက် မြေပုံပေါ်မှစိုက်ထူထားသော ပျဉ်ပြားကို ဆွဲနုတ်လိုက်တော့သည်။

ပျဉ်းပြားတိုင်ကိုဆွဲနုတ်ပြီးသည်နှင့် သူသည်မြေပုံကိုလက်နှစ်ဘက်ဖြင့် ဖယ်ရှားတူးဆွလိုက်လေသည်။

သူ၏လက်များသည် ပေါက်ပြားများပမာ ထက်မြက်လှလေသည်။

ယင်းသို့ဖြင့် တဆတ်ဆတ်တူးဆွခဲ့ရာ မကြာမီ အခေါင်းအား တွေ့မြင်လိုက်ရတော့သည်။

ထိုလူရိပ်သည် အသင့်ပါလာသော ဓားတစ်လက်ကိုဆွဲထုတ်လိုက်ပြီး အခေါင်းပေါ်မှ မြေကြီးများကို ခြစ်ထုတ်လိုက်သည်။

ထို့နောက် အခေါင်းပုံးအား ဓားဖြင့်ကလန့်၍ဖွင့်လိုက်သည်။ အဖုံးကို သံဖြင့်သေချာစွာနှက်ထားသောကြောင့် ရုတ်တ

ရက်ဖွင့်၍ မရနိုင်ဘဲရှိနေသည်။

အတန်ကြာ ကြိုးစား၍ ဖွင့်လိုက်တော့မှ အခေါင်းအ
ဖွင့်သွားသည်။

ထိုသူသည်အခေါင်းဖုံးကိုဖယ်ရှားလိုက်ပြီး အတွင်း
လောင်းကိုလှမ်းကြည့်လိုက်၏။

အလောင်းကိုမြင်လိုက်ရသောအခါ အကြီးအကျယ်
ပျက်သွားရတော့သည်။

"အင်း သူကသေနေပြီပဲ"

သူသည် ယင်းသို့ပြောပြီး အဖုံးအားပြန်လည်ဖုံးရန်
ဆင်လိုက်သည်။

ထိုစဉ် အလောင်းကောင်သည် ဆတ်ကနဲတွန့်သွားသ

ထိုလူသည် အံ့သြတစ်ကြီးနှင့် ပါးစပ်အဟောင်းသား
သွားရသည်။

သူသည် မယုံမရဲဖြင့် အလောင်းကောင်ကို ထပ်မံကြ
ရှုလိုက်၏။

ယခုတစ်ကြိမ်၌ အလောင်းကောင်သည် လက်တစ်ဘ
ကို လှုပ်ရှားလိုက်သည်။

"ဒုက္ခပါပဲ သရဲဖြစ်ပြီး ငါ့ကိုရန်ရှာယင် ဒုက္ခပဲ"

ထိုလူသည် ထိတ်လန့်တကြားရေရွတ်ယင်း နောက်
ခြေတစ်လှမ်းမျှဆုတ်လိုက်သည်။ ထိုအချိန်၌ ရှောင်ဖုံးသည်
တန်ခိုးပြေပြီဖြစ်၍ သတိရနေပြီဖြစ်သည်။

သူသည် လက်နှစ်ဘက်ဆန့်ကာ ပြန်ထိုင်လိုက်သ
သူ့အားတအံ့တသြဖြင့် ကြည့်နေသည့်လူရိပ်က ထိ

န်.စွာဖြင့် နောက်သို့ခုန်ဆုတ်လိုက်လေသည်။

ရှောင်ဖုံးသည် အခေါင်းထဲမှထထိုင်လိုက်သည့်တိုင် မိမိ
ယ်တိုင် ဘာဖြစ်နေမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေသည်။

သူသည် ပတ်ဝန်းကျင်ကို တချက်မျှဝေ့၍ အကဲခတ်
ကြည့်လိုက်သည်။

သစ်ပင်အုပ်အုပ်ကလေးရှိသော တောင်ကုန်းတစ်ခုပေါ်
ောက်နေမှန်းသိလိုက်ရသည်။

"ငါတကယ် မသေသေးပါလား"

ရှောင်ဖုံးက ယင်းသို့ရေရွတ်ယင်း သူထိုင်နေသည့်နေရာ
ကို ငုံ့ကြည့်လိုက်မိသည်။

ထိုအခါမှ ရှောင်ဖုံးသည် မိမအနီး၌ လူတစ်ယောက်ရှိ
နေသည်ကို သတိထားမိလိုက်လေသည်။

"မင်းက လူလား သရဲလား"

ရှောင်ဖုံးက ကြောင်အမ်းအမ်းဖြစ်သွားသည်။ နောက်မှ
ကိယ့်အဖြစ်ကို သတိရပြီး

"အင်း မနေ့ကဆိုယင် ကျွန်တော်က လူသေတစ်ယောက်
ဒါပေမယ့် ကျွန်တော်လူကောင်းတစ်ယောက်ပြန်ဖြစ်နေပြီ"

ရှောင်ဖုံးက ထိုသို့ပြန်ပြောယင်း လူစိမ်းအားအကဲခတ်
လိုက်သည်။

ထိုလူသည် အသက်ခြောက်ဆယ်ခန့်ရှိသည့် အဘိုးအို
တစ်ဦးဖြစ်သည်။

သူ့အသွင်က သိုင်းသမားတစ်ဦးနှင့်တူ၏။

"ငါတော့ အံ့သြတယ် ဟောဒီအခေါင်းထဲရောက်ပြီး မြေ

မြှုပ်ခံရတာတောင် မင်းက မသေသေးဘူးပဲကိုး အံ့ပါရဲ့ကွာ"

ရှောင်ဖုံး ထိတ်လန့်သွားသည်။

"ကျွန်တော်အခေါင်းထဲရောက်နေတယ် ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ် အခေါင်းထဲရောက်ရုံတင်မကဘူး မြေကြီးထဲမှာတောင် အမြှုပ်ခံရတာ"

"ဗျာ"

ရှောင်ဖုံးကပို၍ ထိတ်လန့်သွားလေသည်။

သူက အဘိုးအိုအား လှမ်းကြည့်လိုက်ရင်း

"ဒါဖြင့် ဦးက ကျွန်တော့်ကို ကယ်လိုက်တာပေါ့"

အဘိုးအိုက အသာအယာ ခေါင်းညိတ်လိုက်၏။

ရှောင်ဖုံးက ကျေးဇူးတင်သောမျက်လုံးနှင့် အဘိုးအိုအား ကြည့်လိုက်၏။

"ဦးက ကျွန်တော်မသေသေးမှန်း သိလို့လား"

"ဒါတော့မသိပါဘူးကွာ ငါက မင်းရဲ့မြေပုံကိုတွေ့လိုက်ရတော့ စိတ်ထဲမှမသက်သလိုဖြစ်လာမိတယ် ဒါကြောင့် အခေါင်းကိုတူးပြီး ဖွင့်ကြည့်မိတာပဲ ငါ့အထင်ကတော့ လူမပါဘဲမြှုပ်ထားတယ် အောင်းမေ့တာကွ"

ရှောင်ဖုံးက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ကံကြီးပေလို့ပေါ့ဗျာ နို့မဟုတ်ယင် ကျွန်တော်တော့ အသက်ပြန်ရှင်နိုင်တော့မှာ မဟုတ်တော့်ဘူး"

အဘိုးအိုက မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး မင်းကဘယ်လိုဖြစ်ပြီး အရှင်လတ်လတ်အ

ခေါင်းထဲရောက်နေရတာလဲ"

ရှောင်ဖုံးသည် မိမိအား သွေးမိစ္ဆာဂိုဏ်းက ဖမ်းသွားသည့် အကြောင်းများနှင့် မည်သို့မည်ပုံလွတ်မြောက်ရန် ကြိုးစားခဲ့ပုံများကို အတိုချုံး၍ ပြောပြလိုက်၏။

"အင်း မင်းက ကံကြီးပေလို့ပေါ့ကွာ"

သူသည် ဝန်းကျင်အား တစ်ချက်ကြည့်လိုက်ပြီးလျှင်

"တို့ ဒီမှာကြာကြာနေလို့တော့ မဖြစ်ဘူး ကဲလာလာ"

ယင်းသို့ပြောပြီးသည်နှင့် အခေါင်းအဖုံးကို ပြန်ဖုံးလိုက်ပြီး တွင်းထဲထည့်၍ ပြန်မြေမြှုပ်လိုက်လေသည်။

မြေကြီးများကိုလည်း ပုံစံမပျက်ပြန်၍ ဖို့ထားလိုက်လေသည်။

ထို့နောက် ကွယ်လွန်သူ၏အမည်ရေးထိုးထားသော ပျဉ်ပြားတိုင်အား နဂိုနေရာတွင် ပြန်လည်စိုက်ထူထားလိုက်လေသည်။

× × × × × × × × ×

ဤနေရာသည် ကြီးမားသော အုတ်ဂူတစ်ခု ဖြစ်သည်။ အဘိုးအိုသည် ရှောင်ဖုံးအား ခေါ်ဆောင်ရင်း အုတ်ဂူရှေ့သို့ရောက်ရှိလာသည်။

ထိုနေရာသို့ ရောက်သောအခါ အဘိုးအိုသည် အုတ်ဂူရှိရာသို့ လက်ညှိုးဖြင့် လှမ်းထောက်ပြီး မကြာမီ

အုတ်ဂူအပေါ်နံရံသည် အနည်းငယ်လှုပ်ရှားသွား၏။

"ဂျုံး"

ဟူသော အသံကြီးထွက်ပေါ်လာလေသည်။

တဆက်တည်း အုတ်ဂူပေါ်မှ ကျောက်ပြားတစ်ချပ်သည် အလိုအလျောက်ရွေ့သွားလေ၏။

ကျောက်ပြားရွေ့လျားသွားသောနေရာတွင် မြေအောက်သို့ဆင်းသက်သည့် လှေကားထစ်များကို တွေ့ရှိရလေသည်။

အဘိုးအိုသည် ရောင်ဖုံးကိုခေါ်ဆောင်၍ ထိုလှေကားထစ်အတိုင်း မြေအောက်သို့ဆင်းသက်သွားလေသည်။

လှေကားထစ်နှစ်ဆယ်ခန့် ဆင်းလိုက်သည်နှင့် စကြိန်လမ်းတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

မြေအောက်ခန်းသို့ရောက်လာသည့်အတွက် အနည်းငယ် မှောင်လာသည်။

သို့သော် စကြိန်လမ်း၏ဝဲယာနံရံပေါ်၌ မီးအိမ်ကလေး ထွန်းညှိထားသည်ကို တွေ့မြင်ရသည်။

သူတို့သည် ထိုစကြိန်လမ်းတိုင်းဆက်၍ လျှောက်သွားကြသည်။

စကြိန်လမ်းဆုံးသွားသောအခါ ကြီးမားသောအခန်းတစ်ခုသို့ ရောက်ရှိသွားကြပြန်လေသည်။

ယင်းအခန်းတွင် ကျောက်များဖြင့် ပြုလုပ်ထားသောပရိဘောဂများ စုံလင်စွာရှိနေသည်ကို တွေ့မြင်ရလေသည်။

ရောင်ဖုံးသည် တအံ့တသြဖြင့် အခန်းတစ်ခုအား လှည့်ပတ်ကြည့်ရှုလိုက်လေသည်။

အခန်း၏ဝဲယာဘက်ထောင့်သို့ရောက်သည့်အခါ နံရံတေါ်၌ ကြေးမုံပြင်တစ်ချပ်ချိတ်ဆွဲထားသည်ကို တွေ့ရ၏။

ထိုအခါ ရောင်ဖုံးသည် မိမိမျက်နှာကို သတိရလိုက်ပြီး ကြေးမုံပြင်အနီးသို့ ချဉ်းကပ်၍သွားမိသည်။

အနားရောက်၍ ကြေးမုံပြင်အားကြည့်လိုက်သောအခါ သူသည် မယုံကြည်နိုင်အောင် အကြီးအကျယ်ထိတ်လန့်သွားလေ၏။

အကြောင်းမှာ သူ၏မျက်နှာတစ်ခုလုံးသည် မမှတ်မိလောက်အောင် ပျက်ဆီးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်သိုက်ရသောကြောင့် ဖြစ်လေသည်။

ရောင်ဖုံးသည် ရုတ်တရက်စိတ်ထိခိုက်သွားပြီး ကြေကွဲဝမ်းနည်းစွာ ငိုကြွေးနေမိလေသည်။

အဘိုးအိုက သက်ပြင်းတချက်ချလိုက်လေသည်။

"အင်း မင်းဟာ အတော်ရုပ်ချောတဲ့လူငယ်တစ်ယောက်လို့ ငါကြားခဲ့ပါတယ် အခုတော့ မင်းမျက်နှာက အတော့်ကိုအကျည်းတန်နေပြီပဲ"

ရောင်ဖုံးက ဝမ်းနည်းပက်လက်ဖြင့် ညည်းတွားလိုက်လေသည်။

"ဟုတ်ပါတယ်ဦးရယ် ဒီမျက်နှာကြီးနဲ့ ကျွန်တော်လူတောဆဲဘယ်လိုဝင်ရတော့မယ်မသိဘူး ဒီလိုမျက်နှာမျိုးဖြစ်နေမှန်းသိယင် သေသွားတာကမှပိုကောင်းပါလိမ့်မယ်"

အဘိုးအိုသည် ရောင်ဖုံး၏အဖြစ်အားကြည့်ကာ ဂရုဏာသက်မိလေသည်။

သို့သော် အရှုပ်ဆိုးအကျည်းတန်သည့်အတွက် လူရာမဝင်နိုင်တော့ဟု ထင်မှတ်နေခြင်းကို အဘိုးအိုက လက်မခံပါချေ။

"ဝမ်းနည်းမနေပါနဲ့ သူငယ်ရယ် ရပ်ဆိုးတာရယ်ရပ်လုတာရယ်စာ ဘာမှထူးခြားပြီး ခြားနားတာမဟုတ်ပါဘူး လူကောင်းသူကောင်းတစ်ယောက်အနေနဲ့ ရပ်လုဖို့ထက် စိတ်လုဖို့ကအရေးကြီးပါတယ်"

ရောင်ဖုံးက ဝမ်းနည်းဟန်လက်ဖြင့် ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးဗျာ သူတို့ကို ကျွန်တော်ဘယ်လို မျက်နှာပြရမှန်းမသိလို့ပါ"

အဘိုးအိုက မျက်မှောင်ကြုတ်သွား၏။

"သူတို့ဆိုတာ ဘယ်သူတွေလဲကွ"

ရောင်ဖုံးကစိတ်ဓာတ်ကျသည့်လေသံဖြင့်ပြန်ဖြေလိုက်သည်။

"ကျွန်တော်ရဲ့ မိန်းကလေးမိတ်ဆွေတွေပါဗျာ"

"မိန်းကလေး ဟုတ်လား"

"ဟုတ်ပါတယ်"

အဘိုးအိုးက ရောင်ဖုံးအား ပြုံးရွှင်ကြည့်လိုက်လေ၏။

ရောင်ဖုံးမှာ ဘာပြန်ပြောရမှန်းမသိပဲ ခေါင်းကိုငုံ့ထားမိလေသည်။

အဘိုးအိုက သက်ပြင်းချကာ

"မိန်းမဆိုတာ လူ့ဘဝပစ္စည်းတန်ဆာတစ်ခုနဲ့ သာတူတာပါ သူတို့က မင်းကိုမကြိုက်ယင် နေပလေစေပေါ့ ဘာဖြစ်ရမှာလဲ"

ရောင်ဖုံးက ခေါင်းကို ငုံ့မြဲငုံ့ထားမိလေသည်။

ဘာမျှ ပြောဆိုခြင်း မပြုတော့ပါ။

အဘိုးအိုက စကားဆက်လိုက်၏။

"ဟေး ငါအကြံတစ်ခုရပြီကွ"

ရောင်ဖုံးက သူ့အား ခေါင်းမော့၍ ကြည့်လိုက်မိသည်။

အဘိုးအို၏စကားကို ရောင်ဖုံးနားမလည်ပါချေ။

"ဘာအကြံလဲ ဦး"

အဘိုးအိုက တောက်ပသောမျက်လုံးဖြင့် ရောင်ဖုံးအားစိုက်ကြည့်လိုက်လေသည်။

ပြီးမှသူ၏အကြံကို ပြောပြလိုက်၏။

"အခုလောက်ဆိုရင်သိုင်းလောကမှာ မင်းကိုသေပြီလို့ထင်နေကြမှာပဲကွ ဒါကြောင့်မင်းကလည်း ချော်လဲရောထိုင်ဆိုသလို သေဟန်ဆောင်လိုက်ပေါ့"

ရောင်ဖုံးက ပြန်မပြောပဲ ခေါင်းငုံ့ထားလိုက်သည်။

ယခုအချိန်၌ သူ၏ဦးခေါင်းသည် နောက်ကျိရုပ်ထွေးနေလေသည်။

ထို့ကြောင့် ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်သည်။

အဘိုးအိုက စကားဆက်လိုက်ပြန်သည်။

"မင်းသေပြီဆိုပြီးနေလိုက်ရင် မင်းအပေါ် ဘယ်သူကသစ္စာရှိတယ် ဘယ်သူကသစ္စာမရှိဘူး နောက်ပြီး ဘယ်မိန်းကလေးက မင်းအပေါ် တကယ်ချစ်တယ် ဘယ်မိန်းကလေးက မချစ်ဘဲဟန်ဆောင်နေတာ အဲဒါတွေကို မင်းသိရလိမ့်မယ်"

ရောင်ဖုံးက အတန်ကြာစဉ်းစားချင့်ချိန်လိုက်လေသည်။

အဘိုးအို၏စကားကို လိုက်နာ၍သုံးခြင်းဖြင့် လူတွေ၏စိတ်သဘောထားအမှန်ကို သိရှိနိုင်ကြောင်း နားလည်သဘောပေါက်လာမိသည်။

ထို့ကြောင့်

"ဟုတ်ပြီ ဦးပြောတာမှန်တယ် ဦးပြောတဲ့အတိုင်းသေချင်
ယောင်ဆောင်လိုက်ရင် လူတွေ ကျွန်တော့်အပေါ် ဘယ်လိုသဘော
ထားတယ်ဆိုတာ အမှန်အတိုင်းသိရမှာပဲ"

သူသည် ယင်းသို့ပြောရင်းပြုံးလိုက်မိသည်။ ဒဏ်ရာ
ကြောင့်မျက်နှာပျက်သွားရသည့် ဝမ်းနည်းကျေကွဲရသည့် စိတ်များ
သည်လည်း သက်သာရာရသွားသည်။ သူသည်အဘိုးအိုအား စိုက်
ကြည့်လိုက်ပြီး ထပ်မံပြောဆိုလိုက်သည်။

"ဟုတ်တယ် ဦးပြောတဲ့အတိုင်း ကျွန်တော်လုပ်ကြည့်ပါ
မယ်"

ရှောင်ဖုံးသည် အုတ်ဂူထဲ၌နေထိုင်ခဲ့သည်မှာ သုံးရက်တိတိ
ရှိသွားပြီဖြစ်လေသည်။

သုံးရက်ဆိုသောအချိန်ကို သူသည်ပျင်းရိစွာပင် ကုန်ဆုံး
စေခဲ့သည်။

ယနေ့သည် စတုတ္ထမြောက်နေ့ဖြစ်သည်။

အချိန်မှာ နေဝင်ရီသရောအချိန်ဖြစ်သည်။

သုံးရက်ကျော် လေးရက်နီးပါး အုတ်ဂူထဲ၌ နေထိုင်ခဲ့ရသ
ဖြင့်ရှောင်ဖုံးသည် အလွန်အလွန်ပျင်းရိလာလေသည်။

သို့သော် မည်သည့်နေရာကို သွားရမှန်းမသိဘဲ အူ
ကြောင်ကြောင်ဖြစ်နေသည်။

နောက်ဆုံးတွင် ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာသို့
လျှောက်သွားလေတော့သည်။

သူ၏ဦးနောက်ထဲတွင် ပျံလွှားဂိုဏ်းအကြောင်းနှင့်ဓား

တစ္ဆေအကြောင်းများကို စဉ်းစားဆင်ခြင်နေမိသည်။

ပျံလွှားဂိုဏ်း၏ အနာဂတ်အရေးမှာ လွန်စွာစိုးရိမ်ရသည့်
အနေအထားသို့ရောက်နေသည်။

ယခုအချိန်ဆိုလျှင် သွေးမိစ္ဆာဂိုဏ်းသည် ပျံလွှားဂိုဏ်းကို
ဝင်ရောက်သိမ်းပိုက်သွားပြီလား မဆိုနိုင်ပေ။

ရှောင်ဖုံးသည် ပျံလွှားဂိုဏ်းအတွက် များစွာစိုးရိမ်ပူပန်
မိလေသည်။

ယခုအချိန်ဆိုလျှင် ဓားတစ္ဆေသည်မိမိအား မျှော်လင့်တ
ကြီးစောင့်စားနေမည်မှာ သေချာလှသည်။

ဓားတစ္ဆေသည် လှိုဏ်ဂူအတွင်းမှ အမြန်ထွက်ချင်နေရော
မည်။

ထို့နောက် သူသည် ချစ်သူကျင်းကျင်း၊ အနီရောင်မယ်အို
ချင်း၊ မိမိအသက်အား အကြိမ်ကြိမ်ကယ်တင်ခဲ့သောရီပင်းနှင့်ရီစွေ
စသည့်မိန်းကလေးများကိုလည်း သူ၏အတွေးအာရုံ၌ တဖြည်း
ဖြည်းမြင်ယောင်လာလေသည်။

သူသည်စိတ်ပျက်အားငယ်စွာဖြင့် သက်ပြင်းရှည်ကြီးချ
လိုက်မိလေသည်။

ထိုစဉ် ဝမ်းပမ်းတနည်း ငိုကျွေးနေသော အသံကိုကြား
လိုက်ရသဖြင့် သူသည် ခြေလှမ်းများကို တုံ့ခနဲရပ်တန့်လိုက်မိ
လေသည်။

ထို့နောက် သူသည်အသံလာရာသို့ စိတ်ဝင်စားစွာ
လျှောက်လှမ်းသွားမိလေသည်။

"အင်း ဘယ်သူများ ဒီလောက်တောင် ဝမ်းနည်းပက်လက်

ငိုနေတာပါလိမ့်"

ရောင်ဖုံးသည် ယင်းသို့လွှတ်ခနဲ တီးတိုးရေရွတ်လိုက်မိလေသည်။

ငိုသံမှာတရှိုက်ရှိုက်နှင့် ထွက်ပေါ်နေဆဲဖြစ်သည်။

ရောင်ဖုံးသည် အနည်းငယ်စိတ်ဝင်စားလာသည်။

ထို့ကြောင့်သူသည် အသံထွက်ပေါ်လာရာသို့ တလှမ်းချင်းတိုးကပ်သွားလေသည်။

ရတ်တရက် သူ့ခြေလှမ်းသည် တုံ့ခနဲရပ်တန့်သွားလေသည်။

အကြောင်းမှာ သူသည်ခြေဦးတည့်ရာလျှောက်လာရာ မိမိအား သေပြီအထင်နှင့် မြှုပ်နှံခဲ့သည့်မြေပုံအနီးသို့ ရောက်ရှိနေသည်ကို သတိပြုလိုက်မိလေသည်။

သူသည်အံ့သြတကြီးဖြင့် မြေပုံသို့လှမ်းကြည့်လိုက်မိလေသည်။

ထိုအခါ မြေပုံရှေ့တွင်ငိုကြွေးနေသော မိန်းကလေးနှစ်ယောက်ကို လှမ်းကြည့်လိုက်မိသည်။

မြေပုံရှေ့တွင် ငိုကြွေးနေသော မိန်းကလေးနှစ်ယောက်မှာ အိချင်းနှင့်ကျင်းကျင်း တို့ပင်ဖြစ်လေသည်။

အိချင်းနှင့်ကျင်းကျင်းတို့သည် မြေပုံရှေ့တွင် ဝမ်းနည်းပက်လက်ဖြင့် ငိုကြွေးနေသည်ကို မကြည့်ရက်နိုင်အောင်ဖြစ်လာရတော့သည်။

ထို့ကြောင့် သူသည် မိမိမသေသေးကြောင်း ပြောပြရန် ရှေ့သို့ခြေသံပြင်းပြင်းဖြင့် လှမ်းလိုက်လေသည်။

ခြေသံကြားလိုက်ရသဖြင့် ကျင်းကျင်းနှင့်အိချင်းတို့သည် ပြိုင်တူလှည့်ကြည့် လိုက်ကြသည်။

မိန်းကလေးနှစ်ယောက်သည် အလွန်အကျည်းတန်သော ရောင်ဖုံး၏မျက်နှာအား တွေ့မြင်လိုက်ရသောအခါ

"အောင်မယ်လေး"

ပြိုင်တူထိတ်လန့်စွာ အော်ဟစ်လိုက်ပြီး နောက်သို့ဆုတ်သွားကြလေသည်။

မိန်းကလေးများ၏ မျက်နှာပေါ်တွင် ထိတ်လန့်သောအမူအရာကိုတွေ့လိုက်ရတော့မှ ရောင်ဖုံးသည် မိမိမျက်နှာအလွန်အရုပ်ဆိုးအကျည်းတန်နေကြောင်းကို ပြန်လည်သတိပြုလိုက်မိလေသည်။

သူသည်ခြေလှမ်းကို ရပ်တန့်လိုက်ပြီး မိန်းကလေးနှစ်ယောက်အား ငေးမောကြည့်နေတော့သည်။

ထိုစဉ် အိချင်းက မရဲတရဲနှင့်သူ့အားလှမ်းကြည့်လိုက်ပြီး

"ရှင် ရှင်က ဘယ်သူလဲ လူလား သရဲလား"

အိချင်းမေးလိုက်သော စကားကြောင့် ရောင်ဖုံး၏အသည်းနှလုံးသည်အပ်ကလေးများနှင့် ထိုးဆွဲခံလိုက်ရသည့်အလားနာကျင်သောဝေဒနာကို ပြင်းထန်စွာ ခံစားလိုက်ရလေတော့သည်။

သူ၏မျှော်လင့်ချက်များသည် တမုဟုတ်ချင်း ပြိုကွဲပျက်စီးသွားတော့သည်။

အိချင်းသည်လည်းကောင်း ကျင်းကျင်းသည်လည်းကောင်း သူ့အားလုံးဝမှတ်မိခြင်း မရှိတော့ချေတကား။

သူသည် သူ၏ပါးပြင်အား လက်ဝါးဖြင့်စမ်းကာ ဝမ်းနည်းစွာဖြင့် ရပ်နေမိသည်။

သူ့မျက်လုံးအိမ်၌ မျက်ရည်ကြည်များ ရစ်ဝဲလာသည်ကို သိသော် စိတ်ကို တင်းထားလိုက်သည်။

သူသည် စိတ်ကိုတင်းထားရင်းမှ မျက်ရည်စများက မျက်လုံးအိမ်မှ လျှံကျလာခြင်း မရှိခဲ့ပါချေ။

"မေးနေတာ မကြားဘူးလား"

အိချင်းက ထပ်မံပြောလိုက်သည်။

ရောင်ဖုံးက မချိပြုံးပြုံးလိုက်လေသည်။

"ကျုပ်က လူသားစစ်စစ်တစ်ယောက်ပါဗျာ"

အိချင်းက သူ့အားသေချာစွာစိုက်ကြည့်လိုက်လေသည်။

"ရှင်က လူသာဆိုတယ် ဒီလောက်တောင်ရပ်ဆိုးနေသလား"

ထိုအခါ ရောင်ဖုံးကမျက်မှောင်ကုပ်လိုက်၏။

ပြီးမှ အားပါးတရရယ်မောလိုက်လေ၏။

အိချင်းကသူ့အား နားမလည်နိုင်သော အကြည့်ဖြင့်ပြန်ကြည့်လိုက်သည်။

"ဟား ဟား ဟား"

"ရှင်က ဘာရယ်တာလဲ"

အိချင်းက မေးလိုက်လေသည်။

ရောင်ဖုံးက ရယ်မောရာမှ ရပ်တန့်လိုက်၏။

"ရယ်စရာတွေးမိလို့ပါဗျာ"

ရောင်ဖုံးက ကြေကွဲဆို့နင့်စွာ ပြောလိုက်လေသည်။

ယင်းသို့ပြောလိုက်ယင်း သူသည် အိချင်းအား စိုက်ကြည့်လိုက်မိသည်။

"ဒါနဲ့ ခင်ဗျားတို့က ဒီမှာ ဘာလာလုပ်နေကြတာလဲ"

သူ့အမေးကြောင့် အိချင်း၏ မျက်နှာတစ်ခုလုံးသည် ဝမ်းနည်းသည့်အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"ကျွန်မတို့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက် သေဆုံးသွားလို့ လာပြီး ဂါရဝပြုနေတာပါ"

ရောင်ဖုံးက ကျင်းကျင်းဘက်သို့ လှည့်လိုက်လေသည်။

"ဒါဖြင့် ခင်ဗျားကရော အဖော်လိုက်လာတာပေါ့"

ကျင်းကျင်းက ဝမ်းနည်းစွာဖြင့် တချက်ရှိုက်လိုက်သည်။

သူမ၏ မျက်ခွံသည် ငိုထားသောကြောင့် မို့နေသည်။

"မဟုတ်ပါဘူး ကျွန် ကျွန်မ"

ကျင်းကျင်းသည် ဝမ်းနည်းလွန်းသောကြောင့် စကားကိုပင် အမြီးအမောက်တည့်အောင် မပြောနိုင်တော့ချေ။

ရောင်ဖုံးက သူမအား စိုက်ကြည့်လိုက်လေသည်။

"သေတဲ့လူနဲ့ ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ကျင်းကျင်းက ခေါင်းငုံ့ထားလိုက်လေသည်။

ငိုရှိုက်နေသောကြောင့် သူမ၏ကိုယ်လုံးလေးမှာ တသိမ့်သိမ့် လှုပ်ခါနေလေသည်။

ကျင်းကျင်းသည် စိတ်ကိုတည်ငြိမ်အောင် ထိန်းလိုက်ပြီး

"သူ သူက ကျွန်မရဲ့ ချစ်သူပါ"

သူမ၏စကားကြောင့် ရောင်ဖုံး ရင်ဒိန်းကနဲ လှုပ်ရှားသွားလေသည်။

ဝမ်းလည်း ဝမ်းသာ၏။

ဝမ်းလည်း ဝမ်းနည်း၏။

ရှောင်ဖုံးက
"ခင်ဗျား သူ့ကို တကယ်ချစ်နေလို့လား"
မေးလိုက်လေသည်။
သူ့အမေးကြောင့် အိချင်းက ဒေါသထွက်သွားလေသည်။
ဒေါသကြောင့် သူမ၏မျက်နှာမှာ နီရဲသွားလေသည်။
ကျင်းကျင်းကမူ ခေါင်းကိုသာ ငုံ့ထားရှာသည်။
ထိုစဉ်
"သူ့ကို တကယ်မချစ်ရင် ဘာဖြစ်လို့ ဒီကိုလာရမှာလဲ"
အိချင်းက ရန်တွေ့သံနှင့် လှမ်းပြောလိုက်၏။
ရှောင်ဖုံးက သူတို့အား တစ်ချက်ကြည့်လိုက်ပြီးလျှင်
"ကဲပါလေ မင်းတို့ခုလိုလာပြီး ဒီလို ဂါရဝပြုတာတော့
သူဆာသိယင် ဝမ်းသာမှာပဲ မိုးလဲချုပ်တော့မယ်၊ ဒီနေရာမှာ
အန္တရာယ်များတယ်၊ ဒါကြောင့် ပြန်ဖို့သင့်ပါပြီ"
ပြောလိုက်လေသည်။
အိချင်းက ရှောင်ဖုံးအား အကဲခတ်ကြည့်လိုက်လေသည်။
"ဒါနဲ့ ရှင်က ဒီအနီးတစ်ဝိုက်မှာ နေထိုင်တာလား"
ရှောင်ဖုံးက ခေါင်းညိတ်လိုက်၏။
"ဟုတ်ပါတယ် ဘာဖြစ်လို့လဲ"
အိချင်းက မြေပုံကို လှမ်းကြည့်လိုက်ကာ ပြောလိုက်၏
"ဒါဖြင့် သူ့ကိုဒီမှာလာပြီး မြေမြှုပ်တာသိမှာပေါ့နော်"
ရှောင်ဖုံး ခေါင်းညိတ်လိုက်၏။
"သိတာပေါ့ ကျုပ်ကိုယ်တိုင် မြေမြှုပ်ပေးခဲ့တာပဲဗျာ"
အိချင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"နေပါဦး ရှင်က ဒီအခေါင်းထဲက သေဆုံးနေတဲ့လူကို
ခရာသိလို့လား"
ရှောင်ဖုံးက-
"သိတာပေါ့"
ပြောလိုက်လေ၏။
အိချင်းက ထပ်မေးလိုက်၏။
"ဒါဖြင့် သူ့နာမည် ဘယ်လိုခေါ်သလဲ"
ရှောင်ဖုံးက ဆိုင်းဘုတ်ပေါ်မှ စာလုံးအားညွှန်ပြလိုက်ပြီး-
"ဒီမှာ သူ့နာမည်ရေးထားတာ မတွေ့ဘူးလား"
ပြောလိုက်လေသည်။
အိချင်းက ခေါင်းညိတ်လိုက်သည်။
ပြီးနောက်
ရှောင်ဖုံးအား စိုက်ကြည့်လိုက်ပြီး-
"ဒီအခေါင်းထဲက အလောင်းဟာ ရှောင်ဖုံးဟုတ်မဟုတ်ဆို
ဘာကိုကော ရှင်သိလို့လား"
ရှောင်ဖုံး ရင်ထိတ်သွား၏။
"ဘာဖြစ်လို့ ဒီလိုမေးရတာလဲ"
အိချင်းက သက်ပြင်းတစ်ချက်ချလိုက်၏။
"သွေးမိစ္ဆာဂိုဏ်းချုပ်က အတော့်ကို ပရိယာယ်များတဲ့လူ
ဘစ်ယောက်မဟုတ်လား၊ ဒါကြောင့် မေးရတာပါ"
ရှောင်ဖုံးက ပြုံးလိုက်လေသည်။
"စိတ်ချပါ ဒီအလောင်းဟာ ရှောင်ဖုံးအလောင်းအစစ်ပါ"
အိချင်းက မျက်မှောင်ကြုတ်သွားသည်။

"ရှင် ဘာဖြစ်လို့ ဒီလိုတိတိကျကျပြောရတာလဲရှင်"
ရောင်ဖုံးက ခေါင်းတစ်ချက်ညိတ်လိုက်၏။
"ပြောနိုင်တာပေါ့ဗျာ ကျုပ်ကသူနဲ့အတူတူ အချုပ်ခန်းထဲမှာနေခဲ့ရတာကိုး"
အိချင်းက သက်ပြင်းတစ်ချက်ချလိုက်ပြန်၏။
ပြီးနောက်
သူမသည် ကျင်းကျင်းဘက်သို့လှည့်လိုက်ပြီး
"ကဲ ညီမရေ ဒီအတိုင်းဆိုယင် ရောင်ဖုံးသေသွားတယ်ဆို တာ အမှန်ဖြစ်နေပြီကွဲ့"
သူမသည်ပြောယင်း မျက်ရည်များထိန်းမနိုင်သိမ်းမရတဲ့ စီးဆင်းကျလာလေ၏။
ကျင်းကျင်းက မျက်ရည်သုတ်ပြီး ရောင်ဖုံးအား မော့ကြည့်လိုက်သည်။
"ဒါနဲ့ အစ်ကိုကြီးကို စကားတစ်ခွန်းလောက်မေးပါရစေ"
ရောင်ဖုံးက ခေါင်းညိတ်လိုက်၏။
"မေးပါ ဘာမေးမလို့လဲ"
ကျင်းကျင်းက နှုတ်ခမ်းလေးကို တင်းနေအောင်ကိုက်လိုက်သည်။
စိတ်ကိုတည်ငြိမ်အောင် ကြိုးစားလိုက်ခြင်းပင်ဖြစ်ပါသည်။
"သူက ရှင့်ကို ဘာများမှာလိုက်သေးသလဲ"
ရောင်ဖုံးက ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။
"ဘာမှမမှာသွားပါဘူးဗျာ"
ကျင်းကျင်းသည် ခေါင်းကုတ်လိုက်မိ၏။

မျှော်လင့်ချက်မှန်သမျှ ရေထဲအရုပ်ရေးသလို ဘာမျှအရာမ ဘင်တော့သဖြင့် သူမသည် အကြီးအကျယ်စိတ်ဓာတ်ကျသွားလေ ဘာ့သည်။
အိချင်းက သူမအား နှစ်သိမ့်လိုက်လေသည်။
"ကဲ ညီမအချိန်လဲ မရှိတော့ဘူး၊ ပြန်ကြပါစို့လားကွယ်"
ကျင်းကျင်းသည် ရောင်ဖုံး၏မြေပုံအား ငေးမျှကြည့် နေမိသည်။
ထိုင်နေလျက်မှ တုတ်တုတ်မျှမလှုပ်ချေ။
"ကျွန်မ မပြန်ဘူး၊ သူ့ကိုတစ်ယောက်ထဲမထားခဲ့နိုင်ဘူး"
ကျင်းကျင်းက သူရူးတစ်ယောက်ပမာ ပြန်ပြောလိုက် သည်။
ရောင်ဖုံးသည် ယင်းစကားကြားလိုက်ရသောအခါ ရင်ထဲ နှင့်ကနဲ ခံစားလိုက်ရလေသည်။
"အစ်ကိုမသေပါဘူး၊ ကျင်းကျင်းရယ် အစ်ကိုဒီမှာရှိနေပါ တယ်"
သူ၏ရင်ထဲ၌ဖြစ်ပေါ်လာသော စကားလုံးများသာဖြစ်ပါ သည်။
သူ့နှုတ်ကမူ ဘာသံမှထွက်ပေါ်မလာချေ။
ဖွင့်ပြောရန်လည်း သူ့၌သတ္တိမရှိပါ။
အကယ်၍ ဖွင့်ပြောရဲ၍ ဖွင့်ပြောလိုက်သည်တိုင် သူတို့ သည် မည်သို့မျှ ယုံကြည်နိုင်မည် မဟုတ်ပါချေ။
မိမိ၏ရုပ်သွင်ကိုကြည့်၍ ထွက်ပြေးကောင်း ထွက်ပြေး နွားပေလိမ့်မည်။

ထို့ကြောင့် ရှောင်ဖုံးမှာ အားစေးအထည့်ခံရသကဲ့သို့ နူတ်ဆိတ်နေတော့သည်။

ထိုစဉ်မှာပင်

အိချင်းက ကျင်းကျင်း၏ပခုံးအား ဖေးမလိုက်လေသည်။

"ကဲ သွားကြမယ်လေ အချိန်ကမရှိတော့ဘူး တော်ကြာ"

သူမသည် စကားဆုံးအောင်မပြောဘဲ ရှောင်ဖုံးအားလှည့်ကြည့်လိုက်သည်။

ကျင်းကျင်းကလည်းရှောင်ဖုံးအားလှည့်ကြည့်လိုက်လေ၏၊

သူမသည် အိချင်း၏သဘောကိုနားလည်လိုက်လေသည်၊

သူမသည် ရှောင်ဖုံးအား ကြောက်ရွံ့စွာဖြင့် လှမ်းကြည့်လိုက်ပြီး အိချင်းနှင့်အတူ ထိုနေရာမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

ရှောင်ဖုံးသည် ကျင်းကျင်းတို့ပျောက်ကွယ်သွားသည်အထိ းးမောကြည့်နေမိသည်။

မကြာမီ

အိချင်းနှင့်ကျင်းကျင်းသည် တောအုပ်ကလေးအတွင်းဝင် းကပျောက်ကွယ်သွားလေတော့သည်။

ရှောင်ဖုံးသည် သက်ပြင်းရှည်ကြီးချလိုက်မိသည်။

မိမိ၏ချစ်သူအားမြင်တွေ့လျက်နှင့် မခေါ်နိုင်မပြောနိုင် းသည့်ဒုက္ခကို လှလှကြီးခံစားနေရသည်။

သူသည် အကျည်းတန်လှသောမျက်နှာကို လက်ဖြင့်စမ်း းပ်လိုက်မိသည်။

ရှောင်ဖုံးသည် လေးလံသောခြေလှမ်းများဖြင့် အဘိုးအိုနောက်သို့ ခပ်သုတ်သုတ်လိုက်ပါသွားလေတော့သည်။

အုတ်ဂူထဲသို့ ပြန်လည်ရောက်ရှိလာသောအခါ အဘိုးအိုက သူ့အားစေ့စေ့ကြည့်လိုက်သည်။

ထိုအကြည့်မှာ စူးစမ်းသောအကြည့်မှန်း ရှောင်ဖုံးသိရှိလိုက်သည်။

"မင်းကိုမင်း ရှောင်ဖုံးပါလို့ ဘာကြောင့်ဖွင့်မပြောလိုက်တာလဲ"

အဘိုးအိုက စူးစူးစမ်းစမ်း မေးလိုက်လေသည်။

ရှောင်ဖုံးကခေါင်းကို တွင်တွင်ခါယမ်းလိုက်လေသည်။

"ရုပ်ချောတဲ့ ရှောင်ဖုံးဟာ သေဆုံးသွားပါပြီဗျာ၊ ဒါကြောင့် သူတို့ကို အကျည်းတန်တဲ့ရှောင်ဖုံးအဖြစ် အတွေ့မခံလိုတော့ပါဘူးဗျာ"

အဘိုးအိုက သူ့အားစိုက်ကြည့်လိုက်ယင်း ပြုံးပြလိုက်လေသည်။

"မင်းကရော သူတို့ကိုမေ့နိုင်လို့လား"

ရှောင်ဖုံးက ခေါင်းခါလိုက်လေသည်။

"မမေ့နိုင်ပါဘူး ခင်ဗျာ"

"ဒါဖြင့် မင်းဒီအတိုင်းဘဲ နေသွားတော့မှာလား"

အဘိုးအိုက ထပ်၍မေးလိုက်သည်။

ရှောင်ဖုံးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ အခြေအနေကတော့ ဒီလိုပဲ ဖြစ်လာတာကိုး"

အဘိုးအိုက သက်ပြင်းချလိုက်သည်။

ထိုအကျည်းတန်မျက်နှာသည် အချစ်ဆုံးချစ်သူအား စွန့်ရန်သတိပေးနေသလို ခံစားရသည်။

သူသည် ခံစားမှုမရှိတော့သည်အလား တွေတွေကြီးရပ်နေမိလေသည်။

ထိုစဉ် သူ့နောက်မှ အသံတစ်ခုထွက်ပေါ်လာလေသည်။

"ဒီမှာ သူငယ်လောကပေါ်မှာ မိန်းမတွေလောက် အလှအပကြိုက်တာမရှိတော့ဘူးကွ အခု မင်းရဲ့အကျည်းတန်တဲ့မျက်နှာကို ကြည့်ပြီး သူတို့မင်းကိုချစ်နိုင်ပါ့မလား"

ထိုအသံကြောင့် ရှောင်ဖုံးလှည့်ကြည့်လိုက်မိသည်။

သူနောက်မှရောက်ရှိလာသော သူမှာ သူ့အားမြေပုံထဲခဲ့အသက်ကယ်ခဲ့သော အဘိုးအိုပင်ဖြစ်နေလေသည်။

အဘိုးအို၏စကားကြောင့် ရှောင်ဖုံးသည် သူ၏မျက်နှာကို ယောင်ယမ်း၍ လက်ဖြင့်စမ်းသပ်ကြည့်လိုက်မိပြန်သည်။

မှန်ပါသည်။

ထိုအကျည်းတန်မျက်နှာသည် သူနှင့်သူ့ချစ်သူအား တိုင်းကြီးအဖြစ် ကာရံထားလိုက်သလို ခွဲခြားလိုက်ပြီဖြစ်သည်။

ယင်းသို့တွေးလိုက်မိသည်နှင့် ရှောင်ဖုံး၏အသည်းနှလုံးများသည် အပ်ချောင်းကလေးများဖြင့် အထိုးခံလိုက်ရသကဲ့သို့ တဆစ်ဆစ်နာကျင်မိတော့သည်။

သူသည် ခံစားချက်များအား အတတ်နိုင်ဆုံးထိန်းချုပ်ထားလိုက်ပေသည်။

ထိုစဉ် အဘိုးအိုသည် မည်သည့်စကားမျှ ဆက်လက်ပြောဆိုခြင်းမပြုတော့ဘဲ တစ်ဘက်သို့လှည့်ကာ ထွက်သွားလေသည်။

"ထားပါတော့လေ မင်းအခု ဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ"

အဘိုးအို၏ မေးခွန်းကြောင့် ရှောင်ဖုံးသည် ပျံလွှာဂိုဏ်းအား သတိရလာသည်။

ပျံလွှာဂိုဏ်းအား သတိရလာသည်။

ပျံလွှာဂိုဏ်းနှင့်ပတ်သက်၍ သူ့တွင်တာဝန်ရှိနေသည်မဟုတ်ပါလော။

"ကျွန်တော် ပျံလွှားဂိုဏ်းကို သွားရလိမ့်မယ်ထင်တယ်"

အဘိုးအိုက မျက်မှောင်ကြုတ်လိုက်ပြီး-

"ပျံလွှားဂိုဏ်းကို ဘာသွားလုပ်မှာလဲ"

မေးလိုက်သည်။

"ပျံလွှားဂိုဏ်းကို သွေးမိစ္ဆာဂိုဏ်းရဲ့ အန္တရာယ်က ကာကွယ်ပေးဖို့ပါ"

အဘိုးအိုက ပြုံးလိုက်လေသည်။

"အင်း ယခုလက်ရှိ သိုင်းပညာနဲ့သွေးမိစ္ဆာဂိုဏ်းကို ယှဉ်ပြိုင်လို့ရမယ်များထင်နေလို့လား"

အဘိုးအို၏ စကားကြောင့် ရှောင်ဖုံးသည် သက်ပြင်းရှည်ကြီးမှုတ်ထုတ်လိုက်မိသည်။

"ဟုတ်ကဲ့ ယှဉ်လို့မရမှန်းတော့ ကျွန်တော်သိပါတယ်၊ဒါပေမယ့် ဖြစ်တဲ့နည်းနဲ့တွန်းလှန်တိုက်ခိုက်မှာဘဲ"

အဘိုးအိုကကျေနပ်စွာဖြင့် သူ၏ပခုံးအားပုတ်လိုက်လေသည်။

"မင်းကို ငါသဘောကျသွားပြီ အဲဒီတော့ သွေးမိစ္ဆာဂိုဏ်း

နဲ့ယှဉ်ပြိုင်နိုင်အောင် မင်းကိုငါပညာသင်ပေးမယ်"

ရှောင်ဖုံးမှာ မယုံကြည်စွာဖြင့် အဘိုးအိုအား ငေးမောကြည့်မိသည်။

"ဦး တကယ်ပြောနေတာလား"

ရှောင်ဖုံးက မယုံကြည်နိုင်စွာဖြင့် လှမ်းမေးလိုက်သည်။

အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

"တကယ် ပြောနေတာပါကွ"

ယင်းသို့ ပြောလိုက်ပြီးနောက် အင်္ကျီအိတ်ထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူ၍ ပြလိုက်လေသည်။

"မင်းကို ဒီအပေါ်မှာရေးသားထားတဲ့ အပူအအေးသိုင်းဆိုတဲ့ သိုင်းပညာကိုသင်ပေးပါ့မယ်"

ရှောင်ဖုံးသည် အဘိုးအိုထုတ်ပြသော အရာဝတ္ထုအားတွေ့မြင်လိုက်ရသဖြင့် အံ့သြသွားလေသည်။

သူသည် မယုံကြည်နိုင်သောအကြည့်ဖြင့် ထိုအရာအားသေချာစွာ စိုက်ကြည့်လိုက်မိလေသည်။

အဘိုးအိုထုတ်ပြသော အရာဝတ္ထုမှာ အနီရောင်မယ်အိချင်းက သူထံမှလုယူသွားသော ကျောက်စိမ်းပြားပင် ဖြစ်နေသည်။

တအံ့တသြဖြစ်နေသော ရှောင်ဖုံးအားကြည့်ကာ-

အဘိုးအိုက ပြုံးပြလိုက်လေသည်။

"မင်း အံ့သြသွားမယ်ထင်တယ်"

ရှောင်ဖုံးက ထစ်ထစ်ငေါ့ငေါ့ဖြင့်

"ဟုတ်ကဲ့"

အဘိုးအိုက သူ့အား ကြင်နာစွာ လှမ်းကြည့်လိုက်သည်။

ရှောင်ဖုံးက ဘာတစ်ခုမျှနားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။

ရှောင်ဖုံးကို ကြည့်ကာ အဘိုးအိုက

"ငါဘယ်သူလဲဆိုတာရော မင်းသိသလား"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်၏။

"မသိပါဘူး"

အဘိုးအိုက ပြုံးလိုက်လေသည်။

"ငါဘယ်သူလဲဆိုတာ မင်းမသိချင်ဘူးလား"

အဘိုးအိုက ထပ်မံမေးလိုက်ပြန်သည်။

ရှောင်ဖုံးမှာပို၍ စိတ်ဝင်စားလာသည်။

စင်စစ်လိုဏ်ဂူထဲရောက်သည့်နေ့ကပင် သိချင်နေခဲ့သည်။

သို့သော် မမေးရဲ၍ မမေးဘဲ နေလိုက်ရသည်။

ယခု အဘိုးအိုက ပြောပြတော့မည်ဆို၍ သူစိတ်ဝင်စားလာသည်။

ထို့ကြောင့် ခေါင်းညိတ်ပြလိုက်သည်။

"သိုင်းလောကမှာ ယင်းဘီလူးနဲ့တစ်ချန်တည်း နာမည်ကြီးလာတဲ့ ဆဲဖြူရသေ့ကို မင်းကြားဘူးသလား"

အဘိုးအို၏စကားကြောင့် ရှောင်ဖုံးသည် အံ့သြသင့်စွာကြည့်လိုက်မိလေသည်။

"ဒါဖြင့် ဦးက"

အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ် ကျုပ်က ဆဲဖြူရသေ့ပါ"

ရှောင်ဖုံးပို၍ အံ့သြသွားလေသည်။

"ဒါဖြင့် အိချင်းက"

ရှောင်ဖုံးသည် ကျောက်စိမ်းပြားလုယူသွားသည့် အနီရောင်ဝတ်မိန်းကလေးကို ရည်ညွှန်း၍ ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ပါတယ် သူကငါ့တပည့်ပေါ့"

ရှောင်ဖုံးက မျက်မှောင်ကြုတ်သွားသည်။

"ဦးကဘာဖြစ်လို့ ကျွန်တော့်ဆီက ကျောက်စိမ်းပြားကို လုခိုင်းရတာလဲ"

အဘိုးအိုက သူ့အားလှမ်းကြည့်လိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"အင်း ရှင်းပြရတော့မှာပေါ့ကွာ ဒီလိုပါ မင်းရဲ့လက်ရှိသိုင်းပညာအဆင့်နဲ့ ဒီကျောက်စိမ်းပြားကို သွားလေရာယူသွားရင် သိုင်းလောကကလူတွေဟာ မင်းဆီကိုအဆက်မပြတ်လာပြီး လုယူဖို့ကြိုးစားမှာပဲကွ"

"အဲဒီစော့ မင်းရဲ့အသက်အန္တရာယ်ဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ စဉ်းစားကြည့်ပေတော့"

အဘိုးအိုက ရှင်းပြလိုက်လေသည်။

အဘိုးအို၏စကားကို ကြားလိုက်ရသောအခါ ရှောင်ဖုံးသည် အနည်းငယ် ကျောချမ်းသွားမိသည်။

သူသည် အဘိုးအို၏စေတနာကို ကောင်းစွာနားလည်လိုက်လေသည်။

ရှောင်ဖုံးက

"ဦးကဘာဖြစ်လို့ ကျုပ်အပေါ် စေတနာထားရတာလဲ"

ဟုမေးလိုက်လေသည်။

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးမှ

"အင်း အခုမှတော့ မင်းကိုငါပြောပြရတော့မှာပေါ့လေ"

ရှောင်ဖုံးမှာ အဘိုးအို၏စကားကြောင့် စိတ်ဝင်စားသွားလေသည်။

အဘိုးအိုက စကားဆက်လိုက်၏။

"အင်း မင်းနားလည်အောင် ပြောရရင်အရှည်ကြီးကွ ဒီလိုပါ ငါရယ် မင်းဆရာဝေးတစ္ဆေရယ် မင်းအမေချွေဝါးရယ် အဲဒီသုံးယောက်ဟာ သူငယ်ချင်းတွေပဲ၊ မင်းအဖေဟာ မင်းတို့သားအမိကို စွန့်လွှတ်သွားတဲ့သတင်းကိုကြားကထဲက ငါတို့စိတ်မကောင်းဖြစ်မိတယ်၊ ဒါကြောင့် မင်းတို့သားအမိကိုကူညီဖို့ ငါတို့ရောက်လာကြတယ်၊ ရောက်လာတော့မင်းရဲ့အမေဆုံးသွားပြီ ငါတို့မတွေ့လိုက်ရတော့ဘူး၊ ဒါပေမယ့်သူ့မှာ သားတစ်ယောက်ကျန်ခဲ့တယ်လို့ ငါတို့ကြားခဲ့တယ်၊ ကြားလို့ ငါကလိုက်ရှာပါသေးတယ် ဒါပေမယ့် လုံးဝရှာမတွေ့ဘူး"

ရှောင်ဖုံးသည် အဘိုးအို၏ စကားကိုကြားလိုက်ရသောအခါ၌ မိမိ၏မိခင်အား မြင်ရောင်လာမိလေသည်။

မိခင်၏အကြောင်းကို တွေးမိသည့်အခါတိုင်း သူ့ရင်ထဲ၌ ဖခင်ဖြစ်သူအား အလွန်မုန်းတီးသောစိတ်များ ပေါ်ပေါက်လာလေသည်။

အဘိုးအိုက စကားဆက်လိုက်သည်။

"ဒီလိုနဲ့ လုံးလုံးစိတ်လျှော့လိုက်တော့မှ မမျှော်လင့်ဘဲမင်းရဲ့အကြောင်းကို ကြားခဲ့ရတော့တာပါပဲ၊ ဒါကြောင့်ငါ့တပည့်မအိမ်

ချင်းကို မင်းကိုခေါ်စမ်းဖို့ စေလွှတ်လိုက်တာပါ"

ရှောင်ဖုံးသည် ယခုမှ အနီရောင်မယ်အိုချင်းက မိမိအကြောင်းများကို ဤမျှဂဃနာသိနေရသည့် အကြောင်းရင်းကို သိရှိရတော့သည်။ သူသည်သက်ပြင်းရှည် တစ်ချက်ချလိုက်ပြီး အဘိုးအို၏ရှေ့၌ ဒူးထောက်ထိုင်ချ လိုက်လေသည်။

"ဦးရဲ့စေတနာကိုကျွန်တော်လေးစားပါတယ်၊ကျွန်တော့်ကို တပည့်ရင်းတစ်ယောက်အနေနဲ့ လက်ခံပါဗျာ"

အဘိုးအိုက ပြုံးလိုက်သည်။

ပြီးနောက် ရှောင်ဖုံး၏ပခုံးကိုကြင်နာစွာဆုပ်ကိုင်လိုက်၏။

"ကဲ ရှောင်ဖုံး အခုအချိန်ကစပြီး မင်းကိုသိုင်းလောကမှာပြိုင်ဘက်ကင်းတဲ့ အပူအအေးသိုင်းကိုသင်ပေးမယ် ငါ့နောက်ကိုလိုက်ခဲ့ပေတော့"

အဘိုးအိုကပြောကာ အတွင်းဘက်သို့ လျှောက်သွားလေသည်။

ရှောင်ဖုံးမှာလည်း ဝမ်းသာအားရဖြင့် အဘိုးအိုနောက်သို့ လိုက်ပါသွားလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

ဆရာတပည့်

အုတ်ဂူ၏အတွင်းဘက်မှာ ထင်မှတ်သည်ထက် ပိုမိုကျယ်ဝန်းလှပေသည်။

အုတ်ဂူ၏အနောက်ဘက်တွင် အခန်းနှစ်ခန်းဖွဲ့ထား၏။

အဘိုးအိုက ရှောင်ဖုံးအား ယာဘက်အခန်းထဲသို့ခေါ်ဆောင်သွားလေသည်။

ယင်းအခန်းတွင် မည်သည့်အရာမျှမရှိပါ။

အိုးတစ်လုံးနှင့်မီးဖိုတစ်ခုသာ တွေ့ရသည်။

ယင်းအိုးတစ်လုံးမှာ ကြေးအိုးတစ်လုံးပင်ဖြစ်သည်။

ကြေးအိုး၏အနီးတွင် ရှည်လျားလှသော စားပွဲတစ်လုံးရှိသည်။

စားပွဲပေါ်၌ ဆေးပင်များ ဆေးမြစ်များ အစီအရီချထားသည်ကိုတွေ့ရလေသည်။

ထို့အပြင်

အမည်မသိသော ပိုးကောင်ငယ်များကိုလည်း တွေ့ရှိရ

လေသည်။

ယင်းပိုးကောင်ငယ်များသည် ဟင်းရွက်ပိုးကဲ့သို့ရှည်မျောမျောဖြစ်သည်။

အရွယ်အစားမှာ နှစ်လက်မခန့် ရှိမည်ဟုခန့်မှန်းရသည်။

ပိုးကောင်၏တစ်ကိုယ်လုံးမှာ တိုးလျှိုပေါက်မြင့်နေရသည့်အလား ကြည်လင်နေ၏။

ရှောင်ဖုံးသည် ထိုအရာများကိုစိတ်ဝင်စားစွာ ကြည့်နေစဉ်မှာပင်အဘိုးအိုသည် ကြေးအိုးအား မီးဖိုပေါ်သို့တင်လိုက်သည်။

ထို့နောက် ဆေးဝါးများအား ချိန်တွယ်၍ အိုးထဲသို့ထည့်လိုက်ပြန်သည်။

ယင်းသို့စီမံပြီးသည့်အခါ အဘိုးအိုသည် မီးမွှေးလိုက်သည်။

တစ်ခဏအကြာ၌ မီးတောက်လာသည်။

မီးတောက်လာသည်နှင့် မီးဖိုပေါ်အိုးတင်လိုက်ပြီး ဆေးဝါးပင်များကို ကျိုချက်နေလေသည်။

ရှောင်ဖုံးသည် အဘိုးအိုလုပ်ပုံကိုင်ပုံကို လုံးဝနားမလည်နိုင်ဘဲ ကြောင်အမ်းအမ်းဖြင့် စိုက်ကြည့်နေမိသည်။

အိုးအတွင်းမှ ဆူပွက်သံများ ထွက်ပေါ်လာသည်ကိုကြားလိုက်ရသည်။

အဘိုးအိုက ကြေးအိုးအား မီးဖိုမှချလိုက်သည်။

အတန်ကြာ အအေးခံပြီးသော် စားပွဲပေါ်မှပိုးကောင်ကလေးများအား အိုးထဲသို့ပစ်ထည့်လိုက်လေသည်။

ရှောင်ဖုံးက မျက်မှောင်ကုပ်သွားသည်။

ထိုသို့ပြုလုပ်လိုက်လျှင် ပိုးကောင်ငယ်များ သေဆုံးသွား
လိမ့်မည်ဟု ရှောင်ဖုံးကထင်မှတ်မိသည်။

သို့သော်

အချိန်အတန်ကြာသည့်တိုင် ထိုပိုးကောင်များမှာ သေ
သွားခြင်းမရှိဘဲ ဆေးပင်ဆေးမြစ်များကျိုထားသောအရည်ထဲ
ကူးခတ်နေသည်ကို တွေ့ရလေသည်။

ရှောင်ဖုံး အံ့သြသွားသည်။

ဤမျှပူလောင်သော ဆေးရည်ထဲ၌ ပိုးကောင်ငယ်များ
မသေမပျောက်ဘဲ ကူးခတ်နေနိုင်သည်မှာ အံ့သြဖွယ်ရာမဟုတ်
ပါလော။

အတန်ကြာသွားတော့မှ အဘိုးအိုက ယင်းပိုးကောင်ငယ်
များကို ဆယ်ယူလိုက်လေသည်။

ထိုသို့ဆယ်ယူလိုက်သည်နှင့် အခန်းတစ်ခုလုံး အေးစက်
သွားသည်ဟု ရှောင်ဖုံးထင်လိုက်မိသည်။

ထိုစဉ် အဘိုးအိုသည် သူ့အနီးသို့ရောက်လာပြီး ပခုံးအား
အသာအယာ ပုတ်လိုက်လေသည်။

"ကဲ အခုအချိန်ကစပြီး မင်းရဲ့ဘယ်လက်ကို ကြေးအိုး
ထည့်စိမ်လိုက်ပေတော့"

ရှောင်ဖုံးက

"ဟုတ်ကဲ့"

ခေါင်းညိတ်ပြကာ အဘိုးအိုပြောသည့်အတိုင်း ဘယ်အ
လက်အား ကြေးအိုးထဲသို့ ထည့်စိမ်ထားလိုက်၏။

ထိုအခါ ကြေးအိုးထဲလက်နှိုက်မိသည်နှင့် သူ၏တစ်ကိုယ်

လုံးမှာ ရေခဲရေအစိမ်ခံလိုက်ရသကဲ့သို့ ရုတ်ချည်းအေးစိမ့်သွား
လေသည်။

ရှောင်ဖုံးသည် လွန်ကဲသောအအေးဒဏ်ကြောင့် ကြက်သီး
မွေးညှင်းများပင်ထသွားသည်။

အဘိုးအိုက သူ့အားသတိပေးလိုက်သည်။

"မင်းလက်ကတစ်ဆင့် တစ်ကိုယ်လုံးအေးစိမ့်လာလိမ့်
မယ်၊ ဒါပေမယ့် မင်းကြွေကြွေခံနိုင်ဖို့ အရေးကြီးတယ်"

အဘိုးအိုက ထိုသို့သတိပေးနေစဉ်မှာပင် အအေးဓာတ်
သည်သူ၏ လက်ဖျားမှတစ်ဆင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွား
လေသည်။

အအေးဓာတ်သည် တစ်ကိုယ်လုံးသို့ လှည့်ပတ်သွားလေ
သည်။

အေးလွန်းသောကြောင့် ရုတ်တရက် သူ့အသားမှာ ပြာ
နှမ်းလာသည်။

မကြာမီ တစ်ကိုယ်လုံး ထုံကျင်ကိုက်ခဲလာတော့သည်။

ရှောင်ဖုံးသည်အံကို တင်းတင်းကြိတ်ရင်း တောင့်ခံထား
လိုက်သည်။

သို့သော် ယင်းသို့တောင့်ခံထားသည့်ကြားမှ တစ်ချက်
တစ်ချက် သတိလစ်မတတ် ဖြစ်ခဲ့ရသည်။

တစ်ခါတစ်ခါတွင် အံကြိတ်၍မရအောင် မေးရိုးခိုက်ခိုက်
တုန်လာသည်။ သူသည် အိုးထဲထည့်စိမ်ထားသော လက်ကိုရုပ်
သိမ်းပစ်ရန်အထိပင် စိတ်ကူးမိသည်။

အချိန်များစွာ ကုန်သွားသည်။

ရောင်ဖုံးအနေဖြင့် နှစ်ပေါင်းများစွာ ကြာမြင့်သည်ဟုထင်မှတ်မိသည်။

အအေးဓာတ်သည် ရိုးတွင်းချဉ်ဆီအထိ စိမ့်ဝင်နေလေသည်။

အအေးဒဏ်ကြောင့် မေးရိုးချင်းရိုက်ခတ်နေသည်၊ ဒူးများက တဆတ်ဆတ်တုန်လှုပ်သည်။

အသားအရေများ ပို၍ဖြူလာသည်။

လွန်စွာအနေရခက်သော ဝေဒနာသည် သူ့အား နှိပ်စက်ညှင်းပန်းနေလေသည်။

နောက်ထပ်အချိန်များ ကုန်လွန်သွားသည်။

အဘိုးအိုသည် ရောင်ဖုံးရှေ့သို့ ရောက်လာသည်။

အဘိုးအိုသည် ရောင်ဖုံး၏အခြေအနေကို သေချာစွာစိုက်ကြည့်လိုက်သည်။

ထိုအခါ ယခုအချိန်အထိ ရောင်ဖုံးသည် အအေးဒဏ်ကြောင့် ကြိတ်မိုတ်၍ကြွက်ခဲနေနိုင်သည်ကို တွေ့မြင်လိုက်ရလေသည်။

အဘိုးအိုက ကျေနပ်စွာဖြင့် တစ်ချက်ပြုံးလိုက်သည်။

"ကဲ ရောင်ဖုံး မင်းရဲ့စိတ်ကိုလွှတ်ထားလိုက် မင်းရဲ့အာရုံကို သွေးကြောလည်ပတ်တဲ့နေရာရောက်အောင် ဂရုစိုက်ပြီးတော့ မင်းလက်ဖျားကတစ်ဆင့် ဝင်လာတဲ့အအေးဒဏ်ကို သွေးကြောနဲ့စနစ်တကျဝင်ရောက်လည်ပတ်နိုင်အောင်လုပ်ပေး၊ အအေးဓာတ်ကို မင်းရဲ့ခန္ဓာကိုယ်ထဲမှာ တပတ်လည်သွားရင် ချီတင်းအကြောနေရာမှာ စုစည်းထားလိုက်ပါ"

ရောင်ဖုံးသည် အဘိုးအိုမှာကြားသည့်အတိုင်း သွေးကြော

အတိုင်း ခန္ဓာကိုယ်တစ်ပတ်လုံးလည်ပတ်စေပြီး လက်ချောင်းမှတစ်ဆင့် ဝင်လာသောအအေးကို ဆွဲခေါ်သွားလေသည်။

အအေးငွေ့တစ်ခုသည် သူ၏လက်ချောင်းမှတစ်ဆင့် သွေးကြောအတိုင်းလည်ပတ် သွားလာသည်ကို ခံစားလိုက်ရသည်။

ထို့နောက် သူသည် ဝင်ရောက်လာသော အအေးဓာတ်ကို ချီတင်းနေရာ၌ စုစည်းထားလိုက်လေသည်။

အဘိုးအိုက သူ၏မျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

"အအေးဓာတ်က ချီတင်းနေရာကိုရောက်သွားပြီ မဟုတ်လား"

ရောင်ဖုံးက စကားမပြောနိုင်ဘဲ ခေါင်းညိတ်ပြလိုက်လေသည်။

အဘိုးအိုက ဝမ်းသာသွားသည်။

"ကဲ ဒါဖြင့်မင်းလက်ကို ထုတ်လိုက်ပေတော့"

ရောင်ဖုံးသည် ကြေးအိုးထဲနှစ်ထားသောလက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ထိုအခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံးသည် အေးစိမ့်လွန်းသည့်ဒဏ်ကို လုံးဝမခံစားရဘဲ ပကတိကောင်းမွန်သွားသည်ကို တွေ့မြင်ရလေသည်။

ရောင်ဖုံးမှာ ယခုမှသက်ပြင်းချနိုင်လေတော့၏။

အဘိုးအိုက ရောင်ဖုံးအားကြည့်ကာ လေပူတစ်ချက်မှုတ်ထုတ်လိုက်ပြီး

"အင်း ဒီပညာကိုမင်းရထိုက်လို့ အခုလိုအခက်အခဲမရှိဘဲရလိုက်တာ ဝမ်းသာစရာပါပဲ ကဲ ကနေ့တော့အနားယူလိုက်

အုံး၊ နောက်ထပ်တစ်ပတ်လောက် လေ့ကျင့်လိုက်ရင်တော့ အအေးသိုင်းကို မင်းပိုင်ပိုင်နိုင်နိုင် အသုံးချလို့ရတဲ့အထိ တတ်မြောက်သွားလိမ့်မယ်"

ပြောလိုက်လေ၏။

ရှောင်ဖုံးမှာ အဘိုးအို၏စကားကို ကြားလိုက်၍ ဝမ်းသာသွားလေသည်။

သူသည် အဘိုးအိုအားဦးညွှတ်ကာ

"အခုလို အဆင့်မြင့်တဲ့ သိုင်းပညာကိုသင်ကြားပေးတဲ့အတွက် ဆရာ့ကိုကျေးဇူးတင်ပါတယ်ခင်ဗျာ"

ပြောလိုက်လေသည်။

အဘိုးအို၏မျက်နှာတည်သွားလေသည်။

"မင်း ငါ့ကိုဆရာလို့မခေါ်နဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

ရှောင်ဖုံးက စကားထစ်ထစ်ငေါ့ငေါ့ဖြင့်

"ကျွန် ကျွန်တော်မေ့သွားလို့ပါ"

ပြောလိုက်၏။

အဘိုးအိုက

"ကဲ မင်းလဲပင်ပန်းလှပြီ အနားသွားယူတော့"

ပြောလိုက်၏။

ရှောင်ဖုံးကဦးညွှတ်ကာ

"ဟုတ်ကဲ့"

ပြောပြီး ထိုနေရာမှ ထွက်သွားလေသည်။

အချိန်များသည် ကုန်ဆုံးမှန်းမသိဘဲ ကုန်ဆုံးသွားလေသည်။

အချိန်ကုန်ခဲလှသည်ဟု ထင်နေမိသော ရှောင်ဖုံးသည်ယခုခေါ်ခဲ့မည်သို့မည်ပုံ အချိန်ကုန်ဆုံးသွားသည်ကိုပင် မသိတော့ပေ။

ယင်းသို့ဖြင့် ဆယ်ရက်ခန့်ကြာသော်

အဘိုးအိုသည် ရှောင်ဖုံးအားဝဲဘက်အခန်းသို့ ခေါ်ဆောင်သွားလေသည်။

ယင်းအခန်းထဲ၌ အိုးတစ်လုံးနှင့် မီးဖိုတစ်လုံးအားတွေ့လိုက်ရပြန်သည်။

အဘိုးအိုက ဆေးမြစ်နှင့်ဆေးဝါးများကို အရည်ကြိုပြီး

"ကဲ ရှောင်ဖုံး ဒီကိုလာခဲ့"

ခေါ်လိုက်လေသည်။

ရှောင်ဖုံးက ရှေ့တိုးလာပြီး

"ပြောပါဦး"

အဘိုးအိုကပြောလိုက်သည်။

"မင်းရဲ့လက်ဝါးနှစ်ဖက်ကိုဖြန့်စမ်း"

ရှောင်ဖုံး ကြောင်အမ်းအမ်းဖြစ်သွား၏။

ပြီးနောက် အဘိုးအိုပြောသည့်အတိုင်း လက်ဝါးနှစ်ဘက်ကိုဖြန့်လိုက်၏။

အဘိုးအိုက ရှောင်ဖုံး၏လက်ဝါးနှစ်ဘက်အား မဲနက်သောအဆီတစ်မျိုးဖြင့် သုတ်လိမ်းပေးလိုက်လေသည်။

ထို့နောက်

"ကဲ မင်းလက်နှစ်ဘက်ကို ကြေးအိုးထဲထည့်စိမ်လိုက်"

ရှောင်ဖုံးအား ကြေးအိုးထဲသို့ လက်ဝါးစိမ်ထားရန် စေခိုင်းလိုက်လေသည်။

ပထမတွင် မည်သို့မျှမဖြစ်ပါချေ။

သို့သော် တစ်စနှင့်တစ်စ ပူလောင်လာသည်ဟု ခံစားလိုက်ရသည်။

ထမင်းတစ်အိုးချက်ခန့် ကြာသွားသောအခါတွင် ရှောင်ဖုး၏ခန္ဓာကိုယ်တစ်ခုလုံးသည် ချွေးများဖြင့်ရွှဲနစ်လာလေသည်။

နှုတ်ခမ်းများမှာလည်း ခြောက်ကပ်လာလေသည်။

တစ်ကိုယ်လုံးရှိ သွေးကြောများသည်လည်း လျှင်မြန်စွာ လည်ပတ်စီးဆင်းလာလေသည်။

အပူဒဏ်ကြောင့် ခေါင်းပေါ်ရှိဆံပင်မွှေးများပင် ထောင်ထလာသယောင် ထင်မှတ်မိရလေသည်။

ထို့ပြင် တစ်ကိုယ်လုံးရှိချွေးများသည် အပူရှိန်ပြင်းထန်သောကြောင့် အငွေ့ပြန်ကာ မီးခိုးလုံးများသဖွယ် ရစ်သိုင်းနေကြလေသည်။

ချစ်ချစ်တောက်ပူလောင်လာမှုကြောင့် ရှောင်ဖုး၏ခန္ဓာကိုယ်တစ်ခုလုံးမှာ စပ်ဖြင်းဖြင်းဖြစ်လာသည်။

အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသည့် ဝေဒနာကို အံကြိတ်ကာတင်းခံရင်း အာရုံကိုစုစည်းလိုက်သည်။

အခန်းတစ်ခုလုံးသည် မီးမြို့ကြီးခံနေရသကဲ့သို့ ပူးရှစွာပင် ပူလောင်နေလေတော့သည်။

ထိုအချိန်တွင်အဘိုးအိုသည်သူ့ရှေ့သို့ထပ်မံရောက်လာသည်။

"ကဲ အခုအချိန်ကစပြီး အအေးသိုင်းကို လေ့ကျင့်ခဲ့တဲ့အတိုင်း သွေးကြောကို ဖြည်းဖြည်းနဲ့မှန်မှန် လည်အောင်လုပ်လိုက်" မှာကြားလိုက်လေသည်။

ရှောင်ဖုးကလည်း မှာကြားသည့်အတိုင်းပင် ပြုလုပ်လိုက်လေသည်။

အဘိုးအိုက

"အဲ ဟုတ်ပြီ လက်ဖျားကဝင်လာတဲ့ အပူလိုင်းတွေကို သွေးကြောနဲ့တသားတည်းစီးဆင်းနိုင်အောင် ဆွဲယူလိုက် ဟုတ်ပြီ ရပြီလား ရရင် အဲဒီအပူလိုင်းတွေကို ချီတင်းနေရာမှာ စုစည်းပေးလိုက်"

အဘိုးအိုက ရှောင်ဖုးအား မျက်တောင်မခတ်စိုက်ကြည့်ရင်း တစ်ခွန်းချင်းညွှန်ကြားလိုက်လေသည်။

ရှောင်ဖုးသည် ပြင်းထန်လှသောအပူဒဏ်ကို ကြိတ်မှိတ်ခံစားလျက် ညွှန်ကြားချက်အတိုင်း တသွေမတိမ်း လိုက်နာလုပ်ဆောင်ခဲ့လေသည်။

မီးတောက်မတတ်ပူလောင်လှသောအပူရှိန်ကြောင့် အခန်းတွင်းရှိရေငွေ့များသည် အငွေ့ပျံကာ မီးခိုးလုံးများသဖွယ်အူတက်၍ နေလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

သိုင်းပညာရှင်

အချိန်သည် တရွေ့ရွေ့ကုန်လွန်သွားပြီ ဖြစ်လေသည်။

ရာသီဥတုသည် တစ်မျိုးတစ်ဖုံ ပြောင်းသွားပြီဖြစ်သည်။

ရှောင်ဖုံးသည် နေ့စဉ်နှင့်အမျှ အပူသိုင်းနှင့်အအေးသိုင်းကို တလှည့်စီ လေ့ကျင့်ခဲ့ရာ သုံးလတင်းတင်းပြည့်သွားပြီဖြစ်သည်။

ယင်းသို့ဖြင့် သာမာန်လူတစ်ယောက် သင်ကြားနိုင်ရန်ခဲယဉ်းသော အပူအအေးသိုင်းပညာကို အောင်မြင်စွာလေ့ကျင့်နိုင်ခဲ့လေတော့သည်။

အဘိုးအိုသည် ရရှိထားသော အအေးသိုင်းနှင့်အပူသိုင်းတို့အား မည်ကဲ့သို့အသုံးချရမည်ကို သင်ကြားပေးလိုက်ပြန်လေသည်။

ရှောင်ဖုံးသည် ဇွဲရှိရှိဖြင့်ကြိုးစားအားထုတ်ခဲ့သောကြောင့် အပူသိုင်းနှင့်အအေးသိုင်းအား ကျွမ်းကျင်စွာအသုံးချနိုင်သည်အထိ တတ်မြောက်ခဲ့လေတော့သည်။

နွေ
မိုး
ဆောင်း
ရာသီအလိုလိုပြောင်းလဲခဲ့ပြီဖြစ်သည်။

နွေရာသီသို့ပင် ရောက်ရှိခဲ့ပြီဖြစ်သည်။

နှင်းခဲများသည်လည်း အရည်ပျော်ကုန်ကြပြီဖြစ်သည်။

သစ်ပင်ပန်းပင်များမှ အဖူးအမွှင့်များသည်လည်း ဝေဆာစွာပွင့်လန်းလာကြပြီဖြစ်သည်။

နွေရာသီဖြစ်သည့်အားလျော်စွာ ကောင်းကင်ပြာကြီးသည် ကြည်လင်နေပြီး တစ်လောကလုံးသာယာလှပနေသည်။

ရှောင်ဖုံးသည် လေ့ကျင့်နေကျသိုင်းပညာများကို စဉ်ဆက်မပြတ် လေ့ကျင့်နေရင်း သူ့အားအပူအအေးသိုင်းပညာကို သင်ကြားပေးသည့် အဘိုးအိုအကြောင်းကို တွေးတောစဉ်းစားနေမိလေသည်။

စင်စစ် အပူအအေးသိုင်းပညာသည် သိုင်းလောကသားများ အာသာငမ်းငမ်းတက်လိုချင်နေကြသော အဆင့်မြင့်သိုင်းပညာတစ်ရပ်ဖြစ်သည်။

အပူအအေးသိုင်းပညာကိုသာရရှိခဲ့လျှင် သိုင်းလောကၭ ပြိုင်ဘက်ကင်းစွာရပ်တည်နိုင်မည် ဖြစ်သည်။

သို့ပါလျက် အဘိုးအိုသည် သူကိုယ်တိုင်လေ့ကျင့်ခြင်းမရှိဘဲ မိမိအား စနစ်တကျသင်ကြားပေးနေသည်မှာ အံ့သြစရာဖြစ်နေသည်။

အဘိုးအိုသည် အပူအအေးသိုင်းပညာကို မိမိကိုယ်တိုင်ရ

ယူခြင်းမရှိဘဲ အဘယ်ကြောင့် သူတစ်ပါးအား လိုလိုလားလားသင်ကြားပေးခဲ့ရပါသနည်း။

ရှောင်ဖုံးမှာ မတွေးတတ်အောင်ဖြစ်နေသည်။

အချိန်မည်မျှကုန်ဆုံးသွားမှန်းမသိ။

ရှောင်ဖုံးမှာ အတွေးနယ်ကျွံနေသည်။

ထိုစဉ်

"သိုင်းပညာလေ့ကျင့်တဲ့နေရာမှာ အာရုံမထွေပြားရဘူးကွ" ရုတ်တရက် ထွက်ပေါ်လာသောစကားသံကြောင့် ရှောင်ဖုံးသည် သိုင်းပညာလေ့ကျင့်နေရာမှ ရပ်တန့်လိုက်သည်။

ပြီးနောက် အသံလာရာသို့လှမ်းကြည့်လိုက်လေသည်။

ရှောင်ဖုံးက အဘိုးအိုအား ဦးညွှတ်၍အရိုအသေပေးလိုက်သည်။

အဘိုးအိုက သူ့အားတစ်ချက်စိုက်ကြည့်လိုက်ပြီး

"မင်းဘာတွေ တွေးနေတာလဲ သိုင်းလေ့ကျင့်တာစိတ်မပါသလိုဘဲ"

မေးလိုက်လေသည်။

ရှောင်ဖုံးက ခေါင်းငုံ့ထားလိုက်လေသည်။

"ကျွန်တော် ဦးရဲ့အကြောင်းကို တွေးနေလို့ပါ"

ပြောလိုက်လေသည်။

အဘိုးအိုက အံ့သြစွာဖြင့်

"ဘာ ငါ့အကြောင်းတွေးနေတာ ဟုတ်လား"

ပြောလိုက်လေသည်။

ရှောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

အဘိုးအိုက သက်ပြင်းချလိုက်ပြီး

"မင်းကို ငါ့အကြောင်းတွေပြောပြပြီးပြီပဲ၊ ဘာလဲ မင်းက ငါ့ကိုမယုံလို့လား"

ရှောင်ဖုံး ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး ခင်ဗျာ"

"ဒါဖြင့်"

ရှောင်ဖုံးက ထစ်ထစ်ငေါ့ငေါ့ဖြင့်

"ဒီလိုပါခင်ဗျာ အခုကျွန်တော်လေ့ကျင့်နေတဲ့ အပူအအေးသိုင်းဟာ သိုင်းလောကမှာပြိုင်ဘက်ကင်းပါတယ်၊ ဒါပေမယ့် ဦးကကျွန်တော့်ကို သင်ပေးပြီး ဦးကျတော့ဘာလို့ မလေ့ကျင့်တာလဲဆိုတာ တွေးနေမိလို့ပါ"

ရှင်းပြလိုက်လေသည်။

ရှောင်ဖုံး၏စကားကြောင့် အဘိုးအိုကပြုံးလိုက်သည်။

"အင်း မေးမယ်ဆိုရင်လဲ မေးစရာပါပဲလေ၊ ဒါကဒီလိုရှိတယ်ကွ အပူအအေးသိုင်းပညာဟာ ငါတို့လိုအရွယ်နဲ့ လေ့ကျင့်ရင် အန္တရာယ်များလွန်းတယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်လောက်က ဗေဒါဂိုဏ်းချုပ်ဟာ ဒီသိုင်းပညာကို လေ့ကျင့်ရင်း အသက်ပါသွားခဲ့တယ်ကွ"

အဘိုးအိုက ရှောင်ဖုံးအားတစ်ချက်လှမ်းကြည့်လိုက်သည်။

ရှောင်ဖုံက စိတ်ဝင်တစားနှင့် နားထောင်နေသည်ကိုတွေ့ရ၏။

ပြီးမှ စကားဆက်လိုက်လေသည်။

"တကယ်လို့ ငါ့အနေနဲ့ လေ့ကျင့်နိုင်ခဲ့လို့ ဒီသိုင်းပညာကို တတ်မြောက်တယ်ထားဦး၊ ငါ့အသက်ကခြောက်ဆယ်ကျော်ပြီး သိုင်းလောကအကျိုး လူ့လောကအကျိုးကို ငါဘယ်လောက်များ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တော့မှာလဲ၊ ဒါကြောင့် ငါကမင်းလိုလူငယ်တစ်ယောက်ကို လေ့ကျင့်ပျိုးထောင်ပေးလိုက်တာပဲ"

အဘိုးအိုက စိတ်ရှည်လက်ရှည် ရှင်းပြလိုက်လေသည်။

ရှောင်ဖုံးသည် အမြော်အမြင်ကြီးမားလှသော အဘိုးအို၏ စေတနာကို ကောင်းစွာ သဘောပေါက်နားလည်သွားတော့သည်။

အဘိုးအိုက ရှောင်ဖုံးအား တစ်ချက်စိုက်ကြည့်လိုက်သည်။

"ကဲ ဒါတွေထားလိုက်ဦး၊ မင်းကိုငါ အရေးကြီးတဲ့စကားကို ပြောရဦးမယ်"

ရှောင်ဖုံး မျက်မှောင်ကြုပ်လိုက်သည်။

"ဘာသတင်းလဲ ဦး"

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်သည်။

ပြီးမှ

"ပျံလွှားဂိုဏ်းက သွေးမိစ္ဆာဂိုဏ်းကို သစ္စာမခံတဲ့အတွက် သွေးမိစ္ဆာဂိုဏ်းရဲ့ဂိုဏ်းချုပ်ကိုယ်တိုင် ပျံလွှားဂိုဏ်းကို တိုက်ခိုက်ဖို့ချီတက်လာတယ်ဆိုတဲ့ သတင်းပဲ"

ပြောလိုက်လေသည်။

အဘိုးအို၏ စကားကြောင့် ရှောင်ဖုံးသည် အထိတ်တလန့်ဖြစ်သွားမိသည်။

ပျံလွှားဂိုဏ်းအတွက်လည်း များစွာစိုးရိမ်ပူပန်သွားမိသည်။

"ဒါနဲ့ ဦး သွေးမိစ္ဆာဂိုဏ်းက ဘာဖြစ်လို့ သိုင်းလောက

တစ်ခုလုံးကို ချုပ်ကိုင်ဖို့ကြိုးစားနေရတာလဲ"

မေးလိုက်လေသည်။

အဘိုးအိုက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"သွေးမိစ္ဆာဂိုဏ်းဆိုတာ တိုင်းတစ်ပါးသားတွေရဲ့လက်ကိုင်တုတ်ပဲကွ၊ သွေးမိစ္ဆာဂိုဏ်းချုပ်ကသာ သိုင်းလောကကို ချုပ်ကိုင်သွားနိုင်မယ်ဆိုရင် တို့တိုင်းပြည်ကိုကျူးကျော်စော်ကားဖို့အတွက် တိုင်းတစ်ပါးသားတွေမှာ သိပ်ပြီးအခက်အခဲရှိမှာ မဟုတ်ဘူး၊ ဒါကြောင့် သွေးမိစ္ဆာဂိုဏ်းက သိုင်းလောကထဲဝင်ပြီး နည်းအမျိုးမျိုးနဲ့ သိမ်းသွင်းနေခဲ့တာပေါ့"

ရှောင်ဖုံး အံတင်းတင်းကြိတ်လိုက်မိသည်။

"တောက်"

တက်တစ်ချက်ခေါက်လိုက်သည်။

စကောလောက်မှ ဇောက်မနက်သော အသားထဲကလောက်ထွက်သည့် သွေးမိစ္ဆာဂိုဏ်းအား နောက်ဆုံးထွက်သက်အထိ ရင်ဆိုင်တိုက်ခိုက်မည်ဟု ရှောင်ဖုံးဆုံးဖြတ်လိုက်လေသည်။

"ဒီလိုဆို ပျံလွှားတောင်ကို ကျွန်တော်အမြန်ဆုံးသွားမှဖြစ်မယ် ဦး"

အဘိုးအိုက သက်ပြင်းချကာ

"အင်း မင်းတစ်ရက် နှစ်ရက်လောက်အနားယူပြီးမှ ပျံလွှားတောင်ကို သွားပေါ့ကွာ"

ရှောင်ဖုံးက အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ ဦး"

ထို့နောက် ထိုနေရာမှထွက်ခွာသွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

တစ်ရက် ...
နှစ်ရက် ...
သုံးရက် ...
အချိန်မည်သို့ကုန်ဆုံးသွားမှန်း မသိပါချေ။
ရောင်ဖုံးမှာ ပျံလွှားတောင်သို့ သွားရန်ပြင်ဆင်နေသည်။
အဘိုးအိုက ပြုံးရွှင်စွာဖြင့် ရောင်ဖုံးအားကြည့်လိုက်၏။
ရောင်ဖုံးက အဘိုးအိုအား ဒူးထောက်ဂါရဝပြုလိုက်၏။
"ဆရာ အဲ ဦး ကျွန်တော်သွားတော့မယ်"
အဘိုးအိုက ခေါင်းညိတ်ကာ
"အေး ငါ့တပည့် အစစအရာရာ အောင်မြင်ပါစေကွယ်"
ပြောလိုက်လေသည်။
ရောင်ဖုံးက ဒူးထောက်ရာမှပြန်လည်ထလိုက်ပြီး အဘိုးအို အား လက်ပြန္နတ်ဆက်ကာ ထွက်ခွာသွားလေသည်။
အဘိုးအိုက ရောင်ဖုံးကျောပြင်အား ငေးကြည့်ကာ သက် ပြင်းချလိုက်သည်။
ရောင်ဖုံးမှာ တရွေ့ရွေ့ဖြင့် အဘိုးအို၏မြင်ကွင်းမှ ကွယ် ပျောက်သွားလေတော့သည်။
ရောင်ဖုံးသည် ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာလာခဲ့ သည်။

သူ၏ခြေလှမ်းများသည် ပျံလွှားဂိုဏ်းသို့ ဦးတည်လျက်ရှိ သည်။
သူ့စိတ်သည် ပျံလွှားတောင်သို့ အမြန်ဆုံးရောက်ချင်နေ သည်။
သွေးမိစ္ဆာဂိုဏ်းထက် ဦးအောင်ရောက်မှ ပျံလွှားဂိုဏ်း၏အ ခြေအနေကို ထိန်းသိမ်းနိုင်မည် မဟုတ်ပါလော။
လမ်းခရီးတလျှောက်တွင် သွေးမိစ္ဆာဂိုဏ်းက အင်နှင့်အား နှင့် ပျံလွှားဂိုဏ်းအား တိုက်ခိုက်ရန်ချိတက်သွားနေသည့်သတင်းကို အဆက်မပြတ် ကြားလိုက်ရလေသည်။
ထိုသတင်းများကြားလိုက်မိသည်နှင့် သူသည်ပို၍ စိုးရိမ်ပူ ပန်သွားလေသည်။
ထို့ကြောင့် သူသည် အနားမယူတော့ဘဲ ပျံလွှားတောင်သို့ အချိန်မီရောက်ရှိစေရန် နေ့ရောညပါခရီးနှင်ခဲ့လေသည်။
ရောင်ဖုံးသည် ပျံလွှားဂိုဏ်းသို့သွားရာလမ်းခွဲတစ်ခုသို့ ရောက်ရှိလာခဲ့သည်။
ထိုနေရာသည် လမ်းဆုံတစ်ခုဖြစ်ပြီး လက်ဝဲဘက်သို့သွား လျှင် ပျံလွှားတောင်သို့ရောက်ရှိမည်ဖြစ်သည်။
လက်ယာဘက်လမ်းအတိုင်းချီးကွေ့လိုက်လျှင် အရိုးဖြူ တောင်သို့ ရောက်ရှိသွားမည်ဖြစ်သည်။
ယင်းလမ်းဆုံသို့ ရောက်ရှိလာသောအခါမှ ရောင်ဖုံးသည် သူ့ဆရာဓားတစ္ဆေကို ရုတ်တရက်သတိရလိုက်သည်။
သူသည် လုံစီးထဲမှရသောသော့ကို လက်ဖြင့်စမ်းကြည့် သည်။

သူနှင့်အတူပါလာကြောင်း တွေ့ရသည်။

သူ တွေဝေသွား၏။

"ငါ့ဆရာမားတစ္ဆေဆီ အရင်သွားရင် ကောင်းမလား"

ရောင်ဖုံးသည် လမ်းဆုံသို့အရောက်၌ ချီတုံချတုံဖြစ်နေ၏။ ဝေခွဲမရခြင်းဖြစ်နေ၏။

ရောင်ဖုံးသည် မည်သည့်နေရာသို့ အရင်သွားရမည်ကို မဆုံးဖြတ်တတ်ဘဲ ဖြစ်နေသည်။

သူသည် လမ်းဆုံ၌ အချိန်အနည်းငယ်ကြာသွားသည်။ နောက်ဆုံး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။ သူသည် မားစာစ္စေထံ အရင်သွားရန်ဆုံးဖြတ်လိုက်၏။

အကြောင်းမှာ သွေးမီစ္ဆာဂိုဏ်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရသည့်အခါ သူ့အနေဖြင့်အနိုင်ရမည် မရမည်ကို သေချာပေါက်မသိနိုင်သောကြောင့်ဖြစ်သည်။

အကယ်၍ သူရှုံးခဲ့လျှင် မားတစ္ဆေသည် လိုဏ်ဂူထဲ၌စာသက်လုံး နေသွားရတော့မည်ဖြစ်သည်။

ထို့ကြောင့် မားတစ္ဆေအား ဦးစားပေး၍ ဖွင့်ပေးရန်ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ရောင်ဖုံးမှာ ထိုသို့ဆုံးဖြတ်လိုက်မိသည်နှင့် အချိန်ဆိုင်းမနေတော့ဘဲ သူ့ဆရာမားတစ္ဆေရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းသွားလေသည်။

အရိုးဖြူတောင်

အရိုးဖြူတောင်ကုန်း ...

ရောင်ဖုံးမှာ အရိုးဖြူတောင်ကုန်းသို့ တစ်ရက်တစ်ညလုံး အပြင်းခရီးနှင်ပြီးမှ ရောက်ရှိသွားလေသည်။

သူသည် လေဝင်ပေါက်မှတဆင့် မားတစ္ဆေအား လှမ်းကြည့်လိုက်လေသည်။

ထိုအခါ မားတစ္ဆေအိပ်ပျော်နေသည်ကို တွေ့လိုက်ရ၏။

ရောင်ဖုံးက လှမ်းခေါ်လိုက်လေသည်။

"ဆရာ ဆရာ"

ရုတ်တရက်ခေါ်သံကြောင့် မားတစ္ဆေသည် အိပ်နေရာမှ လန့်နိုးသွားလေသည်။

မားတစ္ဆေက ရုတ်တရက် မတ်တပ်ရပ်လိုက်ပြီး

"ဘယ်သူလဲကွ"

လှမ်းမေးလိုက်ပြီး လေဝင်ပေါက်အား ကြည့်လိုက်လေသည်။

ထိုအခါ လေဝင်ပေါက်မှ ထွက်ပေါ်လာသောမျက်နှာအား တွေ့လိုက်ရလေသည်။

ဓားတစ္ဆေမှာ အထိတ်တလန့် ဖြစ်သွား၏။

အကြောင်းမှာ လေဝင်ပေါက်မှ ထွက်ပေါ်လာသောမျက်နှာမှာ လွန်စွာအကျည်းတန်လှသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့်

"မင်း မင်းဘယ်သူလဲ"

ရှောင်ဖုံးမှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်အမ်းအမ်းဖြစ်သွားသည်။

နောက်မှ ရှောင်ဖုံးသည် သူ၏မျက်နှာမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေကြောင်းကို အမှတ်ရလိုက်မိသည်။

ထိုအခါမှ

"ကျွန်တော် ရှောင်ဖုံးပါ ဆရာ"

ရှောင်ဖုံး၏အဖြေစကားကြောင့် ဓားတစ္ဆေအံ့အားသင့်သွားလေသည်။

သူသည် လေဝင်ပေါက်အနီးသို့ လျှောက်လာလိုက်၏။

ပြီးမှ ရှောင်ဖုံး၏မျက်နှာအား သေချာစွာကြည့်ရှုလိုက်လေသည်။

"မင်း မင်းဘယ်လိုဖြစ်သွားတာလဲ"

စကားထစ်ထစ်ငေါ့ငေါ့ဖြင့် မေးလိုက်လေသည်။

ရှောင်ဖုံးက လုံစီးထံမှရလာသော သော့ဖြင့် ဂူတံခါးအား ဖွင့်ပေးလိုက်လေသည်။

ထို့နောက် သူသည် အဖြစ်အပျက်အားလုံးကို အသေ

စိတ် ပြန်လည်ပြောပြလိုက်လေသည်။

ဓားတစ္ဆေသည် ရှောင်ဖုံး၏စကားအား သေချာစွာနားထောင်လိုက်၏။

ပြီးမှမျက်မှောင်ကုပ်သွားကာ

"နေပါဦး မင်းဒီလောက်အနှိပ်စက်ခံနေရတာတောင် သွေးမိစ္ဆာဂိုဏ်းချုပ်က ဝင်ပြီးမဟန့်တားခဲ့ဘူးလား"

မေးလိုက်လေသည်။

ဓားတစ္ဆေ၏အမေးစကားကြောင့် ရှောင်ဖုံးမှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ကျွန်တော်က သူ့ရဲ့ရန်သူပဲ ဘယ်ဝင်ပြီးတော့ ဟန့်တားမှာလဲဆရာရဲ့"

ပြောလိုက်လေသည်။

ဓားတစ္ဆေက ခေါင်းကိုတွင်တွင် ခါယမ်းလိုက်လေသည်။

ပြီးမှ

သက်ပြင်းချကာ ပြောလိုက်၏။

"ဒါနဲ့သွေးမိစ္ဆာဂိုဏ်းချုပ်ကိုယ်တိုင် ပျံလွှားဂိုဏ်းကို တိုက်ခိုက်ဖို့ ချီတက်သွားပြီဆို"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်ပြီး

"ဟုတ်ပါတယ် လမ်းတလျှောက်လုံးမှာ အဲဒီသတင်းတွေကို ကျွန်တော်ကြားခဲ့ပါတယ်ဆရာ"

ပြောလိုက်လေသည်။

ဓားတစ္ဆေကခေါင်းညိတ်လိုက်၏။

သူကအနည်းငယ် စဉ်းစားလိုက်ပြီး

"ဒါဖြင့်မင်းက ပျံလွှားဂိုဏ်းအတွက် သွေးမိစ္ဆာဂိုဏ်းကို ရင်ဆိုင်ရတော့မှာပေါ့"

မေးလိုက်လေသည်။

ရှောင်ဖုံးက ခေါင်းညိတ်လိုက်၏။

ပြီးမှအံတင်းတင်းကြိတ်ကာ

"ဟုတ်ကဲ့ ဒီလောက်တောင်ယုတ်မာလှတဲ့ သွေးမိစ္ဆာဂိုဏ်းကိုဖြစ်တဲ့နည်းနဲ့ နှိမ်နင်းရမယ် အထူးသဖြင့် သွေးမိစ္ဆာဂိုဏ်းချုပ်ကို ကျွန်တော်ကိုယ်တိုင် သတ်ရမှကျေနပ်နိုင်မယ်"

ပြောလိုက်လေသည်။

ရှောင်ဖုံး၏ စကားကြောင့် ဓားတစ္ဆေမှာ တွေဝေသွားသည်။

အတန်ကြာမှ

သက်ပြင်းချလိုက်မိ၏။

"အင်း ခုမှတကယ်ကို ခက်တော့တာပဲ"

ညည်းညူလိုက်လေသည်။

ရှောင်ဖုံးက မျက်မှောင်ကုပ်ကာ

"ဘာဖြစ်လို့လဲဆရာ"

မေးလိုက်လေသည်။

ဓားတစ္ဆေက ပြောလိုက်လေသည်။

"ဒီမှာ ရှောင်ဖုံး မင်းအနေနဲ့သွေးမိစ္ဆာအကြီးအကဲကို ဘယ်လိုမှသတ်နိုင်မှာ မဟုတ်ဘူးဆိုတာ မင်းမှတ်ထားပါကွာ"

ရှောင်ဖုံးမှာ ဓားတစ္ဆေ၏ စကားကြောင့် ရယ်မောလိုက်၏။

အဓာန်ကြာမှ မဲ့ပြုံးပြုံးကာ

"ဒီအတွက်မပူပါနဲ့ဆရာ ဆရာပေးတဲ့ကျောက်စိမ်းပြားပေါ်

က အအေးသိုင်းနဲ့ အပူသိုင်းကို ကျွန်တော်တတ်မြောက်ခဲ့ပြီးပါပြီ"

ပြောလိုက်လေသည်။

ရှောင်ဖုံး၏ စကားကြောင့် ဓားတစ္ဆေမှာ အံ့သြသွားလေသည်။

သူသည် မယုံကြည်နိုင်သော မျက်လုံးများဖြင့် ရှောင်ဖုံးအားစိုက်ကြည့်ကာ မေးလိုက်လေသည်။

"ဟုတ်လား ဒါနဲ့မင်းကို ဘယ်သူကသင်ပေးလိုက်တာလဲ"

ရှောင်ဖုံးက ဦးညွတ်လိုက်လေသည်။

"ကျွန်တော့်ကို ဆံဖြူရသေ့က သင်ပေးလိုက်တာပါ"

ယခုအခါ

ဓားတစ္ဆေမှာ ရှောင်ဖုံး၏ စကားကြောင့် မျက်လုံးအစုံသည်းစက်ပြူးကျယ်သွားလေသည်။

သူသည် မယုံကြည်နိုင်စွာဖြင့်..

"မင်းက ဆံဖြူရသေ့နဲ့တွေ့ခဲ့တယ် ဟုတ်လား"

မေးလိုက်လေသည်။

ရှောင်ဖုံးက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့"

ထို့နောက် ရှောင်ဖုံးသည် ဆံဖြူရသေ့နှင့် တွေ့ဆုံခဲ့ရသည့်အကြောင်းရင်းများကို အသေးစိတ်ပြန်လည် ရှင်းလင်းပြောပြလိုက်လေသည်။

ဓားတစ္ဆေသည် ရှောင်ဖုံးရှင်းပြနေသံများကို နားထောင်ရင်း အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းများ မျက်နှာပေါ်တွင် ဖော်ဟပ်လာသည်။

ဓားတစ္ဆေက ရှောင်ဖုံး၏ပြောစကားများကို စိတ်ဝင်တစား ဖြင့်နားထောင်နေလေသည်။

အတန်ကြာ

ရှောင်ဖုံး၏ရင်းပြသောစကား ပြီးဆုံးသွားလေသည်။

ဓားတစ္ဆေက အတန်ကြာစဉ်းစားပြီးမှ သက်ပြင်းရှည် တစ်ချက်ချလိုက်လေသည်။

"ဒီမှာ ရှောင်ဖုံး မင်းကိုငါတစ်ခုမေးရအုံးမယ်"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်လေသည်။

"မေးပါဆရာ"

ဓားတစ္ဆေသည် တစ်စုံတစ်ရာကို အလေးအနက်တွေးနေ သကဲ့သို့ အဝေးသို့လှမ်းကြည့်နေသည်။

သူ၏မျက်လုံးအစုံမှာ ရီဝေလျှက်ရှိနေသည်။

အတန်ကြာမှ

သူသည်စိတ်မသက်သာဟန်ဖြင့် သက်ပြင်းတစ်ချက်ချ လိုက်လေသည်။

"ရှောင်ဖုံး မင်းအဖေကိုရှာလို့ တွေ့ပြီလား၊ကွ"

ရှောင်ဖုံးမှာ ဓားတစ္ဆေ၏စကားကြောင့် ရုတ်တရက်မို့ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ

"မတွေ့သေးပါဘူးဆရာ"

ပြောလိုက်လေသည်။

ရှောင်ဖုံးက ပြန်ဖြေရင်း ဓားတစ္ဆေအား လှမ်းကြည့်လိုက် လေသည်။

ဓားတစ္ဆေက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"မင်းအဖေ ဘယ်သူလဲဆိုတာရော မင်းသိရဲ့လား"

ရှောင်ဖုံးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ မေမေကတော့ ရှောင်လွေလို့ပြောပါတယ်"

ရှောင်ဖုံးက သွက်လက်စွာပြန်ပြောလိုက်လေသည်။

ယင်းသို့ပြန်ဖြေလိုက်ရင်း သူ့ရင်ထဲ၌ အမျိုးအမည်မသိ သောဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

မိခင်ဖြစ်သူက သူ့အား ဖခင်ဖြစ်သူကို လက်စားချေပေး ရန်မှာကြားခဲ့သည်မဟုတ်ပါလား၊ ယခုအချိန်၌ ဖခင်အားတွေ့ရ မည်ဆိုလျှင် ရှောင်ဖုံးသည် ဆက်လက်၍ မတွေးတတ်အောင် ဖြစ်ခဲ့တော့သည်။

ဓားတစ္ဆေက

"အေး ဟုတ်တယ် မင်းအဖေဟာ ရှောင်လွေပဲ မင်းသူ့ကို တွေ့ချင်သလား ရှောင်ဖုံး"

လှမ်းမေးလိုက်လေသည်။

ရှောင်ဖုံးသည် သူ့ဆရာဓားတစ္ဆေအား စူးစမ်းသလိုပြန် လည်၍ စိုက်ကြည့်လိုက်လေသည်။

သူ့ဖခင်နှင့်ပတ်သက်၍ ဓားတစ္ဆေသည်တစ်စုံတစ်ရာသိခဲ့ ဖူးပေလိမ့်မည်။

သို့သော်

ဓားတစ္ဆေသည် သူ့ဖခင်အကြောင်းကို ပြောပြရန်လွန်စွာမှ ဝန်လေးနေဟန်ရှိလေသည်။

ရှောင်ဖုံးသည် အတန်ကြာသည်အထိ တွေဝေငေးမောနေ

မိသည်။

သူသည်သူ၏ဖခင်အား တော့်လိုသည့်ဆန္ဒ အလွန်ပြင်းပြခဲ့သည်။

သို့သော် တော့်လည်းမတော့်လိုပေ။

မျက်နှာချင်းဆိုင် တော့်ရမည်ကို များစွာဝန်လေးနေမိသည်။

အကြောင်းမှာ

သူ့မိခင်က ဖခင်အားတော့်အောင်ရှာပြီး လက်စားချေရမည်ဟုအလေးအနက် မှာကြားခဲ့သောကြောင့်ဖြစ်သည်။

ထို့ကြောင့် သူသည် မည်သို့ပြန်ဖြေရမည်ကို စဉ်းစားမရအောင်ဖြစ်နေမိသည်။

ဓားတစ္ဆေက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"မင်းရဲ့ရင်ထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာကို ငါနားလည်ပါတယ်၊ ဒါပေမယ့် မင်းဟာဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် တစ်ချိန်ချိန်မှာတော့ မင်းအဖေနဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာကတော့ အမှန်ပဲ"

ဓားတစ္ဆေ၏ စကားကြောင့် ရှောင်ဖုံးရင်ထိတ်သွားလေသည်။

သို့သော် အတတ်နိုင်ဆုံး စိတ်လှုပ်ရှားမှုကို ချုပ်ထိန်းကာ မေးလိုက်၏။

"သူ သူကဘယ်သူလဲ အခုဘယ်မှာလဲဟင် ဆရာ"

ဓားတစ္ဆေကပြောပြရန် ဟန်ပြင်လိုက်လေသည်။

သို့ဆော် နောက်မှစိတ်ကူးပြောင်းသွားပြီး ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"ဒီအကြောင်းတွေကို နောက်မှပဲ ပြောပြပါ့မယ်"

ရှောင်ဖုံးသည် ဓားတစ္ဆေ၏စကားကြောင့် ဘဝင်မကျဖြစ်သွား၏။

သို့သော် ဘဝင်မကျစိတ်ကို မြိုသိပ်ကာ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

အချိန်မည်မျှ ကုန်ဆုံးသွားမှန်းမသိ။

ဓားတစ္ဆေနှင့်ရှောင်ဖုံးတို့မှာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြဘဲ တိတ်ဆိတ်၍နေ၏။

အတန်ကြာမှ

ဓားတစ္ဆေက သက်ပြင်းချလိုက်ပြီး-

"ဒါနဲ့ မင်းပျံလွှားတောင်ကို လိုက်သွားမလို့ဆို"

ဓားတစ္ဆေ၏စကားကိုကြားမှ ရှောင်ဖုံးမှာ လက်ငင်းကိစ္စကိုသတိရသွား၏။

ထို့ကြောင့်

"ဟုတ်ကဲ့ပါခင်ဗျာ"

ဓားတစ္ဆေက

"ကဲ ကဲ ဒါဆိုရင်လည်း အချိန်သိပ်မရှိတော့ဘူး တော်ကြာ သွေးမိစ္ဆာဂိုဏ်းက လက်ဦးသွားလိမ့်မယ်၊ ပျံလွှားတောင်ကို သူတို့လာမတိုက်ခင် မင်းအရင်ရောက်သွားဖို့တော့ လိုမယ်ကွ"

ပြောလိုက်မိလေသည်။

ထိုအခါ ရှောင်ဖုံးမှာ ထိတ်လန့်သွားလေသည်။

ယခုအချိန်ဆိုလျှင် ပျံလွှားတောင်သို့ သွေးမိစ္ဆာဂိုဏ်းသားများရောက်ချင်ရောက်နေပေရော့မည်။

ထို့ကြောင့်

"ကျွန်တော် သွားတော့မယ် ဆရာ"

ရှောင်ဖုံးကဓားတစ္ဆေအား နှုတ်ဆက်၍ထွက်ခွာရန် ဟန်ပြင်လိုက်လေသည်။

ဓားတစ္ဆေကလက်ကာပြကာ

"ခဏနေဦး မင်းကိုပြောစရာ တစ်ခုရှိသေးတယ်"

ပြောလိုက်လေသည်။

ရှောင်ဖုံးက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ ပြောပါဆရာ"

ဓားတစ္ဆေက

"ငါ ဒီထောင်ချောက်လိုဏ်ဂူက လွတ်မြောက်သွားပြီဆိုတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့"

တောင်းပန်စွာဖြင့် ပြောလိုက်လေသည်။

ရှောင်ဖုံးကပြုံးကာ

"ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဘယ်သူ့ကိုမှ မပြောပါဘူး"

ကတိပေးလိုက်လေသည်။

ဓားတစ္ဆေက ခေါင်းညိတ်လိုက်ပြီး-

"ကောင်းပြီ မင်းသွားနိုင်ပြီ၊ လမ်းခရီးတစ်လျှောက်မှာ အစစအရာရာ သတိဝိရိယနဲ့သွားပါ၊ မင်းအောင်မြင်ပါစေလို့ ဆရာဆုတောင်းပါတယ်"

ရှောင်ဖုံးက ဝမ်းနည်းစွာဖြင့် ပြောလိုက်၏။

"ဟုတ်ကဲ့ပါခင်ဗျာ ကျွန်တော်သွေးမိစ္ဆာဂိုဏ်းကို ချေမှုန်းပြီးတာနဲ့ ဆရာ့ဆီ တစ်ခေါက်ပြန်လာခဲ့ပါ့မယ်"

ပြောကာ ဓောင်းမုလွတ်လိုက်သည့် မြင်းတစ်ကောင်ပမာ တဟုန်ထိုး ပြေးလွှားထွက်ခွာသွား၏။

ဓားတစ္ဆေမှာ ရှောင်ဖုံး၏နောက်ကျောပြင်အား ငေးကြည့်ကာကျန်ရစ်ခဲ့လေတော့သည်။

✗✗✗ ✗✗✗ ✗✗✗

ပျံလွှားတောင်တိုက်ပွဲ

တစ်ရက်...

နှစ်ရက်...

နှစ်ရက်မြောက်သောနေ့၌ ရှောင်ဖုံးမှာ ပျံလွှားတောင်ခြေသို့ ရောက်လာ၏။

ထိုအခါ အကျည်းတန်လှသော မြင်ကွင်းတစ်ရပ်သည် ရှောင်ဖုံး၏ ရင်ဝအား ခြေစုံပစ်ကန်လိုက်သလို ဖြစ်သွားလေသည်။

ရှောင်ဖုံးမှာ ရုတ်ချည်းဆိုသလို စိတ်ဓာတ်အကြီးအကျယ် ကျသွားလေသည်။

အကြောင်းမှာ ပျံလွှားတောင်ခြေသို့ ရောက်လျှင်ရောက် ချင်းသွေးမိစ္ဆာဂိုဏ်းသားများနှင့် ပျံလွှားဂိုဏ်းသားများ၏ အလောင်း များကို နေရာအနှံ့တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

ဤနေရာ၌ကြီးမားပြင်းထန်သော တိုက်ပွဲကြီးဖြစ်သွားခဲ့ ကြောင်း ယုံမှားသံသယရှိဖွယ်မလိုတော့ချေ။

အနိဋ္ဌာရုံမြင်ကွင်းကို အကဲခတ်ကြည့်ခြင်းဖြင့် ပျံလွှားဂိုဏ်း သားများသည် လှေခွက်ချည်းကျန် အလံမလဲဟူသော စိတ်ဓာတ် ဖြင့် ရွပ်ရွပ်ခွုံခွုံ အသေခံတိုက်ခိုက်သည့် လက္ခဏာများ တွေ့မြင်ရ လေသည်။

ထိုမြင်ကွင်းကိုကြည့်ပြီး ရှောင်ဖုံးက ပျံလွှားဂိုဏ်းသားများ အတွက် ဂုဏ်ယူမိလေသည်။

သို့သော် စကောလောက်မှ ဇောက်မနက်သည့် သွေးမိစ္ဆာ ဂိုဏ်းသားများကို အကြီးအကျယ်ရွံ့မုန်းမိလေသည်။

အမှန်တွင်

သွေးမိစ္ဆာဂိုဏ်းသားများသည် သခင်အားရ ကျွန်ပါးဝဆို သကဲ့သို့ တိုင်းတစ်ပါးသားများ၏ အရေးပေးလိုက်လျောမှုကို မျှော်ကိုးကာ မိမိတို့အမျိုးသားချင်း ဗိုလ်ကျစိုးမိုးရန်ပြုမူကြံစည် နေကြခြင်းပင်ဖြစ်လေသည်။

သို့အတွက်

ရှောင်ဖုံးသည်သွေးမိစ္ဆာဂိုဏ်းသားများအား များစွာခံပြင်း မိလေသည်။

သူသည် ဒေါသစိတ်များ အုံကြွပေါက်ကွဲလာပြီး ချက် ချင်းဆိုသလို တောင်ပေါ်သို့ ခြေကုန်သုတ်၍ ပြေးတက်သွား၏။

တောင်ပေါ်သို့နီးကပ်လာသည်နှင့်အမျှ ဆူညံအော်ဟစ်သံ များက ပိုမိုကျယ်လောင်လာသည်။

ဓား ဓားချင်းထိသံများ ညာသံပေးသံများက ဆူညံနေ၏။

ထိခိုက်ဒဏ်ရာရ၍ ငယ်သံပါအောင်အော်သံများ၊ ညာသံ ပေး၍တိုက်ခိုက်သံများသည် ပျံလွှားတောင်ကုန်းပေါ်၌ ကမ္ဘာပျက်

သည့်အလား ဆူညံစွာဖြင့် ထွက်ပေါ်လျက်ရှိလေသည်။

ရှောင်ဖုံးသည် ထိုအသံများထွက်ပေါ်လာရာသို့ အားကုန်ပြေးသွားလေသည်။

ပျံလွှားဂိုဏ်း၏ ဌာနချုပ်ဖြစ်သောကြောင့် တောင်ပေါ်သို့ ရောက်လာသည့်အခါ အခြေအနေသည် သူထင်မှတ် ထားသည်ထက်ပင် ပိုမိုရှုပ်ထွေးနေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင်-

အကြောင်းမှာ

ပျံလွှားဂိုဏ်းသားများနှင့် သွေးမိစ္ဆာဂိုဏ်းသားတို့သည် ထွေးလုံးရစ်ပတ်လျက် သဲသဲမဲမဲတိုက်ခိုက်နေကြလေသည်။

ပျံလွှားဂိုဏ်းသားများသည် အင်အားမမျှ အခြေအနေမဟန်သည့်တိုင်အောင် သွေးမိစ္ဆာဂိုဏ်းသားများအား အားမလျော့ဘဲ တိုက်ခိုက်လျက်ရှိကြလေသည်။

ရှောင်ဖုံးမှာ တိုက်ပွဲအား တစ်ချက်ဝေ့ကြည့်လိုက်ပြီး "အင်း ငါအချိန်မီရောက်လာလို့ တော်သေးတာပေါ့" သူသည် ယင်းသို့ရေရွတ်ရင်း တိုက်ပွဲရှိရာသို့ လှမ်းဝင်သွားလေ၏။

ဌာနချုပ်အဆောက်အအုံရှေ့၌ လက်ထောက်ဂိုဏ်းချုပ်ဟုန်မေသည် သွေးမိစ္ဆာဂိုဏ်းသား နှစ်ယောက်နှင့်ရင်ဆိုင်လျက်ရှိသည်ကိုတွေ့မြင်လိုက်ရ၏။

သူမ၏တစ်ကိုယ်လုံးသည် သွေးများဖြင့်ချင်းချင်းနီနေ၏။

ရှောင်ဖုံးက တစ်ခြားတစ်နေရာအား ကြည့်လိုက်လေ၏။

ထိုအခါ

ကျင်းကျင်းနှင့်အိချင်းတို့မှာလည်း ကျောချင်းကပ်လျက်ရန်သူများအား တွန်းလှန်ခုခံနေသည်ကို တွေ့ရ၏။

သူတို့နှစ်ယောက်စလုံးပင် ဒဏ်ရာအသီးသီးရရှိထားကြသည်။

သို့သော်

ဒဏ်ရာကိုဂရုမစိုက်ဘဲ သဲသဲမဲမဲပြန်တိုက်နေကြသည်ကို တွေ့မြင်ရသည်။

ပျံလွှားဂိုဏ်းမှအားအထားရဆုံးသော သိုင်းခုနှစ်ဖော်အနက် ပန်းကြိုသိုင်းသမား နှင့်မင်းသားလေးတို့မှာ မရှုမလှဖြင့် ရန်သူလက်ချက်ကြောင့် သေဆုံးနေသည်ကို တွေ့ရှိရလေသည်။

သူတို့အားလုံးအတွက် ရှောင်ဖုံးမှာ စိတ်မကောင်းဖြစ်မိလေသည်။

သူသည် ၎င်းတို့အား စိတ်မကောင်းစွာကြည့်နေရင်းမှ တစ်ဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်လေသည်။

ထိုအခါ

သွေးမိစ္ဆာဂိုဏ်းချုပ်မှာ လက်နှစ်ဘက်နောက်ပစ်လျက်သူတို့၏အခြေအနေကို စိမ်ပြေနပြေကြည့်ရှုနေ၏။

သူ၏ဂိုဏ်းသားများမှာ အသာစီးရရှိနေပေ၏။

သူ၏မျက်နှာတစ်ခုလုံးမှာမှိုရသကဲ့သို့ နွမ်းပျနေလေသည်။

ထိုအချိန်၌

ချူရှမ်းနှင့်လီဟွားတို့သည် အခြားနေရာ၌ တိုက်ခိုက်နေရာမှ ဟုန်မေထံဝင်ရောက်လာတော့သည်။

သူတို့နှစ်ယောက်သာ ပူးပေါင်းတိုက်ခိုက် မည်ဆိုလျှင်

ဟုန်မေအနေဖြင့် ကြာကြာခုခံနိုင်တော့မည် မဟုတ်တော့ပါ။

ယခု

တိုက်ပွဲအခြေအနေအားလုံးကို ခြုံကြည့်လိုက်လျှင် ပျံလွှားဂိုဏ်းသားများသည် တစ်စထက်တစ်စလက်ပန်းကျနေပြီ။

မကြာမီ

ရှုံးတော့မည့် အခြေအနေတွင် ရှိနေသည်။

သို့သော်

သူတို့သည် နောက်ဆုံးတစ်ယောက်တည်းကျန်သည်အထိ လက်နက်မချဘဲ ခုခံတိုက်ခိုက်မည်ဟု ဆုံးဖြတ်ထားသကဲ့သို့သဲကြီးမဲကြီးတိုက်ခိုက်နေလေသည်။

ထိုစဉ်

"အား"

စူးရှသော **အော်ဟစ်သံ** ထွက်ပေါ်လာ၏။

ရောင်ဖုံးသည် ယင်းသို့ငေးကြည့်နေစဉ်မှာ ပျံလွှားဂိုဏ်းသားတစ်ယောက်သည် တမန်တော်စုကျူးလက်ချက်ကြောင့် မြေပေါ်သို့ လဲကျသွားလေသည်။

တိုက်ပွဲအခြေအနေမှာ ပျံလွှားဂိုဏ်းသားများအတွက် များစွာဆိုးဝါးနေပြီဖြစ်လေသည်။

အခြေအနေမဟန်မှန်းသိလိုက်ရသဖြင့် ရောင်ဖုံးမှာတိုက်ပွဲရှိရာသို့ ဝင်ရောက်ရလေတော့သည်။

"အားလုံးရပ်လိုက်"

ရောင်ဖုံး၏အသံသည် ဝန်းကျင်တစ်ခုကို ဟိန်းထွက်သွား၏။

သူ၏အသံကြောင့် တိုက်ခိုက်နေသူသည် ကြောင်အမ်းအမ်းဖြစ်သွားကြရလေသည်။

ထို့ကြောင့်

သူတို့သည် တိုက်ခိုက်နေရာမှ ရုတ်တရက် ရပ်တန့်လိုက်ကြလေ၏။

ထို့နောက်

ရောင်ဖုံးဘက်သို့ လှည့်ကြည့်လိုက်ကြလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

ကိုရုပ်ဆိုး

"ရပ်လိုက်"

ရှောင်ဖုံး၏ အသံသည် ဝန်းကျင်တစ်ခုလုံးအား မိုးခြိမ်းလိုက်သကဲ့သို့ ဟိန်းထွက်သွားလေသည်။

ထို့ကြောင့်

လူအားလုံးတို့သည် တိုက်ခိုက်နေရာမှ အလိုအလျောက် ရပ်တန့်သွားကြလေသည်။

အားလုံးသောလူများသည် ရှောင်ဖုံးဘက်သို့ လှည့်ကြည့်မိသည်။

ထိုအခါ လွန်စွာအရုပ်ဆိုးအကျည်းတန်လှသော ရှောင်ဖုံးအားတွေ့မြင်လိုက်ရလေသည်။

တိုက်ခိုက်သူအားလုံးတို့၏ မျက်နှာမှာ ထိတ်လန့်အံ့သြမှုကြောင့် ရွံမဲ့သွားကြ၏။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် လက်နှစ်ဘက်နောက်ပစ်၍လမ်းလျှောက်နေရာမှ ရှောင်ဖုံးအား လှမ်းကြည့်လိုက်သည်။

ရှောင်ဖုံး၏မျက်နှာမှာ ဒဏ်ရာဒဏ်ချက်များကြောင့် ပျက်စီးနေပြီဖြစ်ရာ သွေးမိစ္ဆာဂိုဏ်းချုပ်က သူ့အား လုံးဝမမှတ်မိဘဲ ရှိနေလေသည်။

"မင်းဘယ်သူလဲ"

သွေးမိစ္ဆာဂိုဏ်းချုပ်က မျက်မှောင်ကြုတ်ယင်း လှမ်းမေးလိုက်သည်။

ရှောင်ဖုံးက စဉ်းစားဆင်ခြင်ခြင်းပင် မပြုတော့ပါ။

"ကျုပ်က ပျံလွှားဂိုဏ်းချုပ်တစ်ယောက်ပါပဲ"

ပြောလိုက်လေသည်။

သူ၏စကားကြောင့် အားလုံးသောလူများသည် ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

ရှောင်ဖုံး၏စကားကို လုံးဝယုံကြည်ခြင်းမရှိခဲ့ချေ။

ရှောင်ဖုံးအား သူရူးသဖွယ် ဝိုင်းကြည့်လိုက်ကြသည်အထူးသဖြင့်

ဟုန်မေကပို၍ မယုံကြည်နိုင်အောင် ဖြစ်နေသည်။

ဤမျှ အရုပ်ဆိုးသောလူအား သူမသည်တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခြင်း မရှိချေ။

သို့သော်

ထိုကိုရုပ်ဆိုးသည် အဘယ်ကြောင့် မိမိတို့ဂိုဏ်းချုပ်ဟု

ပြောဆိုနေပါသနည်း။

ကျင်းကျင်းနှင့်အိချင်းတို့မှာလဲ ရောင်ဖုံးအား တွေ့မြင်လိုက်ရသဖြင့် အံ့သြသွားကြသည်။

ယင်းအရပ်ဆိုးသောလူငယ်အား တစ်ချိန်က ရောင်ဖုံးမြေပုံ**အနီးတွင်** တွေ့မြင်ခဲ့ရသောကြောင့် ဖြစ်သည်။

ထိုကိုရပ်ဆိုးသည် အဘယ်ကြောင့် ဤနေရာသို့ရောက်လာခဲ့ရပါသနည်း။

မည်သို့မျှ စဉ်းစား၍မရချေ။

"ဟား ဟား ဟား"

သွေးမိစ္ဆာဂိုဏ်းချုပ်က အားရပါးရ ရယ်မောလိုက်လေသည်။

ပြီးနောက်

"ဒီလိုလာလုပ်လို့ ဘယ်ရမလဲကွ ပျံလွှားဂိုဏ်းရဲ့ ပထမဂိုဏ်းချုပ်ရောင်ဖုံးက သေသွားပြီ အခု ဒုတိယဂိုဏ်းချုပ်ဟာလဲ ငါတို့လက်ထဲရောက်တော့မယ်၊ မင်းဘာဝင်ရှုပ်တာလဲ"

ငေါက်လိုက်လေသည်။

ရောင်ဖုံးက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ"

ပြီးမှ အိတ်ထဲမှ ဆွဲကြိုးတစ်ကုံးကိုထုတ်ပြလိုက်လေသည်။

ထို့နောက်

လူအားလုံးမြင်သာအောင် မြှောက်ပြလိုက်လေသည်။

"ဟောဒီမှာ ပျံလွှားဂိုဏ်းချုပ်ကွယ်လွန်**ခါနီး**မှာ ကျုပ်ကိုပေးသွားတဲ့ အသိအမှတ်ဆွဲကြိုးလေးတစ်ကုံး ဒါကြောင့် ကျုပ်ပျံ

လွှားဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဆိုတာ ငြင်းလို့မရပါဘူး"

ရောင်ဖုံးက ဆွဲကြိုးမြှောက်ပြယင်း အော်ပြောလိုက်လေသည်။

ဟုန်မေက ထိုဆွဲကြိုးအား တွေ့မြင်လိုက်သည်နှင့် အံ့သြသွားလေသည်။

ယင်းဆွဲကြိုးက သူမ၏ဖခင်ပစ္စည်းဖြစ်နေသည်ကို သူမကောင်းစွာမှတ်မိလိုက်လေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ဟုန်မေအား လှည့်ကြည့်လိုက်လေသည်။

"ကဲ အဲဒီလူရဲ့စကားကို မင်းဘယ်လိုယူဆမလဲ"

မေးလိုက်လေသည်။

ဟုန်မေသည် မိမိတို့ဘက်မှ မရှုမလှုံးနိမ့်နေသဖြင့်ထိုရပ်ဆိုးသော လူငယ်အပေါ် အားကိုးလိုစိတ် တမှုတ်ချင်းပေါပေါက်လာလေသည်။

ရှုံးနိမ့်ရမည့်အတူတူ အနည်းငယ်ထူးခြားလို ထူးခြားငြားအပြောင်းအလဲ ပြုလုပ်ရန် စိတ်ကူးလိုက်မိခြင်း ဖြစ်ပေသည်။

ထို့ကြောင့်

ဟုန်မေက ခေါင်းညိတ်လိုက်လေသည်။

"သူပြောတာမှန်တယ် သူကပစ္စည်းကို အထောက်အထားပြနိုင်တော့ သူ့ကိုပဲကျွန်မတို့ ခေါင်းဆောင်လို့ အသိအမှတ်ပြုရတော့မှာပေါ့"

ပြောလိုက်လေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က အနည်းငယ်စဉ်းစားလိုက်၏။

ပြီးမှ ခေါင်းညိတ်ကာ-

"ကောင်းပြီလေ ဒါဆိုရင်သူပြောတဲ့စကားဟာပျံလွှားဂိုဏ်း ကိုယ်စားပြုတယ်လို့ သတ်မှတ်ရမှာပေါ့"

သွေးမိစ္ဆာဂိုဏ်းချုပ်က ရှောင်ဖုံးအားညွှန်ပြယင်း၊ ယင်းသို့ ပြောဆိုလိုက်လေသည်။

ရှောင်ဖုံးက ဟုန်မေအားလှည့်ကြည့်လိုက်လေသည်။

ဟုန်မေက ခေါင်းညိတ်ကာ

"ဟုတ်ကဲ့ သူပြောတဲ့စကားဟာ ကျွန်မတို့အဖွဲ့တစ်ခုလုံးကို ကိုယ်စားပြုတဲ့ စကားလို့မှတ်ယူပါ့မယ်"

ပြောလိုက်လေသည်။

"ကောင်းပြီ ဒါဆိုရင် မင်းတို့ဂိုဏ်းချုပ်ကြီးကို မေးရတော့မှာပေါ့"

သွေးမိစ္ဆာဂိုဏ်းချုပ် ရယ်မောလိုက်သည်။

ရှောင်ဖုံးက အေးတိအေးစက်လေသံဖြင့်

"ခင်ဗျားက ဘာမျှားမေးအုံးမလို့လဲ"

မေးလိုက်လေသည်။

ရှောင်ဖုံး၏ ဘုဆတ်ဆတ်စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်ကမဲ့ပြုံးပြုံးလိုက်၏။

"မင်းတို့ပျံလွှားဂိုဏ်း၏ အခြေအနေကို တွေ့ရပြီမဟုတ်လား၊ အင်း အပြစ်မရှိတဲ့ လူတွေဆက်ပြီး မသေစေချင်ဘူး ဒီတော့ငါတို့အဖွဲ့ကို အေးအေးဆေးဆေး သစ္စာခံဖို့ မေတ္တာရပ်ခံပါတယ်"

ပြောလိုက်လေသည်။

ရှောင်ဖုံးက ခပ်ဟက်ဟက်ကလေး ရယ်လိုက်လေသည်။

"ဟင်း ဟင်း ဟင်း"

သူ၏အရုပ်ဆိုးသော မျက်နှာသည် ပို၍အကျည်းတန်သွားလေသည်။

"ခင်ဗျားတို့လို ယုတ်မာရက်စက်တဲ့ အဖွဲ့အစည်းကိုကျုပ်တို့ဘယ်တော့မှ သစ္စာမခံဘူး"

အပြတ်ပြောလိုက်လေသည်။

သွေးမိစ္ဆာက ပြုံးလိုက်လေသည်။

"ဒါဖြင့် ငါတို့ဆက်တိုက်ရမှာပေါ့"

ရှောင်ဖုံး လက်ကာပြကာ

"ခဏနေပါအုံး ကျုပ်ပြောစရာရှိတယ်"

ပြောလိုက်၏။

သွေးမိစ္ဆာဂိုဏ်းချုပ်က မျက်မှောင်ကုပ်လိုက်လေသည်။

"ဘာများလဲ ပြောပါ"

ရှောင်ဖုံးက အနည်းငယ်စဉ်းစားလိုက်၏။

အတန်ကြာမှ သွေးမိစ္ဆာဂိုဏ်းချုပ်အား စိုက်ကြည့်ကာ

"ကျုပ်ကပျံလွှားဂိုဏ်းကို ကိုယ်စားပြုတဲ့ လူတစ်ယောက်ပဲ ဒီတော့ ခင်ဗျားတို့အဖွဲ့ထဲက အတော်ဆုံးလူတစ်ယောက်ကိုထုတ်ပြီး ကျုပ်နဲ့ယှဉ်ပြိုင်ခိုင်းပါ၊ ခင်ဗျားကိုယ်တိုင် ယှဉ်ပြိုင်တယ်ဆိုရင်လဲရပါတယ်"

"အဲဒီလိုပြိုင်လို့ ကျုပ်ရှုံးသွားရင် ကျုပ်တို့တဖွဲ့လုံး ခင်ဗျားတို့ဂိုဏ်းကိုသစ္စာခံမယ်၊ အဲ ခင်ဗျားတို့ရှုံးသွားရင်တော့ ဒီနေရာကနေအမြန်ဆုံး ထွက်ခွာသွားပေးရမယ် ဘယ့်နယ့်လဲ"

ပြောလိုက်လေသည်။

ရှောင်ဖုံး၏ တင်ပြချက်ကို နားထောင်ပြီးနောက် သွေးမိစ္ဆာကိုဏ်း**ချုပ်က** ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ငါသဘောပေါက်ပါပြီကွာ မင်းက **ဗိုလ် ဗိုလ်ချင်း**ယှဉ်ပြိုင်မယ့် သဘောပေါ့ ဟုတ်လား"

မေးလိုက်လေသည်။

ရှောင်ဖုံးက ခေါင်းညိတ်ကာ

"ဟုတ်တယ်"

ပြောလိုက်၏။

သွေးမိစ္ဆာကိုဏ်း**ချုပ်**က ရယ်မောလိုက်ပြန်သည်။

"ရပါတယ်ကွာ မင်းကကိုယ့်သေတွင်း ကိုယ်တူးချင်တဲ့ကောင်ပဲ"

သွေးမိစ္ဆာက သရော်သလိုပြောလိုက်ပြီး ဟုန်မောဘက်သို့ လှည့်ကြည့်လိုက်ပြီး ပြောလိုက်လေသည်။

"ကဲ မင်းတို့ရဲ့ ကိုလူချောပြောတဲ့စကားကို ကြားကြတယ်မဟုတ်လား"

ပျံလွှားကိုဏ်း**ချုပ်**၏ စကားကြောင့် ဟုန်မေတွေဝေသွားလေသည်။

ဟုန်မေသည် မိမိတို့တကိုဏ်းလုံး၏ကံကြမ္မာကို မိမိတို့လုံးဝမသိရသော အကျည်းတန်လူငယ်၏ လက်ထဲသို့ဝင်ကျက်အပ်ရမည်ကို အမှုန်ပင်ဝန်လေးမိသည်။

ထိုတာဒံအချိန်ကလေး၌

ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက် တိတ်ဆိတ်သွားလေသည်။

အဖွဲ့နှစ်ဖွဲ့မှ လူအားလုံးသည် ဟုန်မေအားလှည့်ကြည့်**နေကြသည်**။

ဟုန်မေသည် မည်သို့ဆုံးဖြတ်မည်နည်း။

အမည်မသိကိုရွပ်ဆိုးလက်ထဲသို့ ပျံလွှားကိုဏ်း၏ကံကြမ္မာကိုပုံ**အပ်မည်လော**။

အချိန်အတန်ကြာသည့်တိုင် ဟုန်မေထံမှမည်သည့် စကားသံမျှထွက်မလာချေ။

သွေးမိစ္ဆာကိုဏ်း**ချုပ်**က ခနဲ့ပြုံးပြလိုက်သည်။

"ဘယ်လိုလဲ မင်းတို့ကိုဏ်း**ချုပ်**ကြီး ရှုံးသွားမှာကိုစိုးရိမ်နေလို့မဟုတ်လားကွ"

ခနဲ့လိုက်လေသည်။

ဟုန်မေ သည်းမခံနိုင်တော့ပါ။

သူမသည် ရင်ကိုကော့ပြီး ခေါင်းညိတ်လိုက်သည်။

"ကျွန်မ လက်ခံတယ်"

အပြတ်ပြောလိုက်သည်။

ဟုန်မေ၏ဆုံးဖြတ်ချက်ကြောင့် ပျံလွှားကိုဏ်းသား အားလုံးတို့သည် မယုံကြည်နိုင်လောက်အောင် အံ့သြတုန်လှုပ်သွားကြလေသည်။

✘✘✘ ✘✘✘ ✘✘✘

အနိုင်အရှုံး

သွေးမိစ္ဆာဂိုဏ်းချုပ်သည် လက်နှစ်ဘက်နောက်သို့ပစ်ကာ ရှောင်ဖုံးရှေ့သို့ လျှောက်လာလေသည်။

ထိုစဉ်

"ဒီလိုလူစားမျိုးကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ယှဉ်ဖို့ မလိုပါဘူးဗျာ ကျုပ်ပဲယှဉ်ပါ့မယ်"

လူတစ်ယောက်သည် ယင်းသို့လှမ်းပြောလိုက်ပြီး ရှေ့သို့တိုးထွက်လာသည်။

ရှောင်ဖုံးက အသံရှင်ကိုလှမ်းကြည့်လိုက်လေသည်။

သူ့ထံသို့ရင်ကိုကော့၍ လျှောက်လာသူမှာ ချူရှမ်းဖြစ်နေသည်ကို တွေ့လိုက်ရ၏။

ရှောင်ဖုံးသည် ချူရှမ်းအား တွေ့မြင်လိုက်ရသည်နှင့်သူ၏ရင်ထဲတွင် ခံပြင်းနာကျည်းစိတ်များက ရုတ်ချည်းပေါ်လာလေတော့သည်။

ရှောင်ဖုံးသည် ယောင်ယမ်း၍ **မိမိ၏မျက်နှာကိုလက်ဖြင့်** စမ်းလိုက်မိသည်။

ချူရှမ်း၏လူမဆံစွာ ယုတ်မာရက်စက်မှုကြောင့် **သူ၏** မျက်နှာတစ်ခုလုံးမှာ ရုစရာမရှိအောင် ပျက်စီးခဲ့ရပြီဖြစ်သည်။

ရှောင်ဖုံးသည် တွေးရင်းနှင့် ဒေါသအမျက်ချောင်းချောင်းထွက်လာတော့သည်။

ချူရှမ်းက ထိမထင်သော အမူအရာနှင့် ရှောင်ဖုံးရှေ့သို့လျှောက်လာသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ပြုံးလိုက်လေသည်။

"အေးကွ ဒီလိုကောင်မျိုးနဲ့ယှဉ်ရမှာ ငါ့အတွက်သိက္ခာကျစရာကြီးဖြစ်နေမယ်၊ လူကြီးကလူငယ်ကို အနိုင်ကျင့်သလို ဖြစ်နေတော့မယ်၊ မင်းဘဲကြည့်ပြီး ဆုံးမလိုက်တော့ကွာ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ချူရှမ်းအားလှမ်းပြောလိုက်၏။

ထို့နောက်

ရှောင်ဖုံးအား စူးရှစွာတစ်ချက်စိုက်ကြည့်လိုက်ပြီး နောက်သို့ဆုတ်သွားလေသည်။

ချူရှမ်းက အနီးသို့ရောက်လာပြီး ရှောင်ဖုံးနှင့်မျက်နှာချင်းဆိုင်ရပ်တန့်လိုက်လေသည်။

သူတို့နှစ်ယောက် လက်တစ်ကမ်းအကွာ၌ မျက်နှာချင်းဆိုင်ရပ်နေကြပြီးဖြစ်သည်။

ရောင်ဖုံးသည် ချူရှမ်းအား မီးဝင်းဝင်းတောက်သောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

ချူရှမ်းကမူ ရောင်ဖုံးအားမူစရာမလိုဟု အထင်သေးစွာ ဖြန်ကြည့်လိုက်လေသည်။

ပြီးနောက်

"မင်းရဲ့မျက်နှာက အတော်ကြီးကို ချောနေတယ်ထင်တယ် ပျံလွှားဂိုဏ်းချုပ်ကတောင် မျက်စေ့ကျနေပြီ"

ချူရှမ်းက ဟုန်မေထံလှမ်းကြည့်လိုက်ပြီး လှောင်ပြောင်၍ ရယ်မောလိုက်၏။

ရောင်ဖုံးကသည်းမခံနိုင်တော့လောက်အောင် ဒေါသထွက်သွားသည်။

"ဟေ့ကောင် မင်းပါးစပ်ပိတ်ထားစမ်း"

ရောင်ဖုံးသည် ဒေါသတကြီး အော်ဟစ်ပြောလိုက်သည်။

ချူရှမ်းကပြုံးလိုက်သည်။

သို့သော် သူ၏အပြုံးသည် ကောက်ကျစ်စဉ်းလဲသော အပြုံးမျိုးဖြစ်၏။

ချူရှမ်းသည်ဘာမှ ဆက်မပြောတော့ဘဲ ရောင်ဖုံးအား လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်လိုက် လေတော့သည်။

ရောင်ဖုံးမှာ ရုတ်တရက်တိုက်ခိုက် ခံလိုက်ရသောကြောင့် မရောင်သာမတိမ်းသာ ဖြစ်သွားရသည်။

ချူရှမ်း၏ အားမာန်ပါလှသော လက်သီးသည်သူ၏ရင်ဝ

အားလာရောက်ထိမှန်သွားလေတော့သည်။

သူ၏အရိန်ကြောင့် ရောင်ဖုံးမှာလွင့်သွားလေသည်။

"ဝုန်း"

ရောင်ဖုံး၏ကိုယ်ခန္ဓာသည် ခြေလှမ်းငါးလှမ်းမျှ လွင့်သွားသည်။

ပျံလွှားဂိုဏ်းသားအားလုံး မျက်လုံးပြူးမျက်ဆံပြူးဖြစ်သွားကြလေသည်။

သိုင်းကွက်တစ်ကွက်တည်းကိုပင် ခုခံနိုင်စွမ်းမရှိလျှင် နောက်ပိုင်းသိုင်းကွက်များကို ရောင်ဖုံးခံနိုင်စွမ်း ရှိတော့မည်မဟုတ်ပါဟု တွေးလိုက်မိကြသည်။

ဟုန်မေအပါအဝင် ပျံလွှားဂိုဏ်းသားများအားလုံး အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွား ကြလေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်က ကျေနပ်အားရစွာဖြင့် ခပ်ပြုံးပြုံးကြည့်နေလေသည်။

ချူရှမ်းကလည်း သိုင်းကွက်တစ်ကွက်တည်းနှင့် ရန်သူအားထိခိုက်ဒဏ်ရာရအောင် တိုက်ခိုက်နိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုဘဝင်မြင့်သွားလေသည်။

ထို့ကြောင့် အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား"

အမှန်တွင် ရောင်ဖုံးမှာ ရုတ်တရက်တိုက်ခိုက်ခံရမည်ဟု မျှော်လင့်မထားသောကြောင့် အငိုက်မိသွားခြင်းသာဖြစ်သည်။

သို့သော် အတွင်းဒဏ်ရာ ရရှိခြင်းမရှိချေ။

အကြောင်းမှာ ချူရှမ်း၏အတွင်းအားသည် ရောင်ဖုံး

နှင့်ယှဉ်လိုက်ပါက မှိုတစ်ပွင့်နှင့် သံစတစ်စပမာ **ကွာခြားနေသော** ကြောင့်ဖြစ်သည်။

ရှောင်ဖုံးသည်လဲကျနေရာမှ အသာအယာပြန်ထလိုက်လေသည်။

ချူရှမ်းက မဲ့ပြုံးတစ်ချက် ပြုံးလိုက်လေသည်။

ထို့နောက် အတွင်းအားများကို လက်သီးခ်ုံစုစည်းကာ ရှောင်ဖုံးထံ တရိန်ထိုးဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

တဆက်တည်းမှာပင်...

လက်သီးနှစ်လုံးသည် အရေးပါလှသော သွေးကြောနေရာသို့ ပြိုင်တူပစ်သွင်းလိုက်လေစေ့သည်။

လွန်စွာရက်စက်သော တိုက်ကွက်ဖြစ်သည်။

ထိုတိုက်ကွက်များကြောင့် ပျံလွှားဂိုဏ်းသားအားလုံးမှာ စိုးရိမ်ထိတ်လန့်သွားကြသည်။

အချို့ဆိုလျှင် မကြည့်ရက်သောကြောင့် မျက်နှာကိုလက်ဝါးနှင့်အုပ်ထားလိုက်ကြသည်။

မကြာပါ ချေ။

"ဝုန်း"

ဟူသောမြည်ဟီးသံထွက်ပေါ်လာ၏။

ထိုအသံနှင့်အတူ လူတစ်ယောက်အဝေးသို့ လွင့်စဉ်သွားလေသည်။

ပျံလွှားဂိုဏ်းသားများ အကြီးအကျယ်ထိတ်လန့်သွားကြသည်။

သူတို့သည် မဝံ့မရဲဖြင့် လှမ်းကြည့်လိုက်ကြသည်။

အဖြစ်အပျက်မှာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားလေသည်။

အကြောင်းမှာ

သူတို့ထင်မှတ်ထားသကဲ့သို့ ရှောင်ဖုံးလွင့်ထွက်သွားခြင်းမရှိဘဲ ချူရှမ်းသည်သာ လွင့်စင်လဲကျသွားသောကြောင့်ဖြစ်လေသည်။ ဝိုင်းကြည့်နေကြသော လူအားလုံးသည် အံ့သြတကြီးဖြင့် ကြောင်အမ်းအမ်း ဖြစ်ကုန်ကြလေ၏။

ချူရှမ်းကလည်း မယုံကြည်နိုင်လောက်အောင် အံ့သြသွားသည်။

သူသည် ရှက်လည်းရှက် ဒေါသလည်းထွက်သွားပြီးအံကြိတ်၍ထလိုက်၏။

သူ၏မျက်လုံးအစုံသည် ဒေါသကြောင့်မီးဝင်းဝင်းတောက်နေသကဲ့သို့ပင် ထင်မှတ်ရသည်။

ချူရှမ်းသည် ရှောင်ဖုံးအား စားမတတ်ဝါးမတတ်စိုက်ကြည့်ကာ အပြင်းထန်ဆုံးတိုက်ကွက်ဖြင့် ပြန်လည်တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေသည်။

သို့သော်

ရုတ်တရက်ဆိုသလို သူ့တစ်ကိုယ်လုံးသည် အဖျားတက်သကဲ့သို့ တဆတ်ဆတ်တုန်လာတော့သည်။

အားလှိုင်းတစ်ခုသည် သွေးကြောထဲ၌ ဝင်ရောက်စီးဆင်းနေသလို ခံစားရသည်။

သွေးလည်ပတ်နှုန်းမြန်လာသည်နှင့်အမျှ ချမ်းစိမ့်သောဝေဒနာသည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားလေတော့သည်။

ချုံရှုမ်းသည် မျက်လုံးကြီးများပြူးကျယ်လာကာ ရှောင်ဖုံး အားစိုက်ကြည့်လိုက်လေသည်။

ရှောင်ဖုံးက သူ့အား ပြန်၍စိုက်ကြည့်နေမိသည်။

ထိုအချိန်တွင်

ချုံရှုမ်း၏ ဦးများတဆတ်ဆတ်တုန်လာသည်။ မေးရိုးခြင်းလည်း ရိုက်ခတ်နေပြီဖြစ်သည်။

သူ၏တစ်ကိုယ်လုံးသည်လည်း ရေခဲဖြင့်စိမ်ထားသလိုဖြူဖပ်ဖြူရော် ဖြစ်လာသည်။

ချုံရှုမ်းက မည်သို့မျှမဟန်နိုင်တော့ဘဲ မြေပေါ်သို့လဲကျသွားလေတော့သည်။

"ဝုန်း"

လူအားလုံးမှာ ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်သွားကြပြီး ကျောက်ရုပ်ပမာငူငူကြီး ရပ်နေမိကြသည်။

ထိုသို့ ဖြစ်ပျက်သွားသည်မှာ အချိန်မည်မျှကြာလိုက်သည် မဟုတ်ပေ။

သို့သော်

တသက်တာကမ္ဘာမျှ ကြာမြင့်သည်ဟု ထင်မှတ်လိုက်လေသည်။

ထိုစဉ်

လီဟွားသည် သတိပြန်ဝင်လာကာ ချုံရှုမ်းအားပြေးရှင်းလိုက်၏။

ထိုအခါ-

ချုံရှုမ်း၏ကိုယ်မှ အေးစိမ့်သောအငွေ့အသက်သည် ကို

ကိုဝင်ရောက် ရိုက်ခတ်နေ၏။

ချုံရှုမ်းမှာမူ အလွန်ဇာရာအေးလှသည့် အချမ်းဒဏ်ကို ကွေးကောက်အောင် ခံစားနေရလေတော့သည်။

ဝန်းကျင်တစ်ခုလုံးသည် ရုတ်တရက်တိတ်ဆိတ်သွား၏။

ပျံလွှားတောင်ပေါ်၌ လူပေါင်းသုံးရာခန့်ရှိနေသည့်တိုင် အသံလုံးဝမထွက်ဘဲ ဟာတိဟာတာ တိတ်ဆိတ်နေလေသည်။

ခိုက်ခိုက်တုန်နေအောင် ချမ်းစိမ့်မှုကြောင့် တစ်ကိုယ်လုံး ကောက်ကွေးနေသော ချုံရှုမ်းအားတောင်ပေါ်ရှိ လူအားလုံးက အံ့အားတကြီး စိုက်ကြည့်နေမိသည်။

ရှောင်ဖုံးကိုယ်တိုင်သည်ပင် အပူအအေးသိုင်းပညာ၏အစွမ်းထက်မြက်မှုကို မယုံကြည်နိုင်လောက်အောင် အံ့သြနေမိသည်။

သူသည် ချုံရှုမ်း၏တိုက်ခိုက်မှုကို လက်ဝါးဖြင့်တွန်းထုတ်လိုက်ရုံမျှသာ ရှိပေသည်။

အကယ်၍

ချုံရှုမ်းကဲ့သို့သာ ပြင်းပြင်းထန်ထန်တိုက်ခိုက်မည်ဆိုလျှင် ချုံရှုမ်း၏ကိုယ်ခန္ဓာသည် ယခုအချိန်၌ ရေခဲတုံးတမျှ ဖြစ်နေမည်သာ မသိချေ။

ထိုစဉ်

"ဟေး ဒါမှ တို့ပျံလွှားဂိုဏ်းချုပ်ကြီးကွ"

တခဲနက်မျှသော ပျံလွှားဂိုဏ်းသားများ၏ ကောင်းချီးညြာပေးသံများသည် ဝန်းကျင်တစ်ခုလုံးသို့ ပဲ့တင်ရိုက်ခတ်သွားလေသည်။

သွေးမိစ္ဆာဂိုဏ်းသားများမှာ မျက်စိပျက်မျက်နှာပျက်ဖြစ်

သွားကြလေသည်။

ရှောင်ဖုံးသည် သူတို့အဖွဲ့၏အားထားရဆုံးသော လူတစ်ယောက်ကို တစ်ကွက်တည်းသော သိုင်းကွက်ဖြင့် အနိုင်ယူသွားခဲ့ပြီမဟုတ်လား။

ထို့ကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်သည် မျက်မှောင်ကြုတ်လိုက်ပြီး ရှောင်ဖုံးအားစိုက်ကြည့်လိုက်သည်။

ရှောင်ဖုံးကလည်း သွေးမိစ္ဆာဂိုဏ်းချုပ်အား ပြန်လည်စိုက်ကြည့်လိုက်မိသည်။

သူသည် သွေးမိစ္ဆာဂိုဏ်းချုပ်အား လွန်စွာရွံ့မုန်းခဲ့သူဖြစ်သည်။

သို့သော်

တကယ့်တကယ်တမ်း သွေးမိစ္ဆာဂိုဏ်းချုပ်နှင့် ရင်ဆိုင်ရသည့်အခါ၌ သူ့အနေဖြင့် ယုဉ်ပြိုင်တိုက်ခိုက်ရန် ဝန်လေးနေမိသည်။

စိတ်ထဲက မှုန်မှုန်ညက်ညက် ချေဖစ်ချင်နေသည်။

သို့သော်

လက်တွေ့တွင်ကား တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေမိသည်။

သူ့ကိုယ်သူ နားမလည်နိုင်ချေ။

အဘယ်ကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်အား ရင်မဆိုင်ဝံ့ရသနည်း။

ရှောင်ဖုံးသည် ထိုအတွေးများကို ခေါင်းထဲမှထုတ်ဖယ်လိုက်သည်။

ထို့နောက်

"ကဲ ခင်ဗျားတို့လူ ဘယ်သူတွေရှိသေးလဲဗျ"

မေးလိုက်၏။

ထိုအခါ လူအုပ်ကြားထဲမှ တမန်တော်စုကျူးက ရှေ့သို့လှမ်းထွက် လာကာ-

"ကျုပ် ရှိပါသေးတယ်"

ပြောလိုက်လေသည်။

ရှောင်ဖုံးက အေးတိအေးစက်ဖြင့် သူ့အားစိုက်ကြည့်လိုက်လေသည်။

"ကောင်းပြီလေ၊ ကျုပ်အဆင်သင့်ရှိပြီးသားပဲ"

ရှောင်ဖုံးက ဂရုမစိုက်ဟန်ဖြင့် ပြန်ပြောလိုက်လေသည်။

စုကျူးက မဲ့ပြုံးတစ်ချက်ပြုံးလိုက်၏။

ထို့နောက်-

အတွင်းအားကို လက်နှစ်ဘက်သို့ စုစည်းပြီး ရှောင်ဖုံး၏ရင်ဝသို့ တွန်းထုတ်လိုက်သည်။

ရှောင်ဖုံးက အသာအယာရှောင်တိမ်းလိုက်ပြီး လက်ဝါးစောင်းဖြင့် စုကျူး၏တဒေါင်ဆစ်ကို ဖြတ်ရိုက်လိုက်သည်။

သို့သော်

စုကျူးသည် ခေသူတစ်ယောက်မဟုတ်ချေ။

ရှောင်ဖုံး၏ခုတ်ချက်ကို ဘေးတိုက်ခုန်ရှောင်လိုက်သည်။

ဓာဆက်တည်းမှာပင်

ထွက်ခတ်ခတ်သည့်အနေဖြင့် ရှောင်ဖုံး၏ရင်ဝကို လက်ဖြင့်ရိုက်ချလိုက်သည်။

ရှောင်ဖုံးက ကိုယ်ကို ရှဲ့လိုက်သည်။

စုကျူး၏ ရိုက်ချက်သည် လေထဲ၌ ဝီးခနဲအော်မြည်ကာ ရောင်ဖုံး၏ ခေါင်းပေါ်မှ ကျော်သွားသည်။

စုကျူးသည် ချူရှမ်းနှင့်စာလျှင် ပိုမိုပါးနပ်၏ အဝင်အထွက် မြန်ဆန်၏။

အတွေ့အကြုံလဲ ပိုမိုရင့်ကျက်သည်။

ထို့ကြောင့်

သိုင်းကွက်သုံးကွက်ကို တလက်စတည်းထုတ်သုံးသွားသည့်တိုင် တစ်ယောက်နှင့်တစ်ယောက် ထိခိုက်မိခြင်း မရှိဘဲဖြစ်နေသည်။

ကြည့်ရှုနေကြသူများမှာ အသည်းတယားယားရှိနေတော့သည်။

ရောင်ဖုံးမှာ ယခုအချိန်အထိ အပူအအေးသိုင်းကို အသုံးပြုတိုက်ခိုက်ခြင်းမရှိသေးပေ။

တစ်ကြိမ်တွင် စုကျူးသည် ငြာသံပေးအော်ဟစ်လိုက်ပြီး ရောင်ဖုံးထံ ခုန်ဝင်လာလေသည်။

စုကျူး၏ ကိုယ်ခန္ဓာသည် ဝါးတထောက်အမြင့်မှနေ၍လေးညှို့ဖြင့်ပစ်သော မြားတစင်းပမာ ရောင်ဖုံးထံအရှိန်ဖြင့် ဝင်ရောက်လာလေသည်။

ရောင်ဖုံး၏ ခေါင်းထက်သို့ ရောက်သော် သူ၏ လက်ချောင်းများကို သိမ်းငုက်ခြေထောက်များပမာ ကုတ်ကွေးလိုက်သည်။

တဆက်တည်းမှာပင် ရောင်ဖုံး၏ ပခုံးနှစ်ဘက်ရှိသွေးကြောနေရာသို့ ကုတ်ချလိုက်သည်။

သို့သော်

ရောင်ဖုံးက နောက်သို့တလှမ်းဆုတ်ပြီး လက်ဝါးနှစ်ဘက်ဖြင့် ပင့်တင်ရိုက်ထုတ်လိုက်၏။

စုကျူးကလည်း မခေပါ။

အတွေ့အကြုံရင့်ကျက်သော သိုင်းသမားပီပီ သူ၏ခန္ဓာကိုယ်ကို လေထဲ၌ တစ်ပတ်လည်စေပြီး ရောင်ဖုံး၏ နောက်ကျောသို့ စိုက်ဆင်းလိုက်သည်။

ရောင်ဖုံး၏ နောက်ကျောကို လက်ဝါးဆန့်ထုတ်၍ ရိုက်ချလိုက်သည်။

ရောင်ဖုံးကလည်း ဤသို့ဖြစ်ပျက်လာမည်ကို ကြိုတင်မျှော်လင့်ထားသည်ဖြစ်၍ စုကျူး သူ့နောက်သို့ ရောက်ရှိလာခိုက်မှာပင် ကိုယ်တပတ်လှည့်၍ လက်ဝါးနှစ်ဘက်ကို ဆန့်ထုတ်လိုက်ပြီးဖြစ်နေသည်။

လက်ဝါးနှစ်ခုသည် ပြင်းတန်စွာထိတွေ့ပြီးနောက်-

"ဝုန်း"

ဟူသောအသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လက်ဝါးချင်းရိုက်မိသည့်အရှိန်ကြောင့် စုကျူးမှာနောက်သို့ယိမ်းယိုင်လွင့်စဉ်သွားလေတော့သည်။

သူ၏ လက်ဝါးသည်လည်း တွင်ခနဲပူလောင်သွား၏။

စုကျူးသည် လူပုံအလယ်၌ ဤကဲ့သို့ ဖြစ်ဘားခဲ့သည့်အတွက် အကြီးအကျယ်ရှက်သွားလေသည်။

ရှက်ရွံ့နှင့်တရစပ်တိုက်ခိုက်ရန် ရောင်ဖုံးထံသို့ ခုန်ဝင်လေသည်။

သို့သော်
စုကျူးမှာ စိတ်သာရှိနေသည်။
သူ၏ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေသည်။
တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်လာ၏။
မကြာမီ
ရုတ်တရက် အေးစိမ့်သွားပြန်သည်။
"ဝုန်း"
စုကျူး မဟန်နိုင်တော့ပေ။
မြေပေါ်သို့ အရပ်ကြီးပြတ်လဲကျသွား၏။
ရုတ်တရက်ဆိုသလို နှုတ်ခမ်းများခြောက်သွေ့လာပြီး ချွေးပြိုက်ပြိုက်ကျလာလေသည်။
တခဏကြာသည်။
ရုတ်ခြည်းဆိုသလို စုကျူး၏နှုတ်ခမ်းများမှာ တဆတ်ဆတ်တုန်လာသည်။
မေးရိုးရိုက်ခတ်သံများပေါ်လာသည်။ အသည်းခိုက်ခိုက်တုန်အောင် ချမ်းစိမ့်သောအအေးဓာတ်ကို တစ်ကိုယ်လုံးကွေးနေအောင် ခံစားရ၏။
ယင်းသို့ဖြင့် စုကျူးသည် အပူတလည့် အအေးတလည့် ဝေဒနာကို မြေပြင်ပေါ်၌ လူးလိမ့်ခံစားနေရတော့သည်။
စုကျူး၏အဖြစ်ဆိုးကို မြင်တွေ့လိုက်ရသော သွေးမိစ္ဆာဂိုဏ်းသားများသည် ထိတ်လန့်တကြား ဟုန်လှုပ်သွားကြသည်။
"ပျိုလွွားဂိုဏ်းသားများမှာမူ ဝမ်းသာအားရဖြင့် အော်ဟစ်အားပေးကြတော့သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် စုကျူး၏အဖြစ်ကို မြင်လိုက်ရသောအခါ ကျွန်ုပ်မဆည်နိုင်အောင် မျက်နှာပျက်သွားလေသည်။
သူသည်ရှောင်ဖုံးအား မယုံကြည်နိုင်သောမျက်လုံးဖြင့်စိုက်ကြည့်လိုက်၏။
ရှောင်ဖုံးက သွေးမိစ္ဆာဂိုဏ်းချုပ်ထံ လျှောက်လာသည်။
"ကဲ ဒီတစ်ခါဆို ခင်ဗျားအလှည့်ရောက်ပြီ"
သွေးမိစ္ဆာဂိုဏ်းချုပ်က ရှောင်ဖုံးအားစိုက်ကြည့်လိုက်၏။
"မင်း ဘယ်သူလဲ မင်းကိုဘယ်သူက အပူအအေးသိုင်းပညာကိုသင်ပေးတာလဲ"
ရှောင်ဖုံး အံ့သြသွားသည်။
အပူအအေးသိုင်းပညာကို တော်ရုံတန်ရုံသိုင်းသမားများကြားဖူးကြသည် မဟုတ်ပေ။
အမှန်အားဖြင့် ကျောက်စိမ်းဆွဲပြား၌ ထူးဆန်းသောသိုင်းပညာကိုရေးထိုးထားကြောင်း သိုင်းသမားများ သိရှိခဲ့ကြသည်။
မည်သည့်သိုင်းပညာဟူ၍ မည်သူမျှသိရှိခြင်းမရှိပေ။
ယခုသွေးမိစ္ဆာဂိုဏ်းချုပ်က တိုက်ရိုက်မေးလိုက်ကြောင့် ရှောင်ဖုံးအံ့သြရခြင်းဖြစ်သည်။
ရှောင်ဖုံးကနှုတ်ခမ်းကိုမဲ့လိုက်သည်။
"ကျုပ်ကဘယ်သူလဲဆိုတာ ခင်ဗျားသိဖို့မလိုပါဘူး အပူအအေးသိုင်းကို ဘယ်သူသင်ပေးသလဲဆိုတာကိုလည်း သိဖို့မလိုဘူး၊ ခင်ဗျားစဉ်းစားရမှာက ကျုပ်နဲ့ထပ်ပြီးယှဉ်မလား ဒါမှမဟုတ် ဒီနေရာက ချက်ချင်းထွက်သွားမလားဆိုတာ ဒါပဲပြောပါ"
သွေးမိစ္ဆာဂိုဏ်းချုပ်က အံကြိတ်လိုက်သည်။

ပျံလွှားဂိုဏ်းသားများ ဝမ်းသာပျော်ရွှင်မြူးတူးနေသည်ကို ကြည့်၍ ရောင်ဖုံးသည် ရင်ထဲ၌ဝမ်းသာပီတိ ဖြစ်သွားရသည်။

ထိုအချိန်၌ အဖွဲ့သားများသည် ရောင်ဖုံးအား ပွေ့ချီမ၍ ဌာနချုပ်အဆောက်အအုံရှိရာသို့ တစ်ပျော်တစ်ပါး ခေါ်ဆောင်သွားကြလေသည်။

ပျံလွှားဂိုဏ်းသားများသည် မရှုမလှုံးနိမ့်နေရာမှ အောင်ပွဲခံလိုက်ရသဖြင့် ဂိုဏ်းသားအားလုံးသည် စိတ်ဓာတ်တက်ကြွလာကြလေသည်။

သူတို့သည် သေဆုံးသူတို့၏အလောင်းများကို မြေမြှုပ်သင်္ဂြိုလ်ကြသည်။

ဒဏ်ရာရထားသူများကိုလည်း ပြုစုကုသပေးကြသည်။

ထိုည သူတို့သည် ခေါင်းဆောင်သစ်ဖြစ်သူအား ဂုဏ်ပြုစည့်ခံပွဲတစ်ခု တည်ခင်းကျွေးမွေးကြလေသည်။

ထမင်းပွဲတွင် ဟုန်မေက ရောင်ဖုံးအား အကဲခတ်ကြည့်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးကို ကျွန်မတစ်ခုမေးပါရစေ"

ရောင်ဖုံးက ခေါင်းညိတ်လိုက်သည်။

"မေးပါ"

ဟုန်မေက

"ကျွန်မအဖေကို ရှင်ဘယ်မှာတွေ့ခဲ့တာလဲ"

ရောင်ဖုံးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ခင်ဗျား ဘာဖြစ်လို့ မေးတာလဲဗျ ကျုပ်ကိုသံသယဖြစ်နေလို့လား"

ထို့နောက် စဉ်းလဲစွာတစ်ချက်ပြုံးလိုက်ပြီး

"ငါအရှုံးပေးပါတယ်ကွာ"

သွေးမီစ္ဆာဂိုဏ်းချုပ်က လက်တစ်ဘက်ဒေ့ယမ်းလိုက်ပြီး ထိုနေရာမှ ချာခနဲလှည့်ထွက်သွားလေသည်။

သွေးမီစ္ဆာဂိုဏ်းသားများသည်လည်း သူ့နောက်မှကဗျာကယာလိုက်ပါသွားတော့သည်။

ရောင်ဖုံးသည် ကျောခိုင်းထွက်ခွာသွားသော သွေးမီစ္ဆာဂိုဏ်းချုပ်၏နောက်ကျောအား ရီဝေစွာစိုက်ကြည့်လိုက်မိသည်။

သွေးမီစ္ဆာဂိုဏ်းချုပ်ကလည်း တရွေ့ရွေ့ထွက်ခွာသွားရာမှ နောက်သို့တစ်ချက် လှည့်ကြည့်လိုက်သည်။

ထိုအခါ

သူတို့နှစ်ယောက် မျက်လုံးချင်းဆုံသွားလေသည်။

✘✘✘ ✘✘✘ ✘✘✘

ပျံလွှားဂိုဏ်းသားများတို့သည် ဝမ်းသာပီတိဖြစ်ကာဆူညံစွာအော်ဟစ်ပြီး ရောင်ဖုံးထံ ပြေးလွှားရောက်ရှိလာကြသည်။

"ခေါင်းဆောင်ကြီး သက်တော်ရာကျော်ရှည်ပါစေ"

ပျံလွှားဂိုဏ်းသားများ၏ တခဲနက်အော်ဟစ် ကြွေးကြော်လိုက်သော အသံသည်ဝန်းကျင်အနှံ့ ပဲ့တင်ရိုက်ခတ်သွား လေသည်။

ဟုန်မေက ခေါင်းခါယမ်းလိုက်လေသည်။

"မဟုတ်ရပါဘူးရှင် ကျွန်မအဖေနဲ့ ပတ်သက်ပြီး ဘာသတင်းများကြားရမလဲလို့ မေးမိတာပါ"

သူမသည် စကားကိုခေတ္တရပ်လိုက်ပြီး ရှောင်ဖုံးအားလှမ်းကြည့်လိုက်သည်။

"အခုလိုပျံလွှားဂိုဏ်းတစ်ခုလုံးရဲ့ သေရေးရှင်ရေးကိစ္စမှာ ရှင်ဝင်ကယ်လိုက်တဲ့အတွက် ကျွန်မတို့ တဖွဲ့လုံးက ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ဒါကြောင့် ရှင့်ကိုထာဝရခေါင်းဆောင်အဖြစ် ခန့်အပ်ဖို့ ကျွန်မတို့အားလုံးက ဆုံးဖြတ်လိုက်ပြီးပါပြီ"

ရှောင်ဖုံးက လှက်ကာပြလိုက်သည်။

"မလုပ်ပါနဲ့ဗျာ ကျုပ်ကသွေးမိစ္ဆာရဲ့ မဟာရန်သူဖြစ်နေလို့သာ ဒီကိစ္စထဲဝင်ပါတာပါ၊ ကျုပ်ခေါင်းဆောင်မလုပ်ချင်ဘူး"

ဟုန်မေက မျက်မှောင်ကုပ်လိုက်လေသည်။

"ဒါဖြင့်ရှင်က သွေးမိစ္ဆာဂိုဏ်းရော့်မှာ ဘာဖြစ်လို့ ပျံလွှားဂိုဏ်းချုပ်လို့ ပြောရတာလဲ"

ရှောင်ဖုံးက ပြုံးလိုက်လေသည်။

"ဒီလိုအချိန်မျိုးမှာ ဒီလိုကိုယ်စားပြုပြီးမပြောရင် ဘယ်လိုလုပ်ပြီးဖြေရှင်းလို့ရမှာလဲ"

ဟုန်မေက ခေါင်းညိတ်လိုက်လေသည်။

"ကျွန်မသဘောပေါက်ပါပြီ၊ ဒါပေမယ့်ရှင်သာ ဒီမှာမရှိရင် သွေးမိစ္ဆာဂိုဏ်းက နောက်ထပ်လာပြီး ရန်ရှာအုံးမှာပေါ့"

ဟုန်မေက စိုးရိမ်သောလေသံဖြင့် ပြောလိုက်လေသည်။

ရှောင်ဖုံးက သူမအားနှစ်သိမ့်သော အပြုံးဖြင့်ပြန်လည်

ပြုံးပြလိုက်လေသည်။

"ဒါကော့စိတ်ချပါ သွေးမိစ္ဆာဂိုဏ်းတစ်ခုလုံး မပြိုကွဲမချင်း ကျုပ်ဒီမှာ ဆက်ပြီးရှိနေမှာပါ"

ရှောင်ဖုံး၏ စကားကြောင့် ဟုန်မေစိတ်သက်သာရာရသွားလေသည်။

သူမသည်လေပူတစ်ချက်မှုတ်လိုက်ပြီး...

"ဒီစကားကြားရတာ ကျွန်မဖြင့်ဘယ်လိုဝမ်းသာသွားတယ်ဆိုတာ ပြောမပြတတ်အောင်ပါဘဲရှင်"

ပြောလိုက်လေသည်။

ပြီးနောက်

"ကဲ ကဲ ညစာသုံးဆောင်ပါဦး"

ထို့နောက်

ညစာကို စားသောက်လိုက်ကြလေသည်။

✖✖✖ ✖✖✖ ✖✖✖

လရောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ယှက်ဖြာနေလေသည်။

ညဉ့်နက်နေပြီဖြစ်၏။

သို့သော် ရှောင်ဖုံးမှာ အိပ်၍မပျော်သေးချေ။

အတွေးလွန်နေသောကြောင့် မျက်လုံးများကြောင်ကာအိပ်

မရဘဲဖြစ်နေသည်။

ထို့ပြင် ဓားတစ္ဆေအတုနှစ်ယောက်ဖြစ်သည့် ရီပင်းနှင့်ရီစွေတို့အကြောင်းလည်း တွေးမိလိုက်သည်။

သူ၏ဖခင်အကြောင်းနှင့် ကျင်းကျင်းအကြောင်းလည်း ပါသည်။

ကြူးလျှဲနှင့်ကဝေမအကြောင်း လည်းပါသည်။

သို့ရာတွင်...

မည်သည့်အကြောင်းကိုတွေးတွေး ဘာတစ်ခုမျှရေရေရာရာမရှိဘဲ လုံးလည်ချာလည်ဖြစ်နေသည်။

"အင်း အခုအချိန်ဆိုရင် ကြူးလျှဲတစ်ယောက် ဘယ်လိုများနေရှာမလဲ"

ရောင်ဖုံးသည် စိတ်မသက်သာစွာ တွေးရင်းသက်ပြင်းချလိုက် မိလေသည်။

ထို့နောက် အတွေးထဲတွင် ကျင်းကျင်း၏ချစ်စဖွယ်မျက်နှာကလေးက ထင်ဟပ်လာပြန်သည်။

ညစာစားပွဲပြုလုပ်သည့်ညက ကျင်းကျင်းသည်သူ့အားအမျိုးမျိုးအဖုံဖုံ အကဲခတ်ကြည့်ရှုနေခဲ့သည်ကို မြင်ယောင်လာမိသည်။

ကျင်းကျင်းသည် အိချင်းအားတီးတိုး စကားပြောလိုက်သည်ကို ရောင်ဖုံးမြင်ယောင်လာမိလေသည်။

ထို့နောက် အိချင်းကလည်း မိမိအားမကြာခဏစိုက်ကြည့်လိုက်သည်ကို ရောင်ဖုံးသည် တစ်ရေးရေးမြင်ယောင်လာလေသည်။

သူသည် သူ၏အဖြစ်မှန်ကို ကျင်းကျင်းအားဖွင့်ပြောချင်လာသည်။

မည်သည့်နည်းနှင့်မဆို ကျင်းကျင်းသည် သူ၏မေတ္တာကိုလိုလိုလားလားလက်ခံလိမ့်မည်ဟု သူမျှော်လင့်ယုံကြည်မိသည်။

သို့သော် သူ့မျက်နှာသူပြန်စမ်းကြည့်သောအခါ များစွာစိတ်ဓာတ်ကျသွားလေတော့သည်။

ဤမျှ အကျည်းတန်လှသောမျက်နှာဖြင့် ကျင်းကျင်း၏မေတ္တာကို ပြန်လည်မျှော်လင့်ရန် သူမည်သို့ စိတ်ကူးခဲ့ပါတော့မည်နည်း။

ရောင်ဖုံးသည် ဆိုးဝါးလှသောက်ကြမ္မာကိုတွေးကာ စိတ်ပျက်လက်ပျက် ဖြစ်သွားလေတော့သည်။

ကျင်းကျင်းသည် ခုတင်ပေါ်၌လဲလျောင်းနေသည်။ လရောင်သည် သူမ၏မျက်နှာပေါ်သို့ ထိုးကျနေသည်။ ညဉ့်နက်ပြီဖြစ်သော်လည်း ကျင်းကျင်းအိပ်မပျော်နိုင်သေးပေ။

သူ၏မျက်လုံးအစုံကို အခန်း၏မျက်နှာကျက်သို့ စိုက်ကြည့်နေမိသည်။

ယင်းသို့ စိုက်ကြည့်နေယင်းမှ သူမသည် မကြာခဏပင် သက်ပြင်းချနေလေသည်။

ကျင်းကျင်းနှင့်ယှဉ်၍ အိပ်နေသောအိချင်းသည် မကြာမကြာ သက်ပြင်းချသံကြောင့် အိချင်းသည် ကျင်းကျင်းအား အကဲခတ်ကြည့်လိုက်လေသည်။

ကျင်းကျင်း အိပ်မပျော်သေးကြောင်း တွေးပူလေသည်။

"ညီမလေး မအိပ်သေးဘူးလား"

ကျင်းကျင်းက ခေါင်းခါယမ်းလိုက်၏။

အိချင်းက ထထိုင်လိုက်သည်။

ကျင်းကျင်းမှာ မျက်လုံးကြောင်တောင်တောင်နှင့် မျက်နှာကျက်ကို အဓိပ္ပါယ်မရှိ စိုက်ကြည့်နေသည်။ အိချင်းကမျက်မှောင်ကြုတ်ယင်း ကျင်းကျင်းအား လှမ်းမေးလိုက်လေသည်။

"ဘာဖြစ်လို့ အိပ်မရတာလဲ"

ကျင်းကျင်းသည် အတန်ကြာအောင်နှုတ်ဆိတ်နေလေသည်။

ပြီးမှ သက်ပြင်းမျှင်းမျှင်းချလိုက်သည်။

"ဟိုရုပ်ဆိုးတဲ့လူကို ကျွန်မစိတ်ထဲ သက်ဘမကင်းဖြစ်နေမိတယ်"

အိချင်းက နားမလည်နိုင်သလိုဖြင့် ကျင်းကျင်းအားကြည့်လိုက်လေသည်။

"ဘာတွေသက်ဘမကင်းဖြစ်နေတာလဲ ပြောစမ်းပါဦး"

ကျင်းကျင်းသည် ခပ်ငေးငေးကလေးဖြစ်နေသည်။

အတန်ကြာမှ

အိချင်းဘက်သို့လှည့်လိုက်သည်။

"မမ သူ့ကိုအကဲခတ်မိသလားသူဘယ်သူနဲ့တူသလဲဟင်"

အိချင်းက ခေါင်းခါယမ်းလိုက်သည်။

"ဒီလောက်တောင်အရုပ်ဆိုးတဲ့လူကို မမဘယ်လိုလုပ်ပြီး သတိထားကြည့်မိမှာလဲ ညီမရယ်"

ကျင်းကျင်းက သက်ပြင်းချလိုက်မိသည်။

"သူက ရှောင်ဖုံးနဲ့ မတူဘူးလားဟင်"

ကျင်းကျင်းက မျှော်လင့်ချက်ကလေးနှင့် အိချင်းအားလှမ်းမေးလိုက်လေသည်။

အိချင်းသည် ကျင်းကျင်း၏စကားကို ကြားလိုက်ရတော့မှ ကိုရုပ်ဆိုး၏မျက်နှာကို စိတ်ကူးနှင့်မှန်းကြည့်လိုက်သည်။

"ဟုတ်တယ် ညီမပြောမှပဲ မမသတိထားမိတော့တယ် မျက်နှာပေါက်တော့ ခပ်ဆင်ဆင်ပဲ"

ကျင်းကျင်းက အနည်းငယ်အားတက်သွား၏။

"ဘယ့်နယ်လဲ ရှောင်ဖုံးနဲ့တူတယ် မဟုတ်လားဟင်မမ"

အိချင်းက သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။

"တူသလိုရှိတယ်ဆိုတာပဲ ပြောလို့ရမယ်၊ တပ်အပ်သေချာပြောဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒါပေမယ့်ရုပ်ကိုမကြည့်ဘဲ အသံကိုနားထောင်မယ်ဆိုရင်တော့ ဖြစ်နိုင်တယ်"

ထိုစကားကိုကြားလိုက်ရသောအခါ ကျင်းကျင်းသည်စိတ်ဝင်စားလာသည်။

ထို့ကြောင့်

လဲလျောင်းနေရာမှ ထထိုင်လိုက်လေသည်။

"ဟုတ်တယ် ကျွန်မလည်းသူ့နောက်ကျောကို သေသေချာချာကြည့်လိုက်တော့ ရှောင်ဖုံးနဲ့တထေရာတည်းပါပဲ၊ ကျွန်မဖြင့်သူ့ကိုရှောင်ဖုံးများဖြစ်နေမလားလို့တောင်ထင်မိတယ် မမရယ်"

အိချင်းက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်လေသည်။

"မဖြစ်နိုင်ပါဘူး ညီမရယ် ရှောင်ဖုံးသေသွားပြီပဲ"

အိချင်းကစိတ်မကောင်းသော လေသံဖြင့် ပြန်ပြောလိုက်လေသည်။

ကျင်းကျင်းက ခပ်ငေးငေးတွေဝေနေမိသည်။

"ကျွန်မတော့ ရှောင်ဖုံးသေသွားပြီဆိုတာကို ခုထိမယုံကြည်နိုင်အောင် ဖြစ်နေမိပါတယ်"

ရှောင်ဖုံးအပေါ်သံယောဇဉ် ကြီးမားလှသော ကျင်းကျင်းကိုစိတ်မကောင်းစွာဖြင့် လှမ်းကြည့်ရင်း အိချင်းသက်ပြင်းချလိုက်မိသည်။

"အင်း မမတို့ကိုယ်တိုင်လဲ ရှောင်ဖုံးရဲ့ရုပ်အလောင်းကို မြင်ခဲ့ရတာမဟုတ်တော့ ရှောင်ဖုံးသေ မသေဆိုတာကို ဘယ်လိုမှ မသိနိုင်ပါဘူး"

ကျင်းကျင်း မျက်မှောင်ကုပ်သွားလေသည်။

သူမ၏မျက်လုံးအိမ်၌ အကျည်းတန်လှသော ကိုရုပ်ဆိုးကို မြင်ယောင်လိုက်လေသည်။

"သူရုပ်ဖျက်ထားတာများလား"

အိချင်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး ရုပ်ဖျက်တယ်ဆိုတာ ဒီလောက်အထိသဘာဝမကျနိုင်ဘူး ညီမရဲ့"

ထိုစဉ် အဝေးမှ ကြက်တွန်သံများသည် အဆက်မပြတ်ထွက်ပေါ်လာသည်။

လမင်း၏အလင်းရောင်လည်း စောစောကလောက် တောက်ပမှုမရှိချေ။

မှိန်လဲ့သွားသည်။

အိချင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ ညီမမိုးတောင်လင်းတော့မယ် အိပ်ကြစို့"

သူတို့နှစ်ယောက်သည် အိပ်ရန်ခုတင်ပေါ်သို့ လဲလျောင်းလိုက်သည်။

မကြာမီ အုန်းမောင်းခေါက်သံ ဆည်စွာထွက်ပေါ် လာသည်ကို ကြားလိုက်ရလေသည်။

✖✖✖ ✖✖✖ ✖✖✖

အခြေအနေသည် ရုတ်ချည်းဆိုသလိုပင် ရှုပ်ထွေးသွားလေသည်။

အကြောင်းမှာ

သွေးမီစ္ဆာဂိုဏ်းသားတို့သည် ကောက်ကျစ်စဉ်းလဲစွာဖြင့်ပျံလွှားတောင်ကို ရုတ်တရက်ဝင်ရောက် တိုက်ခိုက်လိုက်သောကြောင့် ဖြစ်သည်။

ရှောင်ဖုံးသည်ရှေ့ဆုံးမှ ခြေးထွက်လာပြီးလျှင် အဖွဲ့သားများအား စုစည်းလိုက်လေသည်။

ထို့နောက်

မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကို ညွှန်ကြားကာလိုအပ်သည်များကို ချက်ချင်းပင် စီစဉ်လုပ်ဆောင်ကြသည်။

သူတို့သည် တောင်အောက်မှ ချီတက်လာကြသောသွေးမီစ္ဆာဂိုဏ်းသားများအား အဆင့်သုံးဆင့်ထား၍ ခုခံရန်လျှပ်တပြက် ပြင်ဆင်လိုက်ကြသည်။

လေးမြားကျွမ်းကျင်သော အဖွဲ့သားခြောက်ဆယ်ကျော်တို့အားထိုနေရာမှတက်လာသော ရန်သူများအား ပစ်ခတ်တိုက်ခိုက်ရန်ဖြစ်သည်။

ဒုတိယအဆင့်အနေဖြင့် သူတို့သည်ထင်းစည်းများကို မီးရှို့၍အောက်သို့ပစ်ချ ခုခံရန်ဖြစ်သည်။

တတိယအဆင့်ကို ဌာနချုပ်အဆောက်အအုံ မြေကွက်လပ်တွင်ထားရှိသည်။

ယင်းသို့ပြင်ဆင်ပြီးသည်နှင့် ရှောင်ဖုံးသည် ရှေ့တန်းခံစစ်သို့ဆင်းလာခဲ့သည်။

နှောက်ဆုံးတိုက်ပွဲ

အုန်းမောင်းခေါက်သံများသည် ဆူညံစွာထွက်ပေါ်လာသည်။

တဆက်တည်းမှာပင်

ငြိမ်သက်တိတ်ဆိတ်နေသော ပျံလွှားတောင်ပေါ်တွင်ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

အော်သံခေါသံ ငြာသံပေးသံများသည် ဟိုနေရာဒီနေရာမှ ပျံ့လွင့်လာသည်။

မီးတုတ်များဖြင့် ထိန်ထိန်လင်းလာသည်။

အော်သံခေါသံငြာသံပေးသံတို့သည် ပျံလွှားတောင်ပေါ်ထွင်ဆူညံသွားသည်။

ဂိုဏ်းသားတို့သည် လက်နက်ကိုယ်စီဖြင့် မိမိတို့နောက်ခြေးထွက်လာကြသည်။

ရှောင်ဖုံးနှင့်အတူ ဟုန်မောကလည်း ထပ်ချပ်မကွာ လိုက်ပါလာခဲ့သည်။

ပထမခံစစ်ရှိရာ တောင်ခါးပန်းသို့ ရောက်သောအခါ ရန်သူများသည် သူတို့နှင့်မြားတပစ်အကွာသို့ ရောက်ရှိနေကြပြီဖြစ်သည်။

"ပစ်"

ရှောင်ဖုံးက အော်ဟစ်အမိန့်ပေးလိုက်သည်။

လေးညှိုးမှ လွှတ်လိုက်သောမြားတံများသည် ဝှစ်ကနဲအော်မြည်ကာ ရန်သူထံသို့ အစုလိုက်အပြုံလိုက် ရောက်လာကြတော့သည်။

သွေးမိစ္ဆာဂိုဏ်းသားတို့သည် တောင်ပေါ်သို့ချီတက်ရန် လာယင်း မမျှော်လင့်ဘဲ ကြားဖြတ်တိုက်ခိုက်ခံရသဖြင့် များစွာအထိနာကြကုန်လေသည်။

သို့သော်

သူတို့သည် အင်အားအလုံးအရင်းဖြင့် ချီတက်လာခြင်းဖြစ်ရာ ရှောင်ဖုံး၏ပထမအဆင့်တိုက်ခိုက်ရာမှ ထင်သလောက်ခရီးမရောက်လှဘဲ ကျိုးပေါက်သွားလေသည်။

ထို့ကြောင့်

ရှောင်ဖုံးတို့လူစုသည် ဒုတိယခံစစ်ကြောင်းသို့ ဆုတ်ခွာလာခဲ့ရလေသည်။

ထိုနေရာ၌ မူလရှိသူများနှင့်ပူးပေါင်းကာ ရန်သူအား ရှေ့ဆက်မဆာက်နိုင်အောင် ဟန့်တားကြသည်။

သွေးမိစ္ဆာဂိုဏ်းသားတို့သည် အကျအဆုံးခံ၍ ချီတက်လာကြသည်။

သို့သော်

ဒုတိယခံစစ်ကြောင်းကို ရောက်ရှိလာသောအခါ တောင်ပေါ်မှ မီးလျှံများမီးတုတ်များဖြင့် စီး၍ပစ်ခတ်လိုက်သောကြောင့် သူတို့သည် ရှေ့သို့မတိုးနိုင်ဘဲ ဖြစ်သွားရလေသည်။

သူတို့သည် လုံးဝဖွဲ့မလျော့ဘဲ ဒုတိယစစ်ကြောင်းကိုအင်အားအလုံးအရင်းဖြင့် အဏင်းတိုးဖောက်နေသည်။

စင်စစ်သူတို့သည် ဒုတိယစစ်ကြောင်းအား အလွယ်တကူတိုးဖောက်နိုင်ခြင်း မဟုတ်ချေ။

လူပေါင်းများစွာ၏အသက်ကိုစစ်တေး၍ အနာခံချိုးဖောက်ခဲ့ရခြင်းဖြစ်သည်။

ဤသို့ဖြင့်

သူတို့သည် တောင်ပေါ်သို့ရောက်ရှိလာသောအခါ အဖွဲ့သားအင်အားနှစ်ရာကျော်ခန့်သာ ကျန်ရှိတော့သည်။

သို့သော်

ပျံလွှားအားဂိုဏ်း၏အင်အားမှာမူ ကိုးဆယ်ကျော်မျှသာ ကျန်ရှိနေသည်။

လူပေါင်းကိုးဆယ်ကျော်အနက် သုံးပုံတစ်ပုံခန့်မှာ ဒဏ်ရာရရှိနေသည်။

ထို့ကြောင့်

ရှောင်ဖုံးသည် မိမိတို့ဘက်မှ အခြေအနေဆိုးဝါးနေသည်ကို သတိပြုမိသည်။

ယခုပုံစံအတိုင်း ဆက်လက်တိုက်ခိုက်နေလျှင် မိမိတို့ဘက်မှ အရေးနိမ့်သွားမည်မှာ လွန်စွာသေချာပေသည်။

ထို.ကြောင့်-

သူသည် သွေးမိစ္ဆာဂိုဏ်းချုပ်အား အနိုင်တိုက်ခိုက်မှသာ လျှင် ဖြစ်တော့မည်ဟု တွေးတောလိုက်မိသည်။

အကယ်၍ သွေးမိစ္ဆာဂိုဏ်းချုပ်ကိုသာ အပိုင်ချုပ်ကိုင်နိုင် မည်ဆိုလျှင် သွေးမိစ္ဆာဂိုဏ်းသားများမှာ လူပ်ရှားရဲကြတော့မှာမ ဟုတ်ပေ။

ယင်းသို. ကြံစည်နေစဉ်မှာ ယင်းသွေးမိစ္ဆာဂိုဏ်းချုပ်နှင့် တကွ သူ၏အဖွဲ့သားများသည် တောင့်ပေါ်သို. ရောက်ရှိလာကြ တော့လေသည်။

တစ်ချိန်တည်းမှာပင် ရှောင်ဖုံးသည် သွေးမိစ္ဆာဂိုဏ်းချုပ်ထံ သို့ ဓာတုန်တိုးပြေးဝင်သွားလေတော့သည်။

ထိုတိုက်ပွဲတွင် ချူရှမ်းပြန်လည်ပါရှိလာလေသည်။

သူ.အနေဖြင့် ပါသည်ဆိုရုံမျှသာရှိသည်။

ယခင်ကကဲ့သို. စွမ်းစွမ်းတမံတိုက်ခိုက်နိုင်စွမ်းမရှိတော့ချေ။

သူသည် ရှောင်ဖုံးနှင့်ယှဉ်ပြိုင်ခဲ့ရတုန်းက အပူအအေးသိုင်း ကြောင့် ဒဏ်ရာများရရှိခဲ့သူဖြစ်သည်။

ထို.ကြောင့်

ချူရှမ်းသည် ယခင်ကကဲ့သို. လျှင်မြန်မှုမရတော့ချေ။

စုကျူးမှာမူ ယခုတိုက်ပွဲ၌ လုံးဝပါရှိမလာချေ။

အကြောင်းမှာ

သူသည် ရှောင်ဖုံး၏အပူအအေးသိုင်းကြောင့် ဒုက္ခိတဘဝ သို. ရောက်ရှိနေပြီဖြစ်ရာ ကျန်တိုက်ပွဲ၌ ပါရှိမလာခြင်းဖြစ်သည်။

သို.သော် သွေးမိစ္ဆာဂိုဏ်းအတွက် အားအထားရဆုံးသော

လူနှစ်ယောက်မှာမူ ပါရှိလာခဲ့လေ၏။

ငင်းတို.မှာ လီဟွားနှင့် ကဝေမတို.ပင် ဖြစ်ပါသည်။

ကဝေမသည် ရှောင်ဖုံးအား အနီးကပ်ဆက်စပ်ယင်းသွေး မိစ္ဆာဂိုဏ်းထဲရောက်အောင် စည်းရုံးသိမ်းသွင်းနေသူဖြစ်သည်။

အကယ်၍

စည်းရုံးသိမ်းသွင်းမရလျှင် ရှောင်ဖုံးနှင့်ပူးပေါင်း၍ အတွင်း သူလျှိုပြုလုပ်ရန် ကြံစည်ခဲ့သူဖြစ်သည်။

သို.သော်

ကဝေမ၏အကြံအစည်မှာ မအောင်မြင်ခဲ့ပါချေ။

ထို့ကြောင့် သွေးမိစ္ဆာဂိုဏ်းထဲသို. ပြန်လည်ရောက်ရှိနေခဲ့ ခြင်းဖြစ်သည်။

ယခု လီဟွားနှင့်ကဝေမသည် ပျံလွှားဂိုဏ်းမှဟုန်မေအား လက်ရဖမ်းဆီးနိုင်ရန် ထွက်လာခဲ့ခြင်းဖြစ်သည်။

ဟိုတစ်စု သည်တစ်စု တိုက်ခိုက်နေသံများသည် ကမ္ဘာ ပျက်သည့်အလား ဆူညံစွာထွက်ပေါ်လာလေသည်။

ရှောင်ဖုံးသည် သွေးမိစ္ဆာဂိုဏ်းချုပ်အား ရှဲ့မုန်းစွာဖြင့်စိုက် ကြည့်လိုက်မိသည်။

ပြီးနောက်

"ကဲ ခင်ဗျားနဲ့ကျွန်တော်ထိပ်တိုက်တွေ့ပြီ ခင်ဗျားကျုပ်ကို နှိပ်စက်သမျှ ဒီတစ်ခါ အတိုးကောအရင်းပါ ပေးဆပ်ရတော့မယ်"

ရှောင်ဖုံးက အံတင်းတင်းကြိတ်ကာ ပြောလိုက်၏။

သူ.စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်မှာကြောင်အမ်းအမ်း ဖြစ်သွားသည်။

"နေပါအုံး မင်းနဲ့ငါကအရင်တစ်ခါက ခဏလေးဘဲဆုံလိုက်ရတာပဲ၊ အဲဒီတုန်းက ငါ့လူနှစ်ယောက် မင်းကြောင့်ဒုက္ခရောက်ခဲ့ရတာပဲ ဘယ်နယ့်ကြောင့် ငါကမင်းကို နှိပ်စက်ခဲ့တယ်လို့ ပြောရတာလဲ"

မေးလိုက်လေသည်။

ရောင်ဖုံးကနှုတ်ခမ်းမဲ့၍ မရယ်ချင့်ရယ်ချင် လုပ်လိုက်သည်။

"ခင်ဗျား ကျုပ်ကိုမမှတ်မိလို့ပေါ့လေ၊ အင်းပေါ့လေဘယ်မှတ်မိပါ့မလဲ၊ ခင်ဗျားရဲ့လူတွေက ကျုပ်ရဲ့မျက်နှာကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဖျက်ဆီးလိုက်ကြတာကိုး"

သွေးမိစ္ဆာဂိုဏ်းချုပ်က ခေါင်းခါယမ်းလိုက်လေသည်။

"မင်းပြောတာတွေ တစ်ခုမှငါနားမလည်ဘူး"

ရောင်ဖုံးကမဲ့ပြုံးပြုံးလိုက်သည်။

ပြီးနောက်..

"ခင်ဗျားနားလည်အောင် ပြောရတာပေါ့"

"ကျုပ်နာမည်က ရောင်ဖုံး ခင်ဗျားတို့လူမဆန်အောင်နှိပ်စက်ခဲ့ကြပြီး မြေမြှုပ်သင်္ကြိုလ်ခဲ့တဲ့ ရောင်ဖုံးပဲ"

ပြောလိုက်လေသည်။

ရောင်ဖုံး၏စကားကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်မှာ မျက်လုံးအစုံပြူးကျယ်သွားလေသည်။

သူသည်အံ့သြတကြီးဖြင့် ရောင်ဖုံးအားစိုက်ကြည့်ကာ

"ဒါ ဒါဖြင့် မင်း မင်းကရောင်ဖုံးပေါ့"

ရောင်ဖုံးကနှုတ်ခမ်းမဲ့လိုက်လေသည်။

"ဟုတ်တယ် ကျုပ်ရောင်ဖုံးပဲ ခင်ဗျားတို့ကြောင့် ကျုပ်မျိုးနွယ်ပျက်စီးခဲ့ပြီ ခုလဲကျုပ်တို့ပျံလွှားဂိုဏ်းသားတွေ အလောင်းချင်းထပ်နေပြီ အပြစ်မရှိတဲ့လူတွေကိုထပ်ပြီး ဒုက္ခမပေးနိုင်အောင်"

ရောင်ဖုံးက ပြောပြောဆိုဆိုဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သွေးမိစ္ဆာဂိုဏ်းချုပ်က လက်ကာပြလိုက်သည်။

"နေပါဦး မင်းကိုငါတစ်ခုမေးဦးမယ်မင်းအဖေဘယ်သူလဲ"

သွေးမိစ္ဆာဂိုဏ်းချုပ်က ရောင်ဖုံးအားသေသေချာချာကြည့်ပြီးမေးလိုက်ခြင်းဖြစ်သည်။

ရောင်ဖုံး အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်အဖေက လူယုတ်မာတစ်ယောက်ပဲ"

ရောင်ဖုံးက နာကျည်းစွာဖြင့် ပြန်ပြောလိုက်သည်။

ထို့နောက်

သွေးမိစ္ဆာဂိုဏ်းချုပ်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း မင်းဟာကိုယ့်အဖေကိုတောင် စော်ကားမော်ကားပြောဝံ့တဲ့ အကောင်ပဲ"

သူသည် ပြောပြီးသည်နှင့် ရောင်ဖုံးအား ရုတ်တရက်တိုက်ခိုက်လိုက်လေသည်။

သို့သော် ရောင်ဖုံးကလည်း သတိထားနေပြီဖြစ်၍ သူ၏တိုက်ခိုက်မှုမှာ အရာမရောက်ခဲ့ပါရေ။

ရောင်ဖုံးသည် မိမိနှင့်သွေးမိစ္ဆာဂိုဏ်းချုပ်၏ အနီးအရှဲ့မှာ ပျံလွှားဂိုဏ်း၏အနာဂတ်ကံကြမ္မာပင် ဖြစ်ကြောင်းနားလည်သော ကြောင့်လုံးဝညာတာခြင်းမရှိဘဲ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်၏။

တိုက်ပွဲသည် ပြင်းထန်စွာဖြစ်ပွားနေ၏။

ထိုစဉ်

တိုက်ပွဲအတွင်းသို့ အနီရောင်အရိပ်တစ်ရိပ်သည် လျှပ်တပြက်ရောက်လာကာ သွေးမိစ္ဆာဂိုဏ်းသားများအား ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုအနီရောင်အရိပ်မှာ ဓားတစ္ဆေပင်ဖြစ်သည်။

သူနှင့်အတူအဘွားအိုတစ်ယောက်နှင့် ရီပင်း၊ ရီစွေတို့ညီအစ်မနှစ်ယောက်ပါ ပါလာလေသည်။

ရီပင်းသည် ရှောင်ဖုံးနှင့်ကဝေမတို့အား ကယ်ဆယ်ရင်း မိုးထိတ်ကြား၌ ကျန်ရစ်ခဲ့သူဖြစ်သည်။

သူမသည် ရှောင်ဖုံး၊ ကဝေမနှင့်ရီစွေတို့အား အန္တရာယ်မှ ကင်းစွာထွက်ခွာနိုင်ရေးအတွက် ဓားစားခဲ့အဖြစ် ကျန်ရစ်ခဲ့သူဖြစ်လေသည်။

သို့သော် သူမသည်အခြေအနေနှင့်အခွင့်အခါကို ကောင်းစွာအသုံးချတတ်သူပီပီ မကြာမီမှာပင် ဓားစားခဲ့အဖြစ်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

ယင်းသို့ဖြင့်

သူမသည် ရီပင်းထံပြန်လည်ရောက်လာပြီး ယခုကဲ့သို့ပျံလွှားတောင်သို့ လိုက်ပါလာနိုင်ခဲ့ခြင်းဖြစ်လေသည်။

သူတို့သည် တိုက်ပွဲအတွင်းသို့ ဝင်ရောက်မိသည်နှင့် တစ်ပြိုင်နက် သွေးမိစ္ဆာဂိုဏ်းသားများအား တက်ညီလက်ညီ တရကြမ်းဝင်ရောက် တိုက်ခိုက်လိုက်ကြသည်။

ဓားတစ္ဆေနှင့်အတူပါလာသော အဘွားအိုမှာရီပင်းနှင့်ရီစွေတို့၏ဆရာ ဘွားဘွားကူးပင်ဖြစ်သည်။

ဘွားဘွားကူးသည် ဓားတစ္ဆေ၏ဇနီးဖြစ်ပေသည်။

သူတို့သည် သွေးမိစ္ဆာဂိုဏ်းက ပျံလွှားဂိုဏ်းအား လာရောက်တိုက်ခိုက်သည်ကိုသိရှိသဖြင့် ယခုကဲ့သို့လာရောက်ကူညီခြင်းပင်ဖြစ်လေသည်။

သူတို့လူစုက ယင်းသို့ဝင်ရောက်တိုက်ခိုက်လိုက်သောကြောင့် တိုက်ပွဲ၏အခြေအနေသည် လျှင်မြန်စွာ ပြောင်းသွားတော့သည်။

စောစောပိုင်းက အောင်ပွဲခံလုနီးပါးဖြစ်နေသော သွေးမိစ္ဆာဂိုဏ်းသည် တစ်စထက်တစ်စ အရေးနိမ့်စပြုလာသည်။

ထိုအချိန်၌

ကဝေမနှင့်လီဟွားတို့က ဟုန်မေအားနှစ်ဖက်ညှပ်၍တိုက်ခိုက်နေကြသည်။

ထို့ကြောင့် ရီပင်းနှင့်ရီစွေတို့က ဝင်ရောက်သွားကာ ဟုန်မေဘက်မှ ကူညီတိုက်ခိုက်လေတော့သည်။

သို့ဖြင့် သူတို့အုပ်စုကလေး တိုက်ပွဲမှာ အင်အားညီမျှသွားလေတော့သည်။

ကဝေမနှင့်ရီပင်းတို့ညီအစ်မကတစ်ဖွဲ့ လီဟွားနှင့်ဟုန်မေတို့တစ်ဖွဲ့၊ အဖွဲ့နှစ်ဖွဲ့ခွဲပြီး တိုက်ခိုက်နေကြတော့သည်။

ယင်းသို့တိုက်ခိုက်နေကြရာမှ ရီပင်းနှင့်ရီစွေတို့၏လက်ချက်ဖြင့် ကဝေမကျဆုံးသွားလေသည်။

လီဟွားနှင့်ဟုန်မေမှာမူ လက်ရည်တူ ယှဉ်ပြိုင်လျက်ရှိ

နေလေသည်။

တိုက်ပွဲတစ်ခုလုံးကို ခြုံကြည့်လိုက်လျှင် သွေးမိစ္ဆာဂိုဏ်းသား များ အရေးနိမ့်လာသည်ကို တွေ့မြင်ရတော့သည်။

ရှောင်ဖုံးနှင့်သွေးမိစ္ဆာဂိုဏ်းချုပ်တို့မှာ သဲသဲမဲမဲတိုက်ခိုက် နေဆဲဖြစ်သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံးမှာအပူသိုင်းနှင့်အအေး သိုင်းပညာ တတ်မြောက်ထားသည်ကို သိရှိထားသဖြင့် သူသည် လက်ဝါးချင်းအထိမခံဘဲ ဓားကိုသာအသုံးပြု၍ တိုက်ခိုက်နေသည်။

ထို့ကြောင့်

သူတို့နှစ်ယောက်သည် လက်ရည်တူနေသည်။

သို့သော် သူ့လူများသည် တစ်စထက်တစ်စ ကျဆုံးမှု များလာသည့်အပြင် ဓားတစ္ဆေတို့ရောက်လာသည်ကိုလည်းတွေ့မြင် လိုက်ရသဖြင့် သွေးမိစ္ဆာဂိုဏ်းချုပ်သည် ထိတ်လန့်တုန်လှုပ်သွား လေသည်။

ယင်းသို့ထိတ်လန့်တုန်လှုပ် သွားသောကြောင့် တိုက်ခိုက် မှုတွင်အားပျော့လာသည်။

ရှောင်ဖုံးသည် တာဘက်ရန်သူက တိုက်ခိုက်အားနည်းလာ သည်ကို တွေ့ရသောအခါ ဖိ၍တိုက်ခိုက်လိုက်သည်။

ထို့ကြောင့်

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ပုံပျက်ပန်းပျက် ခုခံနေရသည်။

ထိုစဉ် သွေးမိစ္ဆာဂိုဏ်းသားအားလုံးတို့သည် သေသူသေ ဒဏ်ရာရသူရှိ လက်နက်ချသူချနှင့် ကစဉ့်ကရဖြစ်ကုန်ကြသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် မိမိတို့ဘက်မှ လုံးဝအခြေအနေ

မဟန်တော့မှန်း တွေ့ရှိရသဖြင့် သူသည်နောက်ဆုတ်၍ပြေးရလေ သည်။ သို့သော်သူနောက်ကျသွားခဲ့ပြီ။

ဓားတစ္ဆေသည် သူ၏သွားလမ်းကို ပိတ်ဆို့ရပ် တန့်လိုက်ပြီဖြစ်လေသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ဇောခွေးများပြန်လာတော့သည်။

သူသည်အံကိုတင်းတင်းကြိတ်ရင်း ရှောင်ဖုံးအားလှမ်း ကြည့်လိုက်သည်။

သူ၏မျက်လုံးမှ ဒေါသအခိုးအငွေ့များလျှံထွက်လာသည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံးကြောင့် ဖရိုဖရဲဖြစ်နေခဲ့ ရပြီမဟုတ်ပါလား။

ဆို့ကြောင့်ခုခံနေရပြီ မဟုတ်ပါလား။

ထို့ကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်သည် ရှောင်ဖုံးအား စားမ တတ်ဝါးမတတ် ဒေါသထွက်နေမိလေသည်။

ရုတ်တရက်

သူသည် ရှောင်ဖုံးထံခုန်ဝင်လိုက်၍ တဆက်တည်းမှာပင် ဓားကိုဆွဲထုတ်၍ လှမ်းထိုးလိုက်သည်။

သူ၏လျှပ်တပြက်တိုက်ခိုက်မှုကြောင့် ရှောင်ဖုံးသည်ရင် ထိတ်သွားပြီး ကဗျာကယာ ရှောင်တိမ်းလိုက်ရလေသည်။

ရှောင်ဖုံးကရှောင်တိမ်းရင်း လက်ဝါးစောင်းဖြင့် သူ၏တစ် တောင်အောက်မှ ပင့်ရိုက်လိုက်သည်။

မမျှော်လင့်ဘဲ ဝင်ရောက်လာသော ရိုက်ချက် ကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ်မှာ ရှောင်လိုက်သော်လည်း အဖျား ခတ်သွားလေတော့သည်။ သာမန်သိုင်းကွက်ဆိုလျှင် ထိုအဖျား

ခတ်ထိခိုက်မှုသည် ဘာမျှပြောပလောက်မည် မဟုတ်ချေ။

ယခမူ အပူအအေးသိုင်း၏ ပထမရိုက်ချက်ကြောင့် သွေးမိစ္ဆာ၏လက်ချောင်းများသည် သွေးကြောများပိတ်ဆို့ထားသကဲ့သို့ ထုံကျင်သွားတော့သည်။

လက်ထဲမှစားသည် မြေပေါ်သို့လွတ်ကျသွားတော့သည်။

သွေးမိစ္ဆာဂိုဏ်းချုပ်သည်လည်း လက်ချောင်းတစ်ခုလုံး ထုံကျင်နေရာမှ တဖြည်းဖြည်းတစ်ကိုယ်လုံးပူလာသည်။

သူ၏ မျက်နှာတစ်ခုလုံးလည်း နီရဲလာပြီးချွေးများစို့လာလေသည်။

မည်သို့မျှ ရပ်တည်နိုင်စွမ်းမရှိဘဲ မြေပေါ်ဝုန်းခနဲ လဲကျသွားတော့သည်။

"ခင်ဗျားကြောင့် သိုင်းလောကတစ်ခုလုံး သွေးချောင်းစီးခဲ့ရတာကြာပြီ ဒီတော့ ခင်ဗျားမရှိမှအေးမယ် သေဖို့သာပြင်ထားပေတော့"

ပြောပြီး စားကိုင်ထားသော လက်ကိုမြှောက်လိုက်၏။

ထိုစဉ် အနီရောင်အရိပ်တစ်ခုသည် ဖြတ်ခနဲပေါ်လာပြီး ရှောင်ဖုံး၏စားကိုင်လက်ကို ဖယ်ထုတ်လိုက်လေသည်။

ရှောင်ဖုံးက ထိုလူအားအံ့သြစွာ ကြည့်လိုက်မိလေသည်။

"ဘာဖြစ်လို့ တားလိုက်ရတာလဲ ဆရာ"

စားတစ္ဆေသည် ရှောင်ဖုံးအား ခေါင်းခါယမ်းပြလိုက်လေသည်။

"မင်းသူ့ကို သတ်လို့မဖြစ်ဘူး"

ရှောင်ဖုံးက မျက်မှောင်တစ်ချက် ကုပ်လိုက်သည်။

"သွေးမိစ္ဆာဂိုဏ်းချုပ် အသက်ရှင်နေသမျှ ကာလပတ်လုံး သိုင်းလောကကြီးဟာ ဘယ်တော့မှတည်ငြိမ်မှာ မဟုတ်ဘူးဆရာ"

စားတစ္ဆေ ပြုံးလိုက်သည်။

"ငါသိပါတယ် ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲဆရာ"

စားတစ္ဆေက ခေါင်းခါယမ်းကာ

"သူ့အကုသိုလ်နဲ့သူသွားမှာပါ မင်းသတ်စရာမလိုဘူး"

"ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော်သူ့ကိုသတ်မယ်"

"မင်းမသတ်ရဘူး"

"ဘာဖြစ်လို့ တားရတာလဲဆရာ"

စားတစ္ဆေက စိတ်မသက်သာစွာဖြင့်

"အင်း အခုအချိန်ရောက်မှတော့ ပြောပြရတော့မှာပေါ့ သွေးမိစ္ဆာဂိုဏ်းချုပ်ဟာ မင်းအဖေရှောင်လွေပဲ"

"ဗျာ"

ထိုစကားကြောင့် ရှောင်ဖုံးမှာအံ့သြသွားရ၏။

မြှောက်ထားသည့်စားမှာ အလိုအလျောက် မြေပေါ်သို့ကျသွားလေသည်။

စားတစ္ဆေက သွေးမိစ္ဆာဂိုဏ်းချုပ်ဘက်သို့လှည့်ကာ...

"ဒီမှာ ရှောင်လွေ မင်းရဲ့မျက်နှာဖုံးကို ဖြုတ်လိုက်ပါတော့ မင်းဟာရှောင်လွေဖြစ်တယ်ဆိုတာကို"

သူသည် ဘွားဘွားကူးအား ညွှန်ပြရင်း စကားဆက် လိုက်၏။

"သူက မင်းတို့အဖွဲ့ထဲဝင်ပြီး သေသေချာချာစုံစမ်းလို့

သိခဲ့ရပါပြီကွာ"

ဦးတစ္ဆေသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

ပြီးနောက်

သွေးမိစ္ဆာဂိုဏ်းချုပ်အား သေသေချာချာ စိုက်ကြည့်လိုက်လေသည်။

"မင်းအပါအဝင် ငါတို့သူငယ်ချင်း ဆယ်ယောက်တို့ဟာ ရုတနာသိုက်ကို သွားတူးခဲ့ကြတာ့ မင်းမှတ်မိသေးလား၊ အဲဒီတုန်းကမင်းတို့တတွေပေါင်းပြီး ငါ့ကိုချောက်ကမ်းပါးထဲ တွန်းချခဲ့ကြတယ်၊ ဒါပေမယ့်ငါမသေခဲ့ပါဘူး၊ ဒါကြောင့် ငါသေမင်းဖိတ်စာပို့ပြီး မင်းတို့ကိုးယောက်ကို လိုက်သတ်ခိုင်းတာပဲ၊ ဒါပေမယ့် မင်းကသေချင်ယောင်ဆောင်ပြီး ဇာတ်မြှုပ်နေခဲ့တာမို့ ငါကကျန်တဲ့ ရှစ်ယောက်ကို သတ်ခိုင်းလိုက်တာ၊ လက်စသတ်တော့ မင်းက သွေးမိစ္ဆာဂိုဏ်းချုပ်ဖြစ်နေတာကိုး"

ထိုစဉ်

ချမ်းဟိုက်သိုင်းရာဇာက လူအုပ်ထဲမှ တိုးထွက်လာပြီး

"သူတို့အကြံအစည်ထဲမှာ ကျုပ်တစ်ယောက်မပါ ပါဘူးဗျာ အဲဒီတုန်းက ကျုပ်အပြင်းဖျားနေလို့ ရွာပြန်သွားပါတယ်၊ နောက်မှခင်ဗျားကိုလုပ်ကြံတဲ့အကြောင်း ကျုပ်ကြားခဲ့ရတာပါ"

ဘွားဘွားကူးက ပြုံးလိုက်သည်။

"ဒါလဲကျုပ်တပည့်မနှစ်ယောက်က စုံစမ်းသိရှိရလို့ ရှင့်ဆီကိုသေမင်းဖိတ်စာ ရောက်မလာတာပေါ့ အဲရောင်ဖုံးဆီကတဆင့် ရှင့်ဆီရောက်တာကိုလဲ ကျွန်မတပည့်တစ်ယောက်က ပြန်ပြီးဖျက်ထုတ်လိုက်တယ်လေ"

ဓားတစ္ဆေက...

"ကဲ ရှောင်လွေ မင်းဘာပြောချင်သေးလဲ"

ရှောင်လွေက သူ၏မျက်နှာဖုံးအား ချွတ်လိုက်သည်။

ထိုအခါမှ ရှောင်လွေ၏မျက်နှာကို မြင်လိုက်ရတော့သည်။

သူ၏ မျက်နှာအကျအပေါက်သည် ရှောင်ဖုံးနှင့်တထေရာတည်းဖြစ်သည်။

အကယ်၍ ရှောင်ဖုံးမှာ ရုပ်ပျက်ဆင်းပျက် မဖြစ်ခဲ့လျှင်သူတို့နှစ်ယောက်မှာ ရုပ်ချင်းခပ်ဆင်ဆင်တူသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ရှောင်လွေက ရှောင်ဖုံးအား ဂရုဏာသက်စွာ စိုက်ကြည့်လိုက်လေသည်။

"ကဲ မင်းလုပ်ချင်ရာလုပ်နိုင်ပါတယ် ငါကျူးလွန်ခဲ့တဲ့အပြစ်တွေကို ငါရဲရဲဝံ့ဝံ့ခံရဲတယ်၊ ဒါပေမယ့်"

သူသည် ရှောင်ဖုံးအား စေ့စေ့ကြည့်လိုက်လေသည်။

"မင်းတို့သားအမိကို ငါဖမ်းသွားခဲ့ပေမယ့် သံယောဇဉ်မပြတ်ခဲ့တာတော့ အမှန်ပါကွာ၊ နောက်ပိုင်းမှာငါ နောင်တလဲရခဲ့မိပါတယ်၊ ဒါကြောင့်မင်းတို့သားအမိကို ငါမြေလှန်ရှာခဲ့တယ်၊ ဒါပေမယ့်ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး၊ နောက်ဆုံးသေပြီဆိုတဲ့သတင်းကိုကြားလိုက်ရတော့မှ ငါလက်လျှော့လိုက်တာပါ"

သူသည် ရှောင်ဖုံး၏မျက်နှာအား ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်ပြီးဆက်လက် ပြောဆိုလိုက်ပါသည်။

"ဖအေ့လက်ချက်နဲ့ သားရုပ်ပျက်ဆင်းပျက် ဖြစ်သွားတာကို စိတ်မကောင်းဆုံးဘဲ"

သူတို့အချိအချ ပြောနေသောစကားများ ကြားလိုက်ရတော့မှ ဟုန်မေ အိချင်း ကျင်းကျင်းတို့သည် ထိုရုပ်ဆိုးသောလူငယ်မှာ ရောင်ဖုံးပင်ဖြစ်ကြောင်း သိလိုက်ရတော့၏။

ထိုအချိန်၌ နေပြည်တော်မှ ဘုရင့်တပ်ဖွဲ့သည် တိုင်းတပါးသားများအား တွန်းလှန်တိုက်ထုတ်ပြီး တိုင်းပြည်အတွင်း၌တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် စစ်ကြောင်းလှည့်ချီတုက် ရှင်းလင်းရာမှ ပျံလွှားတောင်ခြေသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သွေးမိစ္ဆာဂိုဏ်း၏ လုပ်ရပ်ကိုကြားသိခဲ့ပြီဖြစ်ရာတွေ့ရာနေရာ၌ အရေးယူအပြစ်ပေးရန် အမိန့်ထုတ်ထားခဲ့သည်။

ယခုအခါ သွေးမိစ္ဆာတစ်ဂိုဏ်းလုံး တွေ့မြင်ရသည့်အခါ တစ်ယောက်မှ အလွတ်မပေးဘဲ ပတ်ပတ်လည်ဝိုင်းရံလျက်ပျံလွှားတောင်ပေါ်သို့ တရွေ့ရွေ့တက်လာကြတော့သည်။

သွေးမိစ္ဆာဂိုဏ်းသားများသည် ဘုရင့်တပ်ဖွဲ့ဝင်များရောက်ရှိနေကြပြီကို တွေ့မြင်ရသောအခါ ဆက်လက်တိုက်မနေတော့ဘဲ လက်နက်ချလိုက်ကြသည်။

ယင်းသို့ဖြင့် တိုက်ပွဲမှာပြီးဆုံးသွားလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

ဓားတစ်ချောင်းသက်ငြင်းချကာ

"ကဲ ရောင်လွေ မင်းကအသွားမတော်တစ်လှမ်းဆိုတဲ့အတိုင်း အမှားတစ်ခါပြုမိတာနဲ့ မင်းရဲ့ဘဝဟာ ဘယ်လိုမှအဖတ်ဆယ်လို့မရတော့ပါဘူး အဲဒီတော့"

ထိုစဉ်မှာပင် အလင်းရောင်တန်းတစ်ခုသည် ရောင်လွေ၏ခန္ဓာကိုယ်ပေါ်သို့ လှစ်ခနဲဝင်ရောက်စူးနစ်သွားလေသည်။

"အား"

ရောင်လွေသည် တစ်ချက်မျှသာ အော်လိုက်ပြီး သူ၏ခန္ဓာကိုယ်မှာဆတ်ခနဲတုန်သွားသည်။

ရောင်ဖုံး၏ရင်ထဲ၌ ဟာခနဲဖြစ်သွားသည်။

သူ၏မျက်လုံးအစုံသည် ပြာဝေသွား၏။

သူသည် ရောင်လွေအား ဆတ်ခနဲပွေ့ထူ၍ တင်းကြပ်စွာဖက်ထားလိုက်လေသည်။

"ဖေဖေ"

သူ၏နှုတ်မှလွတ်ခနဲ အော်ခေါ်လိုက်လေသည်။

ရောင်လွေသည် မျက်လုံးကိုအားယူ၍ ဖွင့်ကြည့်လိုက်သည်။

သူ့ရင်ထဲ၌ ဖော်ပြ၍မရနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်သွားရလေသည်။

"သား သား ဖေဖေလို့ခေါ်လိုက်တာ ကြားလိုက်ရလို့ ကျေ ကျေနပ်ပါပြီကွာ"

သူသည် စကားဆုံးသွားသည်နှင့် ခေါင်းငိုက်စိုက်ကျသွားလေသည်။

ရှောင်ဖုံးသည် ရှောင်လွေ၏အလောင်းအား မြေပေါ်သို့ ဖြည်းညင်းစွာ ချလိုက်လေသည်။

သူ့မျက်လုံးအစုံသည် ချူရှမ်းအားစိုက်ကြည့်လိုက်သည်။

ချူရှမ်းက ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ဆုတ်သွားလေသည်။

သူ၏နှုတ်မှလည်း

"ကျုပ်ပဲ အများအတွက်နဲ့ သူ့ကိုသတ်လိုက်တာပါ၊ ကျုပ် ခင်ဗျားတို့အဖွဲ့ထဲဝင်ပါ့မယ်"

ရှောင်ဖုံးက အံကိုတင်းတင်းကြိတ်လိုက်၏။

"မင်းလိုသစ္စာမဲ့တဲ့ လူယုတ်မာကို ဘယ်တော့မှလက်ခံမှာ မဟုတ်ဘူး အဲ ငရဲပြည်ကတော့ မင်းကိုကြိုဆိုနေလိမ့်မယ်ကွ"

ရှောင်ဖုံးက အံတင်းတင်းကြိတ်၍ ရှေ့တိုးလာသည်။

ချူရှမ်းက ချာခနဲလှည့်ပြီး အနောက်ဘက်သို့ ကသောက မျောထွက်ပြေးသွား၏။

"မင်းပြေးလို့လွတ်မလား"

ရှောင်ဖုံးက ယင်းသို့ကြုံးဝါးရင်း သူ့နောက်ပြေးလိုက်သွားလေသည်။

ချူရှမ်းသည် ရှေ့သို့ခြေကုန်ပြေးသွားရာ နောက်ဆုံးချောက်ကမ်းပါးနှုတ်ခမ်းရှိရာသို့ ရောက်ရှိသွားလေသည်။

"အားလုံး ရပ်လိုက်စမ်း"

ခန့်ညား၍ဩဇာသံပါသော အမိန့်ပေးသံက ရုတ်တရက်ထွက်ပေါ်လာသည်။

ရှောင်ဖုံးသည် အံ့ဩစွာဖြင့် လှည့်ကြည့်လိုက်ရာ ဘုရင့်

တပ်ဖွဲ့မှ အကြီးအကဲတစ်ဦး ဖြစ်ကြောင်းတွေ့လိုက်ရသည်။

ပျံလွှားတောင်ပေါ်အနှံ့၌ ဘုရင့်တပ်ဖွဲ့ဝင်များက အခြေအနေကို ဝင်ရောက်ထိန်းသိမ်းလျက်ရှိသည်ကို တွေ့လိုက်ရသည်။

ဘုရင့်တပ်ဖွဲ့မှ အကြီးအကဲသည် ရှောင်ဖုံးနှင့်ချူရှမ်းရှိရာသို့လျှောက်လာပြီး

"အပြစ်ရှိတဲ့လူကို အပြစ်ပေးရမယ့်တာဝန်ဟာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှုးတွေရဲ့ တာဝန်ပဲ ဒါကြောင့်ကိုယ့်သဘောနဲ့ကိုယ် အပြစ်ဒဏ်ခတ်တာကို ကျုပ်လက်မခံနိုင်ဘူး"

ဘုရင့်တပ်ဖွဲ့အကြီးအကဲက ယင်းသို့ပြောပြီးနောက်ချူရှမ်းအားဖမ်းဆီးရန် ရှေ့သို့တိုးသွားလေသည်။

ထိုစဉ်

အလင်းတန်းတစ်ခုသည် ရုတ်တရက်ထွက်ပေါ်လာကာ ချူရှမ်းရင်ဝသို့ တည့်မတ်စွာဝင်ရောက်သွားလေသည်။

"အား"

ချူရှမ်းသည် နာကျင်စူးရှစွာဖြင့် ငယ်သံပါအောင်အော်ဟစ်လိုက်လေသည်။

ဓားပါးလေးတစ်လက်သည် သူ့ရင်ဝသို့စိုက်ဝင်သွားလေသည်။

သူသည်အံ့ဩစွာဖြင့် လှမ်းကြည့်လိုက်ရာ လီဟွားကသူ့ကိုရွံရှာစွာဖြင့် ကြည့်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

"ရှင် ကျွန်မယောကျ်ားကို သတ်လို့ ကလဲ့စားချေတာ အံ့ဩသွားသလား"

ချူရှမ်း၏ခန္ဓာကိုယ်သည် တစ်ချက်ယိမ်းယိုင်သွားပြီး

ချောက်ကမ်းပါးထဲသို့ ထိုးကျသွားလေတော့သည်။

ထိုစဉ်မှာပင်

ဘုရင့်တပ်များအဖွဲ့ အကြီးအကဲသည် လီဟွားထံသို့ လျှောက်သွားကာ...

"ကျုပ်တို့ တိုင်းပြည်ဟာ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး၊ ဒီတော့ ခင်များကျုပ်တို့နဲ့ လိုက်ခဲ့ပေတော့"

ယင်းသို့ပြောဆိုပြီးနောက် ဘုရင့်တပ်ဖွဲ့အကြီးအကဲသည် လီဟွားနှင့်တကွ သွေးမိစ္ဆာဂိုဏ်းသား အားလုံးကို သက်ဆိုင်ရာ အာဏာပိုင်များထံ အပ်နှံရန် ခေါ်ဆောင်သွားလေတော့သည်။

✘✘✘ ✘✘✘ ✘✘✘

သိုင်းလောကတစ်ခုလုံးအား လွှမ်းမိုးဖိုလ်ကျရန် ကြံစည်နေသော သွေးမိစ္ဆာဂိုဏ်းကား ပြိုကွဲပျက်စီးသွားပြီဖြစ်သည်။

မိမိကိုယ်ကျိုးစီးပွားအတွက် အင်အားအသုံးပြုပြီး မတရားပြုသူများသည် နောက်ဆုံး၌ ကျဆုံးပျက်စီးရမည်သာဖြစ်သည်။

အမှန်တရားဘက်၌ ရပ်တည်၍ အများကောင်းကျိုးဆောင်ရွက်နေသူများမှာ မည်မျှပင်အင်အားနည်းစေကာမူ နောက်ဆုံး၌ အောင်ပွဲခံရမည်သာ ဖြစ်ပါသည်။

အမှန်တရားအတွက် ကြွကြွခိုင်ရပ်တည်ခဲ့သော ပျံလွှားဂိုဏ်းသည် ယခုအခါ၌ အောင်ပွဲခံနိုင်ပြီဖြစ်သည်။

ရှောင်ဖုံးကမူ ဝမ်းသာသည်လည်းမဟုတ် ဝမ်းနည်းသည်လည်းမဟုတ် ခံစားမှုမရှိသည့် လူသားတစ်ယောက်ပမာ ဖြစ်နေမိသည်။

သူသည်နှစ်ပေါင်းများစွာကပင် ဖခင်ဖြစ်သူ၏ သတင်းကို စုံစမ်းခဲ့သည်။

မည်သို့မျှစုံစမ်း၍မရပေ။

တွေ့မည့်တွေ့တော့လည်း သေအံ့မူးမူးအချိန်၌သာ တွေ့မြင်ခွင့်ရခဲ့လေသည်။

ထို့ပြင်တစ်ယောက်နှင့်တစ်ယောက် မဟာရန်သူကြီးများအဖြစ်ရင်ဆိုင်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

သူ့ဖခင်သည် သိုင်းလောကတစ်ခုလုံးက ရွံ့မုန်းနေသည့် လူယုတ်မာတစ်ဦးလည်းဖြစ်သည်။

သိုင်းလောကအတွက် လုံးဝမရှိသင့်သည့် လူတစ်ယောက်လည်းဖြစ်သည်။

ထို့ကြောင့် သွေးမိစ္ဆာဂိုဏ်းချုပ် ကျဆုံးသွားသည့်အတွက် သိုင်းလောကတစ်ခုလုံးက ဝမ်းသာနေကြသော်လည်း ရှောင်ဖုံးအနေဖြင့် မပျော်ရွှင်နိုင်ပါ။

ရှောင်ဖုံးသည် စိတ်ပျက်လက်ပျက်ဖြင့် ပျံလွှားတောင်ပေါ်မှဆင်းသက်ရန် ပြင်ဆင်လိုက်သည်။

သို့သော် ဂိုဏ်းသားများက သူ့ကိုထာဝရခေါင်းဆောင်အဖြစ်လက်ခံရန် ဝိုင်းဝန်းတောင်းပန်ကြသည်။

ရှောင်ဖုံးက လက်မခံတော့ပါ။

သိုင်းလောကနှင့်ဝေးရာသို့ ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်သည်။

အရေးကြုံလျှင် သူသိုင်းလောကသို့ ပြန်လည်ဝင်ရောက်လာမည်ဟု ကတိပေးလိုက်သည်။

ယင်းသို့ဖြင့် သူသည်ပျံလွှားဂိုဏ်းမှ ဂုဏ်ပြုလက်ဆောင်ပေးလိုက်သော မြင်းတစ်ကောင်ဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ရန်ငွေစများကို ယူဆောင်ကာ သူ၏မွေးရပ်မြေဖြစ်သော ချမ်းချမ်းကျေးရွာသို့ ဦးတည်ထွက်ခဲ့လေတော့သည်။

ရီစွေသည်ရင်ထဲ၌ ဆွေးမြေ့စွာခံစားနေရသည်။

"မမ"

ရီစွေက ရီပင်းထံသို့ကပ်သွားသည်။

"ဘာလဲညီမ"

"ခုဆို ရှောင်ဖုံး ဘယ်လိုနေမလဲ မသိဘူးနော် သူ့ခမျာသနားပါတယ်မမရယ်"

"ညီမ သူ့အပေါ်သံယောဇဉ် တွယ်နေပြီမဟုတ်လား"

ရီပင်းကပြုံးကာပြောလိုက်သည်။

ရီစွေက ခေါင်းကလေးငုံ့ထားလိုက်သည်။

ရီပင်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကဲ ညီမရင်ထဲမှာခံစားနေရတာကို မြို့မထားနဲ့သူ့အပေါ်သံယောဇဉ်သိပ်ကြီးနေရင် သူ့နောက်ကိုသာ လိုက်သွားပါတော့"

ရီစွေသည် တောက်ပသောမျက်လုံးအစုံဖြင့် ရီပင်းအားပြန်ကြည့်လိုက်မိသည်။

"တကယ်ပြောတာလားမမ"

ရီပင်းကအသာအယာ ခေါင်းညိတ်ပြလိုက်လေသည်။

ရီစွေသည် ဝမ်းသာပျော်ရွှင်လွန်းသောကြောင့် အစ်မဖြစ်သူကို နှုတ်ဆက်ရန်ပင် သတိမရတော့ဘဲ ရှောင်ဖုံးရှိရာသို့ ခရီးနှင်လေတော့သည်။

✕✕✕ ✕✕✕ ✕✕✕

ငါးရက်ခရီးနှင်လာသောအခါ ချမ်းချမ်းကျေးရွာအားတွေ့မြင်လိုက်ရသည်။

ရှောင်ဖုံးသည် မြင်းကိုရပ်တန့်လိုက်ပြီး ရွာကလေးအားကြည့်လိုက်သည်။

အေးချမ်းသာယာသောရွာကလေးအား ကြည့်ကာ သူပီတိဖြစ်လာသည်။

ရုတ်တရက်ဆိုသလိုပင် သူ၏အာရုံထဲ၌ ကျင်းကျင်း၏ မျက်နှာလေးက ထင်ဟပ်လာလေတော့သည်။

ရှောင်ဖုံးသည် စိတ်မသက်သာစွာဖြင့် သက်ပြင်းရှည်တစ် ချက်ချလိုက်မိတော့သည်။

"အင်း ငါ့ရဲ့မျက်နှာသာ ပျက်စီးမသွားရင် ကျင်းကျင်းကို ငါ့ဘဝကျင်ဖော်အဖြစ် ခေါ်လာနိုင်မှာပဲ အခုတော့"

သူဆက်မစဉ်းစားတော့ဘဲ မြင်းဇော်ကြီးကို တစ်ချက်လှုပ် ပြီးမှာထဲသို့ လှမ်းဝင်လိုက်လေသည်။

သူသည် အိချင်းကြိုတင်ဝယ်ပေးထားသော အိမ်ရာ၌ မြင်းကိုရပ်တန့်လိုက်ပြီး အိမ်ကလေးကို တစ်ချက်ကြည့်လိုက်၏။

သူသည်မြင်းပေါ်မှ ဆင်းလိုက်ပြီး တံခါးကိုဖွင့်လိုက်၏။

အခန်းထဲတွင် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းဖြစ်နေ သည်ကိုတွေ့ရသည်။

အထူးသဖြင့် အခန်းအလယ်ရှိ စားပွဲပေါ်၌ ထမင်းဗာဝင်း များ ပူပူနွေးနွေးပြင်ဆင်ထားသည်ကို တွေ့ရသဖြင့် အံ့သြသွား၏။

သူသည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ်မှာပင်

"အစ်ကို ထမင်းဟင်း အားလုံးပြင်ဆင်ပြီးပြီ မျက်နှာသစ် ပြီး အဆင်သင့်စားနိုင်ပါပြီရှင်"

သူ၏မျက်လုံးများ ပြူးကျယ်သွားသည်။

ယင်းအသံမှာ ကျင်းကျင်း၏အသံ ဖြစ်နေသည်ကိုချက် ချင်းသိလိုက်သောကြောင့် ဖြစ်ပေသည်။

"ဘာငေးနေတာလဲ"

စကားသံနှင့်အတူ မိန်းကလေးတစ်ယောက် မျက်နှာသုတ်

ပဝါနှင့် ရေလေ့ကျူဆောင်လာသည်ကို တွေ့မြင်လိုက်ရသည်။

ကျင်းကျင်းပင်ဖြစ်သည်။

ကျင်းကျင်း၏ပြင်ဆင်မှုမှာလည်း အိမ်ရှင်မတစ်ယောက် ၏ပြင်ဆင်မှုဖြစ်သည်။

ရှောင်ဖုံးကထစ်ထစ်ငေါ့ငေါ့ဖြင့်...

"မင်း မင်း"

ကျင်းကျင်းကပြုံးလိုက်သည်။

"ဘာလဲ ကျွန်မဒီကိုလာနေတာ မကျေနပ်ဘူးလား"

ရှောင်ဖုံးက ထိတ်ထိတ်ပျာပျာဖြင့်လက်ကာပြလိုက်၏။

"ကျေ ကျေနပ်ပါတယ် ဒါပေမယ့်"

သူသည်သူ၏ပါးပြင်အား လက်ဖြင့်စမ်းသပ် ကြည့်လိုက် မိသည်။

ကျင်းကျင်းက သူ့အားအကဲခတ်ရင်း မျက်စောင်းတစ် ချက်ထိုးလိုက်၏။

"ရုပ်ဆိုးတာ ရုပ်လှတာတကယ့်အချစ်မှာမရှိပါဘူးအစ်ကို"

ရှောင်ဖုံး၏ရင်ထဲ၌ ဘဝတစ်သက်တာတွင် တစ်ကြိမ် တစ်ခါမျှမခံစားခဲ့ရဖူးသော ပျော်ရွှင်ပီတိဖြစ်မှုများကို လိုက်လဲ စွာခံစားလိုက်ရလေတော့သည်။

✖✖✖ ✖✖✖ ✖✖✖

"ရုပ်ဆိုးတာရုပ်လုတာက ဇာတယ့်အချစ်မှာ မရှိပါဘူး အစ်ကို"

ထိုစကားသံသည် အိမ်ထဲမှလွင့်ပျံထွက်ပေါ်လာခြင်း ဖြစ်သည်။

ရီစွေသည် အိမ်ထဲသို့ဝင်မည့်ခြေလှမ်းကို ရုတ်တရက် ရုပ်တန့်လိုက်ရလေသည်။

ထို့နောက် အခန်းတွင်းသို့ အမှတ်တမဲ့လှမ်းကြည့်လိုက် မိလေသည်။

ထိုအခါ

ကျင်းကျင်းကကြင်နာမှုအပြည့်ဖြင့် ရှောင်ဖုံးအား ထမင်း ခွံ့ကျွေးနေသည်ကို တွေ့မြင်ရသည်။

ရီစွေ၏ရင်ထဲ နှင့်ခနဲခံစားလိုက်ရ၏။

ရီစွေသည် တဆတ်ဆတ်တုန်နေသော နှုတ်ခမ်းကိုနာ ကျင်အောင် ကိုက်ထားလိုက်မိသည်။

"အစ်ကို ပျော်ရွှင်ကြည်နူးနေတာကို မြင်ရတဲ့အတွက် ကျွန်မဝမ်းသာလှပါပြီ"

ရီစွေက စိတ်ထဲမှရေရွတ်ရင်း အိမ်ကလေးဆီမှ ပြန်လည်ထွက်ခွာလာခဲ့သည်။

အနိုင်နိုင်တင်းထားသည့်ကြားမှ မျက်ရည်ဥကလေးက ပေါက်ခနဲကျလာလေတော့သတည်း။

(ဒုတော်သိမ်းပြီး၏)